| စဉ် | ဆောင်းပါးအမည် | ဖော်ပြမဂ္ဂဇင်း/စာစောင် | ခုနှစ် |
|---|---|---|---|
| ၁၉။ | သက်သုဇာနှင့် စန္ဒသုဓမ္မရာဇာမင်း | ရခိုင်ညွန့်ဖူးစာစောင်(၄) | ၁၉၉၇ |
| ၂၀။ | သျှစ်သောင်းဘုရား နံရံဟိဇာတ်နိပါတ် | ရခိုင်ညွန့်ဖူးစာစောင်(၅) | ၁၉၉၉ |
| ၂၁။ | ပုဂံပြည်ရောက်ရခိုင်မင်းသား | ဦးရာဇ်မြေမဂ္ဂဇင်း(၃) | ၁၉၉၄ |
| ၂၂။ | ဆရာပြောခဲ့သော ရခိုင်မင်းသမီးချိုးခြင်း | ဦးရာဇ်မြေမဂ္ဂဇင်း(၉) | ၂၀၀၅ |
| ၂၃။ | ထေရဝါဒသာသနာ ရခိုင်မှာထွန်းကားပုံ | ရခိုင်သဟာယမဂ္ဂဇင်း(၃) | ၁၉၉၇ |
| ၂၄။ | ထရဝါဒသာသနာ ရခိုင်မှာထွန်းကားပုံ (၂) | ရခိုင်သဟာယမဂ္ဂဇင်း(၄) | ၁၉၉၇ |
| ၂၅။ | ရခိုင်တို့၏ဗဟိုရ်စည်တော် | ရခိုင်သဟာယမဂ္ဂဇင်း(၈) | ၂၀၀၉ |
| ၂၆။ | စမ္ပဝက်မြို့ရှာပုံတော် | ကျိန်းရိပ်မြေမဂ္ဂဇင်း(၅) | ၂၀၀၄ |
| ၂၇။ | သက်သုဇာမည်သူနည်း | ကျိန်းရိပ်မြေမဂ္ဂဇင်း(၇) | ၂၀၀၉ |
| ၂၈။ | ရခိုင်အမျိုးသမီးနန်းတွင်းစာဆိုမိညို | ရတနာမြေပုံမဂ္ဂဇင်း(၂) | ၂၀၀၁ |
| ၂၉။ | လေးမြို့ခေတ်မှ လျောင်းတော်မူရုပ်ပွားတော် | ရခိုင်ရိုးမမဂ္ဂဇင်း (၁) | ၁၉၉၆ |
| ၃၀။ | သျှစ်သောင်းဘုရားရင်ပြင်က ဗုဒ္ဓဝင်ရုပ်ကြွတိ | ရခိုင်ရိုးမမဂ္ဂဇင်း(၃) | ၂၀၀၁ |
| ၃၁။ | မြတ်ဗုဒ္ဓ၏ ပုံတော်နှင့် ဆင်းတုတော်များ ထုလုပ်ကိုးကွယ်မှု | မုနိမြေမဂ္ဂဇင်း(၅) | ၂၀၀၁ |
| ၃၂။ | စာဆိုတော်ဒိုးဝေ၏ဧချင်းများ | ရမ္မာဝတီမဂ္ဂဇင်း(၃) | ၁၉၉၈ |
| ၃၃။ | ရုပ်ဆွယ်ဘမင်း | ရခိုင်ယဉ်ကျေးမှုမဂ္ဂဇင်း | ၁၉၈၇ |
| ၃၄။ | ကဗျာ့မိခင် စောပြည့်ညို | စောပြည့်ညိုမဂ္ဂဇင်း | ၁၉၉၉ |
| ၃၅။ | တတိယမြောက်ဦးခေတ် နန်းတွင်းအမျိုးသမီးစာဆို | စောပြည့်ညိုမဂ္ဂဇင်း | ၁၉၉၉ |

# ရခိုင်တန်ဆောင်မင်းသမီး

ရွှေနိုင်ကျော် (မြောက်ဦး)

မြောက်ဦးမြို့ နန်းတော်ကုန်း၏အရှေ့ဘက် မိုင်ဝက်ခန့်တွင် ပုဏ္ဏားမြောင်းခံတပ်နှင့် ကျုံးရှိလေသည်။ ကျုံး၏အနီး၌ ကွမ်းစည်းတံခါးပေါက် ရှိလေသည်။ ထိုတံခါးအနီး ပေ (၁၀၀)ခန့်မြင့်သော တောင်ကုန်းပေါ်ဝယ် ကျောက်စေတီတစ်ဆူရှိသည်။ စေတီမှာ ပြိုပျက်ပြီး ချုံနွယ်များ အုပ်ဖုံးနေသဖြင့် သတိမပြုသူများ မြင်တွေ့နိုင်မည် မဟုတ်ပေ။ လွန်ခဲ့သောနှစ်ပေါင်း (၃၀)ခန့်က ကျွန်တော်အပါအဝင် လူငယ် (၈)ဦးနှင့် ကွယ်လွန်သူ ဆရာကြီး ဦးဦးသာထွန်းတို့သည် မြောက်ဦးမြို့ရှိ စေတီပုထိုးများ စာရင်းကို ပြုစုရန် တစ်တောင်တက်ဆင်းဖြင့်သွားကြရာ ဖော်ပြပါစေတီပြိုရှိရာသို့ ရောက်ရှိခဲ့ကြပါသည်။ ဤစေတီ၏အနောက်ဘက် တောင်ကုန်းရှိ စေတီမှာ ရှင်ငယ်တက် စေတီဖြစ်ကြောင်း ဆရာကပြော၍သိရှိရပါသည်။ ကျွန်တော်တို့ရောက်နေသောစေတီ၏အမည်ကို အသေအချာ မသိရသေးပါ။ ဆရာကလည်း ဓာတ်တော်စဉ်သမိုင်းတွင် ကြည့်ရဦးမည်ဟုသာ ပြောပါသည်။ ကျွန်တော်တို့တွင် အသင့်ပါလာသောဓားများဖြင့် ချုံနွယ်များကို ခုတ်ထွင်ရှင်းလင်းကြပါသည်။ ထိုအခါ စေတီ၏အထက်ပိုင်းပြိုကျ၍ စုပုံနေသောကျောက်တုံးများကြား၌ အုတ်ချပ်ငယ်များကို တွေ့မြင်ရပါသည်။ ကျောက်တုံးများကို ဖယ်ရှားလိုက်သောအခါ အထပ်လိုက်အုပ်ချပ်များ ပေါ်ထွက်လာခဲ့ပါသည်။ ထိုအုတ်ချပ်များကိုယူ၍ဆေးကြောလိုက်သောအခါ အုပ်ခွက်ဘုရားများဖြစ်ကြောင်း တွေ့ရှိရပေသည်။ ထူးခြားသည်မှာ အုတ်ခွက်တိုင်းတွင် အောက်ပိုင်း၌စာတမ်း ရေးထိုးထားသည်ကို တွေ့ရှိခဲ့ရသည်။ စာကိုတစ်ကြောင်းချင်းဖတ်ကြည့်ရာ "ဆင်ဖြူရှင် စောနန်းမင်ဖြူ ကောင်းမှု" ဟု ရေးသားထားကြောင်း တွေ့ရပေသည်။ ယင်းကြောင့် စေတီ၏ကောင်းမှုကုသိုလ်ရှင်မှာ မင်းသမီး စောနန်းမင်းဖြူ ဖြစ်ကြောင်း သိခဲ့ရပေသည်။ သို့သော် စောနန်းမင်းဖြူမင်းသမီးမှာ မည်သူဖြစ်ကြောင်း သိလိုသဖြင့် ဆရာအားမေးကြည့်ရာ ဆရာက မင်းဘာသာ သုတေသနပြုရှာကြည့်၊ ငါ့ထံမှ စာအုပ်များသာဖတ်ကြည့်ဟုသာ ပြောခဲ့သည်။ ဆရာက မင်းသမီးအကြောင်းကို သိသော်လည်း ကျွန်တော့်အား ဗဟုသုတပွားစေရန် ရည်ရွယ်၍ သုတေသနအလုပ်ခိုင်းခြင်းသာဖြစ်သည်ဟု အောက်မေ့မိပါသည်။

နောက်(၃)ရက်ခန့်ကြာသောအခါ ကျွန်တော် ဆရာ့ထံသွားပြီး ရာဇဝင်စာအုပ်များကို ငှားရမ်းခဲ့ပါသည်။ ထိုစာအုပ်များအနက် မဟာရာဇဝင်တော်ကြီး ပေမူမှာ ထူးခြားပြီး ပြည့်စုံကြောင်း တွေ့ရှိရပေသည်။ မြောက်ဦးမြို့တည် မင်းစောမွန်အကြောင်းမှစ၍ ဖတ်ကြည့်၏။ မင်းစောမွန်မှ လေးဆက်မြောက်တွင် ဒေါလျာမင်းခေါ် သုဒ္ဓေါလျာမင်းအကြောင်းကို ဖတ်ကြည့်ရာ စောနန်းမင်းဖြူမင်းသမီးမှာ သုဒ္ဓေါလျာမင်း၏ သမီးတော်ဖြစ်ကြောင်း တွေ့ရှိရပေသည်။ လိုရင်းအကျဉ်းကို ဖော်ပြပါမည်။ မင်းသုဒ္ဓေါလျာသည် ဘစောဖြူမင်းနှင့် မိဖုရားကြီးစောနန္ဒီတို့၏ သားတော်ဖြစ်သည်။ ငယ်မည်မှာ ဒေါလျာဟုခေါ်သည်။ ဒေါလျာမင်းသားသည် ဘစောဖြူမင်း နတ်ရွာစံသောအခါ ထီးနန်းကို သက္ကရာဇ် (၈၄၃)တွင် ဆက်ခံစိုးစံခဲ့လေသည်။ ထိုမင်းသည် သက္ကရာဇ် (၈၅၃)တွင် နတ်ရွာစံကြောင်း တွေ့ရှိရပေသည်။ သုဒ္ဓေါလျာမင်းတွင် မိဖုရား (၁၀)ယောက်ရှိခဲ့သည်။

၎င်းတို့မှာ -

(၁) သူရခိုင်
(၂) ရွှေအိမ်သည်
(၃) မိစောလှ
(၄) တန်ဆောင်းမေ
(၅) စောသင်

ဝင်ခဲ့လေသည်။

ရှင်တေဇောသာရသည် ကျောင်းတော်သို့ပြန်ရောက်သောအခါ ညနေဆည်းဆာအချိန်က မြင်တွေ့ခဲ့ရသော မင်းသမီး၏ရုပ်သွင်ကိုသာ အစဉ်မြင်ယောင်နေသည်။ ဆည်းဆာနေခြည်အောက်တွင် ရွှေကဲ့သို့ ဝင်းဝါနေသော မင်းသမီး၏အသားရောင်နှင့် လှုလှုလက်နေသော ဆံခြည်နုတို့ကို မြင်ယောင်နေခဲ့သည်။ ဝါဝင်းသော အသားနှင့် လိုက်ဖက်သော ပိုးဝတ်ရုံအဖြူကို ဆင်ထားခဲ့ပုံတို့မှာ မျက်စေ့မှမထွက်နိုင်အောင် ဆွဲဆောင်နေခဲ့သည်။ မင်းသမီးအား ရယူလိုသောစိတ်များ ပေါ်ပေါက်လာခဲ့သည်။ ဘဝချင်းမတူ၊ ကုသိုလ်ကြမ္မာ မမီသဖြင့် လက်လျှော့ခဲ့ရသည်။ ဤကဲ့သို့ ရှင်တေဇောသာရ၏ မင်းသမီးအပေါ် စွဲလမ်းမှုနှင့် နှလုံးသား၏ခံစားမှုတို့ကို အောက်ပါရတုသုံးပိုဒ်ဖြင့် ဖော်ပြခဲ့လေသည်။

(၁) ဌာနတည်၍၊ ရွှေပြည်ကဲ့သို့ ၊
ရခိုင်မြို့ကို၊ ဆန်းတို့ပေစွ။
မျှော်ပါရသား၊ သိင်္ဂရောင်ရွှန်း၊
ရွှေပုံသွန်းသို့၊ လန်းလန်းလက်လက်၊
လိုက်ဖက်တင့်မော၊ မချောစရာ၊
ချောစရာလျှင်၊ ကေသာဆံလွ၊
ထုံးနောက်စနှင့်၊ ချုပ်ညရီတွင်၊
ဖြုတ်ချည်းမြင်သည်၊
ရှင်သာရခိုင်တန်ဆောင်လော။

(၂) သာလှစည်၍၊
ရွှေပြည်ရပ်သူ၊ ထိုမျှလူငယ်၊
ပြိုင်ယှဉ်မထင်၊ သည်သခင်မူ၊
ရုပ်သွင်ပျိုချော၊ တင့်မောပေစွ၊
သဘောတည်ကြည်၊ မျိုးမြတ်မည်နှင့်၊
ရွှေရည်ရုပ်တု၊ ပုံသွင်းပြုသို့၊
ပျိုနုလတ်လတ်၊ ဝင်းရှိန်မတ်မူ၊
သွယ်ပတ်ဝေဝေ၊ ထုံးနောက်ခွေနှင့်၊
တင့်နေစလှ၊ ဆည်းရီညဝယ်၊
လွလွဖြူစင်၊ ပေါ်ရုံတင်၍၊
ထမ်းစင်ယာဉ်သာ၊ စီးစကာတည်း၊
သူဇာပေပင်၊ ရှင့်ဆင်းပြင်မူ၊
မြင်လျှင်လွန်ကျူး၊ အံ့မိန့်မူးသည်၊
သောက်ရှူးသော်တာ အရောင်လော။

(၃) ဝါလလည်၍
ရွှေပြည်ရောက်စ၊ ရှေးသော်ကမူ၊
မမျှဆင်းပြင်၊ သည်သခင်ကို၊

# ဝေသာလီခေတ်မှ ထူးခြားသောကျောက်ဆစ်လက်ရာ

ရခိုင်သမိုင်းတွင် ဝေသာလီခေတ်သည် အေဒီ ၃၂၇ မှ ၈၁၈ အထိ နှစ်ပေါင်း ၄၉၁ နှစ်တိုင်အောင် ထွန်းကားခဲ့သောခေတ် ဖြစ်ပေသည်။ ထိုခေတ်တွင် အုပ်စိုးခဲ့ကြသော စန္ဒြမင်းများသည် ဘုန်းတန်ခိုးကြီးမားပြီး ဗုဒ္ဓသာသနာတော်အား -တိုးတက်ထွန်းကားအောင် စွမ်းဆောင်ခဲ့ကြပေသည်။ ဓညဝတီခေတ်တွင် စန္ဒသူရိယမင်း အုပ်စိုးစဉ်က ဗုဒ္ဓမြတ်စွာ ရခိုင်ဒေသသို့ ကြွရောက်ခဲ့ပြီး ရုပ်ရှင်တော်မဟာမုနိကို သွန်းလုပ်ခဲ့လေသည်။ ဗုဒ္ဓကိုယ်တော်တိုင် ရုပ်တု၊ ဆင်းတုကိုးကွယ်သဖြင့် ရအပ်သော ကုသိုလ်အကျိုးတို့ကို သတ္တုဗိမ္ဗသုတ္တန်၌ အကျယ်ဟောထားခဲ့ပေသည်။ ယင်းကြောင့် ဝေသာလီခေတ် ရခိုင်များသည် ဗုဒ္ဓ၏ပုံတော်ကို ကျောက်ဖြင့်လည်းကောင်း၊ သတ္တုမျိုးစုံဖြင့်လည်းကောင်း၊ ပြုလုပ်ကိုးကွယ်ခဲ့ကြသည်။ ပဋိမာပညာဖြင့် မုဒြာအမျိုးမျိုး၊ အာသနအမျိုးမျိုးနှင့် ပလ္လင်ပုံစံအမျိုးမျိုးတို့ကို ပြုလုပ်ခဲ့ကြပေသည်။ ထိုကဲ့သို့ ပြုလုပ်ခဲ့ကြသော ပုံစံများအနက် ထူးခြားပြီး လက်ရာမြောက်သော ကျောက်ဆစ်လက်ရာတစ်ခုကို ဖော်ပြရေးသားလိုက်ရပေသည်။

လွန်ခဲ့သော ရှစ်နှစ်ခန့်က ကျောက်တော်တောင်၏ တောင်ဘက်တောင်ခြေတစ်နေရာ၌ မူလတန်းကျောင်း ဆောက်လုပ်ရန် မြေနေရာသတ်မှတ်ခဲ့ပေသည်။ ထိုနေရာ၌ မြေကိုညှိကြပြီး တိုင်စိုက်ရန် တွင်းတူးသောအခါ အရုပ်ပါရှိသော ကျောက်ချပ်တစ်ခု ရရှိခဲ့ကြသည်။ ဆက်လက်၍ရှာဖွေကြသောအခါ ကျောက်ချပ် (၅)ချပ်ရရှိခဲ့ကြသည်။ ထိုကျောက်ချပ်များတွင် ဝေသာလီခေတ်လက်ရာ ဗုဒ္ဓပုံတော်များပါရှိခဲ့ပြီး ယင်းကျောက်ဆစ်လက်ရာများအနက် ထူးခြားသောအဓိပ္ပါယ်ရှိပြီး လက်ရာမြောက်သော ကျောက်ပြားတစ်ချပ်ကို တွေ့ရှိခဲ့ရပေသည်။ ထိုကျောက်ချပ်၏အလျားမှာ ၂ပေ ၈လက်မရှိပြီး အနံ ၁ ပေ ၁၀လက်မရှိ၍၊ ထု ၈လက်မရှိသည်။ ကျောက်ပြားမှာ မူလက ကျောက်ညိုဖြစ်သော်လည်း မြေကြီးထဲ၌ နှစ်ပေါင်းများစွာ နစ်မြုပ်နေခဲ့ရသဖြင့် နီကြန်ကြန်အရောင် ဖြစ်နေသည်။ ကျောက်ပြားအနားပတ်လည်တွင် ၂လက်မခန့်ဘောင်ထားပြီး ၂လက်မခန့် ထွင်းထုထားသည်။ အရုပ်များမှာ ၂လက်မခန့် ကြွတက်နေသည်။

ကျောက်ပြားတွင် ဗုဒ္ဓပုံတော်တစ်ဆူပါရှိပြီး ပုံတော်၏ ဦးခေါင်းပေါ်မှမိုး၍ အခက်သုံးခုပါရှိသော ဗောဓိပင်ကို ထုလုပ်ထားသည်။ ဗောဓိခက်များ၏အောက်တွင် ဦးခေါင်းတော်ကို ဝန်းရံပြီး ရောင်ခြည်တော်စက်ဝိုင်းကို ထုလုပ်ထားသည်။ စက်ဝိုင်း၏အောက်အနားနှစ်ဖက်သည် ဘုရားပုံတော်၏ပခုံးနှစ်ဖက်၌ အဆုံးသတ်ထားသည်။ ဘုရားပုံတော်၏ဦးခေါင်း၌ မမြင့်လွန်း မနိမ့်လွန်းသော မုနိတော်ရှိပြီး၊ လက်ယာရစ်ရှိသော ဆံခွေကလေးများကို ထုလုပ်ထားသည်။ နဖူးတော်မှာ သင်းကျစ်ပြား လုံးဝမပါရှိချေ။ နားရွက်တော်နှစ်ဖက်မှာ ဦးခေါင်း၌ကပ်နေပြီး ပခုံးနားအထိ ရှည်လျားနေသည်။ သို့သော် ပခုံးပေါ်သို့ လုံးဝထိခြင်းမရှိချေ။ မျက်စိတော်မှာ ချအပ်သော မျက်လွှာရှိပြီး မြေကြီးကို စိုက်ကြည့်နေပုံထုလုပ်ထားသည်။ မျက်ခုံးတော်များမှာ ပေါ်လွင်ထင်ရှားပြီး မျက်ခုံးနှစ်ဖက်မှာဆက်၍ နှာရိုးသို့ တန်းဆွဲထားသည်။ နှာရိုးမှာကား၍ နှာသီးချွန်နေသည်။ နှုတ်ခမ်းလွှာအစုံမှာ ပါးလွှာ၍ ပြုံးရောင်သန်းနေသည်။ နှုတ်ခမ်းအနည်းငယ်စူနေပြီး မေးစေ့ဝိုင်းနေသည်။ မျက်နှာတော်တစ်ခုလုံး ဝိုင်းနေပုံဖြစ်သည်။

လည်ပင်းတော်မှာ ညီညာ၍ ပြည့်ဖြိုးမို့မောက်သော ရင်အုံတော်ရှိသည်။ လက်မောင်းတော်နှစ်ဖက်မှာ ပြည့်ဖြိုးပြီး လက်ဖျားဘက်သို့ ဆင်နှာမောင်းသဖွယ် သွယ်တန်းနေခြင်းကို သရုပ်ပေါ်အောင် ထုလုပ်ထားသည်။ လက်နှစ်ဖက်စလုံးကို ရင်ညွန့်ထိရောက်အောင် မြှင့်ထားသည်။ ညာဘက်လက်ဝါးကို အပြင်ဘက်သို့ ဖော်ထားပြီး၊ လက်ခလယ်၊ လက်သူကြွယ်နှင့် လက်သန်းများကို အပေါ်သို့ထောင်ထားသည်။ လက်ညှိုးကိုကွေးပြီး လက်မနှင့်

သောတရားကိုသာ ငါနှစ်သက်၍ မိန့်မြွက်သောသြဝါဒကို ခံယူသတည်းဟု ပြန်ပြောခဲ့သည်။ ထိုအခါ ဥပတိဿပုရဗိုဇ်ကထပ်၍ သင်တို့ဆရာမြတ်စွာဘုရားသည် အသို့အယူရှိသနည်း။ မည်သို့သောတရားကို ဟောကြားသနည်း၊ ငါ့အား ဟောပါလောဟု ဆိုပြန်လေ၏။ အရှင်အဿဇိလည်း သိဥ္စည်းဆရာ၏တပည့် ပရဗိုဇ်တို့သည် သာသနာ တော်၏ရန်သူ ဆန့်ကျင်ဘက်ဖြစ်ကြ၏။ သာသနာတော်၏နက်နဲကျယ်ဝန်းကြောင်းကို ဆိုဦးမှသင့်မည်ဟုကြံ၍ ငါ့ရှင်၊ ငါကား သာသနာတော်၌ရဟန်းပြု၍ မကြာမြင့်သေး၊ လေးပါးသော ဂမ္ဘီရဂုဏ်နှင့် ပြည့်စုံသောတရားတော် ကို အကျယ်ဟောခြင်းငှာ မစွမ်းနိုင်ပါ။ စိုးစိမ္မျှသာဟောနိုင်ပါသေးသည်ဟုဆိုလျှင် ဥပတိဿက ငါ့ရှင်၊ ငါတစ်မူ ကား ဇဗ္ဗူဒိပ်ကျွန်းခွင်ဝယ် ပညာအရာ၌ လွန်စွာကျော်စောသူ တစ်ယောက်တည်းပင်။ ငါ့ရှင်၏စွမ်းအားရှိသမျှ ပင် ငါ့အား ဟောပါလော့၊ နည်းအရာ နည်းအထောင်တို့ဖြင့် ကုန်အောင်ချဲ့ထွင်၍ သိမြင်ခြင်းငှာ ကျွန်ုပ်၏တာဝန် ရှိပါစေဟုဆိုလေသည်။ ထိုအခါ ရှင်အဿဇိမထေရ်သည် အောက်ပါဂါထာကို ဟောကြားခဲ့လေသည်။

"ယေဓမ္မာ ဟေတုပ္ပဘဝါ တေသံ ဟေတုံ တထာ ဂတော အာဟ

တေသဉ္စ ယောနိရောဓော ဧဝံဝါဒိ မဟာသမဏော'

ဂါထာ၏အဓိပ္ပါယ်မှာ ယေဓမ္မာ-အကြင်ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ အစရှိသော ဒုက္ခသစ္စာလေးပါးတို့သည် (ဝါ) ဒုက္ခ-ဒုက္ခ-သင်္ခါရဒုက္ခ-ဝိပရဏာမဒုက္ခ အစရှိသော ဒုက္ခသစ္စာတရားတို့သည် ဟေတုပ္ပဘဝါ- တဏှာဟူသော သမုဒယသစ္စာလျှင် အမှန်ရှိကုန်၏။ တေသံတိဒုက္ခ၊ သမုဒယသစ္စာနှစ်ပါးတို့၏ ဟေတုံ-ဖြစ်ရာဖြစ်ကြောင်း၊ ချုပ်ရာ ချုပ်ကြောင်းဖြစ်သော မဂ္ဂသစ္စာကိုလည်း၊ တထာဂတော-ငါတို့ဆရာမြတ်ဘုရားသည် အာဟ-ဟောတော်မူ၏။ တေသဉ္စ-ထိုအလုံးစုံသောတရားတို့၏ နိရောဓော-ချုပ်ရာဇကေန် မြတ်နိဗ္ဗာန်တရားကို၊ အာဟ-ဟောတော်မူ၏။ မဟာသမဏော-ရဟန်းမြတ်စွာတို့ဆရာသည် ဧဝံဝါဒိ-ဤသို့ဟောတော်မူ၏။ ဤဂါထာကိုဟော၍ နှစ်ပါဒကိုကြား ရလျှင် ဥပတိဿသည် နည်းတစ်ထောင်ဖြင့် တန်ဆာဆင်အပ်သော သောတာပတ္တိမဂ်သို့ ရောက်တော်မူ၏။

ဤကဲ့သို့ အရှင်အဿဇိမထေရ်သည် ဥပတိဿပရဗိုဇ်ကို တရားဟောမည်ပြုသောအခါ မြတ်စွာဘုရား အား စိတ်တွင်အာရုံပြုပြီး ဂုဏ်တော်တို့ကို အောက်မေ့ပေလိမ့်မည်။ ထိုသို့ စိတ်အာရုံပြုသောအခါ မြတ်စွာဘုရား သည် ပဥ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစကြာတရားဟောခဲ့သည်ကို အရှင်အဿဇိမထေရ် စိတ်အာရုံတွင် ပေါ်လာပေမည်။ ယင်းကြောင့် ကျောက်ပြား၏ အပေါ်ပိုင်းတွင် မြတ်စွာဘုရားပုံတော်ကို ဓမ္မစကြာမုဒြာပုံစံ ထုလုပ်ထားခဲ့ပေသည်။ ညာဘက်တွင်ထိုင်နေသော ရဟန်းပုံမှာ အရှင်အဿဇိမထေရ် ဘုရားရှင်အား အာရုံပြုရှိခိုးနေပုံ ဖြစ်ပေသည်။ ဘယ်ဘက်မှ ပရဗိုဇ်မှာ ဥပတိဿ အရှင်အဿဇိကို ရှိခိုးနေဟန်ဖြစ်သည်။ သမင်ငယ်နှစ်ကောင်မှာ မိဂဒါဝုန်တော ကို ဖော်ဆောင်ထားခြင်း ဖြစ်ပေသည်။

ထို့ကြောင့် ဝေသာလီခေတ် ရခိုင်ဗုဒ္ဓဘာသာဝင်များသည် မြတ်စွာဘုရား၏တရားတော်၌ အဆီအနှစ်ဖြစ် သော သစ္စာလေးပါးတရားတော်ကို ဖော်ဆောင်ထားသည့် ယေဓမ္မာဂါထာတော်ကို အလေးအနက်ထားခဲ့ကြသည်။

ဝေသာလီခေတ် ရခိုင်တို့၏ စိတ်ကူးမှုမှာ ချီးကျူးစရာ ဖြစ်ပေသည်။ ကျောက်ဆစ်လက်ရာမှာလည်း အလွန်ပြေပြစ် ချောမောမှု ရှိပေသည်။ ယေဓမ္မာဂါထာတော်မှာ ဗုဒ္ဓဘာသာဝင်များအတွက် အလွန်အရေးကြီးပြီး မှတ်ယူအပ်သော ဂါထာတော်ဖြစ်၍ ဝေသာလီခေတ်တွင် ကုသိုလ်ကောင်းမှု ပြုကြသော မင်းနှင့်တကွ တိုင်းသူ

# ဝေသာလီခေတ်မှ
# ထင်ရှားသော မော်ကွန်းလက်ာတစ်ပုဒ်

**သီရိကျော်-မြောက်ဦး**

အေဒီ ၃၂၇-မှ စ၁၈ထိ နှစ်ပေါင်း ၄၉၁-နှစ်မှာ ရခိုင်သမိုင်းတွင် ဝေသာလီခေတ်အဖြစ် ထင်ရှားသော အချိန်ကာလဖြစ်ပေသည်။ ထိုခေတ်၌ အုပ်စိုးခဲ့သော မင်းများမှာ စန္ဒြဘွဲ့ကို ခံယူခဲ့ကြပေသည်။ ထိုမင်း အဆက်ဆက်သည် ဓညဝတီခေတ်မှ စတင်ယုံကြည်သက်ဝင်ခဲ့ကြသော ဗုဒ္ဓဘာသာကို စဉ်ဆက်မပြတ် ယုံကြည် ကိုးကွယ်ခဲ့ကြပေသည်။ ဝေသာလီမင်းများသည် မြတ်စွာဘုရားဟောတော်မူခဲ့သော သတ္တုဗိမ္ဗသုတ္တန်ကို ယုံကြည် ကြသဖြင့် ဘုရားဆင်းတုတော်များကို ရွှေ၊ ငွေ၊ ကြေး စသော သတ္တုများဖြင့်လည်းကောင်း၊ သစ်သား၊ ကျောက် စသည်တို့ဖြင့်လည်းကောင်း ပြုလုပ်၍ ကိုးကွယ်ပူဇော်ခဲ့ကြပေသည်။ စေတီပုထိုးမြောက်မြားစွာကိုလည်း တည်ထားကိုးကွယ်ခဲ့ကြသည်။ မြတ်စွာဘုရား၏တရားတော်များ၏ အဆီအနှစ်ဖြစ်သော ယေဓမ္မာဂါထာတော်ကို ကျောက်တုံးများ၊ ကြေးပြားများတွင် ရေးထိုး၍ ဓာတ်မွေတော်များနှင့်အတူ ဌာပနာထည့်သွင်းခဲ့ကြသည်။

ဓညဝတီခေတ်မှဆင်းသက်လာသော ဗုဒ္ဓဝါဒကို ယုံကြည်နေရာမှ အိန္ဒိယမှ မဟာယနဝါဒများ ဝင်ရောက် လာခဲ့သည်။ ထိုဝါဒကို ယုံကြည်လက်ခံလာသူများ ရှိလာခဲ့သည်။ ဘုရားရုပ်တု ဆင်းတုအပြင် ဘုရားလောင်း ဗောဓိသတ္တပုံတော်များကို ထုလုပ်ကိုးကွယ်ခဲ့ကြသည်။ ထေရဝါဒ၊ ဗုဒ္ဓဝါဒမှ မဟာယနဗုဒ္ဓဝါဒသို့ ကူးပြောင်း ယုံကြည်သူများ ရှိလာသဖြင့် နောင်ကာလတွင် မဟာယန ဗုဒ္ဓဘာသာက လွှမ်းမိုးသွားမည့် အရိပ်အရောင်ကို ကြိုတင်မြင်သိကြသော ရဟန်းပညာရှိ၊ လူပညာရှိများသည် ထိုခေတ်၌အုပ်စိုးနေသော သီရိစန္ဒြမင်းအား အကြံဉာဏ် ပေးခဲ့ကြသည်။ စစ်မှန်သော ထေရဝါဒဗုဒ္ဓဘာသာမှာ ယင်းအချိန်၌ သီဟိုဠ်တွင် ရှိနေခဲ့သည်။ ယင်းကြောင့် သီဟိုဠ်မှ ပိဋကတ်တော်နှင့် ရခိုင်ပိဋကတ်တော်များကို အခြေခံပြီး သံဂါယနာတင်ရန် အကြံဉာဏ် ပေးခဲ့ကြသည်။ ယင်းကြောင့် သီရိစန္ဒြမင်းသည် ဝေသာလီတွင် စတုတ္ထအကြိမ် သံဂါယနာတင်ပွဲကို ကျင်းပခဲ့လေ သည်။

ရှေးခေတ်ရခိုင်များသည် သံဂါယနာတင်ခဲ့သော အကြိမ်ကို မဇ္ဈိမဒေသ၌ ထေရဝါဒဗုဒ္ဓဘာသာများ တင်ခဲ့သည်ကို ရေတွက်ပြီး အသိအမှတ်ပြုခဲ့ကြသည်။

၁။ ပထမအကြိမ် သံဂါယနာမှာ အရှင်မဟာကဿပမထေရ်ကို အမှူးပြု၍ ရာဇဂြိုဟ်ပြည်၌ အဇာတသတ် မင်း တင်ခဲ့သည်။

၂။ ဒုတိယအကြိမ် သံဂါယနာမှာ အရှင်မဟာကဿပမထေရ်ကို အမှူးပြု၍ အိန္ဒိယဝေသာလီပြည်၌ ကာလ သောတမင်းကြီး တင်ခဲ့သည်။

၃။ တတိယအကြိမ် သံဂါယနာမှာ အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်ကို အမှူးပြု၍ ပါဋလိပုတ်ပြည်၌ သီရိဓမ္မာသောကမင်းကြီး တင်ခဲ့သည်။

ဤသုံးကြိမ်မှာ မဇ္ဈိမဒေသအတွင်း တင်ခဲ့သော သံဂါယနာများ ဖြစ်ကြသည်။ ထိုမှနောက်တင်ခဲ့သော သံဂါယနာများမှာ သီဟိုဠ်ကျွန်း၌ ဓမ္မရက္ခိတအရှင် ကြီးမှူးပြီး ဝဋ္ဋဂါမဏိမင်း တင်ခဲ့သော သံဂါယနာကို စတုတ္ထ အကြိမ်အဖြစ်လည်းကောင်း၊ ပုရှပူရ(ပက်ရှဝါ) တွင် ကနိသကမင်းတင်ခဲ့သော သံဂါယနာကိုလည်း စတုတ္ထအကြိမ် အဖြစ်လည်းကောင်း ရေတွက်သည်။ မဇ္ဈိမဒေသတွင် ၃-ကြိမ်တင်ပြီးနောက် ရခိုင်ဝေသာလီတွင် တင်ခဲ့သော သံဂါယနာကိုလည်း စတုတ္ထအကြိမ်အဖြစ် ရေတွက်ခဲ့ကြောင်း၊ ယင်းကြောင့် မော်ကွန်းလက်ာတွင် ပ၊ ဒု၊ တ မီ စတုတ္တံကျ မဟိ သဟု မည်ရသမိုင်း ရက္ခိုင်တိုင်းဟု ရေးစပ်ထားပေသည်။

လက်ာ၌ရေးသားထားသော ဂဏန်းများကို ပိဋကသင်္ချာဖြင့် ကောက်ယူရပေသည်။ ပိဋကတ်သင်္ချာ ကောက်ယူပုံကို ပါဠိဖြင့်ရေးသားထားသည်မှာ-



ကာဒိဋ္ဌါဒိယကာရာဒိ၊ နဝသင်္ချာပကာသိတာ၊

ပဉ္စသင်္ချာ ကာရာဒိ၊ သုညာနာမ ပရဉနာ။

ကာဒိကအစ ဈအဆုံး (က၊ ခ၊ ဂ၊ ဃ၊ င၊ စ၊ ဆ၊ ဇ၊ ဈ) ၉-လုံးတို့ကိုလည်းကောင်း၊ ဋ္ဌါဒိ၊ ဋအဆုံး၊ ဓအဆုံး၊ (ဋ၊ ဌ၊ ဍ၊ ဎ၊ ဏ၊ တ၊ ထ၊ ဒ၊ ဓ) အဆုံး အက္ခရာ ၉-လုံးတို့ကိုလည်းကောင်း၊ ယကာရာဒိ၊ ယ အဆုံး ဠအဆုံး (ယ၊ ရ၊ လ၊ ဝ၊ သ၊ ၊ ၊ ဟ၊ ဠ) အက္ခရာ ၉-လုံးတို့ကိုလည်းကောင်း၊ နဝသင်္ချာ ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈၊ ၉၊ သင်္ချာတို့ဟူ၍ ပကာသိတာ ပြအပ်ကုန်၏။ ပကာရာဒိ ပ အစ မအဆုံး (ပ၊ ဖ၊ ဗ၊ ဘ၊ မ)အက္ခရာ ငါးလုံးတို့ကို ပဉ္စသင်္ချာ ၁၊ ၂၊ ၃၊ ၄၊ ၅ သင်္ချာတို့ဟူ၍ ပကာသိတာ ပြအပ်ကုန်၏။ သရဉနာ၊ သရရှစ်သွယ်၊ နငယ်နှင့် ဉတို့သည် သုညာနာမ သုညတို့မည်၏။

| | |
|---|---|
| ဘုရားပွင့်တော်မူသောကလိယုတ်နှစ် | ၂၅၂၅ |
| ဘုရားတရားဟောတော်မူသောနှစ် | ၄၅ |
| | ----------- |
| ဘုရားပရိနိဗ္ဗာန်စံသောကလိယုတ်နှစ် | ၂၅၇၀ |
| ကောဇာဖြိုသောနှစ်ပေါင်း(ဒါတုဋ္ဌီကာ) | ၁၁၆၉ |
| | ---------- |
| နဂတြိသတ္တဂ္ဂိကိန်း | ၃၇၃၉ |

ရခိုင်ဘုရင် ရာလမာယုမင်းသည် မိဘစံဇိကိန်း (၈၆၄၅)ကို ဖြိုခဲ့သည်။ ထိုကိန်းကိုပင် ဘိုးတော် အဥ္စဇာမင်းကြီးသည် ဏာဝစန္ဒေကိန်းအဖြစ် ပြုခဲ့သည်။ ထိုဖြိုကြွင်းသက္ကရာဇ်ကို မဟာသက္ကရာဇ်အဖြစ် ရေတွက်ခဲ့သည်။ မြတ်စွာဘုရားသည် မဟာသက္ကရာဇ် ၁၀၃-ခုတွင် ပွင့်တော်မူသည်။ ၄၅-နှစ် (သို့) ၄၅-ဝါ တရားဟောတော်မူသည်။ မဟာသက္ကရာဇ် ၁၄၈-တွင် ပရိနိဗ္ဗာန်စံတော်မူသည်။ ထိုကိန်းကို အဇာတသတ်မင်းကြီးသည် ပဉ္စစတုရူပကိန်း အဖြစ်ဖြိုခဲ့သည်။ ဧညဝတီဘုရင် စန္ဒသူရိယမင်းသည် ဇီဝကကိန်းအဖြစ် အကြွင်းမဲ့ဖြိုခဲ့သည်။ ထိုဇီဝကကိန်းဖြိုပြီး (၁)မှစ၍ ရေတွက်လာရာ စန္ဒာသူရိယမင်း၏အနွယ်တော် (၁၆)ဆက်တွင် သူရိယစတြမင်းလက်ထက် နှစ်ပေါင်း ၆၀၉-နှစ်ရောက်လာခဲ့သည်။ ထိုမင်းသည် ဓနဥ္စကိန်းကို ဖြိုခဲ့သည်။ ထိုဓနဥ္စကိန်းဖြိုကြွင်း သက္ကရာဇ်မှဆက်၍ ရေတွက်လာခဲ့ရာ နှစ်ပေါင်း ၅၆၀-ရောက်သောအခါ ဝေသာလီပြည်ရှင် သီရိစန္ဒြမင်း(သီရိဓမ္မဝိဇယမင်း)က ဥတ္တမကိန်းအဖြစ် ဖြိုခဲ့သည်။ ထိုဓဏဥ္စကိန်း ၆၀၉နှင့် ဥတ္တမကိန်း ၅၆၀ကိုပေါင်းပြီး ဓာတုဋ္ဌီကာကိန်း ၁၁၆၉ အဖြစ် ရခိုင်တို့ ခေါ်ဆိုကြသည်။ **ထို့ကြောင့် ရခိုင်သက္ကရာဇ်သည် သာသနာသက္ကရာဇ်အောက် နှစ်ပေါင်း ၁၁၆၉ နှစ် လျော့နည်းနေသည်။** ထိုနှစ်တွင်ပင် သီရိစန္ဒြမင်းသည် ဝေသာလီ၌ စတုတ္ထအကြိမ် သံဂါယနာတင်ပွဲကို ကျင်းပခဲ့လေသည်။

ထိုကဲ့သို့ သံဂါယနာတင်သောအခါ ရဟန်းတော်များ သီတင်းသုံးနေထိုင်ရန် ဆောက်လုပ်ခဲ့သောကျောင်းတော်များမှာ ယနေ့တိုင် ရွှေတောင်ကြီးပေါ်၌ ပြိုပျက်နေသောကျောက်လုံးများနှင့် အောက်ခြေတို့ကို တွေ့နိုင်ပါသေးသည်။ ဝေသာလီခေတ် ရခိုင်ဗုဒ္ဓဘာသာဝင်များသည် စေတီပုထိုးများ တည်ဆောက်လှူဒါန်းခြင်း၊ ဗုဒ္ဓဆင်းတုတော်များကို သွန်းလုပ်လှူဒါန်းခြင်း၊ ဘုန်းတော်ကြီးကျောင်းများကို ဆောက်လုပ်လှူဒါန်းခြင်း၊ စသည့် ကုသိုလ်ဒါနများကို ပြုလုပ်ခဲ့ကြသည်။ ယင်းသို့ လှူဒါန်းခြင်းကို ကြေးပြား၊ ကျောက်ပြားများပေါ်၌ ကမ္ပည်းရေးထိုး မှတ်တမ်းတင်ထားခဲ့ကြသည်ကို ယနေ့တိုင် တွေ့ရှိရပေသေးသည်။ ဗုဒ္ဓသာသနာတော်မှာလည်း နေလိုလလို ထွန်းတောက်ခဲ့သည်။ ဝေသာလီခေတ် ဗုဒ္ဓသာသနာတော်မှာ ဝေသာလီ၏ပတ်ဝန်းကျင်မှာသာမက ရခိုင်ဒေသအနှံ့ ပျံ့နှံ့ခဲ့ကြောင်း တွေ့ရှိရသည့် စတူပါများနှင့် ယေဓမ္မာဂါထာတော် ထိုးထားခဲ့သော ကျောက်တုံးကျောက်ပြားများက သက်သေခံနေပေသည်။

ဝေသာလီခေတ်ကုန်ဆုံးပြီး လေးမြို့ခေတ်တွင် ခေတ္တသင်မင်းသည် ပဥ္စာမြို့ကို တည်ထောင်ခဲ့သည်။ ထိုမင်းလက်ထက် ရဟန္တာအရှင်မြတ်များ ပေါ်ပေါက်ခဲ့သည်။ ထင်ရှားသော ရဟန္တာမှာ အရှင်သစ္စဗဏ္ဍာဝမထေရ်ဖြစ်သည်။ ထိုအရှင်တရားအားထုတ်ခဲ့သော နေရာများကို လေးမြို့မြစ်ကမ်းနှင့် ရန်းချောင်းတောင်တန်းအကြား၌ ငှက်ခေါင်းခေါ် လိုဏ်ခေါင်းကိုလည်းကောင်း၊ လက်မတော်စေတီအနီး ဗဏ္ဍောဂူဟု၍လည်းကောင်း၊ စစ်တွေမြို့၌ ဗဏ္ဍောမော်ဟူ၍လည်းကောင်း၊ ယခုတိုင်ခေါ်နေကြသေးသည်။ သစ္စဗဏ္ဍာဝအရှင်သည် မြောက်ဦးမြို့ စံကားတောင်တန်းတွင် ပရိနိဗ္ဗာန်ပြုခဲ့သည်။ ပရိနိဗ္ဗာန်ပြုသောတောင်ပေါ်၌ ထိုအရှင်၏ဓာတ်တော်များနှင့် ဘုရားရှင်၏ဓာတ်တော်များကို စုပေါင်းပြီး ခေတ္တသင်မင်းသည် စေတီတစ်ဆူတည်ခဲ့သည်။ ၎င်းစေတီကို ယခုအခါ ကိုးနဝင်း

# ရခိုင်ရောက် ယိုးဒယားအမတ်
## (ဆိုင်း)

**ရွှေနိုင်ကျော်(မြောက်ဦး)**

စောမွန်ပြင်ပြု မင်းဗာတည် ရွှေမြောက်ဦး ဆိုသောစကားအရ မင်းစောမွန်သည် မြောက်ဦးမြို့ကို တည်ထားခဲ့သော်လည်း မင်းဗာဘုရင်ကသာ မြို့တော်ကို ကြီးကျယ်ခမ်းနားစွာ တည်ထောင်ခဲ့လေသည်။ မင်းဗာဘုရင်သည် သီရိသူရိယ စန္ဒမဟာဓမ္မရာဇာဘွဲ့ကို ခံယူပြီး သက္ကရာဇ် ၈၉၃ခုနှစ်၊ နယုန်လဆန်း ၁ရက် စနေနေ့ ဆင်ဖြူရှင် (သုဒ္ဓေါလျာ)၏ သမီးတော် ဖွားစောမင်းကို မိဖုရားခေါင်ကြီးအဖြစ်ထား၍ ဘိသိက်ခံတော်မူပြီး မြောက်ဦးထီးနန်းတွင် စိုးစံခဲ့လေသည်။ ကုလားအမည်ဖြင့် ဇောက်ဘောက်သျှာလ်(ဇမ္ဗူဒီပါ၏အရှင်) ဟု ဘွဲ့ကို ခံယူလေသည်။ မင်းဗာဘုရင် ၂၂နှစ်အုပ်စိုး၍ နတ်ရွာစံသောအခါ သားတော်ကြီးမင်းတိက္ခာ ထီးနန်းကို ဆက်ခံခဲ့သည်။ မင်းတိက္ခာ ၃နှစ်စိုးစံ၍ လွန်သောအခါ သားတော် မင်းစောလှ ထီးနန်းဆက်ခံသည်။ ထိုမင်း ၈နှစ် ထီးနန်းစံ၍ လွန်သောအခါ ညီတော် စကြာဝတေး(မင်းစကြာ)သည် သက္ကရာဇ် (၉၂၆-၉၃၃)ခရာဇ် (၁၅၆၄-၁၅၇၁)ထိ ၇နှစ် နန်းစံခဲ့သည်။

ရခိုင်တွင် မင်းစောလှ အုပ်စိုးချိန်၌ မြန်မာနိုင်ငံတွင် ဟံသာဝတီ၌ ဘုရင့်နောင် ကျော်ထင်နော်ရထာ (၁၅၅၁-၁၅၈၁) အုပ်စိုးသောကာလ ဖြစ်ပေသည်။ ဘုရင့်နောင်သည် သက္ကရာဇ် ၁၅၆၂ခုနှစ်တွင် ယိုးဒယားသို့ ချီတက်ပြီး အယုဒ္ဓယမြို့တော်ကို သိမ်းပိုက်ခဲ့သည်။ ထိုအချိန်တွင် အယုဒ္ဓယမြို့တော်၌ ဘုရင်ဖြူသတိရာဇာ (မဟာချက္ကရာဖတ်) အုပ်စိုးနေချိန် ဖြစ်လေသည်။ ဘုရင့်နောင်သည် ယိုးဒယားဘုရင်နှင့် မင်းညီမင်းသားများ၊ မှူးမတ်များနှင့် လက်မှုပညာရှင်၊ နှုတ်မှုပညာရှင်များကို ဟံသာဝတီသို့ ခေါ်ဆောင်ယူခဲ့သည်။ ထိုသို့ခေါ်ဆောင်ခဲ့သော ယိုးဒယားမှူးမတ်များအထဲတွင် ဘုရင်ဖြူသတိရာဇာ၏ အမတ်များဖြစ်သော ဘွန်စောမှိုင်းနှင့် ညီတော်ဖြူကွန်းဆိုင်တို့ ပါလာခဲ့လေသည်။ ဘုရင့်နောင်သည် ယိုးဒယားမှ ဖမ်းဆီးခေါ်ဆောင်လာသူတို့အား သင့်လျော်သလို နေရာချပေးထားခဲ့သည်။ သို့သော် အမတ်ညီနောင်တို့မှာ ၎င်းတို့ ယိုးဒယား၌နေထိုင်ရသကဲ့သို့ အခြေအနေကား မဟုတ်ချေ။ လွတ်လပ်မှုမရှိ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ နေထိုင်ရသည်။ မိမိနိုင်ငံကို ပြန်လိုသော်လည်း ယိုးဒယားမှာ မြန်မာလက်အောက်ခံဖြစ်နေ၍ အခြေအနေထူးမည်မဟုတ်ချေ။ ယင်းကြောင့် သီးခြား ကိုယ့်မင်းကိုယ့်ချင်းနှင့် နေထိုင်သော ရခိုင်ဒေသသို့ သွားလိုသောဆန္ဒ ရှိခဲ့သည်။ ထို့ကြောင့် မိမိညီနှင့် တိုင်ပင်ပြီး ရခိုင်ဒေသသို့ တိတ်တဆိတ်ထွက်ပြေးရန် စီစဉ်ကြသည်။ မိမိတို့နှင့်လိုက်လိုသော ယိုးဒယားများကို စည်းရုံးခဲ့သည်။ ထိုအချိန်တွင် ဘုရင့်နောင် ခေါ်ဆောင်လာသော ယိုးဒယားဘုရင်မှာ ရဟန်းဘောင်သို့ ဝင်ရောက်နေသည်။ ယိုးဒယားဘုရင်သည် မိမိနိုင်ငံသို့ ဘုရားဖူးသွားခွင့်တောင်းပြီး ပြန်ခဲ့လေသည်။ ယိုးဒယားသို့ ရောက်သောအခါ ရဟန်းမှလူထွက်ပြီး ဘုရင့်နောင်ကို ပုန်ကန်ခြားနားလေသည်။ ထိုအခါ ဘုရင့်နောင်ကွပ်ကဲသောစစ်တပ်သည် ယိုးဒယားသို့ ချီတက်ခဲ့လေသည်။ ယင်းအချိန် အခွင့်ကောင်းကို ယူပြီး ဘွန်စောမှိုင်းနှင့် သူ၏နောက်လိုက်များသည် ရခိုင်သို့ထွက်ပြေးခဲ့ကြသည်။

ဘွန်စောမှိုင်းတို့လူစုသည် ခရီးလမ်းကျွမ်းကျင်မှု မရှိသဖြင့် ခဲခဲယဉ်းယဉ်းဖြင့် ရိုးမတောင်ကို ဖြတ်ကျော်ခဲ့ရသည်။ ဘွန်စောမှိုင်းမှာ ခရီးလမ်းကြမ်းတွင် တောင်ဝှေးကို အသုံးပြုပြီး သွားခဲ့ရသည်။ ရပ်နားချိန်တွင် သူ၏အိမ်သူသက်ထားအား သတိရလွမ်းဆွတ်ပြီး မျက်ရည်ပင်ကျမိခဲ့သည်။ ဤသို့ တရွေ့ရွေ့ဖြင့် ခရီးနှင်ခဲ့ကြရာ နောက်ဆုံးတွင် မြောက်ဦးမြို့သို့ ဆိုက်ရောက်ခဲ့ကြသည်။ ထိုအချိန်တွင် မြောက်ဦးထီးနန်းကို မင်းစကြာအုပ်စိုးလျက်ရှိလေသည်။ ဘွန်စောမှိုင်းတို့လူစုသည် မင်းစကြာထံခိုဝင်ပြီး မိမိတို့လာရခြင်းအကြောင်းကို လျှောက်ထားခဲ့

ဦးတင်ခါ၊ ကောင်းစွာမှုတော်ထမ်း၊ နောက်ပါကိုယ်ရံ၊ စိတ်သန်ခိုင်အားကျန်း၊ ကျွန့်မှာလေ၊ အီးချမ်းလွန်သာယာ၊ တိုင်းကားပြည်ရွှာ-ပြည်ရွှာ၊ စားအစာစုံပြည့်ဖြိုး၊ ဖရာဇာမှာလေ၊ သားတော်ရာကျော်တိုး၊ ရှိမိုးငွှီမိုး ရွှာပါစိကျေးဇူး သျှင်၊ သခင်နှစ်ပါးကို အားထားခိုကာမှီ၊ အသက်ရှည်စီ-ရှည်စီ၊ ဘုန်းကြီးစီ-ကြီးစီ၊ အန္တရာယ်မျိုး၊ ကင်းစီ-ကင်းစီ၊ ဖီးမျိုး၊ သျှင်းစီ-သျှင်းစီ၊ စောမှိုင်းမောင် အယင်ပျောက်လို့၊ နောက်မှနတ်ရွှာ မှီတင်ပါလီ။

ဘုရင်မင်းဖလောင်းသည် ဘွန်စောမှိုင်း၏သီချင်းကို နားဆင်ရသောအခါ များစွာသနားတော်မူခဲ့သည်။ ကျေးဇူးသစ္စာတော်ကိုလည်း စောင့်ထိန်းနိုင်သောသူတစ်ဦး ဖြစ်ကြောင်း၊ သိရှိ၍ ဒက္ကာစား၏သမီးတော် မင်းညိုနှင့် လက်ဆက်ပေးတော်မူခဲ့သည်။ တစ်နှစ်ခန့်ကြာသောအခါ ကံသာမြို့၏မြောက်ဘက်တွင်ရှိနေသော ကပိရှုပီနယ်ကို သိမ်းသွင်းပြီး မင်းဖလောင်း၏ သစ္စာကို ခံစေခဲ့သည်။ မင်းဖလောင်းသည် လွန်စွာသဘောကျ၍ သမိသံဟူသော ဘွဲ့ကို ပေးခဲ့သည်။ ဘွန်စောမှိုင်းသည် နန်းတော်သို့ မကြာခဏလာရောက်ခဲ့ရသည်။ မြို့တော်၌ ပွဲလမ်းသဘင် များသို့လည်း သွားရောက်ကြည့်ရှုခဲ့သည်။ ရခိုင်တို့၏ဆင်ယင်မှုကိုလည်း အသေအချာလေ့လာမှတ်သားခဲ့သည်။ ရခိုင်လှပျိုဖြူများ၊ လှပကြော့ရှင်းမှုကိုလည်း သီချင်းဖြင့် သရုပ်ဖော်ချီးကျူးထားခဲ့သည်။ ဘွန်စောမှိုင်းသည် နန်းတော်နှင့် မြို့တော်ကို ချီးမွမ်းပြီး ယိုးဒယားသီချင်း နောက်တစ်ပုဒ် ရေးစပ်ခဲ့သည်။

## နန်းတော်ပွဲ့ ယိုးဒယားသီချင်း

လေးရပ်ဝတီ၊ ရာဇဌာနီ၊ သာကီပျော်စံမြန်း၊ အုံ့မခန်းနတ်နန်း၊ ဝေယန္တာ၊ ပုံပမာစွာမှန်ထား၊ စိန်သားလေ မြသား၊ ဂေါမုတ္တာ ဥဿဖယား၊ နီလာကြောင်မျက်ရွဲ၊ လှမျိုးစုံစုံ၊ နန်းဘုံလွန်ထူးကဲ၊ မြင်သူမှိုင်ငေး၊ အုံ့ထဲနက်တို့ တူညီဖန်၊ တက်ဖျားမိုးစွန်၊ ရောက်လျှံထိန်ထိန်ညီး၊ တိုင်းပြည်တော်ကြီး၊ တိုးတက်စည်ပင်သာ၊ လူများစွာ နတ်ရွှာ ဘုံအလား၊ ပျော်ပါးပလွှား၊ ဝတ်စားဆင်ယင်ခါ၊ မြို့ရောတောပါ၊ ဇာခါပျင်းဘို့လဲ၊ နတ်မတူ-လူမက၊ နောက်စခ၊ ခလန်လန်ဦးရိတ်ဆံထုံးပြန်၊ ပျိုဖြူများ ယောကျ်ားလူပျိုသျှော၊ တောင်နှစ်ဆယ်ခါးဝတ် ဝတ်ဆင်ထား၊ နှစ်ပါးလေ မေပျို မောင်ပျို၊ လှကြပါယင့်။ ရပ်ရွှာထိုထို၊ နှစ်ပါးလေ၊ မေပျို မောင်ပျို ခေါ်ကြပါယင့်၊ ရပ်ရွှာထိုထို၊ မိဖဘိုးအို၊ ထိုထိုကျောင်းကန်ဘုရားမှာ၊ တရားကျင့်လို့သာ၊ တိုင်းကား ပြည်ရွှာ၊ ပြည်ရွှာမင်း၏ဘုန်းတော်-ဘုန်းတော်၊ မိန်းမယောကျ်ား၊ တူပျော်ပျော်၊ မကြားမမြင်ဘူးယောင်၊ မကြားမမြင် ဘူးယောင်၊ ထူးလည်းထူး၊ ရေ-ထူးရေ နိုင်ငံတော်။

ယိုးဒယားသီချင်းနှစ်ပုဒ်စလုံးမှာ ယိုးဒယားသံစဉ်လိုက်ဖြစ်သော်လည်း ရခိုင်သံသက်သက်ဖြင့် စီကုံးထား ခဲ့သည်ကို ဖတ်ရှုခြင်းဖြင့် ဘွန်စောမှိုင်းသည် ရခိုင်စာပေအရေးအသား၌ ကျွမ်းကျင်ကြောင်း သိရှိနိုင်ပေသည်။ ရခိုင်နန်းတော်အကြောင်းကို ရေးစပ်ခဲ့သော ပဂိုးဖြူမင်းသမီး၏ ရတုသုံးပိုဒ်၊ ပေါ်တူဂီဘုန်းကြီး မန္တရိတ်၏မှတ်တမ်း မှ မြောက်ဦးနန်းတော်အကြောင်းနှင့် ယခုဘွန်စောမှိုင်းရေးစပ်သော ယိုးဒယားသီချင်းမှ နန်းတော်များ အကြောင်းများကို ဖတ်ရှုကြည့်ခြင်းဖြင့် မြောက်ဦးနန်းတော်၏ထည်ဝါခန့်ငြားမှုကို သိရှိနိုင်ပေသည်။

ဘွန်စောမှိုင်းသည် လူမျိုးခြားပင်ဖြစ်သော်လည်း အရှင်၏ကျေးဇူးကိုသိတတ်၍ အရှင်၏သစ္စာကိုစောင့် စည်းသော ပုဂ္ဂိုလ်တစ်ဦးဖြစ်ပေသည်။ ဘုရင်မင်းဖလောင်းကလည်း ကျေးဇူးသိတတ်သောသူအား ထိုက်တန်သော ရာထူး၊ ဂုဏ်ထူး၊ ဘွဲ့ထူးများဖြင့် ချီးမြှင့်မြှောက်စားခဲ့ပေသည်။ ဘွန်စောမှိုင်းသည် လွန်ခဲ့သောနှစ်ပေါင်း လေးရာ ကျော်က ရခိုင်အမျိုးသား အမျိုးသမီးတို့၏ ဆင်ယင်ဝတ်စားပုံ၊ မြောက်ဦးမြို့တော်၏ ကြီးကျယ်ခမ်းနားပုံ၊ နတ်ဘုံ တမျှပျော်စရာကောင်းပုံ၊ နန်းတော်၏ထည်ဝါခန့်ညားပုံ၊ ဘာသာတရားကို ယုံကြည်စွာ ဘုန်းကြီးကျောင်းများမှာ သက်ကြီးရွယ်အိုများ တရားအားထုတ်ကြပုံများကို ဖော်ထုတ်ပြီး ယိုးဒယားသီချင်းဖြင့် နှောင်းခေတ်လူများ

# လေးမြို့ခေတ် ဘုရင်များ၏ အမိန့်ပြန်တမ်း

**ရွှေနိုင်ကျော်**

ယခုခေတ် အစိုးရအဖွဲ့အစည်းများသည် တရားဥပဒေစိုးမိုးရေးအတွက် အမိန့်ပြန်တမ်းများထုတ်ပြီး အုပ်ချုပ်ကြသည်။ ရှေးခေတ်ရခိုင်ဘုရင်များ အုပ်ချုပ်ခဲ့စဉ်ကလည်း အချို့ဘုရင်များသည် အမိန့်တော်ပြန်တမ်းများ ထုတ်ခဲ့ကြသည်။ ရခိုင်သမိုင်းရှိ ခေတ်ကြီးလေးခေတ်တွင် တတိယခေတ်ဖြစ်သည့် လေးမြို့ခေတ်၌ အချို့ဘုရင်များ သည် အမိန့်တော်ပြန်တမ်းထုတ်ခဲ့ကြောင်း တွေ့ရှိရပေသည်။

လေးမြို့ခေတ်တွင် ပထမဆုံးတွေ့ရှိရသော ဘုရင့်အမိန့်တော်ပြန်တမ်းမှာ သက္ကရာဇ် ၄၈၅ခုနှစ် ပရိန်မြို့ တွင် ထီးနန်းစိုးစံခဲ့သော ဒဿရာဇာမင်းကြီး၏ အမိန့်တော်ပြန်တမ်းဖြစ်ပေသည်။ ဒဿရာဇာမင်းကြီးနန်းတက်၍ မကြာမီတွင် ဓညဝတီခေတ်၌ စန္ဒသူရိယမင်းကြီး သွန်းလုပ်ကိုးကွယ်ခဲ့သော ရုပ်ရှင်တော် မဟာမုနိကို ဖူးမြော်လို ၍ အမတ်ကြီးလကျ်ာအား လူများစွာဖြင့် ရှာဖွေခိုင်းလေသည်။ အမတ်ကြီးလကျ်ာသည် မဟာမုနိရုပ်ရှင်တော် ကိန်းဝပ်ရာ သီရိဂုတ်တောင်သို့ ရောက်ရှိခဲ့သည်။ သို့သော် ကုန်းတော်တစ်ခုလုံးကို တောဖုံးလျှက်ရှိပြီး ရုပ်ရှင်တော် ကို မတွေ့ခဲ့ရချေ။ ဤအကြောင်းကို ဒဿရာဇာမင်းကြီးအား လျှောက်တင်ခဲ့သည်။ မင်းကြီးသည် စိုးရိမ်ကြီးစွာ ဖြစ်ခဲ့သည်။ ပျောက်ဆုံးနေသော မဟာမုနိရုပ်ရှင်တော်ကို ဖူးမြော်လိုသောဆန္ဒပြင်းပြခဲ့သည်။ ယင်းကြောင့် ရုပ်ရှင်တော်ကို ရှာဖွေတွေ့ရှိရန်အတွက် တိုင်းပြည်သို့ အမိန့်ပြန်တမ်းတစ်ရပ် ထုတ်ခဲ့သည်။ ဤပြန်တမ်းမှာ မဟာမုနိရုပ်ရှင်တော်ရှိသောအရပ်ကို ပြနိုင်သောသူအား ပတ္တမြားလက်ကောက်တစ်ရံနှင့် ဆင်မြင်းများကို ပေး မည်။ ထို့အပြင် ရွှေငွေရတနာတို့ကိုလည်း ပေးမည်။ ဤအမိန့်တော်ပြန်တမ်းကို အမတ်ကြီးလကျ်ာအား တပြည်လုံး သိရှိစေရန် ဆောင်ရွက်စေခဲ့သည်။ အမိန့်တော်ပြန်တမ်းသည် မြို့မှကျေးရွာ၊ ထိုမှတဆင့် တောကြိုတောင်ကြား တွင် နေထိုင်သော **မမြင်ရ** ပြန့်နှံ့သည်။ ယင်းကြောင့် တောင်ယာခုတ်စားနေသော ရဟောင်လာနှင့် အပေါင်လာ ညီအစ်ကိုတို့ ဘုရင်၏အမိန့်ပြန်တမ်းကို သိရှိခဲ့ကြသည်။ ၎င်းတို့သည် အမတ်ကြီးလကျ်ာထံ လာရောက်ပြီး မဟာမုနိရုပ်ရှင်တော်ကို ပြနိုင်ကြောင်း အသိပေးကြသည်။ ထိုညီအစ်ကို၏လမ်းညွှန်ချက်အတိုင်း လိုက်၍ရှာသော အခါ ရုပ်ရှင်တော်မဟာမုနိကို တွေ့ရှိခဲ့သည်။ ဒဿရာဇာမင်းကြီးသည် ရုပ်ရှင်တော်ကို ပင့်ဆောင်ပြီး မူလနေရာ သီရိဂုတ်ကုန်းတော်၌ထားရှိခဲ့သည်။ အမိန့်တော်ပြန်တမ်းတွင် ပါရှိသည့်အတိုင်း လမ်းညွှန်ပြခဲ့သော ညီနောင် တို့အား ပတ္တမြားလက်ကောက်၊ ရွှေငွေရတနာများနှင့် ဆင်မြင်းများကို ဆုတော်အဖြစ် ချီးမြှင့်ပေးခဲ့သည်။

ဒုတိယတွေ့ရသော ဘုရင့်အမိန့်ပြန်တမ်းမှာ နေရဉ္စရာ တောင်ငူမြို့တွင် သက္ကရာဇ် ၆၀၈ ခုနှစ် ထီးနန်း စိုးစံခဲ့သော ငနုလုံးမင်း၏အမိန့်ပြန်တမ်းဖြစ်သည်။ ထိုမင်းလက်ထက်တွင် ကုလားနှင့်သက်ပေါင်းဖက်၍ ပုန်ကန် သဖြင့် အမတ်ပြည်စိုးကြီး ဓမ္မဇေယျကို ရဲမက်ငါးသောင်းနှင့် သွားရောက်နှိမ်နင်းစေခဲ့သည်။ ကုလားနှင့်သက်တို့ အရေးနိမ့်၍ ဖမ်းဆီးရမိသောသုံ့ပန်းများကို ဓမ္မဇေယျအမတ်ကြီးသည် ရခိုင်ပြည်သို့ ယူဆောင်လာပြီး ဘုရင်ထံ ဆက်သခဲ့သည်။ ထိုသုံ့ပန်းများကို စနစ်တကျ နေရာချထားနိုင်ရန် အမိန့်ပြန်တမ်းတစ်ရပ်ကို ထုတ်ခဲ့သည်။ ဤအမိန့်ပြန်တမ်းအတိုင်း မှူးတော်မတ်တော်တို့က ကြီးကြပ်၍နေရာချထားပေးရသည်။ ထိုအမိန့်ပြန်တမ်းမှာ "ဖမ်းယူခဲ့သော ကုလားအမတ်နှစ်ရာကို တန်ဆာကိုသိမ်းပြီး အတွင်းမိန်းမစိုးမောလိပ်အစုမှာဖြည့်စေ၊ ကုလား မင်းသားနှင့် ပါလာသောကျေးကျွန်များကို ပါရင်းအတိုင်း ကုလားမင်းသားနှင့်နေစေ၊ ဘီးတော် ဒဿရာဇာမင်း ဖွဲ့တော်မူခဲ့သော အစုအတိုင်း ပျူ ကမ်းယံတို့မှာ ဆင်အစု၊ မြင်းထိန်းအစု၊ သဘင်အစု၊ မြှောက်စည်အစု စသည် မူလအတိုင်းရှိစေ။ ၎င်းပြင် အစုသားတို့မှာ မြန်မာတို့ကို အစုမှနှုတ် အသည်ကာလအမှုကိုထမ်းစေ။ အသည်သား တို့က အမှုထမ်း လူပေါင်းတစ်သိန်းကို လက်ယာသင်းငါးသောင်း လက်ဝဲသင်းငါးသောင်း၊ ၎င်းလူတို့ကို လက်ယာ

ဤအမိန့်ပြန်တမ်းထုတ်ပြီး များမကြာမီ ညီလာခံသဘင် ကျင်းပလေသည်။ ဘုရင်မင်းထီးသည် ပလ္လင်ပေါ်မှထိုင်ပြီး ကြည့်ရှုတော်မူသောအခါ မိမိရှေ့အနီးတိုင်၌ ဖြူးဖွေးသောထုံးစက်များကို မြင်တွေ့ခဲ့လေသည်။ မင်းကြီးသည် များစွာဒေါသထွက်ပြီး ငါ၏အမိန့်တော်ကို အဘယ်သူ ဖီဆန်၍ ဤနန်းတိုင်၌ ထွေးထုတ်ရသနည်းဟု မေးတော်မူခဲ့သည်။ ညီလာခံရောက်လာကြသောအမတ်များ မတင်လျှောက်ဝံ့။ အနည်းငယ်ကြာသောအခါ အမတ်ကြီးတစ်ဦး သည် နေရာမှထ၍ ဘုရင်အား အရိုအသေပြုပြီး လက်တွင်ကိုင်ထားသော ပုရပိုက်ကို အသာအယာဖြန့်ကာ ဘုရင်အား လျှောက်ထားခဲ့သည်။ ထိုအမတ်၏လျှောက်တင်ချက်မှာ ဘုရင်မင်းထီးသည် မည်သည့်ရက်၊ မည်သည့် အချိန်၌ ကွမ်းစား၍ လမ်းလျှောက်ပြီး လက်ညှိုးတွင် ပေကျံနေသော ထုံးကို တိုင်တွင်သုတ်ခဲ့ကြောင်း အတိအကျ လျှောက်ထားခြင်း ဖြစ်လေသည်။

ယင်းလျှောက်ထားချက်ကို မင်းထီးဘုရင်ကြားသောအခါ ပြန်လည်စဉ်းစားမိ၍ မိမိပင် အမှန်တကယ်သတိမမူဘဲ အမှတ်တမဲ့သုတ်ခဲ့သည်ကို သတိရခဲ့လေသည်။ ထို့ကြောင့် မိမိအနားရှိ သံလျက်ကိုယူပြီး ငါ၏အမိန့်တော်ကို ဖီဆန်သော ဤလက်ညှိုးအား ငါကိုယ်တိုင်ပိုင်းမည်ဟုဆို၍ ပလ္လင်ပေါ်၌တင်ပြီး သံလျက်ဖြင့် လက်ညှိုးကို ဖြတ်ပစ်ခဲ့သည်။ ဤကဲ့သို့ အပြုအမူကို မြင်ကြသောအမတ်တို့မှာ လွန်စွာကြောက်ခဲ့ကြသည်။ ဘုရင်မင်းထီးသည် မိမိချမှတ်သောစည်းကမ်းကို မိမိကိုယ်တိုင်လိုက်နာခဲ့သည်။ အလွန်တရားစောင့်သောမင်းဖြစ်သည်ဟု ပြောကြသည်။ ဤအကြောင်းကိုလည်း တိုင်းပြည်တစ်ခုလုံး ကြားသိသဖြင့် မည်သူမျှ ထုတ်ပြန်သောအမိန့်ကို ဖောက်ဖျက်သူ မရှိခဲ့ကြချေ။ သို့သော် ဦးရီးတော် အနန္တဘယသည် သူဌေးထံမှ လာဘ်ခံယူပြီး ကျွန်များ နွားခိုးမှုတွင် ကျွန်၏အရှင်ခံသဖြင့် ကျွန်မကောင်းလျှင် အရှင်အား စီရင်မည်ဆိုသော အမိန့်ပြန်တမ်းအရ ဦးရီးတော်ကို စီရင်စေခဲ့သည်။

မင်းထီးသည် ဗုဒ္ဓဘိသေက ဘိသိက်ကို သွန်းလောင်းခံယူပြီး သာသနာရေးဆိုင်ရာကိစ္စရပ်များ၊ တရားစီရင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မင်းညီမင်းသားတို့နှင့်ဆိုင်သော ကိစ္စရပ်များ၊ အခွန်အတုတ် ကောက်ယူခြင်းဆိုင်ရာ ကိစ္စရပ်များကို အမိန့်ပြန်တမ်း ထုတ်တော်မူခဲ့သည်။ အမိန့်ပြန်တမ်း အပြည့်အစုံမှာ မြတ်စွာဘုရား ပရိနိဗ္ဗာန်ယူသည့်နောက် ခြောက်နှစ်တွင် ဘေးတော်ဖြစ်သော စန္ဒသူရိယမင်း လွန်တော်မူလေလျှင် သားတော်အိမ်ရှေ့မင်း သူရိယာဓိပတိ ရိုက်ရာကို စိုးစံတော်မူသည်။ အနွယ်တော်သားမြေးဆက်ပေါင်း ၂၉ဆက်အဆုံး စူဠတဠန္ဒရာမင်းသည် ဘုရားသခင် ပရိနိဗ္ဗာန်ဝင်သည့်နောက် ၉၈၂-ခုနှစ်တွင် တကောင်းပြည်သို့ ချီတော်မူ၍ အပြန်တွင် သမုဒ္ဒရာ၌ လွန်သည်ကာလ ဝိပ္ပတ္တိဆိုက်ရောက်ရာ မြို့လူမျိုး-အမြတူ-သားပဲဖြူတို့နှစ်ယောက် ၂၄နှစ် မင်းမူသည်။ မိစ္ဆာအပြုအမူ အကျင့်ရှိလေ၍ သာသနာတော် ညှိုးနွမ်းသည်။ ဂါမဝါသီရွာသူတို့နှင့်နေသော ပွဲကျောင်း ရဟန်းတို့ ထွန်းလျက် အရညဝါသီ ဘုရားအလိုတော်ရှိသော ဇေတာရ ဆရာမြတ်တို့ ကွယ်ပျောက်ရလေသည်။ ကောဇာ ၄၂ ရောက်သောအခါ ပဲဖြူမင်းကို မင်းမျိုးဆက်ဖြစ်သော စူဠမာဠန္ဒရာမင်းမြေးတော် မင်းငတုံလုပ်ကြံ၍ မင်းရိုးဆက် စိုးရပြန်လေသော် သာသနာတော်ရေးကို ရှေးဦးစွာ ရှင်းရလင်းရသော်လည်း မှူးမိုက် မတ်မိုက်တို့နှင့် ဂါမဝါသီ အလဇ္ဇီရဟန်းတို့ပေါင်းဖက်၍ မရှင်းမလင်းရှိလေသည်။ ဘေးတော် ငမင်းငတုံက မင်းရိုးမပျက် ခမည်းတော်တိုင်း ၄၁ဆက်သောမင်းတွင် အသိပညာမရှိသော ဘုရားမြတ်စွာ ဆုံးမရာစကားကို ရှည်ကြာထွန်းလင်းအောင် သီဟိုဠ်ကျွန်း ဝဋ္ဋဂါမဏိမင်းလက်ထက်တော်၊ သီဟဠဘာသာ ဘုရားသခင်စကားရင်းအတိုင်း အက္ခရာတင်ထားခဲ့သည်ကို ကူးယူ၍ရှိသည်။ ဘုရားအလိုတော်ကို ရဟန္တာများမှသော်လည်း မသိနိုင်သည်ဖြစ်လျက် သီဟိုဠ်သား ရဟန်းပုဏ္ဏား၊ ပဲကူးသား၊ ပုဂ္ဂံသားတို့ ရဟန်းအရှင်မြတ်ခံယူကြ၍ ပုထုဇဉ်တို့လုပ်ကြသည့် ကျမ်းစာကို မသင်-မလေ့လာသင့်၊ နောက်ကိုလည်း ကျမ်းစာမလုပ်စေနှင့်၊ အရညဝါသီဆိပ်ငြိမ်ရာတွင် တရား

ချက်ကို တင်ပြလျှောက်ထား၍ စီရင်စေ။ မင်းသား မင်းဆွေဖြစ်လျက် မင်းသားတို့ကျင်လည်ရာသော အဌာရသကို မသင်မလေ့ ဖျင်းပေ့ါလေလွင့်လျှင် စားကျေးမြို့ရွာကိုနှုတ်၊ မြို့လေးမျက်နှာ ဆုံးဖြတ်စီရင်သည့် တရားကဏ္ဍမှာ စောင့်နေစေ၊ မျုးမတ်သားမြေးဖြစ်လျက် မိရိုးဘလာကို မကျင့် ဆိုးသွမ်းပျော်ရွှင်၊ သဘင်လေ့လာ၊ သောက်စား ယစ်ဝ၊ လေလွင့်ရှိခဲ့လျှင် မိဘအမွေကို မခံစေနှင့်၊ မြက်ရိပ်အစို့မှာဖြည့်၊ လိမ္မာမည်ရှိသူ မျုးမတ်သားမြေးကို ရွေးစစ်၍ အမွေခံစေ။ မြို့ရွာခေါင်သူကြီးတို့မှာလည်း ဘိုးဘတို့နည်းတူ ရွာကို မအုပ်မထိန်းပေ့ါဖျင်းမိုက်မဲလျှင် ဘိုးဘအရာကို မခံစေနှင့်။ ကျေးရွာရှိ လူကြီးသားမြေး လိမ္မာသူကိုရွေး၍ ဆက်ခံကြီးစိုးစေ၊ ပြည်သူ အမှုအခင်းကို စီရင်သည့် မျုးမတ်တရားသူကြီး၊ ပြည်စိုးတို့ မဖြောင့်မမှန် စိုးဘဏ္ဍာမျက်နှာကြီးငယ်လိုက်၍ စီရင်ဆုံးဖြတ်လျှင် ခေါင်းကို လေးမြွာရိတ်၊ အရာကိုနုတ်၊ မဟာမုနိသိမ်တော် လေးမျက်နှာတံခါးမုခ်ဝတွင် ရှိသည့်အိုးများနှင့် ရေခပ် ထမ်း၍နေစေ။ အမြစ်ထိုက်ရာ စီရင်ရန်ရောက်လာသူကို စီရင်ရမည်မှာ ယမမင်းနှင့်တူစေ၊ နိုင်ငံအတွင်း ဆင်းရဲ သားတို့ကို အုပ်ထိန်းစီရင်သည့် မျုးမတ်ခေါင်းသူကြီးတို့ မဖြောင့်မသား၊ ကြီးနိုင်ငယ်ညှင်း နှိပ်ပြုကျင့်က ဆင်းရဲ သားတို့ ပင်ပန်းရိရိ ရှိခဲ့လျှင်လည်း မြင့်မိုရ်တောင်စောင့်နတ်များ လေးယောက်ကဲ့သို့လျှင် မျက်နှာကြီးငယ်မထောက် နှင့်၊ ငါအလျှင်သိတော်မူအောင်လျှောက်၊ အမတ်ကြီးတို့ မဖြေနှင့်၊ မတည်မေ့လျော့ လစ်ဟင်း၍ ရှေးထုံးစံပ ကျသည်ဟု ကြားသိတော်မူလျှင် ကိုယ်ရံကြီး၊ ဆင်ကဲကြီး၊ ပြည်စိုးကြီး၊ ခါးပိုင်ကြီးတို့ လေးယောက်ကို တံကျင်လျှို တော်မူမည်ဟု ရှည်လျားသောအမိန့်ပြန်တမ်းကို တိုင်းသူပြည်သားတို့ သိရှိစေရန် သက်ဆိုင်ရာ မြို့စားကျေးစား တို့မှတစ်ဆင့် ထုတ်ပြန်ခဲ့လေသည်။

ယင်းအမိန့်တော်ပြန်တမ်းအတိုင်း ရခိုင်ပြည်သူ ပြည်သားများကို လိုက်နာကျင့်သုံးခဲ့သဖြင့် မင်းထီးဘုရင် အုပ်စိုးစဉ်ကာလတွင် တိုင်းသူပြည်သားများမှာ ရေချမ်းအိုးကြီးကို ပိုက်ဖက်ထားရသကဲ့သို့ အေးချမ်းသာယာမှု ရှိခဲ့ပေသည်။ မင်းထီးဘုရင်အားလည်း ဘုန်းတော်ကြီး၍ သက်တော်ရာကျော်ရှည်ပါစေဟု ဆုတောင်းခဲ့ကြသည်။ ထို့ကြောင့် မင်းထီးဘုရင်သည် ရခိုင်သမိုင်း၌ တရားစောင့်သောမင်းအဖြစ် နှစ်ပေါင်း ၁၀၆နှစ်အထိ မင်းအဖြစ် အုပ်စိုးခဲ့လေသည်။

လေးမြို့ခေတ်ဘုရင်များ၏ အမိန့်ပြန်တမ်းများမှာ နန်းကျားကြီးဘုရင်၏ အမိန့်ပြန်တမ်းမှတပါး အားလုံး မှာ တိုင်းသားပြည်သူတို့၏ ဒုက္ခကင်းဝေးနေနိုင်ရေးကို ရှေ့ရှု၍ ထုတ်ပြန်ခဲ့သော အမိန့်ပြန်တမ်းဟုဆိုလျှင် မှားအံ့မည်မထင်ပါ။

**ရွှေခိုင်ကျော်-မြောက်ဦး**

ကျမ်းကိုးစာရင်း


၁။ ရခိုင်ရာဇဝင်သစ်ကျမ်း-ပထမတွဲ-ဦးစန္ဒိမာလာလင်္ကာရ၊ ဟံသာဝတီစာပုံနှိပ်တိုက်၊ မန္တလေးမြို့ (၁၂၉၃)ခု။
၂။ မင်းရာဇာကြီးစာတမ်း-အရှင်ရမ္မာဝတီပညာစာရ၏စာစု။

မင်္ဂလာ အခါ နက္ခတ်ကောင်း၊ ပညာမြော်မြင်၊ ရေမြေရှင်လည်း၊ ဂုဏ်လျှင်အတိ၊ ဂတိလေးပါး၊ တရားတည်စေ ကြောင်းတည်း။ ရှေးထုံးဟောင်းကျမ်းအလာ မညီယုတ်တက် ပေါ့ပျက်မရှိ သာခဲ့၊ ကြီးတေဇာ ကျွန်းလုံးမိုး၊ ဘိသိက် ခံပြီး၊ သစ္စာကြီးသည်။ စောထီးမင်းကောင်းမျိုးတို့ ဆိုရိုး၊ အရှေ့အမှာ၊ ကိုယ်၏အသက်၊ ရွက်ခြေဖုံး၊ နှလုံးမခြား သာတည်း၊ သတ္တဝါကို မေတ္တာထုံးခွေရစ်၊ လေးပါးအပြစ် ရှင်းရှင်းကွာ၊ ပြည်သူလုပ်ခွန်၊ မလွန်စားတို့ရာသည်။ မဟာနွယ်မြစ်၊ ဘုန်းပွင့်သစ်၊ ရဟန်းသိက္ခာ၊ မင်းမှာဘိသိက်။ သူတော်စိတ်သည်၊ မဖိတ်ကျင့်ရိုး၊ မြတ်အမျိုးဟူ၍ ရှေးဟောင်းကျမ်းများကို ကိုးကားပြီး ဘိသိက်မင်္ဂလာဆင်ယင်ကျင်းပရာ၌ လုပ်ဆောင်ရမည့် အမှုကိစ္စ အဝဝကို လင်္ကာဖြင့် လျှောက်ထားခဲ့လေသည်။

ဒဿရာဇာမင်းကြီးသည် ရာဇာဘိသိက်ကို ဆင်ယင်ကျင်းပ၍ ငါးလခန့်ကြာသောအခါ ရာဇပလ္လင်၌ ပျားများ လာစွဲခဲ့သည်။ ပျားအုံဖွဲ့၍ ပျားရည်များပြည့်လာသောအခါ ထိုပျားရည်များကို မစုတ်ဘဲ မြောက်ဘက်သို့ ပျံသွားကြလေသည်။ ဤအတိတ်နိမိတ်အကြောင်းကို ကဝိကျော်အမတ်အား မေးမြန်းသောအခါ အမတ်ကြီး လျှောက်ထားခဲ့သည်မှာ-

အရှင်မင်းမြတ် ဘေးတော် စန္ဒသူရိယမင်းမြတ်လက်ထက် မြတ်စွာဘုရား မဇ္ဈိမဒေသက ကောင်းကင်ခရီး ဖြင့် ကြွလာတော်မူ၍ မဟာမုနိရုပ်ရှင်တော်ကို သွန်းလုပ်ပါသည်။ ကောဇာသက္ကရာဇ် ၄၆၅ တွင် ပုဂံပြည်မင်း၊ အလောင်းစည်သူက ဘီးတော်လကျ်ာမင်းနန်တို့ နန်းတင်လာသော ပြူတလိုင်းကို ပင့်၍မရသော် ဖိုကျင်ထိုးလေ ရာ၊ ရုပ်ရှင်တော်ကွယ်လေ၍ မင်း၅ဆက်မြောက် ကွယ်ပျောက်ရှိပါသည်။ ယခုအရှင်မင်းမြတ်၊ ဘုန်းပညာ ကျက်သရေ၊ တရားသီလ ဂုဏ်တော်ကြောင့် ပျားတို့သည် ပန်းဝတ်ရှိသော အချိုအရသာမြတ်ကို ဆောင်ယူ ဆက်သ၍ မြောက်သို့ပျံလေသည်မှာ ပျားညွှန်ရာအရပ်၌ ရုပ်ရှင်တော်မဟာမုနိ ရှိသည်မှာ အမှန်ဖြစ်ပါသည် ဟု တိကျစွာ နတ်မျက်စေ့ကဲ့သို့ အမြင်ဖြင့် လျှောက်ထားခဲ့သည်။

အမတ်ကြီးလျှောက်ထားသည့်အတိုင်း ရှာဖွေသော် မဟာမုနိရုပ်ရှင်တော်အား တွေ့ရှိခဲ့သည်။ မူရင်းနေရာ ကတညုတတောင်တွင် သိမ်တော်အသစ်တည်ဆောက်ပြီး ကိုးကွယ်ခဲ့သည်။

ထိုမင်းလက်ထက်တွင် ဘင်္ဂါတစ်ဆယ့်နှစ်မြို့တို့သည် သက်နှင့်ပေါင်း၍ သောင်းကျန်းခဲ့ကြသည်။ ထိုအခါ သောင်းကျန်းမှုကို နှိမ်နင်းရန် အမတ်ကြီးဇေယျဗိုလ်ကို အလုံးအရင်းနှင့် ချီစေသည်။ ထိုသို့တပ်တော်ချီတက်စဉ် တပ်ဦး၌ ကြိုးကြာငှက်တစ်ကောင်သည် သားရေတစ်ခုကို ချီ၍ပျံဝဲလာရာ တပ်ဦးမှစစ်သည်တို့သည် ကြိုးကြာကို လိုက်၍ဖမ်းရာ ငှက်နှင့် သားရေကို ရရှိခဲ့ကြသည်။ ထိုကြိုးကြာငှက်နှင့်သားရေကို ဘုရင်အားဆက်သလေ ရာ ထိုနိမိတ်ကို ကဝိကျော်အမတ်က လျှောက်ထားခဲ့သည်မှာ တပ်ဦးတွင်မြင်သော နိမိတ်တိတ်ရအလို၊ ထိုငှက်ကြိုး ကြာနံမှာ ကုလား၊ မှောက်မှား ရောယှက်ကားသားရေ၊ မိတ်ဆွေပြုလျက် ခြားနားချက်မှာ၊ ဘိတ်အလာပေ၊ သားရေနှင့်ငှက်၊ ပျံလျက်မလွတ်၊ ကိုင်းညွတ်တုံလာ၊ ချင်းအစာလည်း၊ မကွာစုံဘက်၊ ပို့ဆက်လေပြန်၊ ထိုကျွန်နှစ်ပါး၊ ကုလားနှင့်သက်၊ ငှက်နှင့်သားရေ အနေမယွင်း ချက်ချင်းမခြား အောင်မြင်ရန် နိမိတ်ဖြစ်ပါကြောင်း လျှောက်ထား ခဲ့လသည်။ ကဝိကျော်အမတ်တင်လျှောက်သည့်အတိုင်း အမတ်ကြီးဇေယျဗိုလ်သည် သက်နှင့်ကုလားသောင်းကျန်း သည်ကို အောင်မြင်စွာ နှိမ်နင်းနိုင်ခဲ့သည်။ ကဝိကျော်အမတ်ကြီးအား ဆင်ပေါက်တစ်စီး ဆုချီးမြှင့်တော်မူခဲ့သည်။


ထိုဒဿရာဇာမင်းသည် သက်တော် (၃၁)နှစ်ရောက်သောအခါ မဟာမုနိရုပ်ရှင်တော်မှာ ချွေးထွက်သည်။ အချိန်အခါမဟုတ် မိုးရွာသည်။ မြစ်ရေကြီးသည်။ မိုးကြိုး နန်းမှာကျသည်။ ထိုသို့သောနိမိတ်တို့ကို မြင်သောအခါ မင်းကြီးသည် ပညာရှိအမတ်များကို နောင်ကာလတွင် ဖြစ်ပေါ်လာမည့် အကြောင်းခြင်းများကို တင်လျှောက်စေ လေသည်။ ထိုအခါ ပညာရှိအမတ် ရာဇကုရုလျှောက်တင်ခဲ့သည်မှာ- အရှင်မင်းမြတ် တိတ်တုံမှတ်စု၊ ဣန္ဒြေသျှုအမှာ၊

ယုတ္တံမိတ္တံ၊ ရန်သူရောက်လတ်သောအခါ၊ ညီညာကူပ၊ ဖော်ရသော ပြည်ထောင်ဖက်ချင်း၊ မိတ်ဆွေခင်ပွန်း မင်းရှိခြင်းလည်းကောင်း၊ ဣတိ/ဤသို့ သတ္တ/ပကတိသော၊ ခုနှစ်ပါးသောမင်းတို့၏ ပြကတေ့ ကျေးဇူးတရားတို့ သည် ဟောတိ/ဖြစ်ကုန်၏။ ဣတိ/ဤသို့ နီတိဝိစက္ခဏာရာဇာနီတိ၌ လိမ္မာကုန်သော ပညာရှိတို့သည် ဝုတ္တံ ဆိုအပ်ကုန်၏။ ဤသို့ကျမ်းဂန်လာကြောင်းနှင့် အမတ်ကြီးလျှောက်တင်ခဲ့လေသည်။

မင်းထီးဘုရင်သည် အမတ်ကြီး၏လျှောက်ထားချက်ကို သဘောပေါက်တော်မူသည်။ ယင်းကြောင့် အမိန့် တော်ရှိသည်မှာ ငါ ငယ်တော်မူသော်လည်း၊ ကေသရာဇာခြင်္သေ့မျိုးတို့သည် ရွှေဂူ၌သာ အိပ်သကဲ့သို့ ခြင်္သေ့ဆီ သည်လည်း ရွှေခွက်တွင်သာတည်သည်။ ဆဒ္ဒန်ဆင်ဖြူမျိုးမှန်လျှင် ဆင်မည်းဖွားရိုးမရှိ နေလတို့သည် မိမိအရောင် ကိုဖျက်၍မထွန်း၊ သမုဒ္ဒရာတို့ဟူလည်း ကမ်းသို့ရေလျှံရိုးမဟုတ်၊ ငါတို့မင်းမျိုးလည်း အနီးအဝေး မရွေးလေရာ အာဏာသနား ထားတော်မူသောစကားကို ဖျက်ရိုးထုံးဟောင်း မလာ၊ မင်းတည်ကြည်မှ ပြည်သာမည်ကို အနွယ်တော်စောင့်သောတရား၊ မဖျက်သင့်၊ ငါလည်းသိတော်မူသည်ပင် အမိန့်တော်ရှိ၍ ဦးရီးတော် အနန္တဘယကို မှူးမတ်သို့ အပ်တော်မူလေသည်။

လေးမြို့ခေတ်ဘုရင်များ၏ အမတ်ပညာရှိများသည် အကြောင်းပေါ်ပေါက်လာလျှင် မည်သူ၏မျက်နှာကို မှမထောက်ဘဲ ရှေးထုံးတမ်းစဉ်လာများကို အကိုးအကားပြု၍ အမှန်တရားဘက်မှ ရပ်တည်ပြီး လျှောက်ထုံးများ ကို လျှောက်တင်ခဲ့ကြသည်။ ယင်းကြောင့် လေးမြို့ခေတ် အမတ်ပညာရှိတို့၏ လျှောက်ထုံးများမှာ ရခိုင်သမိုင်း၌ ယနေ့တိုင် ထင်ရှားလျက် ရှိခဲ့ပေသည်။

**သီရိကျော်(မြောက်ဦး)**
**ရခိုင်မဂ္ဂဇင်းအမှတ် ၁၉**



# လောင်းကြက်တောင်မော် အဝေးမှအမြင်

ရှမ်းလည်းပျက်ဟု၊ ရှေးဆက်စကား၊ ဆင့်ဆင့်ကြားခဲ့၊ ကြီးမားတေဇာ၊ ရှင့်အာဏာကား၊ တကမ္ဘာလုံး၊ ဝှန်းယက်ခြုန်းသည်၊ မြတ်ဘုန်းမဏ္ဍိုင်၊ ရခိုင်သာယောင့်၊ သာယာစွလေ၊ သာစွလေ။
ရက္ခိုင်သားလေ၊ သာစွလေ။ ။

၆။ ။သာစွလေ။ ။ ပြည်ရွှေသာယာ၊ မြို့ပဥ္စာထက်၊ စိုးလှာသည်မင်း၊ ခေတ္တသင်းဟု၊ ထန်ပြင်းတေဇာ၊ ဘုန်းပညာကြောင့်၊ ပြည်ရွာအစိုး၊ ရေခမိုးသို့၊ အေးလို့ငြိမ်ငြိမ်၊ ထက်ဝတိန်နှင့် စံချိန်တနှုန်း၊ ပျော်မဆုံးအောင်၊ ရှင့်ဘုန်းထက်ဝှန်၊ ပြည့်စုံလွန်ခဲ့၊ တတန်သာသနာ၊ ပြည်ရွာမှာကား၊ ဖန်ဝါအရောင်၊ ထွန်းလင်းပြောင်ခဲ့၊ ဦးဆောင်ဗန္ဓဝ၊ ကောဏ္ဍညနှင့်၊ နောက်မှစဉ်ဆက်၊ မပျက်စိုက်စိုက်၊ ထက်ချပ်လိုက်သည်။ စရိုက်ဘာသာ၊ သာသနာ၏၊ ကောင်းရာအကျိုး၊ ထမ်းဆောင်ပိုးသည်၊ အကျိုးမျှော်ထ၊ နန္ဒိယနှင့်၊ ပဒုမအရှင်၊ ပေါ်ထင်ရဟန္တာ၊ မြတ်သံဃာတို့၊ ပဥ္စာမြို့ထက်၊ ထွန်းပေါ်ထွက်သည်၊ မျိုးဆက်မဏ္ဍိုင်၊ ရခိုင်သာယောင့်၊ သာယာစွလေ၊ သာစွလေ။
ရက္ခိုင်သားလေ၊ သာစွလေ။ ။

| | | |
|---|---|---|
| စူဠရေဝ | = | သံဂါယနာတင်ရာ၌ နာယကဦးဆောင်ဖြစ်သည်။ |
| ဥတ္တမကိန်း | = | ၅၆၀ခုနှစ်၊ ပိဋကတ်သင်္ချာနည်းအရ ကောက်ယူရသည်။ |
| ရေခမိုး | = | ရေချမ်းအိုးဟူလို။ |

ရှင်ဗန္ဓဝ၊ ကောဏ္ဍည၊ နန္ဒိယ၊ ပဒုမတို့မှာ စမ္ပဝက်ခေတ် ခေတ္တသင်မင်းလက်ထက် ပေါ်ထွန်းကြသော ရဟန္တာများဖြစ်ကြသည်။ ရှင်ဗန္ဓဝ-မဟာထီးဘုရားတည်ရာကို ဗျာဒိတ်ပေးခဲ့သည်။

၇။ ။သာစွလေ။ ။ ပြည်ရွှေစမ္ပဝက်၊ ယင်းပြည်ထက်တွင်၊ မင်းဆက်တဆယ်၊ စိုးခါ၀ယ်၌၊ ကြံစည်လှည့်ပတ်၊ ပုန်ကန်သတ်၍၊ အမတ်သခ်ယာ၊ မည်သာတချက်၊ ဝရောင်းငှက်ဟု၊ သုံးဆက်စိုးကာ၊ မင်းပြုလှာ၏။ ထိုခါချိန်ဝယ်၊ မျိုးနွယ်သကျ၊ မင်းရဲဘယ၊ ပေါက်ညိုမြနှင့်၊ ချီကြွရှေ့ပြည်၊ ဆွေနှစ်မည်တွင်၊ သားသည်တစိုက်၊ ဖွားမြင်လိုက်သည်၊ ရင်နှစ်သည်းချာ၊ ရွှေကူသာနှင့်၊ လကျာမင်းနန်၊ နန်းရိုးမှန်လျှင်၊ တဖန်မြို့သစ်၊ တည်ထောင်လှစ်က၊ နှစ်ချစ်ပြည်သူ၊ စိတ်ကြည်ဖြူ၍၊ မှတ်ယူတသီး၊ နန်းရွှေထီးကား၊ အံ့ချီးဂုဏ်သိရ်၊ မြို့ပရိန်ဟု၊ ကျော်ရှိန်မိုးဝှန်း၊ အံ့မခန်းသည်။ သစ်ဆန်းမဏ္ဍိုင်၊ ရက္ခိုင်သာယောင့်၊ သာယာစွလေ၊ သာစွလေ၊ ရက္ခိုင်သားလေ၊ သာစွလေ။ ။

၈။ ။ သာစွလေ။ ။ ပြည်ရွှေဘုန်းတန်း၊ နေနှယ်ထွန်း၍၊ မြကျွန်းဇမ္ဗူ သောင်းရပ်ငူထက်၊ ဆူဆူမင်းတို့၊ ခွန်ဆက်ပို့သား၊ နှစ်လိုချင်ဘွယ်၊ နတ်ဘုံနှယ်သို့၊ မျိုးနွယ်မပျက်၊ မင်းဆက်ဆက်လျှင်၊ ဖြူရွှက်ဖြန့်မိုး၊ ပိုင်လာစိုးက၊ တန်ခိုးကြီးဘိ၊ မင်းကောလိယ၊ ထိုရာဇလျှင်၊ ငရကောက်မော်၊ တောင်ကုန်းပေါ်ထက်၊ ရှင်တော်ရုပ်ကြီး၊ မဟာထီးကို၊ တည်ပြီးကိုးကွယ်၊ နိဗ္ဗာန်ရွယ်သည်၊ ဘုန်းကြွယ်မဏ္ဍိုင်၊ ရခိုင်သာယောင့်၊ သာယာစွလေ၊ သာစွလေ။
ရက္ခိုင်သားလေ၊ သာစွလေ။ ။

၉။ ။ သာစွလေ။ ။ ပြည်ရွှေဘုန်းလူ၊ ကျွန်းဇမ္ဗူထက်၊ ထီးဖြူကြက်၍၊ မင်းဆက်စဉ်လာ၊ ဒသရာဟု၊ မဟာနွယ်မျိုး၊ မင်းလျှင်စိုးက၊ တန်ခိုးမိုးဝှန် ဘုန်းတော်လွန်၍၊ အပ်နှံသိကြား၊ လေးနှင့်မြားကို၊ လျှင်လျားမကြာ၊ ပေးဆက်ပါက၊ ဒီပါကျွန်းခွင်၊ မင်းလျှင်အစစ်၊ ဧကရာဇ်ဟု၊ တွင်ရစ်ဥဒါန်း၊ အမည်ထွန်း၍၊ ထီးနန်းရိပ်ငြိမ်၊ စည်းစိမ်မကွာ၊

သချ်ာရေးသော်၊ အံ့ဝေးစရာ၊ ပြည်ရက္ခာသည်၊ သာသနာမဏ္ဍိုင်၊ ရက္ခိုင်သာယောင့်၊ သာယာစွလေ၊ သာစွလေ။
ရက္ခိုင်သားလေ၊ သာစွလေ။ ။

ငရဲခက် = မင်းထီး၏စီးတော် ဆင်ဖြူအမည်

နွားလားသင်းစု၊ ခုနှစ်ခုမွေး=၇၄၆၃၂၇၂၅ ယောက်

ရှေးခေတ်ရခိုင်ပြည်၏လူဦးရေ၊ ဘင်္ဂလားနယ်အပါအဝင်၊ ခုနှစ်ကုဋေကျော်ဖြစ်သည်။

**ရွှေခိုင်ကျော်(မြောက်ဦး)**

**ရခိုင်မဂ္ဂဇင်း အမှတ် ၁၉**

အနီးရှိ မွန်တို့နှင့်မဟာမိတ်ဖြစ်စေရန်အတွက် မိမိ၏သား ဆိုင်မွန်ထရီတို့ကို မုတ္တမမင်း၏ သမီးနှင့် ထိမ်းမြားပေးခဲ့သည်။ ထို့ပြင် မုတ္တမစား ဗညားဒလ၏သား ဗညားနွဲ့နှင့် မိမိ၏သမီး အီစပဲလာနှင့် ထိမ်းမြားပေး ခဲ့သည်။

ဇဗင်ကာသည် မုတ္တမမြို့စား၊ ဗညားဒလနှင့် မိတ်ဖွဲ့ပြီးသည်မှစ၍ ယခင်ကထက် တန်ခိုးအာဏာကြီးမား လာလေသည်။ သန်လျင်ဆိပ်ကမ်းအပြင် ဒလသင်္ဘောဆိပ်နှင့် ပုသိမ်သင်္ဘောဆိပ်တို့ကိုပါ အုပ်ချုပ်နေလေသည်။ ရခိုင်နှင့်မြန်မာတို့ ကူးသန်းသွားလာမှုကို ဖြတ်တောက်ခဲ့သည်။ ယင်းကြောင့် တောင်ငူဘုရင်နှင့် မင်းရာဇာကြီးတို့ သည် ကုန်းတပ် ရေတပ်ဖြင့် လာရောက်ပြီး သန်လျင်ကို တိုက်ခိုက်ကြသည်။ သို့သော် အရေးနိမ့်ခဲ့ကြသည်။ ရေတပ်တိုက်ပွဲတွင် ရခိုင်ဘုရင်၏သားတော် မင်းခမောင်းကို ဇဗင်ကာ ဖမ်းမိလေသည်။ ဇဗင်ကာ တောင်းဆို သည့်အတိုင်း ၎င်းအား သံလျင်မင်းအဖြစ် အသိအမှတ်ပြုပြီး နောင်တွင် သန်လျင်ကို မတိုက်တော့ပါဟု ကတိပြုမှ သာ မင်းသားကို လွှတ်ပေးလေသည်။

မင်းခမောင်းသည် ဇဗင်ကာလက်တွင်းမှ လွတ်လာ၍ မကြာမီ သက္ကရာဇ် ၉၆၇ ခုနှစ်တွင် သံတွဲသို့ အထိန်းတော် ဥက္ကာပျံနှင့်အတူ ဘုရားဖူးရန် ရောက်ရှိခဲ့သည်။ သံတွဲမြို့ရှိ ဘုရားကျွန်များက ၎င်းတို့ ဘုရားကျွန် အဖြစ်မှ ကင်းလွတ်ရန်အတွက် မင်းသားအား နန်းတင်လိုကြသည်။ (ဘုရင်တစ်ပါးက လှူဒါန်းခဲ့သော ဘုရားကျွန် များကို ထိုဘုရင်ထက် တန်ခိုးကြီးသောဘုရင်က ကင်းလွတ်ခွင့်ပြုနိုင်သည်။) ထို့ကြောင့် ဘုရားကျွန်များက မင်းသားအား အရှင့်သားတော်၏ ခမည်းတော်မှာ အသက်ကြီးရင့်ပြီဖြစ်၍ ရုတ်တရက် နတ်ရွာစံလျှင် သားတော် သမီးတော်ကလည်း များသဖြင့် နန်းလုပွဲဖြစ်ရာသည်။ ခမည်းတော်ထင်ရှားရှိစဉ် ထီးနန်းတက်၍ ခမည်းတော်ကို သက်န်းနှင့်ထားလျှင် သံသရာပစ္စုပ္ပန်အကျိုးနှစ်ပါး ဖြစ်ပါမည်။ အရေးအခင်းအောင်မြင်၍ ဘုရင်ဖြစ်အောင် ကျွန်တော်တို့ ကူညီပါမည်။ ဘုရင်ဖြစ်လျှင် ကျွန်တော်မျိုးတို့အား ဘုရားကျွန်အဖြစ်မှ ကင်းလွတ်ခွင့်ပြုပါဟု လျှောက်ထားကြသည်။

မင်းသားသည် ဘုရားကျွန်များ လျှောက်ထားချက်ကိုနားဝင်ပြီး ဘုရားကျွန်များကို တပ်ဖွဲ့၍ ဥက္ကာပျံနှင့် လောင်းကြက်စားမင်းစောထွတ်တို့နှင့်အတူ မြောက်ဦးသို့ ချီတက်ကြသည်။ ထိုအကြောင်းကို မင်းရာဇာကြီး ကြိုတင်သိတော်မူ၍ ဇဗင်ရိုင်းချောင်းကျွန်းမှ ဆီးကြို၍တိုက်လေရာ သားတော်နှင့် ဥက္ကာပျံကို ဖမ်းမိလေသည်။ လောင်းကြက်မြို့စား မင်းစောထွတ်မှာ သားမယားတို့ကိုခေါ်ယူပြီး အရှေ့ပြည်သို့ ထွက်ပြေးသွားလေသည်။ မင်းစောထွတ်သည် သန်လျင်သို့ရောက်ရှိခဲ့၍ ဇဗင်ကာထံခိုလှုံခဲ့သည်။ ဇဗင်ကာလည်း သိဟောင်းကျွမ်းဟောင်း ဖြစ်၍ သင့်တော်သောရာထူးကို ပေးပြီး အမှုထမ်းစေသည်။ မင်းစောထွတ်တွင် ရုပ်ရည်ချောမောလှပသော သမီးစောသန္တာမှာ မိဘများနှင့်အတူ သန်လျင်သို့ပါလာခဲ့သည်။ တစ်နေ့သော် ဇဗင်ကာ၏စစ်ဗိုလ်တစ်ဦးသည် မင်းစောထွတ်အိမ်ကိုရောက်လာပြီး စောသန္တာကို ဇဗင်ကာနှင့်ထိမ်းမြားရန်အတွက် ဇဗင်ကာမှ ပြောခိုင်းကြောင်း ပြောလေသည်။ မင်းစောထွတ်က မိမိ၏ဇနီးနှင့် ဆွေးနွေးပြီးမှ အဖြေပေးရန် ပြန်ပြောလိုက်လေသည်။ မင်းစောထွတ်တို့ ဇနီးမောင်နှံနှစ်ဦးမှာ သမီးအရေးကြောင့် ရတက်မအေးဖြစ်ခဲ့ရသည်။ ဇဗင်ကာမှာ လူမျိုးခြားဖြစ် ၍ ဘာသာလည်းမတူသူဖြစ်သည်။ မိမိသမီးနှင့် လက်ထပ်ပေးလျှင် အမျိုးကိုစောင့်၍ ရခိုင်ဟုခေါ်တွင်ခြင်းကို ဖောက်ဖျက်ရာရောက်မည်။ အခြားတစ်ဖက်မှလည်း ဇဗင်ကာမှာ မိမိတို့မိသားစု ခိုကိုးရာမဲ့ဘဝကို ရပ်တည်နိုင် အောင် ကူညီခဲ့သော ကျေးဇူးရှင်ဖြစ်ပေသည်။ နောက်ဆုံးတွင် သူ့ဆန်စား သူ့ကြက်ဆိုသည့်အတိုင်း သမီးကို ဇဗင်ကာနှင့် ထိမ်းမြားပေးခဲ့လေသည်။

ဇဗင်ကာနှင့် စောသန္တာတို့၌ များမကြာမီ သားတစ်ယောက်နှင့် သမီးတစ်ယောက်ထွန်းကားခဲ့လေသည်။

ရတ်တရက် နတ်ရွာစံခဲ့လေသည်။ ဘုရင်ကလေး၏အလောင်းကို သူ၏ကောင်းမှုတော်ဖြစ်သော ရွှေနန်းဦးစေတီတော်၏ ဖိနပ်ပန်းတင်ခုံအနားတွင် နံ့သာထင်းတို့ဖြင့် အစီအစဉ်တကျ မီးသင်္ဂြိုဟ်ခဲ့ကြသည်။ ကျန်ရစ်သူ မိဖုရားကလေးမှာ မောင်တော်ကို လွမ်းဆွတ်သောစိတ်ကြောင့် အအိပ်အနေပျက်ကာ အစာရေစာမစားဘဲ နေခဲ့သည်။ သုံးလမျှကြာသောအခါ မိဖုရားကလေးမှာ နတ်ရွာစံခဲ့လေသည်။ သီတာမောင်နှမနှစ်ယောက်စလုံး အယူတိမ်း၍ နတ်စိမ်းဖြစ်ကြလေသည်။ မြို့သူမြို့သားများက သီတာနတ်မောင်နှမအဖြစ် ကိုးကွယ်ခဲ့ကြသည်။

သီတာမောင်နှမ ကောင်းမှုပြုခဲ့သော ရွှေနန်းဦးဘုရား (မြသိန်းတန်ဘုရား) ပွဲတော်ကို နှစ်စဉ်နှစ်တိုင်းတော်သလင်းလပြည့်နေ့တွင် တစ်ကြိမ်၊ တပေါင်းလပြည့်တွင် တစ်ကြိမ် ကျင်းပကြသည်။ ထိုရက်များအတွင်း နတ်ပွဲကိုလည်း ကျင်းပမြဲဖြစ်သည်။ သီတာမောင်နှမ တည်ထားကိုးကွယ်ခဲ့သော မြသိန်းတန်ဘုရားမှာ နှစ်များကြာမြင့်သဖြင့် ပျက်စီးယိုယွင်းခဲ့လေသည်။ ထိုဘုရားပျက်စီးသည်ကို ဘုရားဒါယကာ ဘိုးလမ်းမြေနှင့် ဇနီးမဟွန်အောင်တို့က သက္ကရာဇ် ၁၂၃၃ခုနှစ်တွင် ပြန်လည်ပြုပြင်ခဲ့ကြသည်။ မြသိန်းတန်ဘုရားသမိုင်း အကျဉ်းကိုလည်း ကျောက်စာရေးထိုးကာ ဘုရားအနီးစိုက်ထူထားခဲ့ကြသည်။ သီတာရွာမှာ ပုဿိမ်မြို့နယ် ငါးသိုင်းချောင်းမြို့၏အနောက်ဘက်ကမ်းတွင် တည်ရှိသည်။ မြသိန်းတန်ဘုရားမှာ သီတာရွာ၏တောင်ဘက် ပေ ၂၀၀ခန့်အကွာတွင် တည်ရှိသည်။ ဘုရားပွဲတော်ရက်များအတွင်း မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ်မှ လူများ သွားရောက်ခဲ့ကြသည်။ အထူးသဖြင့် လှေပြိုင်ပွဲမှာ အစည်ကားဆုံးဖြစ်သည်။ ပွဲတော်လမဟုတ်သော်လည်း ထိုနယ်သူ နယ်သားတို့သည် ဝါဝင် ဝါကျွတ်ကာလများတွင် အခြားနတ်များကို ပူဇော်ပသသကဲ့သို့ နတ်မောင်နှမအတွက်ပါ ကန်တော့ပွဲလုပ်၍ ကန်တော့ခဲ့ကြသည်။

## သီတာမောင်နှမအကြောင်း ရေးထိုးထားသောကျောက်စာ (မြသိန်းတန်ဘုရား ကျောက်စာ)

ဇေယျတု၊ သုနာပရံ၊ တံပဒီပတိုင်း၊ ကုတနာပူရ၊ အင်းဝပြည့်ရှင် အနောက်သံလွင် မင်းတရားကြီးသည် မဲကူး၊ ဟံသာဝတီမြို့တွင် ဖြိုကျွင်းသက္ကရာဇ် ၉၇၀ပြည့်၊ ၁၂နှစ် နန်းစံသော သံလွင်မြို့သား ကုလားဇင်ကာ၊ လောင်းကြက်မြို့သူ ရခိုင်မ၊ မိဖုရားစောသန္တာ၊ သားတော် နန္ဒဘယ၊ သမီးတော် သုပဘာဒေဝီ၊ ဘိုးတော် မင်းစောထွတ်တို့ကို လက်ရဖမ်းယူရာ သံလွင်မြို့သား ကုလားမောင်ဇင်ကာကိုသာ မိ၍ရာဇဝတ်ဖြင့် ကွပ်ညှပ်တော်မူသည်။ ဘိုးတော်နှင့်တကွ မိဖုရား သားသမီးတို့ကို မမိ၍ ဘိုးတော်ကား မွန်မြို့ပိုင် အနောက်ချောင်းလက်တက်သို့ ထွက်ပြေးရှောင်ပုန်း၍နေသောကြောင့် ဖိုးတော်ချောင်းဟုခေါ်သည်။ မိဖုရားစောသန္တာသည် သားတော်နန္ဒဘယ၊ သမီးတော် သုပဘာဒေဝီတို့နှင့်တကွ၊ လောင်းကြက်မြို့သို့ ထွက်ပြေးတိမ်းရှောင်လာရာ၊ ကျိုက်ပွင့်ပဒေါမြို့အနောက်ချောင်းကုန်းပြင်ရွာတွင် မိဖုရားသည် ဖျားသောရောဂါနှင့် သေလေ၏။ သားနှင့်သမီး မောင်နှမနှစ်ယောက်တို့ကို ဓညဝတီအမတ် သူထိန်နှင့်တွေ့၍ ကောက်ယူကျွေးမွေး ချီးမြှောက်သောကာလ ဘုန်းပညာလက္ခဏာနှင့် ပြည့်စုံသဖြင့် မင်းမျိုးမှန်းသိ၍ ဗိုလ်ဘာစုရုံးပြီးလျှင် သက္ကရာဇ် ၉၈၅ခုနှစ်၊ တပို့တွဲလဆန်း ၅ရက်၆ကျာနေ့ ကျိုက်ယသီမြို့ကိုတည်၍ နန္ဒဘယသုပဘာဒေဝီ ၎င်းမောင်နှမနှစ်ယောက်တို့ကို မင်းမြှောက်၍ နန်းစံစေ၏။ မွန်တို့ဘာသာ ကျိုက်ယဘီမြို့ကို မြဟ္မာဘာသာ သီတာမြို့ဟုခေါ်၏။ ထိုအကြောင်းကို အနောက်ဘက်သံလွင် မင်းတရားကြီး ကြားသိတော်မူလျှင် ဖမ်းယူအံ့ဟု ချီတက်တော်မူ၍ ၎င်းမောင်နှမနှစ်ယောက်တို့သည် ကျိုက်သထုံလှံဒါးမြို့အနီး ဂေါင်ပေါင်ကြီးရွာသို့ ထွက်ပြေးတိမ်းရှောင်ပုန်း၍ နေကြလေ၏။ ၎င်းသံလွင်မင်းတရားကြီးသည် မတွေ့၍ ပျံလီသည်။ နောက်သက္ကရာဇ် ၉၈၆ တန်ခူးလအတွင်း မင်းသားမင်းသမီးနှစ်ယောက်တို့

# ပထမမြောက်ဦးခေတ်၏ ဗိသုကာပညာလက်ရာများ

**ကျော်ကျော်လှ–မြောက်ဦး**

ပထမမြောက်ဦးခေတ်၏ ဗိသုကာပညာလက်ရာများကို လေ့လာမည်ဆိုလျှင် အေဒီ ၁၄၃၀မှ ၁၅၃၁ထိ နှစ်ပေါင်း (၁၀)နှစ်အတွင်း၌ တည်ဆောက်လှူဒါန်းခဲ့သော သာသနိက အဆောက်အအုံများကို လေ့လာရပေမည်။ ယနေ့ထိ မြင်တွေ့နေရသော သာသနိက အဆောက်အအုံများမှာ စေတီ၊ ပုထိုး၊ ဂူများ ဖြစ်ပေသည်။ ဘုန်းတော်ကြီးကျောင်းများမှာ သစ်သားအဆောက်အအုံဖြစ်သဖြင့် နှစ်ပရိစ္ဆေဒကြာညောင်း၍ ပြိုပျက်သွားခဲ့ပေပြီ။ မြေနေရာများသာ ကျန်ရှိ၍ အဆောက်အအုံပုံစံများကို မတွေ့ရှိနိုင်ပေ။

ရခိုင်တို့သည် စေတီပုထိုးတည်ဆောက်ခြင်း အတတ်ပညာကို အေဒီလေးရာစု ဝေသာလီခေတ်ကပင် တတ်ကျွမ်းခဲ့ကြောင်း ရုပ်ကြွင်းပစ္စည်းများက သက်သေခံနေပေသည်။ ဝေသာလီခေတ်တွင် အုပ်စိုးခဲ့ကြသော စန္ဒြမင်းများသည် ဗုဒ္ဓဘာသာဝင်များဖြစ်၍ စေတီပုထိုးများစွာကို တည်ဆောက်ခဲ့ကြောင်း ထိုခေတ်၌ ရေးထိုးခဲ့သည့် ကျောက်စာများအရ သိရှိရပေသည်။ ယင်းဗိသုကာပညာရပ်များကို ဝေသာလီခေတ်မှ လေးမြို့ခေတ်သို့ လက်ဆင့်ကမ်းခဲ့ပြီ။ လေးမြို့ခေတ်မှသည် မြောက်ဦးခေတ်သို့ တစ်ဖန် ဗိသုကာပညာရပ်များ ဆင်းသက်လာခဲ့ပေသည်။

ပထမမြောက်ဦးခေတ်ကို စတင်တည်ထောင်လာခဲ့သော မင်းစောမွန် (အေဒီ ၁၄၃၀-၁၄၃၃)သည် မြို့တည်ဘုရားပုထိုးစေတီများကို တည်ဆောက်လှူဒါန်းခဲ့ပေသည်။ မင်းစောမွန်မှသည် မင်းခေါင်ရာဇာထိ မင်း(၁၂)ဆက်တို့သည် မြောက်များစွာသောစေတီ၊ ပုထိုး၊ ဂူကျောင်းများ တည်ဆောက်ကုသိုလ် ပြုခဲ့ကြသည်။ ယင်းတို့အနက် ယခုမပြိုပျက်ပဲ ကျန်ရှိနေသေးသော သာသနိက အဆောက်အအုံများကို လေ့လာပါက ထိုခေတ်၏ ဗိသုကာလက်ရာများကို သိရှိနိုင်ပေသည်။ စေတီပုထိုးတည်ဆောက်မှု ဗိသုကာပညာရပ်များကို မလေ့လာမီ စေတီပုထိုးများတည်ထား ကိုးကွယ်မှုသမိုင်းကို အနည်းငယ်သိထားရန် လိုအပ်မည်ဟု ထင်ပါသည်။

## စေတီပုထိုးကိုးကွယ်မှု၏ မူလအစ

မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်ကာလတွင် သာဝတ္ထိ မြို့သူ မြို့သားများသည် တစ်နေ့၌ဘုရားရှင်အား ဖူးမြော်ရန် ဇေတဝန်ကျောင်းတော်သို့ သွားရောက်ခဲ့ကြသည်။ ထိုအချိန်၌ မြတ်စွာဘုရားသည် မြို့ရွာအနှံ့သို့ တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးရန် ဒေသစာရီကြွနေခိုက်နှင့် ကြုံသဖြင့် ဇေတဝန်ကျောင်းခြတ်သို့ ရောက်ရှိကြသောပရိသတ်များသည် ဘုရားရှင်အား ဖူးမြော်ခွင့်မရရှိကြချေ။ ဘုရားဖူးလာသည့် မြို့သူမြို့သားများမှာ စိတ်နှလုံးမသာမယာနှင့် မိမိတို့တွင် ပါရှိသော ပန်းနံ့သာ ဆီမီးတို့ကို ဘုရားရှင်သီတင်းသုံးတော်မူရာ ဂန္ဓကုဋိတိုက်တော်၏ ဝင်ဝတွင် စုပုံထားခဲ့ပြီး ပြန်သွားကြရလေသည်။

မြတ်စွာဘုရားသခင်သည် ဒေသစာရီကြွချီရာမှ ပြန်ရောက်တော်မူသောအခါ အနာထပိဏ်သူဌေးကြီးသည် အရှင်အာနန္ဒာထံချဉ်းကပ်၍ ဇေဝဝန်ကျောင်းတော်ကြီး၌ မြတ်စွာဘုရားမရှိခိုက် ဘုရားရှင်ကိုယ်စား ပူဇော်ကန်တော့ရန် နေရာဒေသတစ်ခု ခွင့်ပြုပြညတ်ပေးပါရန် ဘုရားရှင်ထံလျှောက်ထားပါဟု တောင်းပန်လေသည်။ အရှင်အာနန္ဒာမထေရ်သည် အနာထပိဏ်သူဌေး၏ တောင်းပန်ချက်ကို သဘောတူ၍ မြတ်စွာဘုရားအား ဘုရားရှင် မရှိခိုက်တွင် ကိုယ်စားပူဇော်ရာတစ်ခုခု ခွင့်ပြုပါရန်လျှောက်ထားခဲ့လေသည်။ ထိုအခါ မြတ်စွာဘုရားသည် စေတီတော် အပြားသုံးပါးကို ဟောကြားတော်မူပြီး ဇေတဝန်ကျောင်းတော်၏အပြင်ဘက်တံခါးမုခ်အနီး၌ မဟာဗောဓိပင်ကြီးမှ အသီးကို ယူဆောင်၍ ဗောဓိပင်စိုက်ပျိုးထားရန် မိန့်ကြားတော်မူပြီးလျှင်၊ အာနန္ဒာ

(ခ) ဝင်လမ်းမုခ်နှင့်အတွင်းတွင် လှိုက်ထပ်ပါရှိသော ပုထိုးပုံစံအားဖြင့် လေးမျက်နှာပုထိုး။

၃။ **ဂူ**-ဂူဆိုသည်မှာ ပါဠိဂုဟမှ ဖြစ်ပေါ်လာသောစကားဖြစ်၍ ကျောက်တောင်များမှ သဘာဝအလျောက် ဖြစ်ပေါ်နေသော အခေါင်းကို ဆိုလိုသည်။ သို့သော် မြန်မာတို့က ဘုရားကျောင်းအဖြစ်ဖြင့် အသုံးပြုရန် အုတ်၊ ကျောက်တို့ဖြင့် ဖွဲ့သောစေတီတစ်မျိုးကို ဂူဟုခေါ်လေ့ရှိသည်။ ထို့ကြောင့် အိန္ဒိယမှ သဘာဝ တောင်ခေါင်းကို ဘုရားကျောင်းပြုလုပ်ထားသည့် အဇန္တဂူမျိုးနှင့်လည်း မတူချေ။ လူလုပ်သောဂူဖြစ်၍ အမိုးပေါ်တွင် စေတီတည်ရှိပြီး ဝင်ပေါက်တစ်ပေါက်ရှိသော ဂူမျိုးကို များသောအားဖြင့် တွေ့ရှိရသည်။ ရခိုင်ဒေသမြောက်ဦးရှိ -မင်္ဂလာဓာတ်ပေါင်းရွှေဂူ-ဗောဓိရွှေဂူ-ရွှေဂူတောင်တို့မှာ ဂူအမျိုးအစားဖြစ်ကြသည်။

## စေတီပုထိုးနှင့် ဂူများကို တည်ဆောက်ထားပုံ

**စေတီတည်ဆောက်ပုံ-**မြောက်ဦးခေတ်တွင် တည်ဆောက်ထားခဲ့သောစေတီများမှာ မကုဋကာရ ခေါ် မကိုဋ်ပုံခြေခံ တည်ဆောက်ထားသည်ကို တွေ့ရပေသည်။ မကိုဋ်ပုံစေတီတွင် အဆင့်သုံးဆင့်ပါကြောင်း သိရပေသည်။

(က) ပထမပိုင်း ဖိနပ်တော်အုတ်ခုံနှင့် ပစ္စယာအဆင့်ဆင့်-**<u>မေဓိ</u>**

(ခ) ခေါင်းလောင်းပုံ သပိတ်မှောက်ပုံရှိ ကိုယ်လုံး-**<u>အဏ္ဍ</u>**

(ဂ) ပြာသာဒ်(ဟရ်မိကာ ဟမ္မိယ)နှင့် ထီးသုံးဆင့် **<u>စက္ကာဝလီ</u>**

ပထမမြောက်ဦးတွင် တည်ထားခဲ့သောစေတီများ၌ အထက်ပါအပိုင်းကြီး(၃)ပိုင်းမှ ချဲ့ထွင်ပြီး အောက်ပါ အစိတ်အပိုင်းများ ပါဝင်သော စေတီများကို တည်ဆောက်ခဲ့ကြသည်။

(က) မေဓိတွင် ပါဝင်သောအစိတ်အပိုင်းများ
- (၁) ဖိနပ်ခုံ
- (၂) ပစ္စယာအဆင့်ဆင့်
- (၃) ကြည်းဝိုင်း

(ခ) အဏ္ဍတွင် ပါဝင်သောအစိတ်အပိုင်းများ
- (၁) ခေါင်းလောင်းနား
- (၂) ခေါင်းလောင်း
- (၃) ရင်ဖွဲ့(သက်န်းစည်း)
- (၄) သပိတ်မှောက်နှင့် ပန်းဆွဲ

(ဂ) စက္ကာဝလီတွင် ပါဝင်သောအစိတ်အပိုင်းများ
- (၁) ဖောင်းရစ်များ
- (၂) ကြာနု
- (၃) ကြာမှောက်
- (၄) ရွှဲလုံး
- (၅) ကြာလှန်
- (၆) ငှက်ပျောဖူး
- (၇) ထီး

## မုတ်ဆိတ်တော်ဓာတ်စေတီ

ဤစေတီမှာ မြောက်ဦးမြို့တည် နန်းတည် ဘုရားစေတီဖြစ်သည်။ မင်းစောမွန်သည် မြောက်ဦးမြို့နှင့် နန်းကို ပန္နက်ချသည့် တစ်ချိန်တည်းတွင် ပန္နက်ချတည်ထားသော စေတီဖြစ်သည်။ ယင်းကြောင့် မင်းစောမွန် တည်ခဲ့သော မြို့တည်ဘုရားများတွင် တစ်ဆူအပါအဝင်ဖြစ်သည်။ ကောဇာသက္ကရာဇ် ၇၉၂ခု၊ တော်သလင်းလ ဆန်း (၁)ရက် နေထွက်ချိန်နှင့်ကိုက်၍ မင်းစောမွန်၏နေ့နံအရ အာယုအရပ်၌တည်ထားသော ဘုရားတစ်ဆူလည်း ဖြစ်ပေသည်။ စေတီပုံမှာ ကဏ္ဍာကရ ခေါ် ခေါင်းလောင်းပုံ (ထူပါရုံ) စေတီဖြစ်သည်။ ဤပုံမျိုးမှာ ဝေသာလီရှိ စတူပါငယ်များမှဆင်းသက်လာသော ပုံဖြစ်ပေသည်။ ဝေသာလီခေတ် စတူပါရုံများကို လေ့လာလျှင် အိန္ဒိယနိုင်ငံ ဆန်ချီထူပါပုံစေတီကြီးကို အခြေခံထားကြောင်း တွေ့ရှိရပေသည်။ ဆန်ချီထူပါတွင် အပိုင်းသုံးပိုင်းရှိသည်။ မေဓိ၊ ဒဏ္ဍနှင့် စတ္တဝလ်တို့ ဖြစ်ကြသည်။ ဝေသာလီ စတူပါများတွင်အောက်တွင် လေးထောင့်ပုံ မေဓိ၊ ၎င်းအပေါ်တွင် ပစ္စယံအဆင့်ဆင့်၊ အဏ္ဍ-ပစ္စယံ အဆင့်အပေါ်တွင် ရိုင်ပတ်ပုံ စတ္တဝလိ-စသည်ဖြင့် အစိတ်အပိုင်း သုံးပိုင်းပါဝင် နေသည်ကို တွေ့ရပေသည်။ ဤထူပါပုံစံကို အခြေခံပြီး မုတ်ဆိတ်တော်ဓာတ်စေတီကို တည်ဆောက်ထားသည်။ အောက်ခြေတွင် တောင်၏ထိပ်ကို လေးထောင့်ပုံဖော်ပြီး ကျောက်တုံးကြီးများဖြင့် ပတ်ရံထားသည်။ အပေါ်၌ ကျောက်ဖျာကြီးများကို ခင်းထားသည်။ ထိုအပေါ်တွင် ထူပါပုံစေတီကို တည်ထားသည်။ စေတီ၏အောက်ဆုံးတွင် အုတ်ခုံ(ကျောက်ခုံ)ရှိသည်။ ထိုအပေါ်မှ ပစ္စယံအဆင့်များ ၎င်းအပေါ်တွင် သပိတ်မှောက်နှင့် ခေါင်းလောင်းပုံကို တစ်ဆက်တည်းယူထားသည်။ ယင်းတို့အပေါ်တွင် ဓာတုဂဗ္ဘ ခေါ် ဓာတ်တော်ကြုပ်ပုံရှိပြီး အပေါ်ဆုံးတွင် ရွှေအိုး မှောက်ကိုတင်ထားသည်။ ဒုတိယမြောက်ဦးခေတ်တွင် တည်ထားခဲ့သော ရှစ်သောင်းပုထိုးတော်၊ ထုက္ကန့်သိမ်ပုထိုး တော်၊ အံတော်သိမ်ပုထိုးတော်နှင့် ရတနာပုံစေတီတို့မှာ မုတ်ဆိတ်တော်စေတီမှ ဆင့်ပွားတည်ဆောက်ခဲ့သော ပုထိုးပုံစံများ ဖြစ်နိုင်ပေသည်။

## ပုထိုးတည်ဆောက်ပုံ

ပုထိုးကို အဝင်မုခ်နှင့် ဂန္ဓကုဋီတိုက်ပါရှိသော ပုထိုးနှင့်လှိုဏ်ပတ်လမ်းပါသော ပုထိုးဟူ၍ နှစ်မျိုးခွဲခြား သတ်မှတ်ထားနိုင်ပေသည်။ ဝင်လမ်းမုခ်နှင့် ဂန္ဓကုဋီတိုက်ပါရှိသော ပုထိုးမျိုးမှာ အရှေ့မြတန်ဆောင်းပုထိုး၊ ရတနာ မှန်ကင်းပုထိုးနှင့် ရတနာစံရွှေပုထိုးတို့ ဖြစ်ကြသည်။ ပုထိုး၏အရှေ့ဘက်တွင် အဝင်လမ်းမုခ်ရှိပြီး အလယ်တွင် ဂန္ဓကုဋီတိုက်ရှိသည်။ ဂန္ဓကုဋီတိုက်မှာ အဝိုင်းနှင့် လေးထောင့်ဟူ၍ နှစ်မျိုးရှိသည်။ ဤပုထိုးတော်များ၏ ဝင်လမ်း မုခ်ကို သပ်စီကုန်းပြုလုပ်ထားသည်။ သပ်စီကုန်းဆိုသည်မှာ အဝင်လမ်း၏နံရံအုတ်ဘက်ကို ထူးဆန်းစွာ တည်ဆောက်ထားပြီး ကုန်းချိုးမှစ၍ သပ်ပုံရှိသော အထက်ကား အောက်ရှူးကျောက်တုံးများကို တစ်လုံးပေါ်မှ တစ်လုံး စီတင်ထားသည်။ အလယ်တွင် သော့ချက်ကျောက်များကိုလည်း သပ်ပြုလုပ်ပြီး သပ်စီကုန်းကို အုတ်ဆင့် မှ သုံးဆင့်ထိ ပြုသည်။ အပေါ်တွင် ကျောက်တုံးကြီးများကို အစဉ်အတိုင်း မုခ်ပုံဖော်ထားသည်။ ထိုအခါ ခေါင်မိုးစွန်း၏ အလေးမှာ နံရံအုတ်ဘက်ပေါ်သို့ မျှတစွာ ကျရောက်နေသည်။ ဤကုန်းမျိုးမှာ ငလျင်ဒဏ်ကိုပင် ခံနိုင်စွမ်းရှိကြောင်း တွေ့ရှိရပေသည်။ ဂန္ဓကုဋီတိုက်၏အပေါ်ပိုင်းကို ကော်ဇလ်ကျောက်စီနည်းအတိုင်း အထပ် လိုက် စီထားသည်။ အလယ်တွင် ရခိုင်ခေါ် ဆူးပန်းသီးကို ထည့်ထားသည်။ ကျောက်တုံးများ၏ကြားတွင် ရခိုင် အင်္ဂတေကို ထည့်သုံးထားသည်။ ရခိုင်အင်္ဂတေစပ်နည်းမှာ အုံတုံ ပဋ္ဋ၊ ကြွဲကော်ဆ၊ ဥသျှစ်မှာ လေး၊ တင်လဲ ဒွေး။ ထုံးနှင့်သဲကို အမျှတွဲ၊ ကမ္ဘာပြိုလည်း ယိုင်မလဲ ဟူသောလင်္ကာဖြင့် စပ်ဆိုထားခဲ့သည်။

လှိုဏ်ပတ်လမ်းပါရှိသော ပုထိုးအမျိုးအစားမှာ လေးမျက်နှာပုထိုးတော်ကြီးဖြစ်သည်။ တည်ဆောက်ထား

# ရခိုင်စစ်ဘုရင် လေးတော်ရှင်

**သိရိကျော်-မြောက်ဦး**

ရခိုင်သမိုင်း ခေတ်အဆက်ဆက်တွင် တိုက်ပွဲဝင်အောင်ပွဲရခဲ့သော ရခိုင်ဘုရင်များ ရှိခဲ့ပေသည်။ ထိုဘုရင်များအား စစ်ဘုရင်များဟု သမိုင်းဆရာတို့က အမည်ပေးကြသည်။ ပထမမြောက်ဦးခေတ် (အေဒီ ၁၄၃၀-၁၅၃၁)တွင် ထင်ရှားသော စစ်ဘုရင်တစ်ပါး ရှိခဲ့ပေသည်။ ထိုဘုရင်မှာ ဘစောဖြူမင်း ဖြစ်ပေသည်။ ဘုရင်ဘစောဖြူသည် မင်းခရီ(နရနု)နှင့် မိဖုရားကြီး စောပဘာတို့မှ မွေးဖွားသောသားတော် ဖြစ်ပေသည်။ မင်းခရီမှာ မြောက်ဦးမြို့တော်ကို တည်ခဲ့သော မင်းစောမွန်၏ညီတော်ဖြစ်သည်။ ဘစောဖြူ၏မယ်တော် စောပဘာမှာ လောင်းကြက်မြို့တော်၌ စိုးစံခဲ့သည့် (၁၁)ဆက်မြောက်ဖြစ်သော ဘုရင်သီဝရာဇ်၏ မြေးတော်စောဖြူနှင့် လောင်းကြက်ဘုရင်(၁၂)ဆက်မြောက် သိင္ဂည်း၏မြေးတော် သူငွေးမောင်ရှင်တို့၏ သမီးတော်ဖြစ်လေသည်။ ယင်းကြောင့် ဘုရင်ဘစောဖြူမှာ ရာဇသွေးပါသော မိဘနှစ်ပါးမှ မွေးဖွားလာသူဖြစ်သည်။

မင်းခရီနတ်ရွာစံလျှင် သားတော်ဘစောဖြူသည် မြောက်ဦးထီးနန်းကို အေဒီ ၁၄၃၉တွင် ဆက်ခံခဲ့လေသည်။ ဘစောဖြူမင်းသည် ရုပ်ရည်လှပပြီး ခွန်အားကြီးသည်။ တိုင်းသူပြည်သားအပေါ် မေတ္တာစေတနာထားသည်။ ဘခမည်းတော်ကဲ့သို့ ကြေးငွေမပြည့်စုံသော တောင်သူလယ်သမားများကို ကြေးငွေထောက်ပံ့သည်။ မင်းကျင့်တရားလက်ကိုင်ထားသည်။ ဘာသာရေးကို ကိုင်းရှိုင်းသည်။ ပညာရှိအမတ်တို့နှင့် အမြဲစည်းဝေးသည်။ ပညာရှိအမတ်တို့ လျှောက်ထားသည်ကို နာခံသည်။ ယင်းကြောင့် ဤဘုရင်အုပ်ချုပ်စဉ် တိုင်းသူပြည်သားများမှာ အေးချမ်းမှုရှိသည်။

ဘစောဖြူမင်းသည် လေးအတတ်၌ အလွန်ထူးချွန်သည်။ မင်းကြီးကိုင်ဆောင်သောလေးကို မည်သူမျှ မပစ်ခတ်နိုင်ချေ။ လေးပစ်ရာတွင် လက်အလွန်ဖြောင့်သည်။ ညဥ့်အချိန်၌ပင် အသံကြားရာပစ်မှတ်ကို မှန်အောင်ပစ်နိုင်သည်ဟူ၏။ ဤသတင်းများကို ကြားသိသော အင်းဝဘုရင် နရပတိသည် လက်သုံးသစ်အထူရှိသော သံပြားများကို မြှားစူးဖောက်နိုင်အံ့လောဟု မေးတော်မူသည်။ ထိုအခါ မင်းကြီးသည် လက်သုံးသစ်အထူရှိသော သံပြားကို သံချွန်တပ်ထားသော မြှားစူးခုနှစ်ချောင်းဖြင့် ပစ်ပေါက်ပြီး အင်းဝမင်းထံ ပို့လိုက်လေသည်။ မြှားစူးများသည် သံပြားကို ဖောက်ထွင်းပြီး မြှားစူးခုနှစ်ချောင်း၏ အကွာအဝေးမှာလည်း တူညီနေသည်ကို နရပတိမင်းကြီး မြင်တွေ့ရသဖြင့် အလွန်အံ့သြ ချီးမွမ်းလေသည်။

ဤကဲ့သို့ လေးအစွမ်း၌ သူမတူအောင် စွမ်းဆောင်နိုင်သဖြင့် သူရတန်မင်းတို့က ကလီမာသျှလ်ဟုခေါ်ကြသည်။ လေးတော်သခင်ဟု အဓိပ္ပါယ်ရသည်။ မင်းကြီးလေးတော်စွမ်းရည်ကို ရခိုင်မင်းသမီးဧချင်း၌ ဖော်ကျူးစပ်ဆိုထားသည်မှာ -

ဧးဧးသံချို၊ လွှဲကာဆိုအံ့၊ ထိုဘဝရှင်၊ မင်းလီခင်၏ ရင်ခွင်ပိုက်နှော၊ ဘစောဖြူမင်း၊ သားသည်မူလည်း၊ သူတော်ဇာမိ၊ မရှိလေအောင်၊ ဆင်ပြောင်လှနွန်း၊ လက်ဘုန်းအားအံ၊ စွန်းသံရဲမက်၊ မောင်းလက်ကျမ်းခြော်၊ ကြီးမြင့်မော်လျက်၊ ကြော်လေးကမန်၊ ကျင့်လေဟန်လည်း၊ ပစ်မှန်လေရာ၊ တစ်ထွာသံစု၊ နှစ်ခုဖို့ဝတ်၊ ဝင်ထွက်သမျှ၊ ခန့်တိုင်းကျ၏။ ရွှင်ပပျော်ပါး၊ မြူးကစားလို၊ ချစ်ကြည်ညိုဖြင့်၊ မင်းကိုယ်လုပ်များ၊ နားထွင်းကြားဝယ်၊ မြှားသားဆံရှိ၊ မထိစေရက်၊ မထွက်စေဘဲ၊ တွဲလွဲနားဝယ်၊ ဝတ်သောနှယ်သို့၊ ပြစ်ရွယ်စလျက်၊ နေ့တိုင်းပက်လျှင်၊ သရက်ချီကောင်း၊ တစ်သောင်းမလောက်၊ ခွံအားမြောက်သည်၊ ရွှံ့ကြောက်ပြည်ထောင်ရှူးတည့်လေ။

ရှူးတဲ့မောက်တော်၊ ဟုတ်တဲ့သြော်၊ မယ်တော်လိုက်လျှော၊ ဘစောဖြူမင်း၊ လက်ရုံးတူက၊ ဇမ္ဗူမလောက်၊ ကြားနှုန်းလျှောက်သည်၊ ထက်အောက်တဲ့နံ့ဝဲ၊ ရန်သူကွဲ၊ ဧးလည်းယင်ယင်၊ ဧးဟု ချီးကျူးရေးသားခဲ့သည်။

သောကန်ကြီးကို တူးဖော်ပေးခဲ့သည်။ ထိုကန်ကြီးမှရေကို နိုင်ငံခြားသင်္ဘောများအတွက် ရောင်းချပေးခဲ့ကြောင်း သိရှိရသည်။ (အေဒီ ၁၄၇၀)တွင် မင်းကြီး၌ သမီးတော်တစ်ပါး သေဆုံးခဲ့သည်။ အလောင်းကို ဒိုင်းကျီကန်အနီး မဏ္ဍပ်ကြီးစွာ ဆောက်လုပ်၍အလှူပေးခဲ့သည်။ အလောင်းကို မီးသင်္ဂြိုဟ်ခဲ့သည်။ ထိုနေရာတွင် အမှတ်တရအဖြစ် ဘုရားတစ်ဆူတည်ထားခဲ့သည်။ ဘုရားမှာ ဂူဘုရားဖြစ်သည်။ ယခုအခါ ဂူမှာပြိုပျက်ခဲ့သဖြင့် ဘုရားဆင်းတုတော်သာ ကျန်နေခဲ့သည်။ ဆင်းတုတော်၌ ရှေးအခါက ဟင်းသာပြဒါးသုတ်လိမ်းပြီး ရွှေသက်န်းကပ်လှူခဲ့သည်။ ရွှေသက်န်းများမှာ ရာသီဥတုဒဏ်ကြောင့် ပျက်ပြယ်သွားခဲ့သည်။ ယခုအခါ ၎င်းဘုရားကို ဆေးနီကန်ဘုရားဟု ခေါ်ကြသည်။ ဘုရားအား ပြုပြင်မည့်သူ မရှိသဖြင့် မိုးထဲလေထဲတွင် အမိုးအကာမရှိဘဲ ဖြစ်နေသည်။ စစ်တွေမှ မြောက်ဦးသို့လာကြသော သင်္ဘောစီးခရီးသည်များ သင်္ဘောပေါ်မှကြည့်လျှင် ဒိုင်းကျီကန်ဘောင်၏ အနောက်ဘက် အနီးတွင် ဘုရားကို ထီးထီးမားမားမြင်တွေ့နိုင်ပါသည်။

ဘစောဖြူမင်းသည် ကောင်းမှုတော်အဖြစ် နန်းတော်၏တောင်ဘက်အရပ်တွင် တက္ကသီလာဘုရားကြီးကို ဂူနှင့်တကွ တည်ထားလှူဒါန်းခဲ့သည်။ နန်းတော်၏မြောက်ဘက်၌ ဗောဓိရွှေဂူဘုရား၊ ရတနာစံရွှေးနှင့် ရတနာမှန်ကင်းဘုရားများကို တည်ထားခဲ့သည်။

ဤဘုရင်လက်ထက်၌ စာဆိုတော် ဘဒူမင်းညိုသည် ရခိုင်မင်းသမီးဧချင်းကို ရေးစပ်ခဲ့သည်။ ဤဧချင်းမှာ မြန်မာနိုင်ငံတွင် ရှေးအကျဆုံးဧချင်းအဖြစ် ထင်ရှားသောဧချင်းဖြစ်သည်။ ဘစောဖြူမင်းသည် စစ်ပွဲတိုင်း၌ အရှုံးမရှိအောင် ပွဲအလီလီရခဲ့သော ဘုရင်တစ်ပါးဖြစ်၍ ရခိုင်သမိုင်းတွင် စစ်ဘုရင်အဖြစ် ထင်ရှားအသိအမှတ် ပြုခြင်းခံရပေသည်။ မင်းကြီးသည် လောကီ၏အကျိုးစီးပွားနှင့် လောကုတ္တရာ၏အကျိုးစီးပွားကို နှစ်ပေါင်း ၂၃နှစ် နန်းစံကာလအတွင်း ဆောင်ရွက်ခဲ့သည်။ (အေဒီ ၁၄၈၂)တွင် နတ်ရွာစံသောအခါ သားတော် သုဒ္ဓေါလျာက ထီးနန်းကို ဆက်ခံလေသည်။

**ကျမ်းကိုးစာရင်း**


၁။ ရခိုင်ရာဇဝင်သစ်ကျမ်း (ဒုတိယအုပ်)၊ အရှင်စန္ဒမာလာလင်္ကာရ၊ ဟံသာဝတီပိဋကတ်စာပုံနှိပ်တိုက် မန္တလေးမြို့၊ ၁၂၉၃ခုနှစ်။

၂။ ရခိုင်မဟာရာဇဝင်တော်ကြီး၊ ဦးသာထွန်းအောင်၊ ရခိုင်ပြည်သတင်းစာပုံနှိပ်တိုက်၊ ၁၂၈၀၀ ခု။

၃။ ဓညဝတီအရေးတော်ပုံ၊ ကဝိဿရာဘိ၊ သီရိပဝရအဂ္ဂမဟာ ဓမ္မရာဇာဓိရာဇ်ဂုရုဆရာတော်၊ ပြည်ကြီး မဏ္ဍိုင်ပုံနှိပ်တိုက်။

၄။ မောက်တော်ဧချင်း၊ ရမ်းပြဲကျွန်း၊ သရက်ချောင်းမူ၊ ငွေပဒေသာပင်ပုံနှိပ်တိုက်၊ ဗဟန်း၊ ရန်ကုန်။

ကိုးမျိုး၊ ပန်းကိုးမျိုး၊ ရေကိုးခွက် ထားရမည်။ သာသနာပွဲငါးပွဲ၊ ဖယောင်းတိုင်ကိုးတိုင်၊ အမွှေးတိုင်ကိုးတိုင်ကို ထွန်းညှိရမည်။ ဗလိနတ်စာကျွေးမည့် ပုဂ္ဂိုလ်သည် ကိုးပါးသီလစောင့်ရမည်။ အဝတ်ဖြူဝတ်ရမည်။ အောက်ပါ ဂါထာကို ရွတ်ဆို၍ နတ်ဒေဝါများကို ပင့်ပြီး ဗလိနတ်စာကျွေးရမည်။

မဟာဒေဝေဟိ ခတ္တရော
သမ္မာရက္ခန္တု မံသဒါ
သမ္မာ ဣစ္ဆ သမိဇ္ဈန္တု
မူရေန္တု၊ မမ သက်ပွါ

## ဖိနပ်တော်(ပန်းတင်ခုံ) ပန္နက်ရိုက်ခြင်းနှင့် အုတ်စီမင်္ဂလာ အခမ်းအနားပြုလုပ်ခြင်း

စေတီတော်တည်ထားရာတွင် ဦးစွာဖိနပ်တော်ကို တည်ရသည်။ ဖိနပ်တော်၏အတိုင်းအတာမှာ အလှူရှင်၏ဆန္ဒအရ ထားနိုင်သည်။ သို့သော်ကျမ်းဂန်အရ ဖိနပ်တော်အရှည်နှစ်ဖက်ကို ပေါင်း၍တောင်ဖွဲ့ရသည်။ ထိုအတောင်ကို သုံးမိုက်ဖြင့် မြှောက်၍ ရှစ်ဖြင့်စားရသည်။ အကြွင်း (၂)ခု (၄)ခု (၅)ခုထား၍တည်ရသည်။ မြေကိုတိုင်းတာ၍ ပန္နက်ရိုက်ပြီးလျှင် ရာဇမတ်ဝင်းထရံကာရသည်။ ထောင့်လေးထောင့်၌ ငှက်ပျောပင်၊ ကြံပင်များစိုက်ရသည်။ တံခွန်ကုက္ကား၊ မုလေးပွားကို စိုက်ထူရသည်။ ယခုအခါ သာသနာအောင်လံတော်ကို စိုက်ထူလေ့ရှိသည်။ ဤလုပ်ငန်းများ ပြီးလျှင် အုတ်စီမင်္ဂလာပြုလုပ်မည့်နေ့ရက်ကို ရွေးချယ်ရသည်။ များသောအားဖြင့် ရှေးအစဉ်အလာအရ နန္ဒာထိတီရက်ကို ရွေးလေ့ရှိသည်။ နန္ဒာထိတီရက်မှာ မည်သည့်လ၌မဆို လဆန်း(၁)ရက်၊ (၆)ရက်၊ (၁၁)ရက်နေ့တို့သည် တနင်္ဂနွေနှင့်သောကြာနေ့ကြုံသော် နန္ဒာထိတီရက် မည်ပါသည်။

ထိုနေ့ရက်တွင် သံဃာတော်ကိုးပါးက ရာဇမတ်ဝင်းအတွင်း၌ ကမ္မဝါစာဖတ်ခြင်းနှင့် ပရိတ်တရားတော်တို့ကို ဟောကြားရပါသည်။ ပထဝီဇေယျမန္တန်ကို ရွတ်ဆိုရပါသည်။ မြေအားလုံးကို ပရိတ်ရေနှင့် ရွှေရေ၊ ငွေရေပက်ဖြန်းရပါသည်။ ဤကိစ္စများ ပြီးလျှင် အရှေ့မြောက်ရပ် (တနင်္ဂနွေထောင့်မှစ၍ အုတ်စီမင်္ဂလာအခမ်းအနားကို ပြုလုပ်ရပါသည်။ တနင်္ဂနွေထောင့်တွင် တနင်္ဂနွေရက်သားက အုတ်ကိုကိုင်ပြီး စည်းချဂါထာတော်ဖြစ်သော-

သဗ္ဗေ ဣဒ္ဓိပ္ပတ္တာ
ပစ္ဆေကာနဥ္စ တေဟာဣဒ္ဓိ/
အရဟန္တာနဥ္စ တေဇေန
ရက္ခံ ဗန္ဓာမိ သမ္ဗသော

ဤသို့ဖြင့် အရှေ့အရပ်၌ တနင်္လာသား စသဖြင့် အရပ်ရှစ်မျက်နှာတွင် အုတ်ချပ်များကို ချရပါသည်။

## မြေအောက်၌ ဌာပနာတိုက်ပြုလုပ်ခြင်းနှင့် ဌာပနာသွင်းမင်္ဂလာအခမ်းအနား ပြုလုပ်ခြင်း

ဖိနပ်တော်အတွက် အုတ်စီမင်္ဂလာ အခမ်းအနားပြီးလျှင် နေ့ကောင်းရက်ကောင်းကို ရွေးပြီး မြေအောက်၌ ဌာပနာတိုက်ကို တည်ဆောက်ရသည်။ ဌာပနာတိုက်၏အတိုင်းအတာမှာ စေတီတော်၏အရွယ်ကိုလိုက်၍ အကြီးအငယ်ပြုလုပ်နိုင်ပေသည်။ ဖိနပ်တော်၏အလယ်တည့်တည့်တွင် မြေအောက်ဌာပနာတိုက်ကို တည်ဆောက်လေ့ရှိပေသည်။ အလှူဒါယကာ၏ ဆန္ဒအတိုင်း တည်ဆောက်နိုင်သည်။ သို့သော် ဌာပနာတိုက်အတိုင်းအတာမှာ အရှည်နှစ်ဖက်ကို ပေါင်းပြီး ရှစ်ခုဖြင့် စားလျှင် ငါးခုအကြွင်းထားရသည်။ ဌာပနာတွင်းအနက်ကို ၁၄မိုက် ၂၁မိုက် စသည်ဖြင့် ထားနိုင်သည်။

ဌာပနာတိုက်တွင် ရွှေအုတ်ဆယ်ချပ်စီ၍ တည်ဆောက်ရသည်။ ဖိနပ်တော်၌ အုပ်စီသကဲ့သို့ အရပ်

၁၉။　ယမိုက်ပြာဋိဟာကိုပြဟန်
၂၀။　တာဝတိံသာနတ်ပြည်မှဆင်းဟန်
၂၁။　ပလလဲတော၌ ပလလဲမင်းကို တရားဟောဟန်
၂၂။　အင်ကြင်းဥယျာဉ်တော၌ ပရိနိဗ္ဗာန်ပြုဟန်
၂၃။　နှစ်ကျိပ်ရှစ်ဆူသောဘုရားများ
၂၄။　ဘုရားဒါယကာနှင့် ဒါယိကာမတို့၏ ရုပ်ထုများ

## ဓာပနာတိုက်အတွင်း ထည့်သွင်းရမည့် ဓမ္မစေတီ ဂါထာတော်များ အဘိဓမ္မာစုနစ်ကျမ်း

၁။　ဓမ္မသင်္ဂဏီ ကျမ်းဦးဂါထာတော်
ကုသလာဓမ္မာ၊ အကုသလာဓမ္မာ၊ အဗျာကထာဓမ္မာ
ကုတမေဓမ္မာ၊ ကုသလာယသ္မိံ၊ သမယေကာမဝါစရံ
ကုသလံစိတ္တံ ဥပန္နံ ဟောတိ
၂။　ဝိဘင်းကျမ်းဦး ဂါထာတော်
ပဥ္စက္ခန္ဓာ ရူပက္ခန္ဓော ဝေဒနာက္ခန္ဓော သညာက္ခန္ဓော
သင်္ခါရက္ခန္ဓော ဝိဉာဏက္ခန္ဓော
၃။　ဓာတုကထာကျမ်းဦး ဂါထာတော်
သင်္ဂဟောအသင်္ဂဟော သင်္ဂဟိတေန အသင်္ဂဟိတံ
အသင်္ဂဟိဇန
သင်္ဂဟိတံ အသင်္ဂဟိတေန အသင်္ဂဟိတံ
၄။　ပုဂ္ဂကပညတ်ကျမ်းဦး ဂါထာတော်
ညတ္တိယော ခန္ဓာပညတ္တိ အာယာတနပညတ္တိ ဓာတုပညတ္တိ
သစ္စပညတ္တိ ဣန္ဒြိယပညတ္တိ ပုဂ္ဂကပညတ္တိတ
၅။　ကထာဝတ္ထုကျမ်းဦး ဂါထာတော်
ပုဂ္ဂလော ဥပလဗ္ဘတိ သစ္စိကဠပရမတ္ထေနာတိ
အာမန္တာယောသစ္စိဠော ပရမတ္ထော တထောသော ပုဂ္ဂလော
ဥပလမ္ဘတိသစ္စတိကဠပရ မဏ္ဍောနာဘိ
၆။　ယမိုက်ကျမ်းဦးဂါထာတော်
ယေကေစိ ကုသလာဓမ္မာ သဗ္ဗေတေ ကုသလမူလာ ယေဝါပန
ကုသလမူလာ သဗ္ဗေတေဓမ္မာ ကုသလာ
၇။　ပဌာန်းကျမ်းဦး ဂါထာတော်

ဟေတုပစ္စယော အရမ္မဏပစ္စေယော အဓိပတိ ပစ္စယော အနန္တရပစ္စယော သမနန္တပစ္စယော သဟဇာတပစ္စယော အညမညပစ္စယော နိဿယပစ္စယော ဥပနိဿပစ္စယော ပုရေဇာတပစ္စယော ပစ္ဆာဇာတပစ္စယော အာသဝေနပစ္စယော ကမ္မပစ္စယော ဝိပါကပစ္စယော အာဟာရပစ္စယော ဣန္ဒြိယပစ္စယော ဈာနပစ္စယော မဂ္ဂပစ္စယော သမ္ပယုတ္တပစ္စယော ဝိပ္ပယုတ္တပစ္စယော အတ္တိပစ္စယော နတ္တိပစ္စယော ဝိဂတပစ္စယော အဝိဂတပစ္စယော-

ဠူန္ဒ အဒ္ဓါန မဂ္ဂပဋိပန္နောဟောတိ

ဌာပနသွင်းရန် သွန်းလုပ်ထားသော ဆင်းတုတော်များနှင့် ပိဋကတ်တော်၏ကျမ်းဦးဂါထာတော်များကို ရေးသားထားသောပုရပိုက်တော်များ ဇာတ်တော်များတို့ကို ဌာပနမသွင်းမီ သံဃာတော်ကိုးပါးနှင့် အနေကဇာ တင်ပွဲ အခမ်းအနားကျင်းပပြုလုပ်ရသည့် မြေအောက်ဌာပနာတိုက်တွင် အခန်းတစ်ရာ ရှစ်ခန်းမှကိုးခန်းအထိ အလှူရှင်၏ဆန္ဒအတိုင်း ပြုလုပ်နိုင်သည်။ ဤဌာပနာတိုက်သည် အကြီးဆုံးသော ဌာပနာတိုက်ဖြစ်၍ ပစ္စည်းမျိုးစုံ ထည့်သွင်းလေ့ရှိသည်။ ရွှေပန်းခိုင်၊ ငွေပန်းခိုင်၊ ကျောက်သံပတ္တမြားများကိုလည်း ထည့်သွင်းလေ့ရှိသည်။ ထို့ကြောင့် နောင်အချိန်တွင် မသမာသူများ မဖောက်ထွင်းနိုင်စေရန် ခိုင်ခန့်စွာ တည်ဆောက်ရသည်။

## ပစ္စယံအဆင့်ဆင့် တည်ဆောက်ခြင်း

ဖိနပ်တော်နှင့် မြေအောက်ဌာပနာတိုက်ပြီးလျှင် ၎င်းအပေါ်တွင် ပစ္စယံများကို သုံးဆင့်မှ ငါးဆင့်ထိ တည်ဆောက်လေ့ရှိသည်။ ပစ္စယံအဆင့်ဆင့်ပြီးလျှင် ကြေးဝိုင်းခေါ် စက်ဝိုင်းပုံအရစ်များကို သုံးရစ်၊ ငါးရစ်၊ ခုနစ်ရစ် စသည်ဖြင့် အဆင့်ဆင့်ပြုလုပ်ရသည်။ ထိုကြေးဝိုင်းပြီးလျှင် ခေါင်းလောင်းနှင့် သပိတ်မှောက်ကို တည်ဆောက်ရသည်။ ခေါင်းလောင်းနှင့် သပိတ်မှောက်ကို ရင်မွေ့ခေါ် သက်န်းစည်းအရစ်ဖြင့် ခွဲခြားထားသည်။ သပိတ်မှောက်ကို ဒုတိယဌာပနာအဖြစ် ဌာပနာထည့်သွင်းရသည်။ ဌာပနာတိုက်ကို စေတီ၏အရွယ်အစားအလိုက် ထားနိုင်သည်။ ဌာပနာတိုက်၏အရှည်နှစ်ဘက်ကို ပေါင်းပြီး ရှစ်ဖြင့်စားရသည်။ အကြွင်းငါးခုထားရသည်။ အနက်ကို သုံးမိုက်၊ ငါးမိုက်စသည်ဖြင့် သင့်တော်သလိုထားနိုင်သည်။

## သပိတ်မှောက်ဌာပနာတိုက် (သို့) အလယ်ဌာပနာတိုက်တွင် ထည့်သွင်းရမည့် ရုပ်ထုများ

၁။ သုမေဓာရှင်ရသေ့သည် ဒီပင်္ကရာမြတ်စွာဘုရား ခြေတော်ရင်း၌ ဝပ်စင်း၍ ကိုယ်တော်ပေါ်မှ ကြွသွားရန် လျှောက်ထားဟန်

၂။ ဒီပင်္ကရာမြတ်စွာဘုရားက သုမေဓာရှင်ရသေ့အား ဗျာဒိတ်ပေးဟန်

၃။ သုမေတ္တာ သဌေးသမီးကြာပွင့်ကိုကိုင်၍လာဟန်

၄။ ကြာရှစ်ပွင့်အနက် ကြာငါးပွင့်ကို သုမေဓာရှင်ရသေ့အား လှူဟန်

၅။ ကြာသုံးပွင့်ကို ဒီပင်္ကာရာမြတ်စွာဘုရားအား လှူဟန်

၆။ သုမေဓာရှင်ရသေ့သည် ဘုရားအဖြစ်သို့ ရောက်သောအခါ သုမေတ္တာသည် အလုပ်ကျွေးအဖြစ် ရပါလလို၏ဟု ဆုတောင်းဟန်။

၇။ ဒုက္ကရစရိယကျင့်တော်မူစဉ်၊ ပဥ္စဝဂ္ဂီငါးဦးတို့ လုပ်ကျွေးဟန်

၈။ သိကြားမင်းစောင်းတီး၍ တောင်းပန်ဟန်

၉။ သူဌေးသမီး သုဇာတာ ရွှေခွက်နှင့် ယဏာနို့ဆွမ်းကို ကပ်လှူဟန်

၁၀။ ယဏာနို့ဆွမ်းကို လက်ခံယူဟန်

၁၁။ နေရဉ္စရာမြစ်ကမ်း၌ ယဏာနို့ဆွမ်းကို ဘုဉ်းပေးနေဟန်

၁၂။ ရွှေခွက်ကို မြစ်တွင်မျှော၍ ကာလနဂါးနိုးဟန်

၁၃။ သုဒ္ဓိယငစင်မြက်ရှစ်ဆုပ်ကို လှူဟန်

၁၄။ ဘုရားရှင်သည် ဗောဓိပင်အောက် ပလ္လင်ပေါက်၍ ပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေဟန်၊ မလ္လက်။

၁၅။ ဗောဓိပင်၏အရှေ့မြောက်ထောင့် ကုန်းငယ်ပေါ်မှနေ၍ ဗောဓိပင်နှင့် ရွှေပလ္လင်ကို မမှိတ်သောမျက်စိဖြင့်

ပွဲလမ်းသဘင်ပြုလုပ်၍ ထီးတော်တင်ပွဲမင်္ဂလာ အခမ်းအနားကို ကျင်းပပြုလုပ်နိုင်ပေသည်။ ထီးတော်တင်ပွဲမင်္ဂလာအခမ်းအနားတွင် ရေစက်ချပွဲကိုပါ တစ်ပါတည်းပြုလုပ်၍ စေတီတည်ခြင်း၊ မင်္ဂလာအခမ်းအနားမှာ ပြီးဆုံးပါသည်။

**ရွှေခိုင်ကျော်-မြောက်ဦး**

**ကိုးကားပြုသောကျမ်းများ**


၁။ သတ္တုရူပပိသုကာကျမ်း-အသျှင်ဥတ္တမသီရိ၊ ညောင်ပင်စျေး၊ ဘုန်းတော်ကြီးကျောင်း၊ ရခိုင်ဝံသာနုသတင်းစာတိုက်၊ စစ်တွေမြို့ (၁၂၉၀)

၂။ ဗုဒ္ဓဘာသာအနုပညာနိဒါန်း -ဦးတိုက်စိုး၊ သီဟရတနာပုံနှိပ်တိုက်၊ ရန်ကုန် (၁၉၇၆)

၃။ စေတီဆင်းတုသမိုင်း-ဦးဇာဂရ၊ ကျော်ဝင်းဆွေပုံနှိပ်တိုက်၊ ရန်ကုန် (၁၉၉၁)

၄။ ရခိုင်ဝေသာလီခေတ်-ဗုဒ္ဓအနုပညာ-ဦးထွန်းရွှေခိုင်၊ မင်းဇော်ပုံနှိပ်တိုက်၊ ရန်ကုန် (၁၉၉၀)

၅။ မန္တန်ပေါင်းချုပ်-ဒိဗ္ဗစက္ခုဆရာကျော်၊ ဦးဇော်ဝင်း၊ ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်၊ ရန်ကုန်၊ (၁၉၉၁)

ထီးနန်းတင်ကြသည်။ ကာလမန္တာတ်ဘွဲ့ကို ခံယူခဲ့သည်။ ထိုမင်းတစ်နှစ်စိုးစံ၍ လွန်သောအခါ သားတော်မင်းသား ရွှေစာသည် ထီးနန်းဆက်ခံခဲ့သည်။ နရာဓိပတိဘွဲ့ကို ခံယူပြီး နှစ်နှစ်ထီးနန်းစိုးစံခဲ့သည်။ ထိုမင်းနှစ်နှစ် ထီးနန်း စိုးစံပြီးနောက် သူပုန်ခေါင်းဆောင် နန္ဒသူလုပ်ကြံ၍လွန်သောအခါ နရာဓိပတိမင်း၏သားတော် ရွှေသိင်္ဂသည စန္ဒဝိမလရာဇာဘွဲ့ကို ခံယူပြီး ထီးနန်းကို ဆက်ခံခဲ့သည်။ ထိုမင်းလွန်လျှင် ရဲဘော်သီဟ၏သားဖြစ်သူ သတိုင်းလှ ကို ကိုယ်ရံတပ်သားများ နန်းအပ်ကြသည်။ စန္ဒသူရိယရာဇာဘွဲ့ကို ခံယူခဲ့သည်။

ဝရဓမ္မရာဇာမင်းမှသည် စန္ဒသူရိယရာဇာမင်းတိုင်အောင် နှစ်ပေါင်း (၂၉)နှစ်အတွင်း ရခိုင်ပြည်အနှံ့ သူပုန်များ သောင်းကျန်းခဲ့ကြသည်။ ထင်ရှားသောသူပုန်တပ်များမှာ -

(၁) လေးမြို့မြစ်ရှိရွာများကို အခြေခံသော နန္ဒစည်သူတစ်တပ်၊

(၂) ကစ္ဆပနဒီမြစ်တရိုးရှိ ရွာများကို အခြေခံသောအောင်ဆွေတစ်တပ်၊

(၃) ပိန္နဲချောင်းကျွန်းကို အခြေခံသော စစ်ကဲရဲဘော်တစ်တပ်

(၄) ကြပ်စင်ကျွန်းကို အခြေခံသော နန္ဒဗလအမည်ခံ ကြောင်ဖိုတစ်တပ်။

(၅) တောင်ခွင်ရပ်တွင် သံတွဲမြို့ကို အခြေခံသော သံတွဲစား ဇေယျဗိုလ်တစ်တပ်။

စသည်ဖြင့် စစ်သူကြီး ကျွန်းစား အမတ်စသည်တို့သည် မိမိတို့ နယ်မြေအလိုက် တပ်ဖွဲ့၍ဘုရင်အား ပုန်ကန်နေကြသည်။ ဘုရင်၏တပ်မတော်အားနည်းနေသောအခါ မြို့တော်ကို ဝင်သိမ်းရန် တာဆူနေကြသည်။ ဝရဓမ္မမင်းစိုးစံစဉ် ကစ္ဆပနဒီမြစ်ရိုးကို အခြေခံသောအောင်ဆွေ၏တပ်မှ မြောက်ဦးမြို့ကို သိမ်းယူပြီး တစ်အိမ်တက် ဆင်း ဉစ္စာပစ္စည်းကိုယူ၍ ထွက်သွားခဲ့ကြသည်။ မြောက်ဦးမြို့တော်ရှိဘုရင်မှာ ပြရုပ်သဖွယ် ဖြစ်နေသည်။ ကိုယ်ရံ တပ်သားများ၏ ကြိုးဆွဲတိုင်း ကနေရသော ရုပ်သေးပမာ ဖြစ်နေခဲ့ရသည်။

## စန္ဒဝိဇယရာဇာမင်း၏ငယ်စဉ်ဘဝ

ဥဂ္ဂါဗလမင်းကို ရဲဘော်သီဟလုပ်ကြံ၍ လွန်သောအခါ မင်းကြီးနှင့်အတူ ပါလာသော သုဝဏ္ဏကလျာ မိဖုရားကြီးသည် ကိုယ်ရံကြီး၏အကူအညီဖြင့် အသက်ဘေးမှလွတ်မြောက်၍ ကျိန်းမြို့အနီးရှိ ငဝေရွာသို့ရောက်ရှိ ခဲ့သည်။ ထိုရွာမှမထင်ရှားသောအသွင်ဖြင့် ဘဝရပ်တည်ရေးအတွက် အလုပ်ကြမ်းကိုလုပ်ကိုင်၍ နေခဲ့ရသည်။ ထိုစဉ်တွင် သန္ဓေခြောက်လပါသော သားငယ်ကို ငဝေရွာတွင် ဖွားမြင်ခဲ့လေသည်။ ကလေးငယ်မှာ အသားအရေ မည်းညိုနေသဖြင့် တုံးညိုဟုခေါ်ကြရာမှ အရွယ်ရောက်သည်အထိ တစ်ရွာလုံးမှ တုံးညိုဟုပင် ခေါ်ကြလေသည်။

တစ်နေ့သောအခါ တုံးညို၏မိခင်သည် ကလေးငယ်ကို ယူဆောင်၍ ကျိန်းတောင်၏ခြေရင်းရှိ ဉယျာဉ်သို့ လည်းကောင်း၊ နေထိုင်လျက်ရှိသည့် အိမ်ရှင်များနှင့်အတူ ရောက်ရှိခဲ့လေသည်။ ထိုစဉ် သရက်သီးမှည့်တစ်လုံး သည် ကြွေကျလာရာ ကလေးငယ်၏ယာဘက်မျက်လုံးကို ထိမှန်၍မျက်လုံးကွယ်ခဲ့ရလေသည်။ ထိုဒေသတွင် တည်ရှိသောရွာကို ယခုတိုင် ကန်းမရွာဟုခေါ်ကြသည်။

မြောက်ဦးခေတ်တွင် ဘုရင်များသည် ရခိုင်ပြည်တွင် ကျွန်းကြီးလေးဆယ့်လေးကျွန်း ဖွဲ့စည်း၍အုပ်ချုပ် ရေးအာဏာကို ကျွန်းအုပ်များအား အပ်နှံထားလေသည်။ ကျွန်းတစ်ကျွန်းတွင် စစ်သည် တစ်ထောင်ကျစီထားရှိ ခဲ့လေသည်။ လောကီပညာ၊ လောကုတ္တရာစာပေနှင့် စစ်ပညာ၊ ကိုယ်ခံပညာများကို သင်ကြားရန်အတွက် ကျွန်းတစ်ကျွန်းစီတွင် ကျောင်းတစ်ကျောင်းစီ ထားခဲ့သည်။

တုံးညိုသည် အရွယ်ရောက်လာသောအခါ စစ်ပညာများဖြစ်သော ဓားခုတ်လှံထိုးအတတ်၊ လေးမြား အတတ်၊ ဆင်စီး၊ မြင်းစီးအတတ်နှင့် လောကီစာပေရေးရာတွင်လည်း တတ်ကျွမ်းသောလူရွယ်တစ်ဦး ဖြစ်လာခဲ့ လေသည်။ တုံးညိုတွင် အတူပညာသင်ကြားသော သူငယ်ချင်းများ ရှိခဲ့သည်။ ၎င်းတို့မှာ မျက်ရှင်၊ ရင်ဖြူ ယက်သဲ

စစ်ကဲရာထူး၊ ထွန်းရွှေအား အရှေ့ဝင်းမှူးရာထူး၊ စံကျော်ရွှေအား အနောက်ဝင်းမှူးရာထူး၊ ဟင်းသာအား သာမရာထူး၊ စစ်ခေတ်အား ရမ်းဗြဲကျွန်းရာထူး၊ ယက်သဲအား ခေးပိုင်ကြီးရာထူး၊ ရင်ဖြူအား မှိုင်းစစ်ကဲရာထူး၊ ကြင်ဖော်အား ကိုယ်ရံကြီးရာထူး စသည်အားဖြင့် အသီးသီးချီးမြှင့်မြှောက်စားခဲ့လေသည်။ ၎င်းတို့မှာ စန္ဒဝိဇယရာဇာမင်း၏ သူရဲတစ်ကျိပ်အဖြစ် ထင်ရှားခဲ့သည်။ ရှေးမင်းများထားခဲ့သော ကိုယ်ရံတော်တပ်သားများအား သစ္စာတော်စောင့်စည်းရန် သစ္စာရည်တိုက်ပြီး ကိုယ်ရံတပ်တွင် ဆက်လက်တာဝန်ထမ်းဆောင်စေခဲ့သည်။ နှစ်ဆယ့်ငါးနှစ်တိုင်အောင် တိုင်းပြည်၌အုပ်ချုပ်သူ ကင်းမဲ့သကဲ့သို့ ဖြစ်နေသဖြင့် အတွင်းထောင်၊ အပြင်ထောင်၊ အတွင်းကိုယ်ရံ၊ အပြင်ကိုယ်ရံ၊ မင်းဆောင်မင်းခင်း ဆောင်ရွက်ရသောသူ၊ ဆင်သည်၊ မြင်းသည်၊ မြန်မာ-တလိုင်း၊ ဟိန္ဒူတ်-ချင်း၊ လင်းကဲ၊ သက်၊ မြုံ၊ တုံး၊ ဟရီ၊ သချီ၊ စက္ကူာလ၊ ဟယား၊ လမိုင်း အစရှိသောလူတို့သည် တစ်မျိုးနှင့်တစ်မျိုး ရောစပ်နေသဖြင့် မိမိအမျိုးဇစ်မြစ်ကို မေးမြန်းပြီး သက်ဆိုင်ရာ အမျိုးအလိုက်ပေါင်းစည်းပြီး ထောင်တည်ပေးလေသည်။ မိမိတို့အမျိုးကို မပြောနိုင်သောသူများ အားလုံးကိုရောနှောပြီး ရွှေးမနိုင်ပြင်သာထောင်ဟု အမည်ပေးပြီး ထောင်တစ်ခု တည်ထားခဲ့လေသည်။

လေးဆယ့်လေးကျွန်းတွင်လည်း ကျွန်းအုပ်ကျွန်းစားများကို သစ္စာတော်ခံစေပြီး ဆက်လက်အုပ်ချုပ်စေခဲ့ပါသည်၊ တိုင်းကားပြည်ရွာအေးချမ်းမှု ရှိလာခဲ့လေသည်။ စန္ဒဝိဇယရာဇာမင်းသည် ရှေးမင်းများကဲ့သို့ အခွန်အကောက်ကောက်ခံရာတွင် အသည်သားတို့မှာ အိမ်ကြီးငါးသပြာ၊ အိမ်ငယ်နှစ်သပြာခွဲ၊ အစိုသားတို့မှာ အိမ်ကြီးဆယ်အသပြာ၊ အိမ်ငယ်ငါးသပြာ၊ တောင်သူယာလုပ်တို့မှာ ဝါးတစ်ခင်း ယာတစ်ခင်းလျှင် သုံးသပြာစီ ကောက်ခံစေသည်။

မင်းမှုထမ်းဖြစ်ကြသော ကိုယ်ရံ၊ ဝင်းသား၊ ဒိုင်းသား၊ ဟရီ၊ စီရီတို့ကို အခွန်အတုတ် မကောက်စေရ၊ တရားတဘောင် လက်ရောက်နှုတ်လွှန်၊ မြေမှု၊ ရေမှု၊ အိမ်မှု၊ ငွေမှုစသည်တို့အတွက် တရားဆွေလေးယောက်၊ ပြည်စိုးကြီးလေးယောက်တို့အား မြို့လေးမျက်နှာက တရားမဏ္ဍပ်နှင့် စီရင်စေခဲ့သည်။ အမှုအကြီးအငယ်ကိုလိုက်ပြီး တရားလို တရားခံများထံမှ အများဆုံး ငါးသပြာသာ ယူခွင့်ပြုသည်။

မြို့တော်ကို လမ်းရွှေဝင်း၊ တော်၊ မြို့ရိုး၊ ပြအိုး၊ ကျုံး၊ မြောင်း၊ ပစ္စင်ရင်တားတို့ကို ထပ်မံ၍ လုပ်ဆောင်စေခဲ့သည်။ သက္ကရာဇ် (၁၀၈၀)ပြည့်နှစ်တွင် ရတနာဗိမ္မာန်၊ ရွှေနန်းတော်သစ်ကို ဆောက်လုပ်ခဲ့သည်။ မဟာမုနိသိမ်တော်ကို ပြုပြင်မွမ်းမံစေပြီး အလှူကြီးစွာပေးစေသည်။ ရှေးရှေးသောမင်းများမှာ စေတီပုထိုး၊ မြောက်မြားစွာတည်ထားပြီးဖြစ်၍ စန္ဒဝိဇယရာဇာမင်းသည် သက္ကရာဇ် (၁၀၈၅)ခုနှစ်တွင် ရခိုင်မင်း၏လက်အောက်ခံဖြစ်သော ပင်းဝါနှင့်စစ်တကောင်းတို့၌ သောင်းကျန်းမှုများ ပေါ်ပေါက်ခဲ့လေသည်။ စန္ဒဝိဇရ ရာဇာမင်းကိုယ်တော်တိုင် ရေနန်းကျက်သရေဖောင်တော်ကိုစီး၍ ရေကြောင်းသဘင်ကျင်းပပြီး ကြွချီတော်မူခဲ့သည်။ ရခိုင်တပ်မတော်သည် ပင်းဝါ၊ စစ်တကောင်း၊ သောင်းတီး၊ ခြေနင်း၊ ဟတ္တျာစသည်တို့ကို သိမ်းပိုက်ခဲ့လေသည်။ ထိုဒေသများ၌အုပ်ချုပ်မှု ခိုင်မြဲစေရန် ဆောင်ရွက်ပြီး နေပြည်တော်မြောက်ဦးသို့ ပြန်လာခဲ့သည်။

ဤမင်းလက်ထက်၌ သံတွဲရှိ အံတော် ၊ နံတော်၊ ဆံတော်စေတီများတွင် လှူဒါန်းထားရှိသော ဘုရားကျွန်များသည် အရှေ့ပြည်သို့ပြေးသွားပြီး မြေဒူးတွင် နေထိုင်ခဲ့ကြလေသည်။ စန္ဒဝိဇရ ရာဇာလက်ထက် အမတ်ငကုသလရန်ကိုကြောက်၍ ထွက်ပြေးပြီး ကံသာမြို့တွင် ခိုလှုံနေသော သီရိသုဓမ္မ ရာဇာမင်း၏မြေးတော်လှအောင်၊ အမတ်ပညာရှိ သိုက်တက်လေက်ရုံးသားတော် ခင်ညိုတို့ကို ခေါ်ယူပြီး ခင်ညိုအား ကိုယ်ရံကြီးရာထူးကိုပေးပြီး လှအောင်အား သမီးတော်ဘုန်းကြွယ်နှင့် ထိမ်းမြားပေးခဲ့လေသည်။

စန္ဒဝိဇယရာဇာမင်းသည် ထီးနန်းရသောအခါ ရှေးဦးစွာ မဟာမုနိရုပ်ရှင်တော်သို့ သွားရောက်ပြီး ကုသိုလ်ကောင်းမှု ကြီးစွာပြုလုပ်လေသည်။ ၎င်းနောက် မိမိနေထိုင်ခဲ့သော ကျိန်းမြို့အနီးတွင် မယ်တော်နှင့် ခမည်းတော်

ဖွင့်လှစ်၊ တစ်ဆယ့်နှစ်တွင်၊ တက်သစ်နေလဝိဇယလျှင်၊ တောင်မှစွန်းကယ်၊ ခုနှစ်ဆယ်နှစ်၊ သက္ကရာဇ်တွင်၊ ရာခေတ်စိုးအုပ်၊ နိုင်ငံချုပ်သည်။ မရှုပ်တည့်ပြည်ရေး၊ ရေနှယ်ဇေး ဇလေယင်ယင်ဇေးဟု စပ်ဆိုထားခဲ့လေသည်။

**ရွှေခိုင်ကျော် (မြောက်ဦး)**

**ကျမ်းကိုးစာရင်း**

၁။ ရခိုင်ရာဇဝင်သစ်ကျမ်း၊ စန္ဒမာလာလင်္ကာရ၊ ရမ်းပြဲတောင်ကျောင်းဆရာတော်

၂။ ဓညဝတီအရေးတော်ပုံ၊ ရခိုင်ဆရာတော်၊ သုဓမ္မဝတီပုံနှိပ်တိုက်

# ရခိုင်နန်းဓလေ့များ

**ရွှေခိုင်ကျော်(မြောက်ဦး)**

ရခိုင်အမျိုးသားတို့သည် ပဌမဓညဝတီကို ဘီစီ ၃၃၂၅ တွင် တည်ထောင်ခဲ့သည်။ ထိုပဌမဓညဝတီတွင် မာရယုမင်းမှအစ မျိုးခြားအမတ် (၃)ဦးတိုင်အောင် မင်းဆက်(၇)ဆက်၊ နှစ်ပေါင်း (၁၈၁၈)နှစ် အုပ်စိုးခဲ့ကြသည်။

ဒုတိယဓညဝတီကို ကမ္မရာဇာတည်ထောင်ပြီး၊ ဘီစီ (၁၅၀၇)မှ (၅၈၀)ထိ ကမ္မရာဇာမှ သီရိရာဇာမင်းထိ မင်းဆက်ပေါင်း (၂၈)ဆက်နှင့် နှစ်ပေါင်း (၉၂၇)ကြာအောင် အုပ်စိုးခဲ့ကြသည်။

တတိယဓညဝတီကို စန္ဒသူရိယမင်းကြီးသည် ဘီစီ ၅၈၀တွင် တည်ထောင်ခဲ့သည်။ တတိယဓညဝတီသည် ဘီစီ ၅၈၀-မှ အေဒီ ၃၂၆ထိ နှစ်ပေါင်း (၉၀၆)နှစ်ထိ ကြာမြင့်ခဲ့သည်။

ထိုဓညဝတီခေတ်သုံးခေတ်တွင် တတိယဓညဝတီကို တည်ထောင်သော စန္ဒာသူရိယမင်း၏ဘိုးတော် သူရိယဓိပတိမင်းလက်ထက်မှစပြီး၊ အုပ်ချုပ်ရေးစံနစ် ပီပြင်ခဲ့ပြီး နန်းဓလေ့များထွန်းကားလာခဲ့သည်။ ဤအကြောင်းကို မင်းရာဇာကြီးစာတမ်းတွင် သူရိယဓိပတိမင်းသည် ရက္ခာဓိပတိအဖြစ် ခံယူပြီး၊ ၎င်း၏အောက်၌ အမတ်လေးတိုင် (ဝန်ကြီးလေးပါး) ထား၍ တိုင်းပြည်ကို အုပ်ချုပ်ခဲ့သည်။ ထိုဝန်ကြီးတာဝန်ကို ထမ်းဆောင်သူများမှာ ဝိမိုရအမတ်ကြီးအား ကိုယ်ရံကြီးရာထူးဖြင့်လည်းကောင်း၊ ဓမ္မဇေယျအမတ်ကြီးအား ဆင်ကဲကြီးရာထူးဖြင့် လည်းကောင်း၊ ဝိမလအမတ်ကြီးအား ပြည်စိုးကြီးရာထူးဖြင့်လည်းကောင်း၊ သုမဏအမတ်ကြီးအား ဓားပိုင်ကြီး (ဟာရစကြီး) ရာထူးဖြင့်လည်းကောင်း ချီးမြှင့်ခဲ့သည်။

ယင်းကြောင့်၊ ပြည်စိုးကြီး၊ ဆင်ကဲကြီး၊ ဓားပိုင်ကြီး၊ ကိုယ်ရံကြီးရာထူးများမှာ ဘုရင်အောက် အရေးကြီးသော ရာထူးဌာနန္တရများဖြစ်ကြောင်း သိရှိရပေသည်။ ဤစနစ်သည် ဓညဝတီမှ ဝေသာလီ၊ ဝေသာလီမှ လေးမြို့၊ လေးမြို့မှ မြောက်ဦးခေတ်အထိ လက်ခံကျင့်သုံးခဲ့သော နန်းဓလေ့များ ဖြစ်ကြသည်။

ယင်းနန်းဓလေ့များကို မြောက်ဦးခေတ်၊ သီရိသူရိယစန္ဒာမဟာရာဇာဘွဲ့ခံ မင်းဗာဘုရင်က ကျင့်သုံးခဲ့သော နန်းဓလေ့များကို အဓိကထား၍ ဖော်ပြသွားပါမည်။

ရက္ခာဓိပတိ ခေါ် ရခိုင်ဘုရင်များသည် အုပ်ချုပ်ရေးအာဏာခိုင်မြဲစေရန် ရှေးဦးစွာ ဘုရင်နေထိုင်ရန် ရာဇဌာနီ ခေါ် မြို့တော်လိုအပ်သည်။ ထိုမြို့တော်၌ နေထိုင်ရန်(ထီးနန်းစိုက်) နန်းတော်လိုအပ်သည်။ မြို့တော်လုံခြုံရန်အတွက် ထိုခေတ်၏လုံခြုံရေးအတွက် အရေးကြီးသည့် မြို့ရိုး၊ ခံတပ်၊ ကျုံးများနှင့် မြို့တော်ကိုကာကွယ်ရန်။

၉။ လွှတ်တော်ဆောင်-လွှတ်တော်ဆောင်၌ မှူးမတ်တို့နှင့် အစည်းအဝေးကို ကျင်းပသည်။ ကျွန်းသားကို ပြုလုပ်သော သီဟာသနပလ္လင်ထားရှိသည်။

မြောက်

| | ၇ | ၈ | ၁ | |
|---|---|---|---|---|
| | မှန်နန်းပြာသာဒ်ဆောင် | မြောက်စမုတ်ဆောင် | ဖြတိုက်ဆောင် | |
| | ၆ | ၉ | ၂ | |
| အနောက် | ပွဲတော်ဆောင် | ရွှေနန်းပြာသာဒ်ဆောင် | နိဗ္ဗာန်ဆောင် | အရှေ့ |
| | ၅ | ၄ | ၃ | |
| | တောင်စမုတ်ဆောင် | လွှတ်တော်ဆောင် | ပရိတ်ဆောင် | |

တောင်

ရှေ့အခါက နန်းတော်ရှိ ပြာသာဒ်ဆောင်တို့ကို ကြေးပြားမိုးထားကြောင်း သိရှိရပါသည်။ နန်းတော်တစ်ခုလုံးကို သုဒဿနန်းတော်ဟုခေါ်ပြီး မြို့တော်ကို အယုဇ္ဈပူရဟု ခေါ်တွင်ကြောင်း သမိုင်းများ၌ တွေ့ရှိရပါသည်။

ရှေးအခါက ရခိုင်ဘုရင်များသည် နေ့စဉ် အချိန်ဇယားဆွဲ၍ အလုပ်လုပ်ကြောင်း တွေ့ရှိရပေသည်။ ဘုရင်သည် နံနက်အခါတွင် နန်းဦးရတနာပြဿဒ်သို့ တက်တော်မူလျက် ရတနာအတိပြီးသော ရတနာပလ္လင်တွင် ထိုင်တော်မူပြီး မှူးမတ်တို့အား တရားနှင့်အညီ ကျင့်ကြံရန် ဆုံးမတော်မူသည်။

နေ့အချိန်တွင် ပတ္တမြားရတနာစီထားသော ပလ္လင်တော်တွင် ထိုင်တော်မူပြီး မှူးမတ်နှင့်ပြည်သူတို့၏ သိလိုသောအချက်များကို မေးမြန်းသည်ကို ဖြေကြားတော်မူသည်။

ညအချိန်တွင် မင်းကြီးသည် ပရိတ်ဆောင်သို့ သွားတော်မူ၍ ဆရာတော်များ၊ ပရောဟိတ်များ ဟောကြားသောတရားတော်များကို နာကြားတော်မူသည်။

## မင်းဗာဘုရင်လက်ထက် ရခိုင်ကြေးတပ်မတော် ဖွဲ့စည်းပုံ

| | | | | | |
|---|---|---|---|---|---|
| ၁၀ | - | စစ်သည် | ၁ | - | အကြီး |
| ၁၀ | - | အကြီး | ၁ | - | တပ်ကြပ် |
| ၁၀ | - | တပ်ကြပ် | ၁ | - | တပ်မင်း |
| ၁၀ | - | တပ်မင်း | ၁ | - | ဗိုလ် |

ယင်းကြောင့် ဗိုလ်တစ်ဦး၏အောက်တွင် တပ်သားပေါင်း တစ်သောင်းရှိကြောင်း သိရှိရသည်။

မင်းဗာဘုရင် ဘင်္ဂ(၁၂)တိုင်းရှိ စစ်ချီသောအခါ ပါဝင်သော စစ်သည်အင်အား (ကြေး)

# မြောက်ဦးခေတ် မင်းဆက်များ

**ရွှေနိုင်ကျော်(မြောက်ဦး)**

မြောက်ဦးခေတ်ကို စတင်တည်ထောင်သောဘုရင်မှာ မင်းစောမွန် ခေါ် နရမိတ်လှဖြစ်ပေသည်။ ဤမင်းသည် လေးမြို့ခေတ်၏နောက်ဆုံးဖြစ်သောလောင်းကြက်မြို့သည် ကျိန်းခန်းကုန်သဖြင့် ရာဇဌာနီမြို့တော်အဖြစ် မြောက်ဦးမြို့တော်ကို တည်ထားအုပ်စိုးခဲ့သည်။

မြို့ရာကို ရှာတွေ့သောအခါ ဟူးရားတတ်တို့က လျှောက်ထားခဲ့သည်မှာ မိန်လက်မိန်စန်းနှင့် မြို့တည်မူ မင်းကား အသက်ရှည်အံ့၊ မြို့ကား အသက်သုံးနှစ်တွင် ပျက်လတ္တံ့။ ကန်လက်ကန်စန်းနှင့် မြို့တည်မူ မင်းအသက် သုံးနှစ်သာရှည်အံ့။ မြို့သက်ကား တစ်ရာကျိန်းရအံ့ဟု လျှောက်ထားခဲ့ကြသည်။ မင်းစောမွန်ကား ငါ့အသက်သော်ကား တိုပါစေ။ မြို့အသက်ရှည်သဖြင့် နောင်သားနောင်လာ ငါ၏သားမြေးအစဉ်အဆက် ပြည်တိုင်းကားတို့သည် ကြီးပွားထွန်းလင်းရှည်လျားပါစေဟု မိန့်တော်မူသည်။ ထို့ကြောင့် မြို့တော်ကို သက္ကရာဇ် ၇၉၂ ခုနှစ် တော်သလင်းလဆန်း (၁)ရက်နေ့၊ နေထွက်ချိန်တွင် ကန်စန်းကန်လက်၌ မြို့နှင့်နန်းကို တစ်ပြိုင်နက်တည်ထားခဲ့လေသည်။

မြို့တော်ကိုတည်ရန် တောင်ညိုတောင်၊ ကုမားတောင်တို့ကို တူးဖြိုညှိသောအခါ မျောက်တစ်ကောင်သည် ရွှေဥဒေါင်းဥကို စောင့်နေသည်ကိုတွေ့ရသည်။ ထိုနိမိတ်ကိုယူပြီး မြို့တော်ကို မြောက်ဦးဟု မှည့်ခေါ်ခဲ့သည်။ မြို့တော်သို့ အရပ်ရှစ်မျက်နှာမှလာသော ရန်သူများအား နှိမ်နင်းရန်အတွက် နတ်ကြီးရှစ်ရပ်ကို တည်ထားခဲ့သည်။ မြို့တည်ဘုရားငါးရပ်ကိုလည်း သင့်တင့်သောအရပ်တို့၌ တည်ထားခဲ့သည်။ နံစမ်းသင့်သင့် ထိုထိုသောအရပ်တို့၌ အကာကြီး အကာငယ်များကို စီမံထားခဲ့သည်မှာ မြို့သက်ကျိန်းခန်းနှစ်တစ်ရာအတွက် ဖြစ်လေသည်။ မြို့သက်နှစ်တစ်ရာစေ့သောအခါ အသက်ဆက်လျှင် မြို့သက်တစ်ထောင်ရှည်စေရန် စီမံထားခဲ့သေးသည်။

မင်းစောမွန်အုပ်စိုး၍ သုံးနှစ်ကြာသောအခါ အနာရောဂါပြင်းစွာဖြစ်ခဲ့သည်။ ထိုအခါ ညီတော်နရနု (မင်းခရီ)ကို ခေါ်၍ ထီးနန်းကိုလွှဲအပ်ပေးခဲ့သည်။ မင်းစောမွန်တို့ သားတော်မင်းကျော်နှင့် မင်းမန္တာတ်တို့ရှိသော်လည်း ငယ်ရွယ်သူများဖြစ်၍ တိုင်းပြည်ကို အုပ်ချုပ်နိုင်စွမ်း ရှိမည်မထင်၍ ညီတော်ကို နန်းအပ်ခြင်းဖြစ်ပေသည်။ ယင်းကြောင့် မင်းစောမွန်ကို အမြော်အမြင်ကြီးသော တိုင်းချစ်ပြည်ချစ် မင်းတစ်ပါးအဖြစ် အလေးအနက် မှတ်တမ်းတင်ထိုက်ပေသည်။

မင်းစောမွန်လွန်လျှင် မင်းခရီသည် စောပဘာမိဖုရားကြီးနှင့် သက္ကရာဇ် ၇၉၅ခုနှစ်တွင် မြောက်ဦးထီးနန်းကို ဆက်ခံအုပ်စိုးခဲ့လေသည်။ ကုလားအမည် အလီခင်ဟု ခံယူခဲ့သည်။ မင်းခရီသည် ထီးနန်းစည်းစိမ်ကို (၂၆)နှစ်ခံစားပြီး လွန်ခဲ့သည်။ မင်းခရီနှင့်မိဖုရားကြီး စောပဘာတို့တွင် သားတော်ဘစောမင်းဖြူနှင့် ဘစောမင်းညို နှစ်ဦး ထွန်းကားခဲ့သည်။ မင်းကြီးလွန်သောအခါ သားတော်ကြီး ဘစောမင်းဖြူသည် မိဖုရားကြီး စောနည်နှင့် သက္ကရာဇ် (၈၂၁)ခုနှစ်တွင် ထီးနန်းကို ဆက်ခံခဲ့သည်။ တောင်နန်းမိဖုရားစောနန္ဒီတွင် သားတော်ဒေါလျာကို ဖွားမြင်ပြီး မြောက်နန်းမိဖုရားစောထင်၌ သားတော်ဂါမဏိနှင့် နရပတိကို ဖွားမြင်ခဲ့သည်။ ဘစောဖြူမင်းသည် လေးအတတ်၌ အလွန်ကျွမ်းကျင်သဖြင့် ကလီမာသျှာဘွဲ့ကို ခံယူခဲ့သည်။ ဤမင်းသည်နန်းစံ (၂၃)နှစ်တွင် သားတော်ဒေါလျာပုန်စား၍ လွန်ခဲ့သည်။ ဘခမည်းတော်လွန်လျှင် သားတော်ဒေါလျာသည် မိဖုရားကြီး သူရခိုင်နှင့် သက္ကရာဇ် (၈၄၄)ခုနှစ်တွင် နန်းတက်ခဲ့သည်။ ကုလားအမည် မော့ခုစုသျှာဟု ခေါ်သည်။ ဤမင်း၏မိဖုရားကြီးတွင် သားသမီးမထွန်းကားခဲ့ချေ။ မိဖုရားငယ်များဖြစ်သော စောပန်းဖျား၌ သားတော်မင်းရန်အောင်ကို ဖွားမြင်ပြီး မင်းပန်းလှတွင် သမီးတော် စောမိစောနှင့် ဖွားစောမင်းတို့ကို မွေးဖွားခဲ့သည်။ မိဖုရားစောရုစာတွင် သားတော် သဇာတနှင့် သမီးတော်မင်းခေါင်ရာဇာကို မွေးဖွားခဲ့သည်။ ဒေါလျာမင်းသည် နန်းစံ(၁၀)နှစ်တွင်လွန်ခဲ့သည်။

မိဖုရားကြီး ရှင်လတ်နှင့်ထီးနန်းကို ဆက်ခံသည်။ ကုလားအမည် သျှောကိန္ဒြသျှာဟု ခေါ်သည်။

မင်းဖလောင်းသည် ထီးနန်းစည်းစိမ်ကို (၂၂)နှစ်ခံစားပြီး လွန်သောအခါ သားတော်မင်းရာဇာကြီးသည် သက္ကရာဇ် (၉၅၅)ခုနှစ်တွင် မိဖုရားကြီး ဝိဇလာနှင့် ထီးနန်းကို ဆက်ခံခဲ့သည်။ သတို့ဓမ္မရာဇာဘွဲ့ကို ခံခဲ့သည်။ ကုလားအမည်ဖြင့် ဆောလိမ်သျှာဟုခေါ်သည်။ ဤမင်းသည် ထီးနန်းကို (၁၉)နှစ်အုပ်ချုပ်ခဲ့၍ လွန်သောအခါ သားတော်မင်းခမောင်းသည် သက္ကရာဇ် (၉၇၄)ခုနှစ်တွင် မိဖုရားကြီး သျှင်ထွေ(ဓမ္မဒေဝီ)နှင့် ထီးနန်းကို ဆက်ခံခဲ့သည်။ ဝရဓမ္မရာဇာဘွဲ့ကို ခံယူခဲ့သည်။ ကုလားအမည်ဖြင့် ခုသျှောင်သျှာဟုခေါ်သည်။ မင်းခမောင်း နန်းစံ(၁၀)နှစ်တွင် လွန်သောအခါ သားတော် မင်းဟရိသည် မိဖုရားကြီးနတ်သျှင်မယ်နှင့် သက္ကရာဇ် (၉၈၄)ခုနှစ်တွင် ထီးနန်းကို ဆက်ခံခဲ့သည်။ သီရိသုဓမ္မရာဇာဘွဲ့ကို ခံယူခဲ့သည်။ ဤမင်းသည် ထီးနန်းကို (၁၆)နှစ်အုပ်ချုပ်၍လွန်သောအခါ သားတော်မင်းစနေသည် သက္ကရာဇ် (၁၀၀၀)ပြည့်နှစ်တွင် နန်းတက်မိဖုရားနှင့် ထီးနန်းကို ဆက်ခံခဲ့သည်။ နန်းစံ ရက်ပေါင်း (၂၀)တွင် ကျောက်ရောဂါဖြင့် ကွယ်လွန်ခဲ့လေသည်။

မင်းပါဘုရင်မှ မင်းစနေအထိ မင်း(၉)ဆက် သက္ကရာဇ် (၈၉၃မှ ၁၀၀၀ထိ) နှစ်ပေါင်း (၁၀၇)နှစ်ကို ဒုတိယမြောက်ဦးခေတ်ဟု သမိုင်းဆရာတို့က မှတ်တမ်းတင်ခဲ့ကြသည်။

မင်းစနေလွန်လျှင် လောင်းကြက်စားအမတ် ငကုသလသည် နတ်သျှင်မယ်မိဖုရားနှင့် သက္ကရာဇ် (၁၀၀၀) ပြည့်တွင် နန်းဆက်ခဲ့သည်။ အမတ်မျိုး မင်းဆက်သစ် စတင်ခဲ့သည်။ ငကုသလသည် နရပတိကြီးဘွဲ့ကို ခံယူပြီး မြောက်ဦးထီးနန်းကို (၇)နှစ်အုပ်စိုးခဲ့သည်။ ထိုမင်းလွန်လျှင် သားတော် သတိုးမင်းတရားသည် မိဖုရားကြီး ရတနာကုမ္မာရီနှင့် သက္ကရာဇ် (၁၀၀၇)ခုနှစ်တွင် ထီးနန်းကို ဆက်ခံခဲ့သည်။ ဤမင်းလွန်သောအခါ သားတော်စန္ဒာသည် မိဖုရားကြီး ရတနာပီယဒေဝီနှင့် သက္ကရာဇ် (၁၀၁၄)ခုနှစ်တွင် ထီးနန်းကို ဆက်ခံခဲ့သည်။ စန္ဒသုဓမ္မရာဇာဘွဲ့ကို ခံယူခဲ့သည်။ ဤမင်းနန်းစံ (၂၂)နှစ်တွင်လွန်၍ သားတော်ဥဂ္ဂါဗလမင်းသည် မိဖုရားကြီးသုဝဏ္ဏကလျာနှင့် သက္ကရာဇ် (၁၀၃၆)ခုနှစ်တွင် ထီးနန်းကို ဆက်ခံခဲ့သည်။ ဥဂ္ဂါဗလမင်းသည် နန်းစံ (၁၁)နှစ်တွင် တောင်ဘက်စား ရဲဘော်သီဟလုပ်ကြံ၍ လွန်ခဲ့သည်။ ရဲဘော်သီဟကို ကိုယ်ရံတော်တို့ နန်းတွင်း၌ ကွပ်မျက်ခဲ့ကြသည်။ ၎င်းနောက် ကိုယ်ရံတော်တို့သည် ဥဂ္ဂါဗလမင်း၏ညီတော် သံတွဲစားကို မိဖုရားသုခုမာနှင့် သက္ကရာဇ် (၁၀၄၇)ခုနှစ်တွင် ထီးနန်းတင်ကြသည်။ ဝရဓမ္မဘွဲ့ကို ခံယူပြီး အုပ်ချုပ်ခဲ့သည်။ ဤအချိန်မှစ၍ မြောက်ဦးထီးနန်းကို အုပ်စိုးသော မင်းများသည် ကိုယ်ရံတော်တို့၏ အလိုအတိုင်း နေထိုင်ခဲ့ရသည်။

ဝရဓမ္မရာဇာမင်းသည် နန်းစံ(၇)နှစ်ရှိသောအခါ ကိုယ်ရံတော်တို့မနှစ်သက်၍ နန်းချပြီး ထိုမင်း၏နောင်တော် မုဏိဒတ္တကို မိဖုရားကြီး သုဘာရနှင့် သက္ကရာဇ် (၁၀၁၄)ခုနှစ်တွင် နန်းတင်ကြသည်။ မဏိသုဓမ္မရာဇာဘွဲ့ကို ခံယူခဲ့သည်။ နန်းစံ(၂)နှစ်တွင် ကိုယ်ရံတော်တို့ မနှစ်သက်၍ ၎င်းဘုရင်ကို နန်းချပြီး ဝရဓမ္မရာဇာကို တစ်ဖန်နန်းတင်ကြပြန်သည်။ မကြာမီ ဝရဓမ္မရာဇာကို မကြိုက်၍ ၎င်း၏ညီတော်သံတွဲစား သတိုးအောင်ကို မိဖုရားသုဘာရနှင့် သက္ကရာဇ် (၁၀၅၆)ခုနှစ်တွင် နန်းတင်ကြသည်။ စန္ဒသူရိယဓမ္မရာဇာဘွဲ့ကို ခံယူခဲ့သည်။ နန်းစံ(၂)နှစ်တွင် ကိုယ်ရံတော် လှဝန်းဘွယ်လှံချက်ဖြင့် လွန်ခဲ့သည်။ ၎င်းနောက် ထိုမင်း၏သားတော် ငတုကို မိဖုရားကြီး သုခုဟာနှင့် သက္ကရာဇ် (၁၀၅၈)ခုနှစ်တွင် နန်းအပ်ကြသည်။ နော်ရထာဘွဲ့ကို ခံယူ၍ နန်းစံ(၁၅)ရက်တွင် နန်းချခံရသည်။ သျှစ်သောင်းဘုန်းတော်ကြီးကျောင်း၌ သင်္ကန်းဝတ်ထားပြီးနောက် အသတ်ခံရသည်။

နော်ရထာမင်းလွန်လျှင် ကိုယ်ရံတော်တို့သည် ရတနာမာရ်အောင်စေတီအနီးရှိ ဂူဖြူတွင် သီတင်းသုံးနေထိုင်သော အသက်(၆၀)အရွယ်ရှိသည့် ဘုန်းတော်ကြီးကို လူဝတ်လဲစေပြီး ကလ္ဗမာကို မိဖုရားမြှောက်၍ သက္ကရာဇ်

စန္ဒဝိမလရာဇာဘွဲ့ကို ခံယူပြီး နန်းစံ(၄၀)ရက်တွင် ရမ်းပြည့်စား အောင်စုန်လာ၍ တိုက်သဖြင့် နန်းမှဆင်းပြေးပြီး ရဟန်းဝတ်နေခဲ့သည်။ ထိုအခါ ဗိုလ်မင်းအောင်စုံသည် စိန်ခိုင်ကို မိဖုရားမြှောက်၍ သက္ကရာဇ် (၁၁၃၉)ခုနှစ်တွင် နန်းတက်ခဲ့သည်။ စန္ဒသဒိဿဘွဲ့ကိုခံယူပြီး ထီးနန်းကို (၁)နှစ်အုပ်ချုပ်ပြီး ဓမ္မရာဇ်ရာဇာဘွဲ့ကို ခံယူခဲ့သည်။ နန်းစံ(၅)နှစ်တွင် လွန်ခဲ့သည်။ ထိုအခါ ဂဒင်းမင်း၏တူမလင်ဖြစ်သော လက်ဝဲမြန်သတိုးအောင်သည် စောပိုမယ်ကို မိဖုရားမြှောက်၍ သက္ကရာဇ် (၁၁၄၄)ခုနှစ်တွင် နန်းတက်ခဲ့သည်။ မဟာသမ္မတရာဇာဘွဲ့ကို ခံယူပြီး မြောက်ဦးထီးနန်းကို နောက်ဆုံးမင်းအဖြစ် (၂)နှစ် အုပ်စိုးခဲ့သည်။

မဟာသမ္မတရာဇာမင်းနန်းစံ (၂)နှစ်ရှိသောအခါ အမရပူရပြည်ရှင် ဘိုးတော်ဘုရား၏သားတော် အိမ်ရှေ့မင်းသည် သက္ကရာဇ် (၁၁၄၆)ခုနှစ် ပြာသိုလပြည့်ကျော် (၇)ရက် စနေနေ့တွင် မြောက်ဦးမြို့ကို သိမ်းယူခဲ့သည်။ ထိုအချိန်မှစပြီး ရခိုင်တွင် မင်းဆက်ပြတ်လေတော့သည်။

နရပတိကြီးမင်းမှစ၍ မဟာသမ္မတမင်းတိုင်အောင် (၂၇)ဆက် နှစ်ပေါင်း(၁၄၆)နှစ်ကို တတိယမြောက်ဦးဟု သမိုင်းဆရာတို့ မှတ်တမ်းတင်ခဲ့ကြသည်။ မြောက်ဦးတစ်ခုလုံးတွင် မင်းဆက် (၄၈)ဆက်ရှိပြီး (၃၅၄)နှစ် ကြာမြင့်ခဲ့လေသည်။

ရခိုင်အစ မာရယုက ဆိုသောစကားအရ ရခိုင်တွင် မာရယုမင်းသည် မြို့ပြနိုင်ငံအဖြစ် ပထမဆုံး ဓညဝတီမြို့ကို ဘီစီ (၃၃၂၅)တွင် စတင်တည်ထောင်ခဲ့သည်။ ထိုဓညဝတီမြို့တွင် မင်း(၅၇)ဆက် နှစ်ပေါင်း (၁၈၁၈)နှစ်ဖြစ်သည်။

ဒုတိယဓညဝတီခေတ်ကို ဓမ္မရာဇာမင်း ဘီစီ (၁၅၀)တွင် တည်ထောင်ခဲ့သည်။ ထိုမြို့တွင် မင်း (၂၈)ဆက် စိုးစံပြီးနှစ်ပေါင်း (၉၂၇)နှစ်ကြာမြင့်ခဲ့သည်။

တတိယဓညဝတီခေတ်ကို စန္ဒသူရိယမင်းသည် ဘီစီ(၅၈၀)တွင် တည်ထောင်ခဲ့ပြီး ထိုမြို့၌ မင်း(၂၅)ဆက် စိုးစံ၍ နှစ်ပေါင်း (၉၀၇)နှစ်ကြာမြင့်ခဲ့သည်။

ဝေသာလီခေတ်ကို မဟာတိုင်းစန္ဒြားမင်းသည် အေဒီ(၃၂၇)တွင် တည်ထောင်၍ မင်းဆက်(၂၆)ဆက် နှစ်ပေါင်း (၄၉)နှစ် ကြာမြင့်ခဲ့သည်။

လေးမြို့ခေတ်ကို ခေတ္တသင်မင်းသည် အေဒီ (၈၁၈ )တွင် တည်ထောင်၍ မင်းဆက် (၆၁)ဆက် နှစ်ပေါင်း (၆၁၂)နှစ်ကြာမြင့်ခဲ့သည်။

ထို့ကြောင့် ရခိုင်ဒေသတွင် ပထမဓညဝတီခေတ်မှ မြောက်ဦးခေတ်ထိ နှစ်ပေါင်း (၅၁၀၉)နှစ် မင်းဆက်ပေါင်း (၂၄၅)ဆက် အုပ်စိုးခဲ့ကြောင်း ရခိုင်သမိုင်းမှတ်တမ်းများအရ သိရှိရပေသည်။

**ရွှေခိုင်ကျော်-မြောက်ဦး**

မြောက်ဦးမဂ္ဂဇင်း အမှတ်(၁) ၁၉၉၆

၍ လက်ရုံးရည် နှလုံးရည်ပြည့်စုံမှု မရှိသေးသဖြင့် ဘဂ်ီ (၁၂)မြို့ကို ကွက်ကဲနိုင်စွမ်းရှိမည်မဟုတ်၍ အုပ်ချုပ်ခွင့် မပေးနိုင်ကြောင်း မိန့်ကြားခဲ့လေသည်။ ယင်းကြောင့် ဘဂ်ီသည် မကျေမနပ်ဖြစ်၍ ပြန်သွားခဲ့လေသည်။

နောက်နှစ်များ မကြာမီ အေဒီ ၁၅၄၆ခုတွင် တောင်ငူဘုရင် မင်းတရားရွှေထီးထံသွားရောက်ပြီး မြောက်ဦး ထီးနန်းကို သူနှင့်ပူးပေါင်း၍ တိုက်ခိုက်သိမ်းယူရန် စည်းရုံးခဲ့လေသည်။ မင်းတရားရွှေထီးသည် ဘဂ်ီ၏အကြံ အစည်ကို သဘောတူလက်ခံ၍ မြောက်ဦးမြို့ကို သိမ်းယူရန် ဘဂ်ီ၏ကုလားတပ်နှင့် ပူးပေါင်းချီတက်လာခဲ့သည်။ ဤအကြောင်းကို ဒလက်စားခင်ညိုသိသဖြင့် အလျှင်အမြန်လာပြီး မင်းဗာဘုရင်အား လျှောက်ထားသံတော်ဦး တင်ခဲ့သည်။ မင်းဗာဘုရင်သည် ပညာရှင်အမတ်များဖြစ်သော မဟာပညာကျော်၊ ဝိမလစသောအမတ်များ သားတော်များ၊ ဓားပိုင်ကြီး၊ ပြည်စိုးကြီး၊ ဆင်ကဲကြီး၊ ကိုရံကြီး စသောစစ်ရေးစစ်ရာတို့ ကျွမ်းကျင်သည့်လူများကို ခေါ်ယူပြီး ဆွေးနွေးမှုပြုလေသည်။

ထိုအခါ မဟာပညာကျော်က လျှောက်ထားသည်မှာ ကိုယ်တော်အရှင်မင်းမြတ်သည် မင်းတရားရွှေထီးနှင့် စစ်ပြိုင်မည့်ကိစ္စကို မစိုးရိမ်ပါနှင့်ဘုရား။ ကျွန်တော်မျိုးသည် မြို့တော်၏အတွင်း၌ တိတ်တရင်း တပေါင်နာတော် မူသောအခါ တပေါင်ပေါ်နေသည်မှာ "တောင်ငူမင်းတရား လွန်မှောက်မှား၊ ကုလား၊ ကုလား ပဲစိစား၊ ပဲပင်ထက်က လူးလို့ကျ၊ ကုလားသီဆိစ္စိဖြစ်၊ ငါ့ရင်အောက်ကို ဝင်ခလိုက်"ဟူသော တပေါင်ဖြစ်ပါသည်။ ဤတပေါင်အရဆိုပါလျှင် ရန်သူများသည် စစ်ရှုံးပြီး တောင်ငူဘုရင်နှင့် ဘဂ်ီတို့ အရှင်၏ခြေတော်ရင်းသို့ ဝင်ရန်အကြောင်းရှိပါသည်ဟု လျှောက်ထားလေသည်။

ဘဂ်ီဦးဆောင်သော ကုလားတပ်သည် လောင်းကြက်မြို့တော်သို့ ဝင်ရောက်ပြီး တပ်စွဲခဲ့သည်။ ထိုအခါ သားတော်မင်းတိက္ခာ ဦးစီးသောတပ်နှင့် သားတော်မင်းဖလောင်းဦးစီးသော တပ်များသည် လောင်းကြက်သို့ ချီတက်ခဲ့ကြသည်။ ယင်းသို့ တပ်မတော်ချီတက်လာစဉ် တပ်ဦး၍ ဗျိုင်းနှင့် ကျီးကန်းတို့ ခွပ်ကြရာ ဗျိုင်းအတောင် ကျိုးပြီး တပ်ဦးတွင်ကျလာရာ တပ်မှုဖမ်း၍ မင်းကြီးထံ ဆက်သခဲ့ကြသည်။ ဤနိမိတ်ကို အမတ်ကြီးဝိမလလျှောက် ထားခဲ့သည်မှာ အရှင်မင်းကြီး ကျီးကန်းမှာ ကုလားနာမ်ဖြစ်ပါသည်။ ဗျိုင်းမှာ မြန်မာနာမ်ဖြစ်ပါသည်။ ထိုသို့ နာမ်နှစ်ပါးအလို နာမ်ကို ယာယီကိန်းနှစ်လီတွင် ယာယီကို ကျီးကန်းပင်ဖမ်း၊ မြန်မာ ဤနှစ်ဖြာတွင် ကပ်ဆိုက်ပါ၍ ထွားထွားကြေညက် ပျက်မည်အကြောင်း လုံးပေါင်းပြီးစီး ခရီးမကြာ အောင်မြင်ပါမည်ဟုလျှောက်ထားခဲ့လေသည်။

မင်းဖလောင်းနှင့် မင်းတိက္ခာတပ်များသည် လောင်းကြက်တွင် စခန်းချနေသော ဘဂ်ီ၏ကုလားတပ်ကို အပြတ်ချေမှုန်းနိုင်ခဲ့ပြီး ဘဂ်ီအားလက်ရဖမ်းမိ၍ မင်းဗာဘုရင်ထံဆက်သခဲ့လေသည်။ ထိုအခါ မင်းကြီးသည် မိဖုရားပဲသီဒါထံ သားတော်အား ဖမ်းမိထားကြောင်း စာသဝဏ်ပါးလိုက်လေသည်။

အိန္ဒိယတိုင်း အယုဇ္ဈပုရတိုင်း၊ ရက္ခပူရတိုင်းတို့ကို အစိုးရတော်မူသော ငါဘုရင်မင်းမြတ် မိဖုရားပဲသီဒါ သိစေရန် သဝဏ်လွှာဖြင့် အကြောင်းကြားလိုက်တော်မူသည်။ သင်တို့၏မိစ္ဆာအမျိုး မကိုးစားရာဟု ရှေးပေါ်ရာဏာ ရှိလေသည်နှင့် လျော်ညီစွာ သင်မိဖုရား၏သားတော် ဘဂ်ီသည် မာကုဟိန္ဒေဟိ၊ အမိယုတ်မာသော သားမိစ္ဆာ အမျိုး၌ မွေးဖွားလာသောကြောင့် ကောင်းသောမဟာမျိုးနွယ်တို့၏ ကျင့်ဝတ်ဓမ္မသတ်တရားကို မသိမမြင်လေ၍ မိဘစရိုက်အမျိုးမိုက်၊ သူယုတ်မာတို့၏ အကျင့်ကို ကျင့်ကြံလျက် ယခု ငါ၏ခြေတော်အောက် ရောက်လျက်ရှိလေ ပြီ။ သို့နှင့် မိဖုရား၏ သားမိစ္ဆာကို တရားဓမ္မသတ်နှင့်အညီ ဆုံးဖြတ်ပေးတော်မူမည်အကြောင်းကို သင်မိဖုရားအား လောကဝတ္တရားနှင့်အညီ ရာဇသံပါးလိုက်သည်။

ပဲသီဒါမိဖုရားသည် စာသဝဏ်ကို သံလွှတ်အမတ်ထွန်းပေါ်ဖတ်ပြသဖြင့် အကြောင်းလုံးစုံကို သိရှိရလေ သည်။ မိဖုရားသည် သားတော်အတွက် သောကမအေး ဗျာပါဒများစွာဖြင့် ချက်ချင်းရွက်သဘော်ကို စီးကာ

ပြိုကွဲအက်လျက် ထိုမြေပေါ်၌ တေဇောဓာတ်မီးတောက်လောင်ခြင်းဖြင့် ပျက်စီးရလေသည်။ ထိုနှင့်အလားတူစွာ သတ္တလောက၌ လူသတ္တဝါတို့တွင်လည်း လင်ဟူရသော ယောကျ်ားကို အမှီပြု၍ မယားတည်းဟူသော မိန်းမတို့နှင့် ညီမျှစွာ အိမ်ထောင်သက်မွေးပြုကြလေရာ သားသမီးတည်းဟူသော အစီးအပွားဖြစ်ပေါ်လာပါသည်။ အကယ်၍ မိဘနှစ်ပါး စုံညီစွာတည်၍ မရှိခဲ့လျှင် ၎င်းတို့၏သားသမီးတို့သည် လောက၌အင်္ဂါစုံညီစွာဖြင့် မကြီးမြင့်ရလေ၍ လူတို့၌လောကအင်္ဂါလက္ခဏာတို့ဖြင့် မပြည့်စုံသောကြောင့် ဂုဏ်အသရေလည်း ညိုးနွမ်း၊ လောကတရားတို့ကို လည်း ကုန်စင်အောင် မသိမလိမ္မာလေ။ ထိုမှတစ်ပါး လိမ္မာခြင်း၌ ဘုံသုံးဆယ်တစ်တွင် တစ်ကြိမ်တစ်ခါသာ ဘုရားလောင်းတော်တို့မှာ ပြည့်စုံမှုရှိခဲ့ပါသည်။ ထိုမှတစ်ပါး တခြားသော သတ္တဝါပုဂ္ဂိုလ်တို့၌ မဖြစ်ဘူးပါ။ သို့ဖြစ်ပါ၍ ကိုယ်တော်အရှင်မြတ်တို့နှင့် မင်းနှင့်မိဖုရားနှစ်ပါးတို့သည် ထီးပြိုင်နန်းပြိုင်ဖြစ်တော်မူသောကြောင့် တူညီခိုလှုံ၍ ထိန်းအုပ်မွေးမြူသော သားတော်မဟုတ်လေသည်နှင့် မှီရာတည်ရာစုံညီစွာ ထိန်းသိမ်းသွန်သင်ခြင်းဖြင့် မကြီးမြင့်ရလေ၍ မိဘအလိုက် စရိုက်ကျင့်ရိုးများကို သိရှိပြီးလျှင် လိမ္မာခြင်းသို့ မရောက်လေပါ။ သို့ဖြစ်ပါ၍ကိုယ်တော်မြတ်နှင့် မိဖုရားနှစ်ပါးတို့၏ တာဝန်ဖြစ်ပါကြောင်းကို ရှေးထုံးဓမ္မတာတရားတော်များတို့နှင့်အညီ လျှောက်ထားတော်မူပါသည်။ တရားမင်းမြတ် လောကနတ်ဟု လျှောက်ထားခဲ့သည်။

အမတ်ကြီး၏လျှောက်ထားချက်ကို မင်းကြီးသည် သဘောကျတော်မူ၍ အမိန့်တော်ပြန်ကြားသည်မှာ သားတော်ငဘင်္ဂါကို အပြစ်မှလွတ်ငြိမ်းစေ၊ သားတော်နှင့်မိဖုရားနှစ်ပါးတို့အား လိမ္မာရေးခြားရှိစေရန် အမတ်ကြီး မနုဟာက စောင့်ရှောက်စေ၊ နေရင်းအရပ် မောက်သူဇာသို့ပြန်စေပြီး အစောင့်အရံစစ်သည် ၅၀၀ထားရှိစေဟု အမိန့်တော်ချမှတ်ခဲ့လေသည်။ မဟာပညာကျော်အမတ်ကြီး၏ လျှောက်လဲချက်ကောင်းသဖြင့် ငဘင်္ဂါမှာ အသက်ဘေးမှ လွတ်ငြိမ်းချမ်းသာခဲ့ရလေသည်။

ဤသို့ဖြင့် ငဘင်္ဂါအကြောင်းမှာ နိဂုံးချုပ်သွားခဲ့သည်။ အချို့ရခိုင်ရာဇဝင်များတွင် ငဘင်္ဂါသည် ငဇင်္ဂါ ဖြစ်သွားပြီး သံလျင်မှနေ၍ ရခိုင်ဘုရင်အား တွန်လှန်ကြောင်းဖြင့် ဖော်ပြထားကြသည်။ ရခိုင်သမိုင်း၊ မြန်မာသမိုင်း၊ အနောက်နိုင်ငံသားများရေးသည့် မြန်မာနိုင်ငံသမိုင်းတို့တွင် ငဇင်္ဂါ ခေါ် ဒီဘရစ်တိုအကြောင်းကို အသေအချာ ရေးသားဖော်ပြထားသည်ကို ဖတ်ရှုလေ့လာရပေသည်။ ရခိုင်ရာဇဝင်၌ဖော်ပြထားသော မင်းဗာဘုရင်၏သားတော် ငဘင်္ဂါနှင့် လုံးဝပတ်သက်မှုမရှိကြောင်း တွေ့ရပေသည်။

ငဇင်္ကာဆိုသောအမည်ကို ရေးသားဖော်ပြကြရာ၌ ရာဇဝင်များတွင် တစ်စောင်နှင့်တစ်စောင် တူညီမှု မရှိကြချေ။ ဦးကုလားရာဇဝင်နှင့် မှန်နန်းရာဇဝင်တို့တွင် ငဇင်္ကာဟုရေးသားထားသည်။ ဧညဝတီအရေးတော်ပုံတွင် ငဇင်္ဂါဟုရေးသားပြီး ဆရာမေည်ရာဇဝင်၌ ဘုရင်ဂျီစီကာငယ်ဟူ၍ ဖော်ပြရေးသားထားသည်။ အခွန်ဝန် သီရိဇေယျကျော် ဘာသာပြန်သည့် ပူတကေရာဇဝင်တွင် ဇွင်ကာတူဟုရေးထားသည်။ အင်္ဂလိပ်တို့က ဖိလစ်ဒီ ဘရစ်တို နီကိုတေဟု ရေးကြသည်။ ဆရာမာဃကမူ ၎င်း၏သီတာမောင်နှမစာအုပ်တွင် ပေါ်တူဂီအမည် ဇင်ကာကူကို အတိုကောက် ဇင်ကာဟုခေါ်ပြီး ရှေးခေတ်နာမည်များတွင် အသုံးပြုလေ့ရှိသော (င)ကို ရှေ့တွင် ကပ်၍ (ငဇင်္ကာ) ငဇင်္ကာဟု ခေါ်ဆိုကြောင်း ရေးသားထားသည်။

ကမ္ဘာ့သမိုင်းကို လေ့လာလျှင် ပေါ်တူဂီတို့သည် ၁၃ရာစုကပင် အရှေ့ဖျားဒေသများသို့ ပင်လယ် ရေကြောင်းဖြင့် စွန့်စားသွားလာကြသည်ကို တွေ့ရှိရပေသည်။ ၎င်းတို့သည် ဂျပန်နှင့် တရုပ်နိုင်ငံများသို့ပင် ရောက်ရှိခဲ့ကြသည်။ တရုတ်တွင် မကာအို၌ အခြေချခဲ့ကြသည်။ အိန္ဒိယတွင် ဂိုအာ၌ရပ်နားခဲ့ကြသည်။

ဥရောပတိုက်မှ ပေါ်တူဂီတို့ နယ်ချဲ့နေကြစဉ် မဂိုမင်းများသည် အိန္ဒိယနိုင်ငံတွင် နယ်ချဲ့လုပ်ငန်းကို စတင်ခဲ့ကြသည်။ ၁၃ရာစုကပင် မဂိုမင်းများသည် ဒေလီကို ဗဟိုပြုပြီး အောက်ဘင်္ဂလားနယ်ထိအောင် တိုက်ခိုက်

ကတိပေးမှသာ ရခိုင်မင်းသားကို လွှတ်ပေးလိုက်လေသည်။

ရခိုင်ဘုရင်မင်းရာဇာကြီးတွင် သားတော်တစ်ပါးရှိခဲ့သည်။ သားတော်ကြီး မင်းခမောင်းမှာ မိဖုရား ပဉ္စာလစန္ဒာမှ မွေးဖွားသောသားတော် ဖြစ်သည်။ သားတော်ငယ် မင်းမာန်ကြီးပေါက်မှာ တန်ဆောင်မိဖုရားမှ မွေးဖွားသောသားငယ်ဖြစ်သည်။ ၎င်းတို့သည် ငယ်စဉ်ကပင် တစ်ဦးနှင့်တစ်ဦး သင့်မြတ်ခြင်း မရှိခဲ့ချေ။ မင်းခမောင်း အား အိမ်ရှေ့ဥပရာဇာကိုပေးပြီး မင်းမာန်ကြီးပေါက်ကို စစ်တကောင်းစား ရာထူးကို ပေးအပ်ခဲ့သည်။ မင်းရာဇာကြီး နတ်ရွာစံသောအခါ ဥပရာဇာမင်းခမောင်းသည် မြောက်ဦးထီးနန်းကို အေဒီ ၁၆၁၂တွင် သိမ်းပိုက် စိုးစံခဲ့သည်။

မင်းခမောင်သည် ဘုရင်အဖြစ် မြောက်ဦးထီးနန်းကို ဆက်ခံစိုးစံခဲ့ကြောင်း မင်းမာန်ကြီးပေါက်ကြားသိ သောအခါ မိမိအား စစ်တကောင်းစားရာထူးမှ ရုပ်သိမ်းမည်ကို စိုးရိမ်မကင်း ဖြစ်ခဲ့သည်။ ယင်းကြောင့် မင်းခမောင်း အပေါ် မိမိကလက်ဦးမှုရရှိရန်လိုပေသည်။ ဤအကြံဖြင့် မင်းမာန်ကြီးပေါက်သည် မိမိ၏သမီးကို ဆင်ဒဝ်ချ်ကျွန်းရှိ ပေါ်တူဂီပင်လယ်ဓားပြဗိုလ်တီဘူး၏သားနှင့် လက်ဆက်ပေးပြီး မဟာမိတ်ဖွဲ့လေသည်။ ထို့နောက် တီဘူး၏အကူအညီကို ယူပြီး မြောက်ဦးထီးနန်းကို သိမ်းယူရန် ရေတပ်ဖြင့်ချီလာခဲ့သည်။ သို့သော် ရခိုင်ရေတပ်မှ တွန်းလှန်နိုင်ခဲ့၍ ပေါ်တူဂီရေတပ်မှ အရေးနိမ့်ပြီး ဆုတ်ခွာပြေးခဲ့ရသည်။ ရခိုင်ရေတပ်မှ ဆုတ်ပြေး သောပေါ်တူဂီများကို လိုက်လံချေမှုန်းခဲ့သည်။ နောက်ဆုံးတွင် တကောင်းမြို့ကို သိမ်းယူနိုင်ခဲ့သည်။ စစ်တကောင်း မြို့သိမ်းတိုက်ပွဲတွင် မင်းမာန်ကြီးပေါက်မှာ ကျဉ်ဆန်ထိ၍ သေဆုံးခဲ့ရသည်။

ထိုအချိန်၌ လောင်းကြက်မြို့တွင် မင်းမာန်ကြီးပေါက်၏အစ်ကိုတော်သူ မင်းစောထွတ်မှာ မြို့စားအဖြစ် ရှိနေသည်။ လောင်းကြက်စား မင်းစောထွတ်သည် မင်းခမောင်း၏ရန်ဘေးကို စိုးရိမ်သဖြင့် မိသားစုနှင့်အတူ သံလျှင်ရှိ ဇေကာ်ာထံ ခိုလှုံခဲ့သည်။ ဇေကာ်ာသည် မင်းရဲထွတ်အား သင့်တော်သောရာထူးကိုပေး၍ ချီးမြှောက်ထား သည်။ မကြာမီ မင်းရဲထွတ်၏သမီး စောသန္ဒာအား သိမ်းပိုက်ခဲ့လေသည်။ စောသန္ဒာတွင် သားတော် နန္ဒဘယနှင့် သမီးတော်သုပဘာတို့ ထွန်းကားခဲ့လေသည်။ နန္ဒဘယမှာ ရှစ်နှစ်၊ သုပဘာမှာ ခြောက်နှစ်အရွယ်သို့ရောက်ရှိကြ သောအခါ အင်းဝဘုရင် အနောက်ဘက်လွန်မင်းသည် သံလျင်ကို တိုက်ခိုက်သိမ်းပိုက်ခဲ့လေသည်။ ဇေကာ်ာအား ဖမ်းရပြီး သတ်ပစ်သည်။ မင်းစောထွတ်သည် မိသားစုနှင့်အတူ ထွက်ပြေးခဲ့သည်။ မြို့၏အထွက်တွင် စောသန္ဒာ ၏မိခင်မှာ ကျည်ဆန်ထိမှန်၍ သေဆုံးခဲ့ရသည်။ စောသန္ဒာသည် ဘခင်နှင့်အတူ ရေတတန် ကုန်းတတန် ထွက်ပြေးလာရာ နောက်ဆုံးပုသိမ်မြို့နယ်သို့ ရောက်ခဲ့သည်။

မင်းစောထွတ်တို့သည် ပုသိမ်မြို့နယ်တွင် မိမိလုံခြုံမှုရှိမည့် နေရာများကိုရှာရင်း တစ်ရွာပြီးတစ်ရွာ ဆက်လက်သွားခဲ့ရသည်။ ထိုသို့ခရီးသွားရင်း မင်းစောထွတ်မှာ ရုတ်တရက်ကွယ်လွန်ခဲ့သည်။ စောသန္ဒာသည် သားနှင့်သမီးကို ခေါ်ဆောင်ပြီး မိထွေးဖြစ်သူနှင့်အတူ ခရီးဆက်လာခဲ့ရာ ရခိုင်ပြည်၏နယ်စပ်ဖြစ်သော ကုန်းပြင် ဒေသသို့ရောက်ရှိခဲ့လေသည်။ ထိုဒေသ၌ခေတ္တရပ်နားခဲ့သည်။ ယင်းဒေသတွင် စောသန္ဒာကွယ်လွန်ခဲ့သည်။ ကလေးနှစ်ဦးကို ထိန်းသိမ်းကျွေးမွေးနေခဲ့ရသည်။ ထိုအချိန်၌ သံတွဲတွင် အမတ်သုဒိန်ဆိုသူမှာ မြို့စားအဖြစ် တာဝန်ယူနေချိန်ဖြစ်သည်။ စောသန္ဒာတို့၏သတင်းကို ကြားသိသောအခါ ကုန်းပြင်ဒေသသို့ရောက်ရှိလာခဲ့သည်။ အမတ်ကြီးမှာ စောသန္ဒာတို့နှင့် ဆွေမကင်း၊ မျိုးမကင်းဖြစ်သဖြင့် ဒုက္ခရောက်နေကြသော ကလေးငယ်တို့ဘဝ ရပ်တည်ရေးအတွက် စီမံပေးခဲ့သည်။ အမတ်ကြီးသုဒိန်သည် ကျိုက်ယသီခေါ် မြို့တစ်မြို့ကို တည်ထောင်ပေးပြီး နန္ဒဘယနှင့် သုပဘာတို့အား မောင်နှမရင်းချာကို လက်ထပ်ပေးပြီး ဘုရင်နှင့်မိဖုရားအဖြစ် တင်မြှောက်ပေးသည်။ ကျိုက်ယသီမှာ မွန်စကားဖြစ်ပြီး မြန်မာတို့က သီတာမြို့ဟုခေါ်ကြသည်။ ဘုရင်ငယ်နှင့်မိဖုရားတို့အား သီတာ မောင်နှမဟုခေါ်ကြသည်။

# သာသနာသက္ကရာဇ်အား ရခိုင်တို့ယူဆချက်

**ရွှေနိုင်ကျော်-မြောက်ဦး**

သက္ကရာဇ်ဆိုသောစကားမှာ ပါဠိဘာသာသက္ကရာဇ်ဆိုသော သဒ္ဒါမှဆင်းသက်လာသော စကားဖြစ်ပေသည်။ မဇ္ဈိမဒေသ၌ သာလိဝါဟနသကမင်းသည် ကလိယုဂ်(၃၁၈၀)တွင် (၃၁၇၉)ကိုဖြိုပြီး တစ်ခုကြွင်းထားခဲ့သည်။ ထိုဖြိုခဲ့သောမင်းကို အစွဲပြုပြီး ဆက်ရေတွက်လာသော ခုနှစ်ကို သက္ကရာဇ်ဟုခေါ်ကြသည်။ ရှေးခေတ်ကျောက်စာများတွင် နှစ်သစ်ကို ကောဇာဟုခေါ်ပြီး နှစ်ဟောင်းကို ကောဝိန်ဟု မှတ်သားသည်ကို တွေ့ရသည်။

ရခိုင်ဒေသတွင် သာသနာသက္ကရာဇ်နှင့် ကောဇာသက္ကရာဇ် ရေတွက်လာခြင်းကို သင်္ဂါယနာမော်ကွန်းလင်္ကာဖြင့် အောက်ပါအတိုင်း ဖော်ပြထားခဲ့သည်။ ဤနေရာ၌ ရခိုင်ပြည်၊ ဝေသာလီတွင် သင်္ဂါယနာတင်ခဲ့ကြောင်းကို အနည်းငယ်ဖော်ပြလိုပေသည်။ ပထမအကြိမ် သင်္ဂါယနာတင်ပွဲကို ဘီစီ(၄၇၇)တွင် ရာဇဂြိုဟ်ပြည်၌ အဇာတသတ်မင်း ကတိပြုပြီး ကျင်းပခဲ့သည်။ တတိယအကြိမ် သင်္ဂါယနာကို ပါဋလိပုတ်ပြည်ရှင် သီရိဓမ္မာသောကမင်းကြီးက ကတိပြု၍ ဘီစီ(၃၀၉)တွင် ကျင်းပခဲ့သည်။ သင်္ဂါယနာ ပထမ၊ ဒုတိယ၊ တတိယအကြိမ်တို့မှာ မဇ္ဈိမဒေသ၌ကျင်းပခဲ့သော သင်္ဂါယနာများဖြစ်သည်။ စတုတ္ထအကြိမ် သင်္ဂါယနာတင်ပွဲကို သီဟိုဠ်(သီရိလင်္ကာ)၌ ဘုရင်ဝဂါမဏိက ကတိပြု၍ ဘီစီ(၉၄)တွင် ကျင်းပခဲ့သည်။

နောက်ထပ်စတုတ္ထအကြိမ် သင်္ဂါယနာကို ရခိုင်ဝေသာလီ၌ သီရိစန္ဒြမင်းသည် အေဒီ (၆၆၅)တွင် ကျင်းပခဲ့သည်။ နောက်စတုတ္ထအကြိမ် သင်္ဂါယနာကို ပုရုသပူရ(ပက်သ်ရှဝါ)တွင် ကနိသမင်းက အေဒီ (၇၈)တွင် ကျင်းပခဲ့သည်။

ရခိုင်ပြည်၌ သင်္ဂါယနာတင်ခဲ့ကြောင်းကို ပညာမေဓာအမတ်ကြီးက လင်္ကာဖြင့် မော်ကွန်းတင်ခဲ့သည်။ ထိုမော်ကွန်းလင်္ကာ၌ သက္ကရာဇ်ဖြိုကြောင်းကိုလည်း မှတ်တမ်းတင်ထားသည်။ ကိန်းဂဏန်းကောက်ယူရပုံကို ပိဋကတ်သင်္ချာနည်းဖြင့် ရေးသားထားခဲ့သည်။

### ပညာမေဓာရေးစပ်ခဲ့သော သင်္ဂါယနာမော်ကွန်းလင်္ကာ

ကမ္ဘာစိုင်လာ၊ ဓမ္မတာနှင့် ဝိဇ္ဇာသမုတ်၊ စတုယုဂ်ကိန်း၊ လေးသိန်းသုံးသောင်းနှစ်ထောင်ဆောင်း၊ နှစ်ပေါင်းကိုချုပ်၊ ကလိယုဂ်တည်း၊ ထိုယုဂ်နှစ်ပြန်၊ ဒွာပရံဟု၊ သုံးပြန်တြေတြာ၊ လေးဖြာက တ၊ ပေါင်းကြလေးထပ်၊ ရှီးအပ်သိမ္မူ၊ အဒသဥုက္က၊ ရာဂီဘြုရု၊ ဂဏန်းစုဖြစ်၊ ထိုနှစ်အပေါင်း၊ ခေါက်ပြောင်းပြန်လှန်၊ ကပ်သုံးပြန်အောင်၊ လူ့ဘောင်ပွားဆုတ်၊ လေးပါးယုတ်တွင်၊ အယင်္က၊ ဓမ္မသဒ္ဒါ ပြည့်လာဥသုံ၊ ကောင်းကိန်းကြုံဧည့်၊ ဘုံးဘုံတြေတြာ၊ ယုတ်မှာတစ်ခု၊ ကောင်းမှုသုံးမှာ၊ ဒွါပရာစက်၊ တဝက်ကောင်းဘိုး၊ တမျိုးကလိ၊ အသိဇေ၊ သုံးဝချွတ်ယွင်း၊ တရားကင်းဧည့်၊ ယင်းကလိသက်၊ ထိုနှစ်သက်မှာ၊ သိက္ခာသိက္ခ၊ ဂဏန်းချကာ၊ ရာသက်ကာလ၊ ဟာနယမည် သာဂီသကျ ဂေါတမဟု၊ လောကလူ့ရွာ၊ ဖြစ်ပွင့်လာ၍၊ ဒေဝါမနု၊ ကျွတ်မှုဟောကြား၊ လေးဆယ့်ငါးဝါ၊ ပြည့်ရေခါကား၊ ဩဇာသာရာ၊ သာခပုဏ္ဏမီ၊ ငြိမ်းလီနိဗ္ဗာန်၊ ထားပြန်သာသနာ၊ ကောဇာဖြိုရှု၊ ဓာတုဋီကာ၊ ရောက်ခါပေါင်းကြ၊ နိဝတြိ၊ သတ္တဂ္ဂိဟု ဂေါတမပုရဏ်၊ ကျမ်းညွှန်အလာ၊ ရက္ခာပူရ၊ ဓညသခင်၊ ဘုရင်ရာဇာ၊ ရာလာမာယု၊ မင်းဟုသဟိုက်၊ ဘိသိက်ကြိုက်ခါ၊ ကောဇာဗိန္ဒု၊ သာခကေကျမ်း၊ ကိန်းဆန်းအရ၊ မိဘစံဇီ၊ ဖြိုလီကြွင်းလှစ်၊ သကြစ်မဟာ၊ တစ်ရာသုံးခု ပွင့်မှုတွိကြုံ၊ ကရုန်ပုဏ္ဏာ၊ ဂေါတမဟု၊ ဗုဒ္ဓတံထွာ၊ ဖြစ်လှာဟောကြား၊ လေးဆယ့်ငါးဝါ၊ ရောက်သည့်ခါကာ၊ ရာလေးဆယ့်ရှစ်၊ ပြည့်ခိုက်ကဆုန်၊ နိကြုံအင်္ဂါ၊ နိဗ္ဗူတာသို့၊ မှန်စွာရောက်ရှိ၊ ခေတ္တိငါးဆက်၊ မပျက်ခိုင်လာ၊ စန္ဒာသူရိယ၊ ဇီဝကကိန်း၊ ဖြိုသိမ်းပြီးမှ၊ တစ်ကစလှစ်၊ သက္ကရာဇ်မှာ၊ သာသနာနှစ်၊

ရခိုင်နာလမာယုမင်းဖြိုသောကိန်းမိဘစံဇီ

မိ ဘ စံ ဇီ

၅ ၄ ၆ ၈ - ၈၆၄၅

စန္ဒာသူရိယမင်းကြီးဖြိုသောကိန်းဇီဝက

ဇီ ဝ က

၈ ၄ ၁ - ၁ ၄ ၈

သူရိယစိတ္တမင်းကြီးဖြိုသော ကိန်းခနဥ္စ

ဥ တ္တ မ

ဝ ၆ ၅ = ၅၆ဝ

သူရိယစိတ္တမင်းကြီးသည် စန္ဒသူရိယမင်းကြီးဖြိုသော (သကြစ်)မှစပြီး ရေတွက်လာရာ (၆၁၁)တွင် (၆ဝ၉)ကို ဖြိုခဲ့သည်။ သို့သော် သရေခေတ္တရာပြည်၊ သုမုန္ဒရီမင်းကြီးသည် (၆၂၄)မှ (၆၂၂)ကို ဖြိုခဲ့သည်။ ထို့ကြောင့် သကြစ်မှ (၁၃)နှစ် ကွာခြားနေခဲ့သည်။ ယခု အသုံးပြုနေသော သာသနာသကြစ်ကို တွက်လိုသော်. . . .

သုမုန္ဒရီဖြိုသောနှစ် ၆၂၂

ပုပ္ပါး --ရဟန်းပြုသောနှစ် ၅၆ဝ

----------

၁၁၈၂

ဒွေ အဌနှင့် ဧက ဧကောရရှိသည်။ ၎င်းကို ယခုရောက်ရှိသော သက္ကရာဇ်တွင် ပေါင်းလျှင် ၁၁၈၂+ ၁၃၆၈=၂၅၅၂ ရသည်။ ထို့ကြောင့် ယခုနောက်ရှိနေသော သာသနာသက္ကရာဇ်မှာ ၂၅၅ဝ ဖြစ်သည်။ ရှေးအခါ ရခိုင်ပြည်၌ သာသနာသက္ကရာဇ်မှာ သူရိယစိတ္တမင်းကြီးဖြိုသော နှစ် (၆ဝ၉)နှင့် သီရိစန္ဒြဖြိုသောနှစ် (၅၆ဝ)ကို ပေါင်းပြီး၊ ယခုရောက်ရှိနေသော သက္ကရာဇ်ကို ပေါင်းပြီးယူကြသည်။ ထို့ကြောင့်. . . . .

သူရိယစိတ္တမင်းဖြိုနှစ် ၆ဝ၉

သီရိစန္ဒြဖြိုသောနှစ် ၅၆ဝ

--------

၁၁၆၉

၎င်းကို ယခုရောက်နေသောသက္ကရာဇ်တွင် ပေါင်းလျှင်----

၁၁၆၉+၁၃၆၈=၂၅၃၇ ရသည်။ သို့သော် ယခုလက်ရှိ အသုံးပြုနေကြသော သာသနာသက္ကရာဇ် မှာ ၂၅၅ဝ ဖြစ်သည်။ ယင်းကြောင့် ရှေးအခါက ရခိုင်ပြည်တွင် အသုံးပြုကြသော သာသနာသက္ကရာဇ်မှာ (၁၃)နှစ် လျော့နည်းနေသည်။

သို့သော် ယခုအခါ မြန်မာတစ်ပြည်လုံး အသုံးပြုနေသော သာသနာသက္ကရာဇ်ကိုသာ ရခိုင်သားများ အသုံးပြုလျက်ရှိကြသည်။

**ရွှေခိုင်ကျော် (မြောက်ဦး)**

ဝံသရက္ခိတမဂ္ဂဇင်း (၂/၁) ၂ဝဝ၈/၇

# မြောက်ဦးခေတ်မှ စာတမ်းထိုးကြေးခေါင်းလောင်းငယ်

မြောက်ဦးမြို့ရှိ ဗန္ဓုလကျောင်းဆရာတော်သည် ရှေးဟောင်းပစ္စည်းများ စုဆောင်းရာ၌ ဝါသနာကြီးသော ပုဂ္ဂိုလ်တစ်ဦးဖြစ်ပေသည်။ ရှေးဟောင်းဘုရားပုံစံ မျိုးစုံနှင့် မုဒြာမျိုးစုံကို ရှာဖွေပေါင်းစုပြီး မှန်ဗီဒိုကြီးများဖြင့် ခင်းကျင်းပြသထားသည်။ မြောက်ဦးမြို့သို့ ရောက်လာကြသော ဘုရားဖူးများနှင့် နိုင်ငံခြားသုတေသီများ မဖြစ်မနေ ဗန္ဓုလကျောင်းသို့ သွားရောက်လေ့ရှိကြပေသည်။

၁၃၅၃-ခုနှစ်၊ ဝါကျွတ်လဆန်း (၁၀)ရက်နေ့တွင် မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ တာဝန်ပေးသဖြင့် ဒု-တိုင်းမှူးနှင့်အဖွဲ့ မြို့ပေါ်ရှိ ဘုရားပုထိုးများသို့ လိုက်လံရှင်းလင်းပြရင်း ဗန္ဓုလကျောင်းတိုက်သို့ ရောက်ခဲ့ပါသည်။ မှန်ဗီရိုထဲရှိ ဘုရားဆင်းတုတော်များနှင့် ဓာတ်တော်များကို ဖူးမျှော်ကြည့်ရှုစဉ် တစ်ခုသော ဗီဒိုထဲမှ ကြေးပစ္စည်းတစ်ခုကို မြင်တွေ့ခဲ့ရပေသည်။ အဝေးမှကြည့်လျှင် ကြေးကြုပ်ငယ်ဟု ထင်မှတ်ရသော်လည်း ကြေးခေါင်းလောင်းငယ်တစ်ခုဖြစ်ကြောင်း မြင်တွေ့ခဲ့ရပေသည်။ ခေါင်းလောင်းပုံသဏ္ဌာန်မှာ စေတီပုထိုးများတွင် ချိတ်ဆွဲသော ခေါင်းလောင်းမဟုတ်ဘဲ တိရစ္ဆာန်များတွင် ချိတ်ဆွဲသော ခေါင်းလောင်းငယ်တစ်ခုဖြစ်ကြောင်း တွေ့ရှိခဲ့သည်။ ခေါင်းလောင်းကို ကြေးနီသတ္တုဖြင့် သွန်းလုပ်ထားသည်။ အောက်ဘက်အဝတွင် ကျယ်ပြီးအထက်ဘက်တွင် အနည်းငယ် ကျဉ်းနေသည်။ အလျားလိုက်အထက်ပိုင်းသည် (၆)စင်တီမီတာရှိ၍ အဝဘက်အောက်ပိုင်း (၇. ၅)စင်တီမီတာရှိသည်။ အနံအထက်ပိုင်း (၃)စင်တီမီတာရှိပြီး အောက်ဘက်အဝပိုင်း (၃. ၅)စင်တီမီတာရှိသည်။ အမြင့်မှာ (၅)စင်တီမီတာရှိသည်။ အထက်ပိုင်း၌ ကြိုးလျှို၍ဆွဲရန် အပေါက်နှစ်ခုပါပြီး တစ်ခုနှင့်တစ်ခု (၄)စင်တီမီတာကွာဝေးသည်။ ခေါင်းလောင်းသီးဆွဲရန် ဖောက်ထားသော အပေါက်နှစ်ခုပါ၍ တစ်ခုနှင့်တစ်ခု (၃)စင်တီမီတာကွာဝေးသည်။

ကြေးခေါင်းလောင်းငယ်များ၏ မျက်နှာပြင်သုံးဖက်တွင် စာများ ရေးထိုးထားသည်။ စာလုံးပုံသဏ္ဌာန်မှာ ဝိုင်းစက်ပြီး မြောက်ဦးအလယ်ခေတ် လက်ရေးမျိုးဟု ခန့်မှန်းရသည်။ အလျားဘက်စာမျက်နှာတွင် ပါရှိသော စာသုံးကြောင်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၁။ အနိစ္စ အမြဲမရှိ။

၂။ ဒုက္ခ ဆင်းရဲ၏။

၃။ အနတ္တ ငကိုမဟုတ်။

အခြားအလျားဘက်တွင် ရေးထိုးထားသော စာကြောင်းများမှာ -

၁။ ဇောတိကသူဌေး

၂။ ဇဋိလသူဌေး

၃။ ကကၠဝဏ္ဏသူဌေး

၄။ မန္ဒကာသူဌေးကြီးကဲ့သို့ ကြွေပါစေ ဟူ၍ဖြစ်သည်။

အနံနှစ်ဖက်၌ တစ်ဖက်တွင်သာ စာပါသည်။ ထိုစာမှာ-

၁။ ဦးဖြူ

၂။ ၂၉-ပါး

၃။ ၁-ပါး

ဟူ၍ရေးထိုးထားသည်။

# သက်သူဇာနှင့် စန္ဒသုဓမ္မရာဇာမင်း

၁။ သက်သူဇာအကြောင်းကို ဖော်ပြကြရာ၌ ရခိုင်ရာဇဝင်တစ်စောင်နှင့်တစ်စောင် ကွဲလွဲနေကြသည်ကို တွေ့ရပေသည်။ အင်းစောက်ရာဇဝင်၌ နရပတိမင်းကြီးစိုးစံစဉ် အနောက်မဇ္ဈိမဒေသ ပဆာပြည်မှ မင်းခေါင်ရောင်၏သားတော် နှာရောင်စီသည် နောင်တော် စာလသောကျူကို ပုန်ကန်၍ အရေးနိမ့်သဖြင့် နှမတော်သက်သူဇာနှင့်အတူ ထွက်ပြေး၍ ရခိုင်သို့ရောက်လာကြောင်းနှင့် ရေးသားထားသည်။

၂။ ဆရာမေဃည်းရာဇဝင်၌ ပဆာမင်း၏သားတော် သက်သူဇာသည် စန္ဒသုဓမ္မရာဇာမင်းလက်ထက် ရခိုင်ပြည်သို့ရောက်လာကြောင်း ဖော်ပြထားသည်။ ရမ်းဗြဲတောင်ကျောင်းဆရာတော်က နရပတိကြီးမင်းလက်ထက်တွင် ရောက်ရှိခဲ့သော ပဆာမင်း၏သားတော် နှာရောင်စီသည် စန္ဒသုဓမ္မရာဇာမင်းကို ပုန်ကန်ရာ အရေးနိမ့်သဖြင့် ကစ္ဆပနဒီမြစ်ညာဖျားသို့ ထွက်ပြေးလွတ်မြောက်ခဲ့သည်။ သို့သော် သားတော်နှစ်ဦးနှင့် နောက်ပါအချို့ကို ဖမ်းဆီးမိ၍ကွပ်မျက်ခဲ့သည်။ ကျန်နေသောသူများကို သစ္စာရေတိုက်ပြီး လေးကိုင်စစ်သည်အဖြစ် တာဝန်ပေးအပ်ထားခဲ့သည်။ သူတို့အား ရခိုင်တို့က ကမန်ဟုခေါ်ကြောင်း ဖော်ပြရေးသားထားသည်။

၃။ ဤအကြောင်းကိုပင် သမိုင်းဆရာကြီး မစ္စတာဟာဗေးက ၎င်း၏မြန်မာနိုင်ငံသမိုင်းစာအုပ်တွင် ရခိုင်ရေးရာအခန်း၌ ရေးသားဖော်ပြထားခဲ့သည်။ သူ၏ရေးသားချက်မှာ ချာချူဂျာသည် သူ၏အစ်ကို အူရန်ဇက်အားပုန်ကန်ရာ အရေးနိမ့်သဖြင့် ခရစ်သက္ကရာဇ် ၁၆၆၀-ခုနှစ်တွင် ရခိုင်ပြည်သို့ ထွက်ပြေးခဲ့ရသည်။ သူ့အား ရခိုင်ဘုရင်စန္ဒသုဓမ္မရာဇာမင်းက လှိုက်လှဲစွာလက်ခံပြီး မက္ကာသို့ သင်္ဘောဖြင့် ပို့ပေးရန် ကတိပြုခဲ့သည်။ ချာချူဂျာတွင် လှပသောသမီးတော်တစ်ပါး ပါရှိခဲ့သည်။ ၎င်းပြင် ရတနာပစ္စည်းများစွာတို့ကို ကုလားအုတ်များဖြင့် သယ်ဆောင်ယူခဲ့သည်။

စန္ဒသုဓမ္မရာဇာမင်းသည် ချာချူဂျာ၌ပါလာသော ရွှေငွေရတနာများကို တပ်မက်ခဲ့သည်။ ၎င်းပြင်ချာချူဂျာ၏သမီးတော်ကိုပါ သိမ်းပိုက်လိုခဲ့သည်။ ယင်းကြောင့် သမီးတော်များအနက် အကြီးဆုံးသမီးအား လက်ဆက်ပေးရန် ဘုရင်ကတောင်းဆိုခဲ့သည်။ ချာချူဂျာက ရခိုင်ဘုရင်မှာ ဘာသာအားဖြင့်လည်းကောင်း၊ လူမျိုးအားဖြင့်လည်းကောင်း၊ မတူ၍ ထိမ်းမြားမပေးနိုင်ကြောင်း ငြင်းဆန်ခဲ့လေသည်။ ချာချူဂျာသည် ရခိုင်ထီးနန်းကို သိမ်းပိုက်ရန်အတွက် မြောက်ဦးရှိ မူဆလင်များကို စည်းရုံးခဲ့သည်။ ဤအကြောင်းကို ဘုရင်က သိရှိသဖြင့် ကြိုတင်နှိပ်ကွပ်နိုင်ခဲ့သည်။ ချာချူဂျာအား ဖမ်းဆီးကွပ်မျက်ခဲ့သည်။ သားတော်များကို ထောင်သွင်းအကျဉ်းချထားခဲ့သည်။ ချာချူဂျာ၏ရွှေငွေရတနာများနှင့် သမီးတော်များကို သိမ်းပိုက်ခဲ့သည်။ နောက်တစ်နှစ်ခန့်ကြာသောအခါ မူဆလင်တို့သည် ထကြွခဲ့ကြသည်။ ယင်းကြောင့် သောင်းကျန်းသူများကို နှိမ်နင်းခဲ့သည်။ ဖမ်းဆီးထားခဲ့သော ချူဂျာ၏သားတော်များနှင့် သမီးတော်များကို သေဒဏ်ပေးခဲ့သည်။ ကျန်နေသော မူဆလင်များကို သစ္စာရေတိုက်ပြီး ဘုရင့်တပ်မတော်တွင် လေးကိုင်စစ်သည်အဖြစ် အမှုထမ်းစေခဲ့သည်။ ဤအကြောင်းကို အူရန်ဇက်ဘုရင်ကြားသိစေသောအခါ လက်စားချေသည့်သဘောဖြင့် ရခိုင်ပိုင်နယ်မြေဖြစ်သော စစ်တကောင်းမြို့ကို မဂိုတပ်မတော်အား သိမ်းပိုက်စေခဲ့သည်။ တစ်ဆက်တည်းပင် ဘင်္ဂလားဘုရင်ခံ ချာရီခန်အား ရာမူးကို သိမ်းပိုက်စေခဲ့သည်။ ဖမ်းဆီးရမိသောရခိုင်လူမျိုးများကိုလည်း ကျွန်အဖြစ် ရောင်းစားစေခဲ့သည်။ ယင်းကြောင့် ၁၆၆၆ ခုနှစ်မှစပြီး ရခိုင်ပိုင်နယ်မြေဖြစ်သော ဘင်္ဂလားဒေသသည် မဂိုဘုရင်များလက်အောက်သို့ ကျရောက်ခဲ့လေသည်။

၄။ မစ္စတာဘာနီယာ၏ မဂိုအင်ပါယာအတွင်း ခရီးတစ်ထောက်စာတမ်းတွင် ချာချူဂျာအကြောင်း ရေးသားထားသည်မှာ မင်းသားချာချူဂျာနှင့် နောက်ပါများသည် ရခိုင်ပြည်သို့ ထွက်ပြေးခဲ့ကြသည်။ ထိုလူစုအား ရခိုင်ဘုရင်စန္ဒသုဓမ္မရာဇာမင်းက လှိုက်လှဲစွာလက်ခံခဲ့သည်။ များပြားလှစွာသော ရွှေငွေရတနာများကို ရခိုင်ဘုရင်သည်

အယောင်ကို ပေးအပ်ပြီး မြောက်ဦးမြို့တွင် နေထိုင်ခွင့်ပေးခဲ့သည်။ ချာချူဂျာသည် ရခိုင်ဘုရင်အား မဂိုထီးနန်းကို ရရှိရေးအတွက် ကူညီပေးရန် မေတ္တာရပ်ခံခဲ့သည်။ ရခိုင်ဘုရင်ကလည်း အကူအညီပေးမည်ဟု ကတိကဝတ်ပြုခဲ့လေသည်။ ချာချူဂျာသည် မိမိသမီးအကြီးဆုံးနှင့် စန္ဒသုဓမ္မမင်းကို လက်ဆက်ပေးပြီး မဟာမိတ်အဖြစ် ခိုင်မာအောင် ဆောင်ရွက်ခဲ့သည်။ ရခိုင်ဘုရင်သည် အခမ်းအနားကြီးစွာ ပြုလုပ်၍လက်ထပ်ပွဲကို ဆင်နွှဲခဲ့သည်။ ထိုအခါ ရခိုင်စာဆိုတစ်ဦးက မဂိုမင်းသမီး၏အလှဘွဲ့ကို စာဖွဲ့ဆိုခဲ့သည့် ကဗျာများမှာ ယနေ့ထိ စာပေတွင် သက်သူဇာ၏ အလှဘွဲ့အဖြစ် ထင်ရှားနေသေးသည်။ သက်သူဇာ၏အလှဘွဲ့ကဗျာကို ဆောင်းပါးနောက်ဆုံးတွင် ဖော်ပြထားပါသည်။

စန္ဒသုဓမ္မရာဇာမင်းသည် ကတိအတိုင်း မဂိုထီးနန်းကို သိမ်းပြီး ချာချူဂျာအား ထီးနန်းတင်ရန်အတွက် ရခိုင်ကုန်းတပ်နှင့် ရေတပ်များကို ဘင်္ဂလားနယ်မှတစ်ဆင့် အိန္ဒိယသို့ ချီတက်စေခဲ့သည်။ ချီတက်လာသော ရခိုင်ကုန်းတပ်ကို ဘင်္ဂလားဒေသ၌ မဂိုဘုရင်၏တပ်မှူး မာဂျူလာဦးဆောင်သော တပ်က ညအချိန်တွင် ဝင်ရောက်တိုက်လေသည်။ ရခိုင်စစ်သည်များသည် မမျှော်လင့်ဘဲ အတိုက်ခံခဲ့ရ၍ အသေအပျောက်များခဲ့သည်။ အင်အားမမျှ၍ ရှေ့သို့မတိုးနိုင်ဘဲ တပ်ခေါက်ပြန်ခဲ့ရသည်။ ဤအကြောင်းကို ချာချူဂျာကြားသောအခါ မိမိ၏မဂိုနန်းရမှုမျှော်လင့်ချက်မှာ လုံးဝကုန်ဆုံးခဲ့ကြောင်း သိခဲ့ရသည်။ သို့သော် ဘုရင်လုပ်လိုသော ချာချူဂျာ ရခိုင်ဘုရင်ထီးနန်းကို လုရန် ကြံစည်ခဲ့သည်။ ထိုအကြံအစည်ကို ဘုရင်သိရှိသဖြင့် လိုက်၍ဖမ်းဆီးရာ ချာချူဂျာနှင့် နောက်ပါများသည် ရခိုင်ပြည်မြောက်ပိုင်း တောင်တန်းဒေသသို့ ထွက်ပြေးလွတ်မြောက်ခဲ့ကြသည်။

စန္ဒသုဓမ္မမင်းသည် မိမိ၏ကျေးဇူးကို မသိဘဲ မိုက်မိုက်ရိုင်းရိုင်း ကြံစည်ခဲ့သော ချာချူဂျာကို များစွာအမျက်ထွက်ခဲ့သည်။ ထွက်ပြေးခဲ့သော ချာချူဂျာနှင့် အဖွဲ့ဝင်များအား လိုက်လံဖမ်းဆီးခဲ့ရသော ချာချူဂျာနှင့် သားများကို ဖမ်းဆီးရမိခဲ့သဖြင့် အားလုံးကို သေဒဏ်ပေးခဲ့သည်။ ချာချူဂျာ၏မယားနှင့်သမီးများကို ဘုရင်၏ကြင်ယာတော်နှင့်အတူ နေထိုင်စေခဲ့သည်။ ချာချူဂျာ၏ကျန်နေသော နောက်လိုက်များကို ဘုရင်တပ်မတော်၌ လေးကိုင်စစ်သည်အဖြစ် ခန့်အပ်ထားခဲ့သည်။ သူတို့ကို ကမန်ဟုခေါ်ကြသည်။ ကမန်စစ်သည်တို့၏တာဝန်မှာ နန်းတော်လုံခြုံရေးနှင့် ဘုရင်၏ကိုယ်ရံတော်တပ်သားအဖြစ် တာဝန်ထမ်းဆောင်ရသည်။

ခရစ်သက္ကရာဇ် ၁၆၆၃-ခုနှစ်တွင် ကမန်စစ်သည်များသည် တစ်ခုသောညဥ့်အချိန်၌ နန်းတော်ကို မီးရှို့ကြသည်။ ဘုရင်နှင့်မိဖုရားများ လွတ်မြောက်ခဲ့သော်လည်း မြောက်ဦးမြို့စား မနောသီဟမှာ မီးလောင်၍အသက်ဆုံးရှုံးခဲ့ရသည်။ စန္ဒသုဓမ္မရာဇာဘုရင်သည် အမျက်ဒေါသများစွာထွက်၍ ကမန်စစ်သည်အားလုံးကို ဖမ်းဆီးစေပြီး ကွပ်မျက်ခဲ့သည်။

အချို့ကမန်စစ်သည်များကို တစ်ကျွန်းပို့စေခဲ့သည်။ ရန်ကြွင်းရန်စငြိမ်းစေရန် ချာချူဂျာ၏သမီးတော်များကို ဘုရင်၏ကြင်ယာတော်ပါမကျန် သေဒဏ်ပေးခဲ့သည်။

ချာချူဂျာအကြောင်းကို ရခိုင်ရာဇဝင်များ၌ တစ်စောင်တစ်မျိုးဖော်ပြကြသကဲ့သို့ အနောက်တိုင်းသမိုင်းပညာရှင်များလည်း တစ်မျိုးတစ်မျိုးစီ ရေးသားခဲ့ကြသည်။ သို့သော် ချာချူဂျာသည် ထီးနန်းလုပွဲတွင် အရေးနိမ့်၍ ရခိုင်ဘုရင် စန္ဒသုဓမ္မရာဇာမင်းထံ ခိုဝင်ခဲ့ကြောင်းကို တညီတညွတ်တည်း ရေးသားခဲ့ကြသည်။ ယင်းကြောင့် ရခိုင်ရာဇဝင်အချို့က ချာချူဂျာသည် နရပတိမင်းလက်ထက် ရောက်ခဲ့ကြောင်း ရေးသားချက်မှာ မဖြစ်နိုင်ချေ။ ဓမ္မသုဓမ္မရာဇာမင်း လက်ထက်သာ ဖြစ်နိုင်ပေသည်။

အဘယ်ကြောင့်ဆိုသော် နရပတိမင်းကြီးသည် ကောဇာသက္ကရာဇ် ၁၀၀၀မှ ၁၀၀၇ ခုနှစ်ထိ (၇)နှစ် မြောက်ဦးထီးနန်းကို စိုးစံခဲ့သည်။ ၎င်းမှာ ခရစ်သက္ကရာဇ်နှင့်ဆိုလျှင် ၁၆၃၈ မှ ၁၆၄၅ ထိ ဖြစ်သည်။ ချာချူဂျာ

၇။ လှစံတင့်၍၊ ကေသျှင့်မြနှစ်၊ ထုံးကျစ်လျစ်နှင့်၊ ရေသစ်မွှမ်းဖျင်း၊ မြတေဝင်းမျှ၊ အဆင်းရွှေရောင်၊ ခန်းလုံးပြောင်သား၊ တန်ဆောင်အတူ၊ ထွားပြာဖြူလျှင်၊ မိုးသူနတ်ရပ်၊ နှိုင်းမစပ်တည့်၊ ခြောက်ထပ်တံခွန်၊ လှတင့်ဟန်နှင့်၊ ယုဂန်ထိပ်ဖျား၊ ဘယ်သိကြားသည်၊ မှတ်သားနောင်တို့ ရန်သနည်း။

**ရွှေခိုင်ကျော် (မြောက်ဦး)**

## မှီငြမ်းပြုသောစာအုပ်များ


၁။ ရခိုင်ရာဇဝင်သစ်ကျမ်း (ဒုတိယအုပ်-ရမ်းပြည့်တောင်ကျောင်းဆရာတော်)

၂။ ဓညဝတီရာဇဝင်သစ် (ပဲခူးမင်းကျောင်းဆရာတော် ဦးပဏ္ဏို)

၃။ ရခိုင်မဟာရာဇဝင်တော်ကြီး၊ ဦးသာထွန်းအောင်၊ မြို့ဟောင်းမြို့

၄။ ၁၉၂၁ခုနှစ် ရှေးဟောင်းသုတေသနအစီရင်ခံစာ

၅။ မြန်မာနိုင်ငံသမိုင်း၊ မစ္စတာဖေး

၆။ မြန်မာနိုင်ငံသမိုင်း၊ မစ္စတာ ဒဗလူယူအက်စ်ဒီဇယ်။


ရခိုင်ညွန့်ဖူးစာစောင် (၄) ၁၉၉၇

ပုဏ္ဏားပျို့သျှေလည်း ဆရာမှာရေအတိုင်း ဝတ္တရားမပျက် နိန့်စိုင်ဆောင်ရွက်ပါရေ။ ယင်းပိုင်နန့် တစ်ပတ်လောက်ကြာရေအခါ ဆရာကြီးရေ ပုဏ္ဏားပျို့သျှေကို ခေါ်ပြီးကေ ဝါကြီးမကို ချော့မြူပြောရဖို့ စကားတိကို သင်ထားပါရေ။

တစ်ရက်နိန့်ခါက ဝါကြီးမကို ရီချိုးပီးနီးစိုင် ဆရာကြီးသင်ထားရေအတိုင်း ဝါကြီးမကို စကားစ,ပါရေ။

"အဘောင်သျှင် အသက်ဇာလောက်ဟိပါဗျာယ်လေ"

"ငါ့အသက် (၁၂၀)ဟိဗျာယ်"လို့ ဝါကြီးမက ပြန်ပြောပါရေ။

ပုဏ္ဏားပျို့သျှေကလေ့ ထပ်ပြီးကေ "အသက်(၁၂၀)ဟိကေလေ့ အဘောင်သျှင် အသားအရီတိက ဝင်းနီသိရေ။ အပျို့သျှေခါဆိုကေ ကောင်းကောင်းလှဖို့ရာမနား"

ယင်းစကားကို ဝါကြီးမကို ပြောရေအခါ ငယ်မူပြန်လာပြီးကေ ပုဏ္ဏားသျှေကို နစပ်ဖို့အထိ ဖြစ်လာပါရေ၊

ပုဏ္ဏားသျှေကလေ့ "အဘောင်သျှင်ကို နစပ်ချင်ကေလေ့ ဆရာကြီးကို ကြောက်ပါရေ၊ ဆရာကြီး မဟိမှရာ နစပ်နိုင်ဖို့"လို့ပြောပါရေ။

ယင်းအခါ တဏှာရမ္မက်တက်နီရေ ဝါကြီးမက "နင့်ဆရာကို သတ်ပစ်"လို့ ပြောပါရေ။

ပုဏ္ဏားပျို့သျှေက "အကျွန်၏ကျေးဇူးသျှင်ဖြစ်လို့ မသတ်ဝံ့ပါ"လို့ပြောပါရေ။

ဝါကြီးမက "နင်မသတ်ဝံ့ကေ ငါ့သားကို ငါသတ်မေ၊ ငါ့ကိုရာ နင် ထားမပစ်ခကေ့"လို့ ပြောပါရေ။

အေအကြောင်းတိကို ပုဏ္ဏားပျို့သျှေရေ ဆရာကြီးကို အားလုံးပြန်ပြောပါရေ။

ယင်းအခါ ဆရာကြီးရေ အမိ၏သက်တမ်းကို တွက်စစ်ကြည့်ရေအခါ ယင်းနိန့်ပင် သက်တမ်းစိလို့သီဖို့စွာကို မြင်ပါရေလတ်။ ယေဇူနန့် အပူတပြင်း ရီသဖန်းသားတုံးကို အရုပ်တစ်ခုလုပ်ပြီးကေ ဆရာကြီးအိပ်နီကျကုတင်ထက်မှာ ပဆိုးကို ခေါင်းဆုံးခြီဆုံး ခြုံပြီးထားပါရေ။ ယေပြီးကေ ကြိုးအရှည်တစ်ပင်ကို ယူလို့ ကြိုးတစ်စကို ကုတင်ပေါ်မှာချိုင်ပြီးကေ နောက်တစ်စကို ဝါကြီးမအခန်းထဲထိ ရောက်အောင် တင်းလို့ချိုင်ထားပါရေ။

အားလုံးကိစ္စပြီးရေအခါ ပုဏ္ဏားပျို့သျှေရေ ဝါကြီးမဘက်ကို လာပြီးကေ"အေလာ အဘောင်သျှင်၊ အဂုဆရာကြီးရေ ကုတင်ထက်မှာ အိပ်နီရေ၊ အေပေါက်ဆိန်ကိုယူလို့ ကြိုးတန်းအတိုင်း လျှောက်လားပြီးကေ ဆရာကြီးကို ခွတ်သတ်ခို"

ဝါကြီးမက "နင် ငါ့ကိုပစ်လားဖို့လား"လို့ မိန်းပါရေ။

ပုဏ္ဏားပျို့သျှေက "မပစ်ပါ"လို့ ကတိပီးပါရေ။ ယေအခါ ဝါကြီးမရေ ပေါက်ဆိန်ကို လက်တစ်ဖက်နန့်ကိုင်ပြီးကေ အခြားလက်တစ်ဖက်က တုန်တုန်ယင်ယင်နန့် ကြိုးကိုကိုင်ပနာ ဆရာကြီးအိပ်နီရေ ကုတင်ဟိရာကိုလျှောက်လာပါရေ။

ကုတင်ကို ရောက်တေခါ တစ်ချက်တည်းနန့် သီအောင်လို့ လိုင်ဖင်းနီရာကို မှန်းပြီးကေ ပေါက်ဆိန်နန့်ပေါက်ချလိုက်ပါရေ။ ပေါက်ဆန်ရေ သစ်တုံးမှာကျခါ "ဒုန်း"လို့ အသံထွက်လာပါရေ။ ယေအခါ ဝါကြီးမကသစ်သားဖြစ်စွာကို သိလားခပါရေ။

ယင်းအချိန်မှာပင် ကုတင်ခြီရင်းဘက်က ပုန်းနီကတ်တေ ဆရာကြီးနန့် ပုဏ္ဏားပျို့သျှေရို့ ထွက်လာကတ်ပြီးကေ ဆရာကြီးက "အမင် ဇာပိုင်လုပ်လေချင့်"လို့ပြောလိုက်တေအခါ ဝါကြီးမရေ ငါတော့ခါ လိမ်စွာကိုကျဗျာယ်လို့ သိလီပါရေ။ ယင်းအချိန်မှာပင် လဲကျပြီးကေ သီဆုံးလားခပါရေ။

ဆရာကြီးရေ အမိ၏အလောင်းကို သဂြိုဟ်ပြီးရေအခါ ပုဏ္ဏားပျို့သျှေကို ခေါ်ပြီးကေ "ငါ့တပည့် မင်းရို့မှာငါ့အမိဝါကြီးမ၏ အဖြစ်ကို မင်းမြင်ဗျာယ်မဟုတ်လား၊ အသာတမန္တအတတ်ဆိုစွာ မိန်းမရို့အကြောင်းကို လေ့လာရေပညာရပ်ဖြစ်တေ၊ မင်း အဂုမိန်းမအကြောင်းကို သိမြင်ဗျာယ်မဟုတ်လား၊ မင်း ပညာတတ်ဗျာယ်၊ မင်းမိဘအရပ်

# ပုဂံပြည်ရောက် ရခိုင်မင်းသား

ရွှေစိုင်ကျော် (မြောက်ဦး)

ဝေသာလီခေတ်တွင် စိုးစံခဲ့သော စန္ဒရားမင်းဆက်၏နောက်ဆုံးမင်းဆက်ဖြစ်သော စူဠစန္ဒရားမင်းသည် သင်းတွဲပြည်မှအပြန် မော်တင်စွန်း၌ နဂါးနှစ်၍နတ်ရွာစံလေသည်။ ထိုမင်းနတ်ရွာစံစဉ်၌ မိဖုရားကြီး စန္ဒာဒေဝီတွင် သန္ဓေ(၃)လနှင့် ကျန်ခဲ့သော သားတော်သည် မျိုးခြားမြို့မင်း အမြတူမင်းပြုစဉ် မွေးဖွားခဲ့၍ ချစ်ခင်လေးမြတ်သူတို့ယူပြီး စစ်တန်းတင် (စိုင်းဒင်) အရပ်၌ သက်လူမျိုးတို့ထံတွင် အပ်နှံ၍ မွေးစားခဲ့ကြသည်။

ထိုမင်းသားသည် အသက်(၂၃)နှစ်ရောက်လေလျှင် လူဗိုလ်ပါစုရုံးလျက် ဝေသာလီကိုတိုက်ယူသိမ်းပိုက်ခဲ့လေသည်။ ဝေသာလီမြို့မှာ ကိန်းခမ်းကုန်ပြီဖြစ်သဖြင့် စမ္ပဝက်မြို့ဟူ၍ တည်ထောင်ကာ (အေဒီ-၉၉၃)တွင် စိုးစံခဲ့သည်။ ဤမင်းကို သက်လူမျိုးတို့က ငါတို့မင်းဟု ခေါ်သည်ကို အစွဲပြုပြီး ငမင်ငတုံဟု ခေါ်တွင်ခဲ့သည်။ ငယ်အမည်မှာ ရွှေစောလူးဖြစ်၍ ရွှေစောလူးမင်းဟုလည်းခေါ်ကြသည်။

ဤအကြောင်းကို ရခိုင်မင်းသမီးချောင်း၌ "ဇေတုံစုစု၊ မိမျက်ရှုကို၊ သိမ့်မှုထွေထွေ၊ မိသည်ရေပိမ့်၊ ပျက်ပေကျိန်းခန်း၊ သစ်နိဓါန်းလျှောက်၊ ရှမ်းပန်းမျက်စ၊ ထိုခဏဝယ်၊ စူဠစန္ဒရား၊ သား၏သုံးဦး၊ စောရွှေလူးကား၊ ကိုယ်ထူရှောင်လစ်၊ စစ်တန်းတင်ထက်၊ သက်နှင့်ဖက်၍၊ သက်သဘောပင်၊ သက်မည်တွင်သား၊ ငမင်းငထုံး၊ ဘုန်းလက်ရုံးဆက်၊ စမ္ပဝက်ကို၊ ဖြူရွှက်ဖြန့်မိုး၊ နှင်းလာစိုးက၊ မိုးကြီးကန်ဝယ်၊ စောင့်ဖန်နဂါး၊ သိကြားပီးသည်၊ ပိတောက်စည်လည်း၊ တီးမည်သံကြောင့်၊ ပုဂံထွားညက်၊ ရှမ်းလည်းပျက်၏၊ တိုင်းထက်ဆယ်ပြန်၊ ရှိပြည်မွန်သည်၊ တဖန်ကျွန်းလုံး၊ နူးတည့်လေ၊ နူးတည့်မောက်တော်၊ ဟုတ်တည့်သြော်၊ ထင်ပေါ်တည်စ၊ စူဠတွင်ငြား၊ စန္ဒရား၏၊ သက်သားလူ့လင်သားမောင်လျှင်တည်း၊ ကြီးအင်ကြံစည်၊ ထီးနန်းတည်၍၊ အမတ်စမ္ပဝက်၊ မင်းရိုးဆက်သည်၊ တိုင်းထက်တည်းကျော်ပြီး၊ ဖိုးရှင်ဘီး၊ ဧးဧးယင်ယင်ဧးဟု စပ်ဆိုထားခဲ့လေသည်။

ငမင်ငတုံး စောရွှေလူးမင်းလွန်လျှင် စူဠစန္ဒရားမင်း၏တူတော် ခေတ္တသင်မင်းကို ထီးနန်းတင်ကြသည်။ ထိုမင်းသည် စမ္ပဝက်မြို့ ကိန်းခန်းကုန်ပြီဖြစ်၍ ထိုမြို့၏တောင်ဘက်၌ ပဥ္စာမြို့သစ်ကို တည်ထောင်စိုးစံခဲ့သည်။ ခေတ္တသင်းမင်းလွန်လျှင် ညီတော်စန္ဒသင်းမင်း စိုးစံခဲ့သည်။ စန္ဒသင်းမင်းလွန်လျှင် သားတော်မင်းရင်ဖြူထီးနန်းကိုဆက်ခံခဲ့သည်။ ထိုမင်းလွန်လျှင် သားတော် နဂရသူရိယ ထီးနန်းဆက်ခံသည်။ ထိုမင်းလွန်လျှင် ပုဏ္ဏကမင်း ထီးနန်းဆက်ခံသည်။ ၎င်းမင်းလွန်လျှင် သားတော် မင်းကြီးဖြူ ထီးနန်းဆက်ခဲ့သည်။ မင်းကြီးဖြူကို စည်သဘင်အမတ်ပုန်စား၍ ထီးနန်းဆက်ခဲ့၏။ စည်သဘင်အမတ်ကို အမတ်ကြီး မဟာနာဂကွပ်မျက်၍လွန်ခဲ့လျှင် မင်းကြီးဖြူ၏သားတော် မင်းနုအား ထီးနန်းကို အုပ်စိုးစေခဲ့သည်။

မင်းနုလွန်လျှင် သားတော်မင်းလာတော် ထီးနန်းဆက်ခံသည်။ ၎င်းလွန်လျှင် သားတော် မင်းဘီလူးသည် မိဖုရားစောစစ်နှင့် (အေဒီ-၁၀၇၅)တွင် ပဥ္စာမြို့ကို အုပ်စိုးခဲ့သည်။ မင်းဘီလူးတွင် သားတော် မင်းရဲဘယနှင့် သမီးတော်မြပေါက်ညိုတို့ ထွန်းကားခဲ့၏။ ၎င်းသားတော် သမီးတော်ကို မောင်နှမရင်းချာထိမ်းမြားပေးပြီး မင်းရဲဘယအား အိမ်ရှေ့အရာအပ်နှင်း၍ မင်းဘီလူးနန်းစံ ခြောက်နှစ်ရှိသောအခါ အမတ်သင်္ဃါယာသည် ဘုရင်အားပုန်စားလို၍ စနည်းနာရန် ထွက်သောအခါ ဝရောင်းငှက်တစ်ကောင်သည် အခြေအရံများနှင့် တင့်တယ်စွာနေသည်ကို မြင်ခဲ့ရ၏။ ၎င်းစနည်းအရ မင်းဘီလူးအားသိမ်းပိုက်၍ ထီးနန်းကိုအုပ်စိုးခဲ့လေသည်။

ဝရောင်းငှက်စနည်းကိုယူ၍ မင်းဖြစ်လာသောကြောင့် သင်္ဃါယာအမတ်အား ဝရောင်းငှက်စနည်းမင်းဟု ခေါ်တွင်ခဲ့၏။ အမတ်သင်္ဃါယာပုန်စား၍ မင်းဘီလူးအရေးနိမ့်သောအခါ ရခိုင်မင်းသား မင်းရဲဘယနှင့် မင်းသမီး

မင်း၏(၃)ဆက်မြောက်ဖြစ်သော မင်းပတိကြားလေလျှင် တောင်ညိုအရပ်က ဆီး၍တိုက်လေသည်။

ရေကြောင်းချီလာသော တလိုင်းတပ်ပျက်လေ၏၊ တလိုင်းတပ်ပျက်ကြောင်းကြားသိသော် ကြေးကြောင်းမှ ချီလာသော မြန်မာတပ်သည် ဆုပ်သွားကြလေသည်။

ဤအကြောင်းကို အလောင်းစည်သူ မင်းကြီး ကြားလေသော် အမျက်ထွက်၍ ရဲမက်ဗိုလ်ပါနှင့် လှေများ ထပ်လောင်းပေးပြီး ချီတက်စေ၏။ မြန်မာတပ်နှင့်တလိုင်းတပ် ပေါင်းပြီးတိုက်ကြသောအခါ ပဋ္ဌာမြို့ကျ၍ မင်းပတိကို ဖမ်းမိလေသည်။

မင်းပတိအား ကွက်မျက်ပြီး လက်ျာမင်းနန်ကို ထီးနန်းတင်ခဲ့၏။ ၎င်းသည် မိဖုရားရွှေဂူသာနှင့် သက္ကရာဇ် ၄၆၅-ခု၊ အေဒီ ၁၁၀၃-ခုတွင် ပဋ္ဌာမြို့၌ ထီးနန်းစိုးစံခဲ့လေသည်။

ပဋ္ဌာမြို့သည် ကျိန်းခန်းကုန်ပြီဖြစ်၍ မြို့သစ်တည်လိုသဖြင့် မင်းနှင့်တကွ ပညာရှိအမတ်တို့သည် ဖောင်တော်စီးပြီး အဥ္စနနဒီမြစ်ကို စုံဆင်းကာ နေရာရှာခဲ့ကြသည်။

လက်ျာဘက်နေရာတွင် ဖောင်တော်ကိုရပ်လျှက် နေရာကို ကြည့်ရှုကြလေသည်။ မြေနေရာမှာ ညီညာ ဖြန့်ဖြူး၍ လယ်ယာလုပ်ငန်းအတွက် သင့်တော်ပြီး နန်းမြို့တည်ရန် သင့်တော်သဖြင့် မြို့သစ်တည်ရန် ရွေးချယ်ခဲ့ ကြသည်။

ထိုစဉ် မင်းနှင့်ပညာရှိတို့ နေရာမှမနီးမဝေးရှိသော ပညောင်ပင်စောင့်နတ် ကိုယ်ထင်ပြ၏။ (ပရိန် ပရိန်) ဟု ပြောဆိုပြီး ကွယ်ပျောက်ခဲ့လေသည်။

၎င်းကို အစွဲပြု၍ မြို့တော်ကို ပရိန်မြို့ဟုခေါ်တွင်သမုတ်ခဲ့၏။ ပရိန်မြို့တော်ကို လက်ျာမင်းနန်သည် သက္ကရာဇ် ၄၆၅-ခု၊ (အေဒီ ၁၁၀၃)တွင် တည်ထောင်စိုးစံခဲ့၏။

ဤအကြောင်းကို ရခိုင်မင်းသမီးဧချင်း၌. . .

"ဇေပိမ့်တချက်၊ စမ္ပဝက်၌၊ ဖုန်းဆက်စည်းကြုံး၊ ဆယ်ယောက်သုံးတွင် အဆုံးစွန်မူး၊ မင်းဘီလူးကို၊ ကျွန်ထူး လှည့်ပတ်၊ ပုန်ကန်သတ်၍၊ မတ်သခ်ီယာ၊ မည်သာတစ်ချက်၊ ဝရောင်းငှက်လျှင်၊ သုံးဆက်ရှိုးသာ၊ ပဋ္ဌာမြို့ဟောင်း၊ ကြိမ်ပြီးနှောင်းမှ၊ မင်းဟောင်းသွီးခဲ၊ မင်းရဲဘယ၊ ပေါက်ညိုမြနှင့် ကြွခဲ့ရှိပြည်၊ ဆို့နှစ်မည်တွင်၊ မြင်ခဲ့သည်းချာ၊ ရွှေဂူသာနှင့်၊ လက်ျာမင်းနန်၊ မင်းရိုးမှန်လျှင်၊ တဖန်လည်းကောင်း၊ အလောင်းစည်သူ၊ ခိုသူမူလိုင်း၊ တလိုင်း တစ်သိန်း၊ ပျူတစ်သိန်းနှင့်၊ နှောင်ကျဉ်းခါချိန်၊ ပြက္ခဒိန်လျှောက်၊ ပရိန်မြို့သစ်၊ ထောင်သာလှစ်သည်၊ ချစ်နှစ်ပြည်သူ၊ ရှူးတည့်လေ၊ ရှူးတည့်မောက်တော်၊ ဟုတ်တည်းသြော် နှစ်ဖော်နှစ်ပါး၊ ထူးမခြားတည်း၊ သျှင်သားသမီး၊ ဆွီဇနီးလျှင်၊ ပြည်ကြီးစိုးလှာ၊ တို့ချမ်းသာကို၊ ရှာသည်တည်းမငြီး၊ မေတ္တာရှီး၊ ဧးယင်ယင်ဧး ဟု စပ်ဆိုခဲ့သည်။

လက်ျာမင်းနန်သည် ပုရိန်မြို့ကို မြို့အင်္ဂါရပ်များနှင့်အညီ တည်စေပြီး နန်းတော်အရှေ့ဘက် တောင်ကုန်း ပေါ်တွင် ပါးရီတော်ဓာတ်စေတီနှင့် နားရီတော်ဓါတ်စေတီများကို တည်ထားခဲ့သည်။

မြတ်စွာဘုရား၏ ပါးရီတော်ဓာတ်ရှိသောကြောင့် ပါးရီမြို့၊ ပါးရိန်မြို့၊ ပုရိန်မြို့ဟု ခေါ်တွင်ကြောင်း မှတ်သားရပေသည်။

လက်ျာမင်းနန်သည် မေရုံဘုရားကြီးနှင့် လောင်းကြက်နတ်တောင်ရှိ ဘုရားကြီးများကို ဂူတော်နှင့်တကွ ကောင်းမှုပြုခဲ့လေသည်။

သက္ကရာဇ် (၄၇၁)ခု၊ အေဒီ (၁၁၀၉)တွင် လက်ျာမင်းနန် နတ်ရွာစံခဲ့၍ သားတော်မင်းသီဟ ထီးနန်းကို ဆက်ခံခဲ့သည်။

လက်ျာမင်းနန်မှ ကောလိယထိ မင်း(၆)ဆက်နှစ်ပေါင်း (၂၀)ကို ပထမပုရိန်ခေတ်ဟု သတ်မှတ်ခဲ့ကြသည်။

ကောလိယမင်းနတ်ရွာစံသောအခါ သားတော်ဒသရာဇာမင်း သက္ကရာဇ် (၄၈၅)ခု၊ (အေဒီ ၁၁၂၃)

# ဆရာပြောခဲ့သော ရခိုင်မင်းသမီး ဈီးခြင်း

ရွှေနိုင်ကျော်(မြောက်ဦး)

ရခိုင်တို့မှာ ယီးလား ယီးဆွဲ၊ ယီးယင်ဟူ၍ အခြင်းသုံးမျိုးရှိသည်။ လောင်းလှေလှော်ရာ၌ အားပေးသော အခြင်းမှာ ယီးဆွဲဖြစ်ပေသည်။ အခြင်း၏အဆုံး၌ ဟိုလေမောင်ရို့ ယီးဆွဲ ယီးဆွဲဟုအော်၍ လောင်းလှေကို အားဖြင့် လှော်ရခြင်းဖြစ်သည်။ ယီးလားမှာ လေးလံသောပစ္စည်းကို ရွှေ့ပြောင်းဆွဲယူရာ၌ အားပေးအားမြှောက် အဖြစ် ဆိုရသောအခြင်းဖြစ်ပေသည်။ အခြင်း၏အဆုံး၌ ယီးလားဟု အော်ဆိုရသည်။ တစ်လံတစ်လံဟု တိုင်ပေး သောအခါ ယီးလားဟု အော်ပြီးဆွဲရသည်။ နောက်တစ်မျိုးမှာ ယီးယင် (ဝါ) ယိုင်ခြင်းဟုဆိုရသော ပုခက်လွှဲခြင်း ဖြစ်ပေသည်။ ဤယိုင်ခြင်းကို စာပေတွင် ဇချင်းဟု ရေးသားသည်ကို ဖတ်ဖူးပါသည်။ ရခိုင်စာပေ၌ ဈီယင်ဟူ၍ ရေးသားသည်။ ယိုင်းသာခြင်းဟုခေါ်လိုက ခေါ်နိုင်ပေသည်။ မူရင်းတွင် ဈီးယင်ဟု ရေးသားသည်ကို တွေ့ရပေ မည်။ ဈီးကို ယီးဟု အသံထွက်ရပေသည်။ ဈီးဟူသောစကားမှာ ယနှင့်အီးကို ပေါင်းစပ်ထားသော စကားဖြစ်ပေ သည်။

ဈီးယင် (သို့) ဈီးခြင်းမူရင်းကို စာရေးသူလွန်ခဲ့သော (၄၅)နှစ်က ဆရာကြီးဦးဦးသာထွန်းထံမှ ရရှိခဲ့သည်။ စာရေးသူသည် ကျောင်းဆရာအဖြစ် တာဝန်ထမ်းဆောင်ခဲ့စဉ် ကျောင်းပိတ်ရက်များ၌ ဆရာကြီးဦးဦးသာထွန်းထံ သွားရောက်ပြီး ပညာဆည်းပူးခဲ့သည်။ တစ်နေ့သောအခါ ကျောင်းပိတ်ရက်တွင် စာရေးသူ ဆရာကြီး၏အိမ်သို့ ရောက်ရှိခဲ့သည်။ ထိုအချိန်၌ ဆရာကြီးသည် ပေစာတစ်စောင်ကို ကုလားထိုင်၌ ထိုင်၍ဖတ်နေသည်။ စာရေးသူ သည် ဆရာကြီးအနီးရှိ သင်ဖျူးဖျာတွင်ထိုင်ပြီး ဆရာကြီးဖတ်သောစာကို နားထောင်နေခဲ့သည်။ ဆရာကြီး၏အသံ မှာအလွန်နားထောင်ကောင်းသည်။ စာတစ်ပိုဒ်ဆုံးသောအခါ ဆရာကြီးက စာရေးသူအား မောင်ကျော်ကျော်လှ အဂုဆရာဖတ်နီစွာရေ ရခိုင်မင်းသမီးဈီးခြင်းမူရင်းဖြစ်တေ-မင်းငါ့အသံကို နားထောင်ပြီးကေ အေအပိုဒ်ကို ပြန်ဖတ် ပြပုဟုပြောခဲ့သည်။ စာရေးသူလည်း ဆရာကပေးသော ပေချပ်ကိုယူ၍ ပြန်ဖတ်ပြခဲ့သည်။ စာရေးသူလည်း ဆရာ အား ရခိုင်မင်းသမီးဈီးခြင်းအကြောင်းကို မေးမြန်းခဲ့သည်။ ဆရာကြီးသည် ဖတ်လက်စပေစာကို ချပြီး စာရေးသူ အား ဤသို့ပြောပြခဲ့သည်။

မြောက်ဦးထီးနန်းကို ဘုရင် ဘစောဖြူရေ ရခိုင်သက္ကရာဇ် (၈၂၀)မှာ အုပ်စိုးခရေ ယင်းဘုရင်၏ မိဖုရားစွာ စောနန္ဒာဖြစ်တေ၊ ထိုမိဖုရားကို ဘုရင်မင်းက နန်းတော်၏အနောက်ဘက် မောက်တော်တံခါးအနားမှာ အိမ်ကြီး ဆောက်ပြီးနီစီရေလတ်။ ယင်းအိမ်မှာပင် သမီးတော်တစ်ပါး ဖွားမြင်ခရေလတ်။ နာမည်က စောရွှေကြာလို့ ခေါ်ရေလတ်။ မောက်တော်တံခါးအနားမှာ မွီးရေအတွက်နန့် မောက်တော်စောရွှေကြာလို့လဲ ခေါ်ရေလတ်၊ မင်းသမီးချေကို ပခက်တင်မင်္ဂလာကျင်ပဘို့လို့ ဘုရင်က စီစဉ်ရေလတ်၊ ယင်းမင်္ဂလာအခမ်းအနားကို ဈီးယင်ကျူး ဘို့အတွက် ယိုင်းသာခြင်းလိုရေလတ်။ ယဇုနန့် ဘုရင်မင်းကြီးက တစ်ပြည်လုံးသိအောင် ယိုင်းသာချင်းဆက်သွင်းဘို့ ကြော်ငြာရေလတ်။ ယခေါ အရှိုဖရုံကာ (ဘဒ္ဒူ)ကျွန်းအနီးနီရေ မင်းညိုဆိုသူက ဈီးခြင်းများ ရီးစပ်ပြီးကေ ဘုရင့်ထံ ဆက်လီရေလတ်။ ယင်းဈီးခြင်းတိကို ဘုရင်သဘောကျရေအတွက် မင်းညိုကို ခေါ်ပြီးကေ အမတ်ရာထူးကို ပီးလီရေလတ်။ ယင်းပြီးကေ ဘဒ္ဒူကျွန်းကိုလဲ အပိုင်စားပီးသနားရေလတ်။ ယဇုနန့် စာဆိုရှင် မင်းညို ဘဒ္ဒူမင်းညိုလို့ ခေါ်လီကတ်တေလတ်။ စာရေးသူက ဆရာအား ဆရာဈီးခြင်းကို မည်သည့်ခုနှစ်တွင် ရေးစပ်ခဲ့ပါသလဲ ကျွန်တော် က ရခိုင်မင်းသမီးဈေင်းကို အဒ္ဒူမင်းညိုရေးစပ်ခဲ့သည်ဟု ဘတ်ခဲ့ပါသည်။ အဒ္ဒူနှင့် ဘဒ္ဒူမင်းညို မည်သို့ကွဲပြားလာရ သည်ကို ရှင်းပြပါဟု ဆရာ့အားမေးခဲ့ပါသည်။

ချိုးချိုးယင်ယင်ချိုး-ချိုးချိုးပိမ်ပြတ်ပြတ်ကျူးရှိ ရွတ်ပိမ့်။ ထိုမတ်နှစ်ပါး ကြံစည်ထား၍ ဆီးဝါး၊ မန္တာန် တတ်ပွန် အန္တိဇော်ဂျီဝိဇ္ဇာ၊ ပညာစီရင်၊ ဘီလူးသင်သား။ သျှင်စိတ္တရ၊ နာရဒတို့။ မိဖုရားဖြစ်၊ ရလစ်မသတ်၊ ဆရာမှတ်၍၊ ကြည်ညွတ်ရိုသေ၊ တောင်းပန်လီသော်၊ ထွိထွိလာလာ၊ နာနာရုပ်ဟန်၊ ဖန်ဖန်ဆင်းဆင်း၊ လိုက်လီလျှင်းက၊ လွတ်ခြင်း မမြင်၊ ဂူထဲဝင်လို့။ ရှင်တော်ရုပ်ထု၊ ကိုယ်ကောင်းမှုတွင်၊ ပြုတုံသစ္စာ၊ ဆိုမိဠ္ဌါကေ၊ ယင်းခါကဝယ်၊ မြောက်ဦးနယ်၌၊ နှစ်ဆယ်နှင့်ဒီး၊ နန်းတက်စီးမှ ရှင်ဘီးတော်ရင်း ရှင်ရင်းနှင်းခါ-သွီးလက်ရာမူ ပြယ်သောဟူသည်။ နတ်လူအံ့မိန့် မူးတည့်လေ မူးတည့်မောက်တော်ဟုတ်တည့် သြော်-ရှိသော်နှစ်ကျိပ်၊ ရှိသော်နှစ်ကျိပ်-ဖြူရိပ်ဖွီးဖွီး နှစ်ယောက်ဝီး ဝယ်-ရှင့်ဘီတော် ချစ်မင်းခေါင်ဖြစ်မှ-ကျေလစ်တည်းနီထွီး-လက်ရာသွီး-ချိုးယင်ယင်ချိုး

ဆရာက စာရေးသူအား ထပ်ဆင့်၍ပြောပြခဲ့သည်မှာ အေချိုးခြင်းနှစ်ပိုဒ်အထဲက ဒုတိယပိုဒ်မှာ (နှစ်ဆယ် နှင့် ဒွီးနန်းတက်ဝီးမှ) ဆိုရေစကားရေ မြောက်ဦးမြို့မှာ နန်းစံခရေ ဘုရင်များအနက် (၂၂)ဆက်မြောက်ကို ဆိုလိုရင်းဖြစ်တယ်။ မြောက်ဦးမြို့တည် မင်းစောမွန်က (၁၂)ဆက် မင်းဗာကြီးအဆက်က (၉)ဆက်ဆိုကေ (၂၁) ဆက်ကျဗျာ-နရပတိကြီးမင်းက (၁)ဆက်ဆိုကေ (၂၂)ဆက်ကျရေ-ယင်းပိုင် (၂၂)မြောက် နရပတိကြီးမင်း နန်းတက်တေခါ သူဆီးမှာရာ သွီးလက်ရာပြယ်လီလေလတ်-ချိုးခြင်းရှိုး ဆရာ ဘဒ္ဒမင်းညိုရေ နရပတိမင်းကို မသိခ-သွီးလက်ရာပြယ်စွာကိုလဲ မသိနိုင်။ ယကေလဲ့ မောက်တော်ချိုးခြင်းမှာ နန်းကျားကြီးအကြောင်းကို ထည့် ရှိုးထားစွာ ထူးဆန်းနီရေ အေအကြောင်းကို သိမှရာ သံသယရှင်းဘို့ဖြစ်တေ ယဇ္ဇူနန့် မင်းကိုရှင်းပြနီစွာ မှတ်ထား ဟု ဆရာက စိတ်ရှည်စွာ ပြောပါသည်။

စာရေးသူက ချိုးခြင်းကို ပြန်လည်ကူးယူရခြင်းကို သိချင်ပါရေ ဆရာတစ်ချက်ပြောပါဟု တောင်းဆိုခဲ့ပါ သည်။ ထိုအခါ ဆရာက အတိုချုံးပြီး ပြောခဲ့ပါသည်။ ဆရာပြောခစွာကို စာရေးသူ မှတ်မိသလောက် ရီးပြပါမယ်။

မင်းဗာဘုရင် မြောက်ဦးထီးနန်းကို ရရေခါ မြတ်သာထွန်းကို အမတ်ကြီးရာထူးပီးပြီးကေ မဟာပညာကျော် ဘွဲ့ထူးကို ပီးအပ်ခရေ-မဟာပညာကျော်ရေ မင်းဗာဘုရင်သားတော် မင်းတိက္ခာ ၎င်း၏သားတော် မင်းစောလှ (မင်းစော) ၎င်း၏ညီတော် စကြာဝတေး မင်းဗာကြီး၏သားတော် အထွီး မင်းဖလောင်း၊ ၎င်း၏သားတော် မင်းရာဇာကြီး စရေမင်းဆက် (၆)ဆက်တိုင်အောင် မင်းမှုထမ်းခရေ ပညာဟိအမတ်ကြီးဖြစ်ရေ မဟာပညာကျော် ရေ ဟံသာဝတီကို နိုင်ပြီး မင်းရာဇာကြီးနန့်အတူ ပြန်လာလတ်တေ ရီလမ်းက ပြန်လာရေလတ် ယင်းပိုင်ပြန်လာ ရေအခါ နန္ဒဘုရင်၏သမီးတော် ရှင်ထွီးနှောင်းခေါ် ပဂိုးဖြူမင်းသမီးလဲပါလာရေလတ် မဟာပညာကျော်လဲ အသက်(၈၀)ဟိဗျာ ယင်းလာလမ်းမှာ ကွယ်လွန်လီရေလတ်။ မော်တင်မှာ အလောင်းကို မီးသဂြိုဟ်ပြီးကေ အရိုးအိုးတည်ထားခရေလတ်-

မဟာပညာကျော် ကွယ်လွန်ခရေအတွက် ၎င်း၏သား ပညာဝံသကို မင်းတိုင်ပင်အမတ် ခန့်အပ်တေ။ ပညာဝံသကွယ်လွန်ရေခါ ၎င်း၏သား ငလက်ရုံးက ဆက်ခံရေ၊ ငလက်ရုံးကွယ်လွန်ရေခါ ၎င်း၏သား ခင်ညိုက ဆက်ခံရေ၊ ခင်ညိုကွယ်လွန်ရေခါ ၎င်း၏သားမြကျော်ဦးက ဆက်ခံရေ။ မြကျော်ဦးလွန်ရေခါ ၎င်း၏သား ရွှေသဲက ဆက်ခံရေ၊ အမတ်ရွှေသဲကို ဓါးပိုင်ကြီး (ငသောက်ကြယ်)ဘုရင်ဖြစ်လာရေခါ ကွပ်မျက်ခရေ။ ယဇ္ဇူနန်း သားတော်ကြီးစံကျော်က ဆက်ခံရရေ၊ ငသောက်ကြယ်လဲ စန္ဒသုမန နာမည်နန့်တည်ရာ ထီးနန်းကို အုပ်ချုပ်ခရေ။ ကသဲ၏သားငယ်က ဇေယျကျော်ထင်ဘွဲ့နန့် ဘိုးတော်ဘုရားဘက်မှာ အမတ်အဖြစ် ခစားရရေ။ သားကြီးစံကျော် က ဘိုးတော်ဘုရား ရခိုင်ကို သိမ်းရေခါ အနောက်ပြည်ကို ထွက်ပြီးလားခရေ။

ဗြိတိသျှရို့ရေ ရခိုင်ကိုသိမ်းယူပြီး အနောက်ပြည်ရှိ ရခိုင်သားတိကို ပြန်ခေါ်ရေလတ်။ ယေခါ စံကျော်၏ သားထွီးအောင်ဖုံရေ မိသားစုတိနန့် မြောက်ဦးကို ပြန်လာရေလတ်-ယင်းထွီအောင်ဖုံက ကိုယ့်အိမ်မှာ စာရီးတတ်

# ထေရဝါဒ သာသနာ ရခိုင်မှာ ထွန်းကားလာပုံ

၁၉၈၄ခု၊ ဒီဇင်ဘာလ (၂၆)ရက်နေ့တွင် သဲကုန်းသပိတ်အိုင်ဆရာတော် အရှင်ဥာဏိဿရနှင့် သံဃာတော်များသည် မြောက်ဦးသို့ ဘုရားဖူးရောက်ရှိခဲ့ကြပါသည်။ ထိုစဉ် ရခိုင်ပြည်နယ် သာသနာရေးကိစ္စနှင့် ရခိုင်မြန်မာပဏ္ဍိတ်ဆရာကြီး ဦးဦးသာထွန်းအား မေးခွန်းကြီး ခြောက်ခုမေးခဲ့ပါသည်။ ထိုမေးခွန်းများကို ဆရာကြီးသည် တစ်နေရာတည်းမှနေပြီး ဖြေကြားခဲ့ပါသည်။ ယင်းသို့ ဆရာတော်ကြီး၏ အမေးနှင့်ဆရာကြီး၏ ဖြေကြားချက်များကို ပြန်လည်၍ ဆရာကြီးကိုယ်တိုင်က အသံသွင်းပေးခဲ့ပါသည်။ ထိုအသံသွင်းချက်မှ မေးခွန်းနံပါတ် (၁)ကို ဖြေကြားချက်အပြည့်အစုံကို ဖော်ပြလိုက်ပါသည်။ ဆရာကြီးသည် ရခိုင်စကားဖြင့် အသံသွင်းခဲ့သည်ကို မြန်မာနိုင်ငံရှိ တိုင်းရင်းသားအားလုံး ဘတ်ရှုနိုင်ရန်အတွက် မြန်မာစာဖြင့် ပြန်လည်ရေးသားတင်ပြလိုက်ရခြင်း ဖြစ်ပါသည်။

**မေးခွန်းခြောက်ခု**

ဆရာတော်ကြီး အရှင်ဥာဏိဿရသည် ဆရာကြီးအား မေးမြန်းခဲ့သော သာသနာရေးဆိုင်ရာ မေးခွန်း ခြောက်ခုကို မေးခဲ့ပါသည်။

ယင်းတို့မှာ-

၁။ ရခိုင်ပြည်နယ် သာသနာသည် ထေရဝါဒဗုဒ္ဓသာသနာမှ ဆင်းသက်လာသော သာသနာမဟုတ်၊ မဟာယနဂိုဏ်းမှ ဆင်းသက်လာသော သာသနာသာဖြစ်သည်။ ဤအကြောင်းကို ဖြေရှင်းပေးပါ။

၂။ ဗုဒ္ဓ၏ပါဠိတော် အဋ္ဌကထာစသည်တို့တွင် မပါရှိဘဲ မြတ်စွာဘုရားသည် ဓညဝတီပြည်သို့ ကြွရောက်လာခဲ့ပြီး ကျောက်တော်တောင်၌ တန့်ရပ်ခဲ့သည်ဟု ရေးသားပြောဆိုကြသည်။ ဤအကြောင်းကိုလည်း ဖြေရှင်းပေးပါ။

၃။ ဗုဒ္ဓ၏ပါဠိတော် အဋ္ဌကထာစသည်တို့၌ မပါရှိဘဲ မြတ်စွာဘုရားသည် စန္ဒသူရိယမင်းကြီးနှင့်တွေ့ဆုံပြီး မဟာမုနိဘုရားကို သွန်းလုပ်ခဲ့သည်ဟု ရေးသားပြောဆိုကြသည်။ ဤအကြောင်းကိုလည်း ဖြေရှင်းပေးပါ၊

၄။ သံဂါယနာခြောက်တန်၌ မပါဘဲလျက် ရခိုင်ပြည်နယ် ဝေသာလီ ရွှေတောင်ကြီး၌ စတုတ္ထသံဂါယနာကို တင်ခဲ့သည်ဟု ရေးသားပြောဆိုကြသည်။ ဤအကြောင်းကိုလည်း ဖြေရှင်းပေးပါ။

၅။ ရခိုင်ပြည်နယ်ရှိ ဓာတ်တော်များကို ကျောက်ရိုးတော်ဓာတ်-ဦးရာဇ်တော်ဓာတ်- လည်ရိုးတော်ဓာတ် စသည်ဖြင့် အမည်အမျိုးမျိုးပေးထားကြသည်။ ဤအကြောင်းကိုလည်း ပါဠိတော်အဋ္ဌကထာ၌ မတွေ့ရ၍ ဖြေရှင်းပေးပါ။

၆။ ရခိုင်ပြည်နယ်တွင် အသုံးပြုသော ပါဠိတော်များမှာ မြန်မာမူဖြစ်သလော၊ မည်သည့်မူနည်း၊ သံဂါယနာ ခြောက်တန်တွင် ပါသောမူဖြစ်သလော ဖြေရှင်းပေးပါ။

**ကတိနှစ်ခုပေးပါဘုရား**

ဆရာတော်ကြီး၏မေးခွန်းများအနက် နံပါတ်(၁)မေးခွန်းကို ဆရာကြီး ဦးဦးသာထွန်းဖြေကြားချက်-

ယခုအရှင်ဘုရား တပည့်တော်အား မေးထားသောမေးခွန်းများကို လွယ်ကူစွာ ဖြေရှင်းနိုင်ပါသည်ဘုရား၊ သို့သော် အရှင်ဘုရားက တပည့်တော်အား ကတိနှစ်ခုကို ပေးရပါမည်။ သို့မှသာ တပည့်တော်ဖြေကြားပါမည်

**သာသနာညှိုးခဲ့**

တပည့်တော်တို့ ရခိုင်ပြည်သည် သူတစ်ပါးလက်အောက်ကို ကျရောက်သည့်နေ့ကစပြီး သာသနာညှိုးနွမ်းခဲ့သည်မှာ ယနေ့တိုင်ဖြစ်ပါသည်။ သာသနာရေးဆိုင်ရာ စာတတ်အုပ်မျှ မထွက်ပါ၊ ကိုလိုနီခေတ်အခါက စာပေဝါသနာပါသောလူများသည် ပေစာများကို တစ်ဆင့်ကူးယူပြီး စာမူတစ်ခုကို ငါးစောင် ဆယ်စောင်စသည်ဖြင့် ပွားများကြပါသည်။ ယခုအခါ စာပုံနှိပ်စက် ပေါ်လာသောအခါ ဟောင်းနွမ်းနေသော ပေစာများကိုလည်း ထပ်မကူး ပုံနှိပ်စာအုပ်ကလည်း မထွက်သည့်အတွက်ကြောင့် စာပေလည်း ကွယ်ခဲ့ပါပြီ။ အဟောင်းဖြစ်သော စာပေများကလည်း ကွယ်ပြီးအသစ်အသစ် စာအုပ်များလည်း မထွက်နိုင်သောကြောင့် ရခိုင်စာပေများ ကွယ်ပျောက်လုမတတ် ဖြစ်ခဲ့ပါသည်ဘုရား။

**သုတေသနလုပ်ငန်းနှစ်မျိုး**

သို့သော် ရခိုင်အမျိုးသား သုတေသီများက ရခိုင်တို့၏သာသနာရေး၊ ဘာသာရေး စာပေများကို သုတေသနလုပ်ခဲ့ကြပါသည်။

သုတေသနလုပ်နည်း နှစ်မျိုးရှိပါသည် ဘုရား။ တစ်မျိုးမှာ ဝိဇ္ဇာနည်းဖြစ်၍ အခြားတစ်မျိုးမှာ သိပ္ပံနည်းဖြစ်ပါသည် ဘုရား။ သိပ္ပံနည်းမှာ ငွေကုန်များ၍ မတတ်နိုင်ပါ။ ဝိဇ္ဇာနည်းဖြင့်သာ သုတေသနလုပ်ခဲ့ရပါသည်။ တပည့်တော်တို့ရခိုင်တွင် ရခိုင်စကားနှင့် မဆမငြီရာကောက်နည်း (မုဆိုးမခြေရာကောက်နည်း) ဟု ခေါ်ပါသည်။ ဤနည်းဖြင့် သုတေသနပြုရှာဖွေရပါသည် ဘုရား။ ဤနည်းဖြင့် တပည့်တော်တို့ ရှာလိုက်သောအခါ ရခိုင်သမိုင်းမှာ မြောက်ဦးမြို့သည် နောက်ဆုံးဖြစ်ပါသည်။

**မြောက်ဦးခေတ်မှသည်**

ယခု အရှင်ဘုရားတို့ မြင်နေရသော ဘုရားစေတီများမှာ မြောက်ဦးခေတ် မင်းစောမွန်လက်ထက်ကစပြီး တည်ထားခဲ့သောဘုရားစေတီများ ဖြစ်ပါသည်။ ဤသာသနာသည် မြောက်ဦးခေတ်မှ စခဲ့သလော၊ သို့မဟုတ် မည်သည့်ခေတ်ကပင် ရှိခဲ့သည်ကို သိရန်အတွက် နောက်ကိုတစ်လှမ်းဆုတ်ကြည့်ပါသည်။ ထိုအခါ မြောက်ဦးခေတ်မကျမီ လေးမြို့ခေတ်ရှိခဲ့ကြောင်း သိရှိပါသည်။ ယင်းကြောင့် မြောက်ဦးခေတ်သည် လေးမြို့ခေတ်က ဆင်းလာကြောင်း သိရသည် အရှင်ဘုရား။ လေးမြို့ခေတ် သာသနာကို ကြည့်လိုက်သောအခါ ထိုခေတ်တစ်လျှောက်ဘုရင်များ တည်ထားခဲ့သောစေတီဘုရားများစွာကို တွေ့ရှိရပါသည်။ ထိုမင်းများ လေးမြို့ခေတ်အက္ခရာဖြင့် ရေးထိုးခဲ့သော ကျောက်စာများကိုပါ သက္ကရာဇ်အတိအကျနှင့် တွေ့ရှိရပါသည်။

**ရက္ခဝဏ္ဏအက္ခရာ**

လေးမြို့ခေတ်သည် မည်သည့်ခေတ်က ဆင်းလာသလဲဆိုပြီး နောက်ကိုတစ်လှမ်းဆုတ်လိုက်သောအခါ ဝေသာလီခေတ်ကို တွေ့ရပါသည်။ ဝေသာလီခေတ်ရောက်သောအခါ ရခိုင်စာပေအရေးအသားမှာ အက္ခရာများ ပြောင်းလဲလာပုံကို တွေ့ရှိရပါသည်။ လေးမြို့ခေတ်အစပိုင်းမှာ ဝေသာလီခေတ်က ရွေ့လျောလာသော ရက္ခဝဏ္ဏအက္ခရာများကို အသုံးပြုရေးသားခဲ့ပါသည်။ ရခိုင်၏လေယူလေသိမ်းများဖြင့် ရေးထားသော ရက္ခဝဏ္ဏအက္ခရာဟု ခေါ်ပါသည်။ ဝေသာလီခေတ်မှာ ပထမ၌ ပြဟ္မီပွားအက္ခရာဖြင့် ရေးသားကြပါသည်။ ဝေသာလီခေတ်မှာ ရိုးရိုးစာပေများကို ပြဟ္မီပွားအက္ခရာဖြင့်ရေးပြီး ဘာသာရေးဆိုင်ရာစာပေများကို သက္ကတဘာသာဖြင့် ရေးသားကြောင်း တွေ့ရှိပါသည်။ ဝေသာလီခေတ်နောက်ပိုင်းမှစပြီး ရက္ခဝဏ္ဏအက္ခရာဖြင့် ရေးသားခြင်းကို တွေ့ရှိရပါသည်။

သဘင်ပွဲကို ကြည့်ရှုနေကြစဉ် ပွဲကြည့်ပရိသတ်များကိုကြည့်ပြီး သည်လူများသည် နောက်နှစ်ပေါင်းတစ်ရာအတွင်းမှာ အားလုံးသေပျောက်ကြလိမ့်မည်။ ငါတို့လည်း သေရလိမ့်မည်။ ယင်းကြောင့် မသေသောတရားရှာဖွေရန်အတွက် ရွာမှထွက်သွားကြလေသည်။ မကြားဖူးသောလူငယ်များ သိရှိစေရန် အနည်းငယ် အကျယ်ပြောပါရစေဘုရား။ ထိုကဲ့သို့ တရားရှာဖွေကြသောအခါ သိဥ္စည်းပုရဗိုဇ်ထံသို့ ရောက်သွားကြလေသည်။ သိဥ္စည်းပုရဗိုဇ်ထံ အတတ်ပညာများကို သင်ကြားသောအခါ အားလုံးတတ်သိကြလေသည်။ ဆရာက သင်စရာကုန်ပြီဟုပြောသဖြင့် နောက်ထပ် သိဥ္စည်းဆရာထက်တတ်သိသော ဆရာကိုရှာဖွေရန် သွားကြလေသည်။

ထိုကဲ့သို့ ခရီးဆက်လာကြသောအခါ ရာဇဂြိုဟ်မြို့သို့ ရောက်ရှိခဲ့ကြပါသည်။ ထိုစဉ်တွင် ဆွမ်းခံကြွလာသော အရှင်အဿဇိမထေရ်ကို မြင်တွေ့ခဲ့ပါသည်။ ထိုအရှင်၏ သမဏအိန္ဒြေကို ကြည်ညိုသဖြင့် ငါ့ရှင်၏ဆရာကား မည်သူဖြစ်သနည်း။ အဘယ်တရားကို ဟောကြားပါသနည်း။ အကျွန်ုပ်တို့အား တစ်စွန်းတစ်စမျှ ဟောကြားပါလော စသည်ဖြင့် မေးလျှောက်ခဲ့ပါသည်။ အရှင်အဿဇိက အကျွန်ုပ်သည် ရဟန်းဖြစ်သည်မှာ မကြာသေးသဖြင့် တရားကောင်းကောင်း မပြောတတ်သေးကြောင်း သို့သော် ကျွန်ုပ်၏ဆရာ ဘုရားသခင်ဟောကြားသော တရားထဲမှာ ကျွန်ုပ်မှတ်မိသောတရားဖြစ်သည့် ဤသည်သော ဂါထာတော်ကို ဟောကြားခဲ့ပါသည်။ ယင်းဂါထာတော်မှာ-

**"ယေဓမ္မာ ဟေတုပဘဝါ တေသံဟေတု တထာဂတော အာဟ၊ တေသဉ္စယောနိရောဓော၊ ဧဝံဝါဒီမဟာသံမဏော"**

ဟု အဿဇိမထေရ်က ဥပတိဿအားဟောကြားခဲ့ပါသည်။ အဓိပ္ပါယ်က မြတ်စွာဘုရားသည် ရှေးကပြုဖူးသော အကြောင်းတရားကြောင့် ဖြစ်ပေါ်လာသော အကျိုးတရားတို့ကို ဟောတော်မူ၏။ ထိုအကြောင်းအကျိုးတရားနှစ်ပါးတို့၏ ချုပ်ငြိမ်းရာကိုလည်း ဟောတော်မူ၏။ ရဟန်းကြီးဖြစ်သော မြတ်စွာဘုရားသည် ဤသို့သောအယူရှိတော်မူ၏ဟု အဓိပ္ပါယ်ရပါသည်။ အရှင်ဘုရားတို့ သိတော်မူသည့်အတိုင်းပါ ဘုရား။ နောက်ဆုံးသူငယ်ချင်း နှစ်ယောက်စလုံးသည် မြတ်စွာဘုရားနှင့် တွေ့ရှိပြီး ရဟန္တာများ ဖြစ်၍ ရှင်သာရိပုတ္တရာနှင့်ရှင်မောဂ္ဂလန်အဖြစ် ထင်ရှားခဲ့ပါသည်။

ဤတရားမှာ နှမ်းတစ်တောင်းကို ကြိတ်လိုက်သောအခါ ဆီကြည်တစ်ပုလင်း နှစ်ပုလင်းရရှိဘိသကဲ့သို့ ကျောက်စရစ် ငါးတောင်းကို ကြိတ်သော်လည်း ဆီကြည်တစ်ပေါက်တစ်စက်မျှ မရှိသကဲ့သို့ ပိဋကတ်သုံးပုံကို အဆီထုတ်လိုက်သောအခါ နိဗ္ဗာနဆိုသော တရားတစ်လုံးသာ ရရှိပါသည်။ ယင်းတရားတစ်လုံးကို စိတ်ဖြာလိုက်သောအခါ ဓမ္မနှင့် ဝိနယရရှိပါသည်။ နောက်ထပ်စိတ်ဖြာလိုက်သောအခါ သစ္စာလေးပါး၊ မဂ္ဂင်ရှစ်ပါး၊ ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါး အစရှိသဖြင့် နောက်ဆုံး ဓမ္မခန္ဓာပေါင်း ရှစ်သောင်းလေးထောင်ပါရှိသော ပိဋကတ်သုံးပုံ ရရှိပါသည်ဘုရား။ သို့ဖြစ်ပါ၍ ယေဓမ္မာဂါထာတော်သည် ပိဋကတ်သုံးပုံ၏အဆီအနှစ်ဖြစ်ကြောင်းကို ဆရာတော်က တပည့်တော်ထက် သိပါသည်အရှင်ဘုရား။ ဤယေဓမ္မာတရားသည် မဟာယနဂိုဏ်းသားများ အသုံးပြုသော ဂါထာဖြစ်ပါသလား၊ အရှင်ဘုရား တွေ့ဖူးပါသလားဟု မေးသောအခါ ဆရာတော်သည် ဖြေကြားခြင်းမရှိဘဲ တိတ်တိတ်နေခဲ့ပါသည်။ ဤယေဓမ္မာဂါထာတော်ကို မဟာယနဂိုဏ်းသားများ အသုံးပြုဖို့ မထင်ပါ။ မဟာယနဂိုဏ်းသားများ အသုံးပြုသည်ကို တွေ့ဖူးပါသလားဟု မေးသောအခါ ဆရာတော်မှာ တိတ်တိတ်နေခဲ့ပါသည်။ မဟာယနဂိုဏ်းသည် ရခိုင်ပြည်နယ်တွင် ဘယ်အချိန်၌ သာသနာပြုခဲ့ပါသလဲ ဘုရားဟုထပ်၍ မေးလျှောက်ခဲ့သည်။ ဆရာတော်မှ တစ်စုံတစ်ခုမျှ မဖြေကြားခဲ့ပါ။

နောက်ထပ်ပြီး ဘုရားပရိနိဗ္ဗာန်စံလွန်တော်မူပြီးသည့် နောက်နှစ်ပေါင်း ၂၁၈နှစ်ကြာသောအခါ ပါဋ္ဌလိ

ရသဖြင့် စာကြောင်းများမှာ ဖတ်မရနိုင်အောင် ပျက်စီးခဲ့ပါသည်။ သို့သော် ကြိုးစား၍ မင်ကူးယူသောအခါ စာလုံးအနည်းငယ်ကိုဖတ်ပြီး အဓိပ္ပါယ်ဖော်နိုင်ခဲ့ပါသည်။ ရေးထားသောအက္ခရာစာလုံးမှာ သက္ကတဖြစ်ပြီး **"မဟာ သူရိယော သူန္ဒြရော၊ နာမနော သူဗ္ဗဒါ နေပကာရတော"**ဆိုသော စာကြောင်းပါဘုရား။

ပါဠိဘာသာနှင့်ဆိုပါလျှင် မဟာသူရိယော စန္ဒရောနာမနော သဗ္ဗဒါနေပကာရတောဟု ရပါသည်ဘုရား။ အဓိပ္ပါယ်က မဟာသူရိယတိုင်း စန္ဒြမင်းကြီးသည် ဤဘုန်းတော်၌ ဒါနဝတ္ထုအစုစုတွေကို လှူဒါန်း၍ ပြီးပြည့်စုံပြီဟု ဖြစ်ပါသည်။ ယင်းကြောင့် ဤစာထိုးထားသော ကျောက်စာပါအရုပ်မှာ မဟာတိုင်း စန္ဒြမင်းကြီး ကုသိုလ်ပြု စိုက်ထူခဲ့သော အရုပ်ဖြစ်ကြောင်း သက်သေထူနေပါသည်ဘုရား။

## ပိဋကတ်တော်လာ သုတ္တန်

ထိုအရုပ်၏အောက်ပိုင်းတွင် စာငါးကြောင်းခန့်ရှိပါသည်ဘုရား။ ထိုစာများမှာ အထက်က စာကြောင်းများ ပျက်ပြယ်နေသဖြင့် ကောင်းစွာဖတ်မရနိုင်ပါ။ အောက်ဆုံးစာတစ်ကြောင်းတည်းကိုသာ အသေအချာဖတ်ရပါသည်။ ထိုစာကြောင်းမှာလည်း သက္ကတဘာသာဖြင့် **"ယက္ခသေနာပတိပနာဒေါ"**ဟု ရေးထိုးထားပါသည် အရှင်ဘုရားတို့။

ယခုမြန်မာနိုင်ငံ၌ နယုန်လပြည့်နေ့ကို မဟာသမယနေ့အဖြစ် သတ်မှတ်ပြီး နှစ်စဉ်ကျင်းပနေကြပါသည်။ မဟာသမယနေ့၌ မြတ်စွာဘုရားကိုယ်တော်တိုင် ဟောကြားခဲ့သော မဟာသမယသုတ်တော်ကို ရေဒီယိုမှ သံဃာတော်များ သံပြိုင်ရွတ်ဖတ်နေသည်ကို ထိုနေ့ရောက်တိုင်း ကြားနာရပါသည် အရှင်ဘုရား။ ထိုမဟာသမယသုတ်ထဲ၌ နတ်မင်းများ၏အမည်ကို ဖော်ကျူးထားသော စကားများစွာ ရရှိပါသည်ဘုရား။ ထိုနတ်များထဲ၌ ပနာဒေါ နတ်မင်းကို ဖော်ကျူးထားသော ဂါထာတော်မှာ အပိုဒ် ၂၂တွင် တွေ့နိုင်ပါသည်ဘုရား။ "ပနာဒေါ-ဩပ ပညောစ၊ ဒေဝသူတောစမာတလီ" ဟူသော ဂါထာနှင့်တွေ့ရပါသည် ဘုရား။ ဤမဟာသမယသုတ်တော်မှာ ထေရဝါဒ ဗုဒ္ဓဘာသာတို့၏ ပိဋကတ်တော်လာ သုတ္တန်ဖြစ်ပါသည်ဘုရား။

## ထေရဝါဒကို ယုံကြည်သောမင်းများ

နောက်တစ်ချက်မှာ ဝေသာလီခေတ်တွင် အုပ်စိုးခဲ့သော မင်းများဖြစ်ကြသည့် နီတိစန္ဒြ၊ ဝီရစန္ဒြ အစရှိသောမင်းများသည် သူတို့၏ကုသိုလ်ပြုတည်ထားသော စေတီများတွင် ယေဓမ္မာဂါထာတော် ရေးထိုးထားသည့် ကျောက်တုံးများ၊ စတုပါများကို ဌာပနာထည့်ထားခဲ့ကြပါသည်ဘုရား။ ထိုကျောက်တုံးနှင့် စတုပါများ၌ ရေးထိုးထားသော စာများကို ယခုတိုင် မြောက်ဦးမြို့ ပြတိုက်တွင် သိမ်းဆည်းထားရှိပါသည် ဘုရား။ တပည့်တော်ရှင်းပြခဲ့သည့်အတိုင်း ဗုဒ္ဓတရားတော်၏ အဆီအနှစ်ဖြစ်သော နိဗ္ဗာန်ကို လက်ခံယုံကြည်သည့် ထေရဝါဒသာသနာကို ယုံကြည်သော မင်းများဖြစ်၍ ဤယေဓမ္မာဂါထာတော်ကို ဝေသာလီခေတ်မင်းများ အသုံးပြုနေခြင်းဖြစ်ပါသည် ဘုရား။ ယင်းကြောင့် မဟာတိုင်း စန္ဒြမင်းကြီးမှစ၍ (ဝေသာလီခေတ် အေဒီလေးရာစု) စန္ဒြမင်းအဆက်ဆက်တို့ ကိုးကွယ်ယုံကြည်ခဲ့သော သာသနာမှာ မဟာယန သာသနာမဟုတ်ဘဲ စစ်မှန်သောထေရဝါဒ သာသနာတော် ဖြစ်ကြောင်း မှတ်ယူရပါမယ်ဘုရား။

## ဓညဝတီသို့ ဘုရားရှင်ကြွခဲ့

ဓညဝတီခေတ်အကြောင်းကို ပြန်လည်ဆက်ပါမည် ဘုရား။ ဓညဝတီ၌ ဘီစီ သုံးရာစုမှ သူရိယစက္ကမင်း ထီးနန်းစံလျက်ရှိပါသည်။ ထိုမင်းက နောက်သို့ဆုတ်၍ ရေတွက်လျှင် ခြောက်ဆက်တွင် စန္ဒသူရိယမင်းသို့

စာများမှာ သက္ကတအသံနှင့် ရေးထိုးထားသည်ကို တွေ့ရှိရပါသည်။ ယေဓမ္မာစာလုံးများ၌ မ အထက်တွင် ရေဖခေါ်သော ရ-ကောက်ကို တင်ထားပါသည်။ ယေဓမ္မာ-(ယေဓရ္မွာ)လို့ ဖတ်ရပါသည်။ ဟေတုပဘဝါစာတန်းမှာလည်း ပစောက်အထက်တွင် ရေဖတင်ထားပါသည်။ ဟေတုပဘဝါ (ဟေတုပြဘဝါ)လို့ ဖတ်ရပါသည်ဘုရား။ ဟေတုပဘဝါစာတန်းမှာလည်း ပစောက်အထက်တွင် ရေဖတင်ထားပါသည်။ ဟေတုပဘဝါ (ဟေတုပြဘဝါ)လို့ ဖတ်ရပါသည်ဘုရား။ ယင်းကဲ့သို့ အဆင့်ဆင့် သုတေသနပြုလိုက်သောအခါ **မဟာယနဂိုဏ်းက စကားတစ်လုံးလည်း မတွေ့**ရပါဘုရား။

### သီဟိုဠ်(သီရိလင်္ကာ)နှင့် ဝါဒတူခြင်း

တပည့်တော် ပထမရှင်းပြခဲ့သော ဥပတိဿနှင့် ကောလိတအကြောင်းတွင် အရှင်အဿဇိမထေရ် ဟောကြားခဲ့သော ယေဓမ္မာဂါထာတော်သည် ဝေသာလီသို့ ရောက်ရှိခဲ့ပါသည်။ ယင်းပြီးနောက် ဝေသာလီမင်းများသည် သီဟိုဠ်နိုင်ငံ (သီရိလင်္ကာ) နှင့် သာသနာရေးကိစ္စများကို အပြန်အလှန်သွားရောက်ဆောင်ရွက်ကြောင်းနှင့် အာနန္ဒစန္ဒြမင်းသည် သီဟိုဠ်(သီရိလင်္ကာ)သို့ အလှူပစ္စည်းများပို့သည်ဟု ကျောက်စာတွင် တွေ့ရှိရပါသည်။ သီဟိုဠ်(သီရိ လင်္ကာ)နှင့် ဝါဒချင်းတူ၍သာ အချင်းချင်းဆက်ဆံနေခြင်း ဖြစ်ပါသည်။ သီဟိုဠ်( သီရိလင်္ကာ) သာသနာမှာ ထေရဝါဒဖြစ်၍ တပည့်တော်တို့ ဝေသာလီခေတ်တွင်လည်း ထေရဝါဒသာသနာ ထွန်းကားကြောင်း တပည့်တော်တို့၏ ရခိုင်ပြည်နယ် သာသနာသည် မဟာယနဂိုဏ်းမှ ဆင်းသက်လာသော မဟာယာဉ်ဂိုဏ်းမှမဟုတ်ဘဲ ဓညဝတီခေတ် ဘုရားကိုယ်တော်တိုင်ရောက်ခဲ့သည့် စပြီးဖြစ်ပေါ်ဆင်းသက်လာသော ထေရဝါဒ ဗုဒ္ဓဘာသာဖြစ်ကြောင်း တပည့်တော်လျှောက်ထားပါသည် ဘုရား။ ဤကား နံပါတ်(၁) မေးခွန်းကို ဖြေကြားချက်ပါ အရှင်ဘုရား။

**ကျော်ကျော်လှ**

**ဝါဈေး-မြောက်ဦး**

**ရခိုင်သဟာယအသင်း မဂ္ဂဇင်း အမှတ် (၃) (၁၉၉၇)**

၂

သော မြို့တော်မဟုတ်ကြောင်း လေယာဉ်မှရိုက်ကူးသော ဓာတ်ပုံကို ကြည့်ခြင်းဖြင့် သိနိုင်ပါသည်ဘုရား။ အမှန်တကယ်ရှိခဲ့သောမြို့ဖြစ်ကြောင်း ပြည်တွင်းပြည်ပသမိုင်းပညာရှင်များက လက်ခံကြပါသည်ဘုရား။

**သပ္ပဒါနပကာရနကျမ်းမှာရှိ**

တပည့်တော်တို့၏သမိုင်းများတွင်လည်း တတိယဓညဝတီမြို့တော်ကို စန္ဒသူရိယမင်းတည်ခဲ့ကြောင်း ဖတ်ရှုရပါသည်။ ဤစန္ဒသူရိယဘုရင် ဓညဝတီ၌အုပ်စိုးစဉ်ကာလမှာ မြတ်စွာဘုရားရှင် အနောက်မဇ္ဈိမဒေသ၌ ရှိနေချိန်ဖြစ်ပါသည်။ တပည့်တော် လက်ထဲတွင်ရှိနေသော သပ္ပဒါန ပကာရနကျမ်းတွင် စန္ဒသူရိယမင်းလက်ထက် ဘုရားရှင်ကိုယ်တော်တိုင် ဓညဝတီသို့ ကြွရောက်ပြီး မဟာမုနိရုပ်ရှင်တော်ကို သွန်းခဲ့ကြောင်း အသေးစိတ်ရေးသားထားပါသည်။

**ကျောက်စာက သက်သေခံ**

ဝင်းပြင်တောင်ပေါက်ကြီး ကျောက်စာကလည်း သက်သေခံနေပါသည်ဘုရား။ မြတ်စွာဘုရားသည် စန္ဒသူရိယမင်းအား ဓမ္မစကြာတရားတော်နှင့် ရုပ်တုဆင်းတုတော်များကို တည်ထားကိုးကွယ်ခြင်းဖြင့် ရရှိအပ်သော အကျိုးတရားများကို သတ္တုဗိမ္ဗပူဇနိယနိ သေသသုတ္တန်ဖြင့် ဟောကြားခဲ့ပါသည်။ ဤသုတ္တန်မူရင်း ပေစာလည်း ရှိပါသေးသည် ဘုရား။

**ဂုဏ်ပြုထားသည့်ရုပ်တု**

စန္ဒသူရိယမင်းအား မြတ်စွာဘုရား ဓမ္မစကြာတရားတော်ကို ဟောကြားနေဟန် ထုလုပ်ထားသော ကျောက်ပြားတစ်ချပ်ကိုလည်း တွေ့ရှိရပါသည်။ ဝေသာလီမဟာတိုင်း စန္ဒြမင်းကြီးက စန္ဒသူရိယမင်းကြီးအား ဂုဏ်ပြုထုလုပ်ထားသော ရုပ်တုဖြစ်ဟန်ရှိပါသည်။

မြတ်စွာဘုရားရှင်သည် ရခိုင်ပြည် ဓညဝတီသို့ ကြွရောက်ခဲ့စဉ်က သေလာဂီရိတောင်ပေါ်၌ ရပ်တန့်ခဲ့ပြီး ဗျာဒိတ်တော်ချမှတ်ခဲ့ကြောင်း သပ္ပဒါနပကာရနကျမ်းတွင် အသေအချာ ဖော်ပြထားပါသည်။ ချစ်သား အာနန္ဒာ၊ ငါသည် ဘုရားဖြစ်ရန်အတွက် ဆယ်ပါးသောပါရမီတော်ကြီး နှင့် သုံးဆယ်သော ပါရမီတော်ငယ်များကို ဖြည့်ဆည်းခဲ့သောကာလ၌ ဤဓညဝတီပြည်တွင် အလီလီလူအဖြစ် ကျင်လည်ခဲ့သည်။ ယခု ငါရပ်တန့်နေသော သေလာဂီရိတောင်၏ အနီးပတ်ဝန်းကျင်တွင် ပန်းပွတ်သမားအဖြစ်နှင့် ငါနေထိုင်ခဲ့သည်။ ငါဘုရား ပရိနိဗ္ဗာန်စံလွန်ပြီးနောက်ကာလ၌ ငါ၏ကျောရိုးတော်ဓာတ်ကို ဌာပနာ၍ စေတီတည်လတ္တံ့။ ကျောရိုးတော်ဓာတ်စေတီတွင်လတ္တံ့ဟု ဗျာဒိတ်ပေးခဲ့ပါသည်။ ထိုဓာတ်တော်ကို နောင်ကာလတွင် ကျောက်တော်ဓာတ်စေတီဟု ခေါ်တွင်ခဲ့ပါသည်။ ထိုနာမည်ကို အစွဲပြု၍ မြစ်တစ်ဖက်ရှိမြို့ကိုလည်း ကျောက်တော်မြို့ဟု ခေါ်တွင်ခဲ့ပါသည်။

**ရုပ်ရှင်တော်သွန်းကြောင်း ယုံကြည်**

ဤကဲ့သို့ ဘုရားဗျာဒိတ်ဝင် ဓာတ်တော်စေတီ ၂၄စဆူ ရှိခဲ့ပါသည်။ ဤဓာတ်တော်စေတီများကို ဝေသာလီပြည်ရှင် မဟာတိုင်းစန္ဒြမင်းကြီးသည် ပြန်လည်ပြုပြင်ခဲ့ကြောင်း သမိုင်းမှတ်တမ်းအရ သိရှိရပါသည်။ ဤအကြောင်းကို ထောက်ရှု၍လည်း ထိုဓာတ်တော်စေတီများမှာ ဝေသာလီခေတ်မတိုင်မီကပင် ရှိနှင့်ခဲ့ပြီးကြောင်း သိရှိနိုင်ပါသည်။ ရခိုင်သမိုင်း စာပေနှင့်လည်းကောင်း၊ ရုပ်ဝတ္ထုသက်သေဖြင့်လည်းကောင်း ကိုက်ညီနေပါ၍ စန္ဒသူရိယမင်း

သည်။ အရှင်မဟာကဿပ မေးသမျှ အရှင်အာနန္ဒာက ဖြေကြားပြီး နုတ်ထက်ရွတ်၍ သင်္ဂါယနာတင်ခဲ့ပါသည်။ အဘယ်ကြောင့် သင်္ဂါယနာတင်ခဲ့ပါသည်ဆိုသော် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံလွန်သောအခါ အလောင်းတော်ကို နံ့သာထင်းများ စုပုံပြီး မီးသင်္ဂြိုဟ်ရန်အတွက် မီးရှို့သော်လည်း ထင်းများမှာ မီးမလောင်ပါဘုရား။

အဘယ်ကြောင့်ဆိုသော် ဘုရားရှင်၏တပည့်ကြီးဖြစ်သော အရှင်မဟာကဿပ မရောက်သေးသော ကြောင့်ပါ ဘုရား။ တပည့်ငါးရာဖြင့် ခရီးလမ်းမှာ ရှိနေပါသေးသည်။ အရှင်မဟာကဿပ၏ တပည့်ရဟန်းများမှာ ပုထုဇဉ်များဖြစ်ကြသည့်အတွက် ဘုရားရှင် ပရိနိဗ္ဗာန်စံလွန်ပြီး ကြွင်းကျန်ရစ်သောဓါတ်တော်များကိုသာ မြင်ရလျှင် ဘုရား၏ကိုယ်ကာယမှဖြစ်သော ဓာတ်တော်များကို ယုံမှားသံသယဖြစ်ဖွယ်ရှိပါသည် ဘုရား။ မိမိမျက်မြင် ကိုယ်တွေ့မှသာ မြတ်စွာဘုရား၏ကိုယ်ကာယတော်မှ ဓာတ်တော်များ ကြွင်းသည်ကို ယုံကြည်သည် ဖြစ်ပါသည် ဘုရား။ နောက်တစ်ချက်က ရဟန်းတော်များသည် မြတ်စွာဘုရားကို အသက်ရှင်စဉ်က ဖူးမြော်ရသော်လည်း ပရိနိဗ္ဗာန်စံလွန်သော အလောင်းတော်ကို ဖူးမြော်ရလျှင်လည်း ဘုရားရှင်အပေါ် ပိုမိုကြည်ညိုသဒ္ဓါပွားများစေရန် အတွက် မီးမလောင်ခြင်း ဖြစ်ပါသည်ဘုရား။

အရှင်မဟာကဿပနှင့် ရဟန်းများ ကုသိနာရုံပြည်သို့ လာရာလမ်းတွင် တစ်ခုသော သစ်ပင်ရင်း၌ နားနေတော်မူခဲ့ပါသည်။ ထိုအချိန်၌ တက္ကတွန်း တစ်ယောက်သည် မန္ဒာရဝနတ်ပန်းကို ထီးလုပ်၍ဆောင်းပြီးလျှင် ကုသိနာရုံပြည်ဘက်မှ ပါဝါပြည်ဘက်သို့ လာနေသည်ကို အရှင်မဟာကဿပ မြင်ခဲ့ပါသည်။ ထိုတက္ကတွန်း၏ ပြောချက်အရ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံလွန်ကြောင်း ကြားသိခဲ့ပါသည်။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံလွန်ကြောင်း ကြားသိရသောအခါ အရှင်မဟာကဿပနှင့် ပါလာခဲ့သော သုဘဒ္ဒရဟန်းသည် ဘုရားပရိနိဗ္ဗာန်စံလွန်သဖြင့် ငိုကြွေးနေကြသောရဟန်းတို့အား မငိုကြရန်ပြောပြီး ဂေါတမမြတ်စွာဘုရားသည် ရဟန်းများကို ဤသည်သော အရပ်ကို မရပ်ရ၊ ဤသည်သော အကျင့်ကို မကျင့်ရ စသည်ဖြင့် ငါတို့အား ချုပ်ချယ်ခဲ့သည်။ ယခု ငါတို့ပြုလိုရာ ပြုနိုင်ပြီဟု ဆိုခဲ့ပါသည်။

**ပထမသင်္ဂါယနာတင်**

ထိုသုဘဒ္ဒရဟန်း၏စကားကိုကြားမိသော အရှင်မဟာကဿပသည် များစွာတုန်လှုပ်မိခဲ့သည်။ မြတ်စွာ ဘုရားရှင် ပရိနိဗ္ဗာန်စံလွန်သည်မှာ ခုနစ်ရက်တစ်ပတ်သာ ရှိသေးသည်။ ဘုရားဟောတရားတော်များနှင့် ဝိနည်း တော်များကို မျက်ကွယ်ပြုမည့် အရိပ်အယောင်ပေါ်နေပြီ။ သာသနာတော်ဆုတ်ယုတ်ရန် အကြောင်းများ ပြန်ပေါ် လာနိုင်သည်ဟု စိတ်၌ မှတ်သားမိခဲ့ပါသည်ဘုရား။ ယင်းကြောင့် ဘုရားရှင်ဟောသမျှကို ရဟန်းသံဃာတော်များ စုပေါင်း၍ ပြန်လည်ရွတ်ဆို သင်္ဂါယနာတင်ရန် အကြံဖြစ်ခဲ့ပါသည်ဘုရား။ ယင်းကြောင့် အရှင် မဟာကဿပ အမှူးပြုသော ရဟန္တာငါးရာတို့သည် ပထမသင်္ဂါယနာကိုတင်ခဲ့သည် မဟုတ်ပါလား ဘုရား။

**ဒုတိယသင်္ဂါယနာတင်**

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံ၍ နှစ်ပေါင်းတစ်ရာကြာသောအခါ ဝဇ္ဇီတိုင်းသား ရဟန်းတို့သည် ဝိနည်းသိက္ခာ ပုဒ်တော်များ၌ ပြင်ဆင်ချက် ၁၀ ချက်ကို ပြုလုပ်ခဲ့ပါသည်။ ဘုရားရှင်၏ဝိနည်းတော်ကို ဖီဆန်၍လာခဲ့ကြသည်။ ယင်းကြောင့် ဝေသာလီပြည်တွင် ကာလာသောကမင်းက တကာပြု၍ အရှင်မဟာကဿပ အမှူးပြုကာ ရဟန္တာ (၇၀၀)တို့သည် ဒုတိယအကြိမ် သင်္ဂါယနာကို တင်ခဲ့ကြပါသည် ဘုရား။

**တတိယသင်္ဂါယနာတင်**

တတိယအကြိမ် သင်္ဂါယနာကို ပါဋလိပုတ်ပြည့်ရှင် အသောကမင်းကြီးက ဒကာပြု၍ ရဟန္တာအရှင် မောဂ္ဂလိပုတ္တတိဿမထေရ်ကြီးအမှူးပြုလျက် ရဟန်းတစ်ထောင်ဖြင့် တင်ခဲ့ပါသည်။ ဤသည်တို့မှာ မဇ္ဈိမဒေသ တွင် တည်ခဲ့သော သင်္ဂါယနာသုံးတန်ဖြစ်ပါသည်။

တစ်မျိုးမှာ အသမ္ဘိန္နဓာတ်တော်နှင့် သမ္ဘိန္နဓာတ်တော်များ ဖြစ်ပါသည်ဘုရား။ အသမ္ဘိန္နဓာတ်တော်များမှာ နဖူးသင်းကျစ်တော်တစ်ဆူ၊ ညှပ်ရိုးတော်နှစ်ဆူ၊ စွယ်တော်လေးဆူဖြစ်ပါသည်။ သမ္ဘိန္နဓာတ်တော်များမှာ အရောင်သုံးမျိုးနှင့် အရွယ်အစားသုံးမျိုးကွဲပြားကြောင်း ရခိုင်ဓာတုဝင်ကျမ်း၌ ရေးသားထားပါသည်။ မြတ်စွာဘုရား၏ တစ်ကိုယ်လုံးမှ ဓာတ်တော်ပေါင်း ရှစ်စရွတ်ကွဲပြားပါသည်။ ကွမ်းစားအားဖြင့် တစ်ဆယ့်ခြောက်ကွမ်းစား ဖြစ်ပါသည်။ အရောင်အဆင်းအားဖြင့် ရွှေရောင်၊ ပွတ်သစ်၊ စခရုသွင်းရောင်၊ ချရားစေ့အရောင်တို့ ဖြစ်ပါသည်။ ဘုရားရှင်၏ကွဲပြားကျန်ရစ်သော ဓာတ်တော်များကို နှစ်ပြည်ထောင်မင်းတို့အား ဒေါနပုဏ္ဏားက ဝေပေး၏။ မိမိတို့အရပ်ဒေသများတွင် ကိုးကွယ်ခဲ့ကြပါသည်။ ထိုဓာတ်တော်များကို မကြာမီအဇာတသတ်မင်းသည် တိုက်ယူပြီး ရာဇဂြိုဟ်ပြည်မှာ မြေထဲစေတီတည်၍ ထားခဲ့ပါသည်။ ဓာတ်တော်အကြောင်းကို ဤနေရာတွင် ဆုံးနေပါပြီ။ ဤသည်ကား ပေါင်တော်ဓာတ်၊ မျက်လုံးတော်ဓာတ်၊ လည်ရိုးတော်ဓာတ် စသည်ဖြင့် အဋ္ဌကထာတွင် မပါရှိပါ။

### ဓာတ်တော်များ ရောက်ရှိပုံ

သို့သော် ထိုဓာတ်တော်များမှာ ယနေ့ထိ ရခိုင်ပြည်၌ အမည်နာမနှင့်တကွ တည်ရှိနေသေးသည်။ ဤဓာတ်တော်များ ရခိုင်ပြည်သို့ အဘယ်ပုံရောက်ရှိလာသည်ကို ရှင်းလင်းလျှောက်ထားပါမည်။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံလွန်ပြီး နှစ်ပေါင်းရှစ်ရာတစ်ဆယ့်ရှစ်နှစ်အကြာတွင် ပါဋလိပုတ်ပြည်၌ သီရိဓမ္မာသောကမင်းကြီး ထီးနန်းစိုးစံခဲ့ပါသည်။ ထိုမင်းကြီးသည် စမ္ဗူခန္ဓာပေါင်း ရှစ်သောင်းလေးထောင်ကို ရည်စူးပြီး စေတီတည်လိုသဖြင့် မြတ်စွာဘုရား၏ဓာတ်မွေတော်များကို ရှာဖွေခဲ့ပါသည်။ အဇာတသတ်မင်းပြုထားခဲ့သော ဓာတ်တော်များကို တူးဖော်ယူခဲ့ပါသည်။ ထိုဓာတ်တော်များမှာ ရွှေပန်းကန်တွင် အားလုံးတစ်စုတစ်ပေါင်းတည်း ဖြစ်နေပါသည်။ ထိုဓာတ်တော်များကို အသျှင်မောဂ္ဂလိ ပုတ္တတိဿ မထေရ်သည် အသားမှဖြစ်သောဓာတ်၊ အရိုးမှဖြစ်သောဓာတ် အသွေးမှဖြစ်သောဓာတ် စသည်ဖြင့် ခွဲခြားခဲ့ပါသည်။ အသေးစိတ်အားဖြင့် ဦးခေါင်းတော်ဓာတ်၊ ဦးနှောက်တော်ဓာတ်၊ မျက်လုံးတော်ဓာတ် စသည်ဖြင့် မြတ်စွာဘုရား၏ အင်္ဂါကြီးငယ်မှဖြစ်သော ဓာတ်တော်များကို တစ်ခုချင်း ခွဲခြမ်းပြီး သီရိဓမ္မာသောကမင်းအား ပေးခဲ့ပါသည်။

သီရိဓမ္မာသောကမင်းကြီးသည် ဓာတ်တော်များကို ရရှိသောအခါ ဌာပနာသည်။ ဤစေတီတည်ရမည့် နေရာဒေသများကို အသျှင် မောဂ္ဂလိပုတ္တတိဿအား မေးလျှောက်ခဲ့ပါသည်။ ထိုအခါ အသျှင်မောဂ္ဂလိပုတ္တတိဿ က တကာတော်မင်းကြီး ဤဓာတ်တော်များကို ဌာပနာပြီး စေတီတည်ရန်နေရာဒေသများမှာ မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်ကပင် ဗျာဒိတ်တော်ချမှတ်ခဲ့သော နေရာတိုင်းတွင် စေတီတည်ရမည်ဟု ပြောခဲ့ပါသည်။ ထိုနေရာများသို့ စေတီတည်ရန်အတွက် ဓာတ်တော်များ ပို့ဆောင်ရမည်ဖြစ်ကြောင်း မိန့်မြွက်ခဲ့ပါသည်။ ထိုအခါ အသျှင်မောဂ္ဂလိပုတ္တတိဿမထေရ်သည် အသျှင်ဗာဟုလမထေရ်နှင့် အသျှင်တိဿမထေရ်တို့အား မြတ်စွာဘုရား ဗျာဒိတ်တော်ချမှတ်ခဲ့သည့် ရခိုင်ပြည်ရှိနေရာများတွင် စေတီတည်ထားရန် ဓာတ်တော်များကို ပို့စေခဲ့သည်။

### သူရိယစက္ကမင်းလက်ထက်မှာ

ထိုအသျှင်တို့သည် ကောင်းကင်ခရီးဖြင့် ရခိုင်ပြည်သို့ ကြွရောက်ခဲ့ပါသည်။ ယင်းအချိန်တွင် ရခိုင်ပြည် ဓညဝတီသည် သူရိယစက္ကမင်းကြီး မင်းပြုလျက်ရှိပါသည်။ ထိုဓာတ်တော်တို့ကို အသျှင်ရှစ်ပါးသည် သူရိယစက္က မင်းကြီးအား ပေးအပ်ပြီး စေတီတည်သည့်အရပ်ဒေသများကိုလည်း ပြောခဲ့ပါသည်။ သူရိယစက္က မင်းကြီးသည် ဓာတ်တော်များလက်ခံပြီး မှူးကြီး မတ်ကြီး စစ်သူကြီးများကို စေတီတည်ရန်အတွက် ဓာတ်တော်များကို ပေးအပ်ပြီး မြတ်စွာဘုရား ဗျာဒိတ်တော်မြွက်ဆိုခဲ့သည့်နေရာတိုင်းသို့ သွားရောက်၍စေတီကို တည်စေပါသည်ဘုရား။ မြတ်စွာ ဘုရားရခိုင်ပြည်သို့ ကြွရောက်ခဲ့သောအခါ ရပ်တန့်တော်မူပြီး ဗျာဒိတ်ပေးခဲ့သော သေလာဂီရိတောင်တော်၌ ကျောက်ရိုးတော်ဓာတ်ကို ဌာပနာပြီးစေတီတည်ခဲ့ပါသည်။ မဍ္ဍုပဗ္ဗတတောင်၌ ချက်တော်ဓာတ်၊ မိဂပဗ္ဗတတောင်၌ သင်းကျစ်တော်ဓာတ်ကို ဌာပနာ၍ စေတီတည်ခဲ့ပါသည်။

မရှိသကဲ့သို့ ပြုပြင်ခြင်း၊ ပြင်ဆင်ခြင်း၊ နုတ်ပယ်ခြင်းတည်းဟူသော ချို့ယွင်းချက် အကောက်အကွေ့မပါရှိသဖြင့် ကြိုးတန်းပိဋကတ်ဟု အမည်ပေးထားပါသည် ဘုရား။

**ပိဋကတ်တိုက် လေးဆယ့်ရှစ်ခု**

ရှေးရခိုင်ဘုရင် အုပ်စိုးသောခေတ်က မြောက်ဦး၏ပတ်ဝန်းကျင်တွင် သံဃာတစ်ထောင်ဆံ့သော ကျောင်းတော်ကြီး သုံးဆယ့်ခြောက်ကျောင်းရှိခဲ့ကြောင်း မှတ်သားရပါသည်။ ထိုကျောင်းတော်ကြီးများ၌ ဗုဒ္ဓစာပေကို သင်ကြားနေသော သံဃာတော်တို့သည် ကြိုးတန်းပိဋကတ်တော်ကို စံထား၍လေ့လာကြပါသည်။ ထိုပိဋကတ်တော်များ ထားရှိရန်အတွက် ပိဋကတ်တိုက်ခေါ် ပုထိုးများကို မြောက်ဦးမြို့နေရာအနှံ့တွင် တွေ့ရှိရပါသည်။ သမိုင်းအဆိုအရ ပိဋကတ်တိုက်ပေါင်း လေးဆယ့်ရှစ်ခုရှိကြောင်း သိရပါသည်။ ယခုအခါ ပြိုပျက်သွားသဖြင့် အချို့အဝက်ကိုသာ တွေ့ရပါသည်။ ယခုထက်တိုင် အကောင်းပကတိ တွေ့ရသော ပိဋကတ်တိုက်မှာ ချိန်ကိုက်ပိဋကတ်တိုက်၊ ဘက်တော်ပိဋကတ်တိုက်၊ မယ်တော်ကူပိဋကတ်တိုက်တို့ ဖြစ်ပါသည်။

ယင်းကြောင့် ရှေးခေတ်ရေးသားခဲ့သော ပေစာများ၌ ဝေသာလီတွင် သင်္ဂါယနာတင်ခဲ့စဉ်က မူအဖြစ်ထားခဲ့သော ကြိုးတန်းပိဋကတ်တော်မှ တစ်ဆင့်ရေးကူးခြင်းဖြစ်ကြောင်းကို ပေစာ၏အဆုံး၌ ကြိုးတန်းပိဋကတ်တော်အတိုင်း ရေးကူးခြင်းဖြစ်ပါသည်ဟု ရေးသားထားသည်ကို ယနေ့တိုင်ပေစာများတွင် တွေ့ရှိနိုင်ပါသေးသည် ဘုရား။

တပည့်တော်သည် အရှင်ဘုရား၏မေးခွန်းများကို ရှင်းလင်းဖြေဆိုခဲ့သည်မှာ လေးနာရီခန့်ကြာမြင့်ခဲ့ပါပြီ။ တပည့်တော်၏ရှင်းလင်းဖြေဆိုချက်များကိုလည်း သဘောပေါက်လက်ခံလိမ့်မည် ထင်ပါသည်။ အရှင်ဘုရားတို့မှာ ဘုရားဖူးရန်လည်း ရှိနေပါသေး၍ တပည့်တော်၏ရှင်းလင်းဖြေဆိုချက်များကို အဆုံးသတ်ခွင့်ပြုပါဘုရား။

ဆရာကြီး၏ဖြေကြားလျှောက်ထားချက်အပေါ် အရှင်ဉာဏိဿရဆရာတော်ကြီးမှ နောက်ထပ်မေးမြန်းခြင်း မပြုတော့ဘဲ ဘုရားဖူးရန်အတွက် ညနေ ၅နာရီခန့်တွင် ရှစ်သောင်းပုထိုးတော်ကြီးမှ ကြွသွားခဲ့ပါသည်။

**ကျော်ကျော်လှ**
**ရခိုင်သဟာယအသင်း (ရန်ကုန်)**
**အမှတ် ၄ ၁၉၉၇**

| | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၅၊ | ၆၊ | ၇၊ | ၄၊ | ၇၊ | ၆၊ | ၅၊ | ၄၊ | ၃၊ | ၂၊ | ၃၊ | ၄ |
| + | ၁၀၊ | ၁၀၊ | ၁၀၊ | ၁၀၊ | ၁၀၊ | ၁၀၊ | ၁၀၊ | ၁၀၊ | ၁၀၊ | ၁၀၊ | ၁၀၊ | ၁၀၊ |
| | ၁၅၊ | ၁၆၊ | ၁၇၊ | ၁၄၊ | ၁၇၊ | ၁၆၊ | ၁၅၊ | ၁၄၊ | ၁၃၊ | ၁၂၊ | ၁၃၊ | ၁၄ |
| × | ၂၊ | ၂၊ | ၂၊ | ၂၊ | ၂၊ | ၂၊ | ၂၊ | ၂၊ | ၂၊ | ၂၊ | ၂၊ | ၂၊ |
| | ၃၀၊ | ၃၂၊ | ၃၄၊ | ၂၈၊ | ၃၄၊ | ၃၂၊ | ၃၅၊ | ၂၈၊ | ၂၆၊ | ၂၄၊ | ၂၆၊ | ၂၈၊ |
| + | ၃၀၊ | ၂၈၊ | ၂၆၊ | ၃၂၊ | ၂၆၊ | ၂၈၊ | ၃၀၊ | ၃၂၊ | ၃၄၊ | ၃၆၊ | ၃၄၊ | ၃၂၊ |
| | ၆၀၊ | ၆၀၊ | ၆၀၊ | ၆၀၊ | ၆၀၊ | ၆၀၊ | ၆၀၊ | ၆၀၊ | ၆၀၊ | ၆၀၊ | ၆၀၊ | ၆၀၊ |

## နာရီကိုတွက်ယူရန် လက်ာ၏အဓိပ္ပါယ်ကောက်ယူပုံ

ပတ်သံကာရှည်ကို ရှေးဦးစွာ အက္ခရာဂဏန်းသို့ ပြောင်းပေးပါ။ ၎င်းဂဏန်းများကို တစ်ဆယ်စီပေါင်းပါ။ ယင်းနောက်တစ်ဆတိုးပေးပါ။ ရရှိသောဂဏန်းများကို တစ်နေ့တွင်ရှိသော ခြောက်ဆယ်နာရီမှ နှုတ်ပါ။ တစ်နေ့တွင် နေ့နာရီ သုံးဆယ်- ညနာရီ သုံးဆယ်ရှိ၍ ယခုရရှိသော ဂဏန်းကိုနှုတ်လျှင် ကျန်ဂဏန်းမှာ ညဥ့်နာရီဖြစ်ပေလိမ့်မည်။

တစ်နာရီခြင်ခွက်ဖလားပြုလုပ်ပုံမှာ

အလေးချိန်တစ်ဆယ့်ခြောက်ကျပ်သားရှိသော ကြေးနီစစ်ကို အပြားပြုလုပ်ပါ။ ယင်းနောက် စောက်ခုနစ်သစ် မဖွံ့မပရိသ၏ လက်ခုနစ်လုံးကို အစောက်ပြုလုပ်၍ အကျယ်လည်း ၎င်းအတိုင်း ပြုလုပ်ရပါသည်။ ရေဖလားရရှိသောအခါ သက်တစ်ဆယ့်နှစ်နှစ်ရှိ မိန်းကလေး၏ဆံပင် တစ်ဆယ်နှစ်ပင် ဝင်လောက်ရုံအပေါက်ငယ်ကို ထိုဖလား၏အောက်အလယ်၌ ဖောက်ရပေသည်။ ၎င်းဖလားကို ရေတုံတွင် မျှောထား၍ ဖလားနောင်၍ နစ်မြုပ်လျှင် တစ်နာရီ ဖြစ်ပေသည်။

မိုးသောက်ယံယခု ဆယ့်လေးနာရီခန့်တွင် ပဟိုရ်စည်တီးသံကို ကြားရသောအခါ အိမ်တိုင်းမှ ဘုရားဝတ်ပြုသံ ပေါ်ထွက်လာသည်။ သာသနာရေးဝန်ကြီးမှာ မြို့ကိုလှည့်ပတ်ကြည့်ရှုနားထောင်လေ့ရှိသည်။ လွှတ်တော်အစည်းအဝေး ကျင်းပချိန်ဖြစ်လျှင် နံနက်စောစောမှလွှတ်တော် ကျင်းပမှုစလေ့ရှိသည်။ လွှတ်တော်အဆောက်အဦးမှာ ယခု နန်းတော်ကုန်း၏ ပဋ္ဌမအဆင့်တောင်ဘက်၌ ရှိလေသည်။ လွှတ်တော်ခန်းမ၌ အဆင့်သုံးဆင့်ရှိပြီး ထိုအဆင့်များ၌ ကျောက်များကို တင်ထားပြီး အနီးမှာ မီးထွန်းထားလေသည်။ မီး၏ အလင်းရောင်သည် ကျောက်များကိုဟပ်၍ ကျောက်များမှ အရောင်များထွက်ကာ အခန်းတစ်ခုလုံး ထိန်လင်းနေသည်။ လွှတ်တော်အမတ်များမှာ ကိုယ့်နေရာ၌ ကိုယ်ထိုင်ရသည်။ လွှတ်တော်ကျင်းပပုံကို ရခိုင်တွင် ပေစာရှိသည်။ ထိုလွှတ်တော်အမတ်များထဲတွင် နာရီဖိုင်မှူးဟု ပဟိုရ်စည်တာဝန်ခံဝန်ကြီးလည်း ပါဝင်သည်။

နာရီစင်တော်၌ ကြေးဒုံကြီး သုံးခုရှိသည်။ ၎င်းမှာရေအပြည့်ရှိသည်။ ထိုဒုံရှိရေပေါ်၌ အပေါက်သေးသေးပါရှိသော ရေခွက်ငယ်တစ်ခုစီ မျှောရှိသည်။ ထိုရေခွက်ငယ်တွင် သည်ရေပြည့်၍ နစ်မြုပ်လျှင် အခြားခွက်ငယ်ကို မျှောရသည်။ မှတ်တမ်းတင်သူက နာရီမည်မျှရှိသည်ကို ထုတ်ပြောရသည်။ ထိုအခါ တာဝန်ရှိသူများမှ နာရီအချက်ကိုလိုက်ပြီး တီးရလေသည်။ ထို့ကြောင့် နာရီမှာ တာဝန်အရ အလုပ်လုပ်သူများအတွက် အလွန်အရေးကြီးကြောင်း သိရှိရလေသည်။

**ရွှေခိုင်ကျော်-မြောက်ဦး**

လေးမြို့ခေတ်ဟု ခေါ်ရခြင်းမှာလည်း-

၁။ ပဥ္စာမြို့ (၂) ပုရိန်မြို့ (၃) နေရဉ္စရာမြို့ (၄) လောင်းကြက်မြို့တို့ဖြစ်ကြသည်။ လေးမြို့ခေတ်တွင် ခြိတ်မြို့ကို ပုရိန်မြို့တွင် ထည့်သွင်းရေတွက်ကြသည်။ ဤစမ္ပဝက်မြို့ကို ယခုမင်းပြားမြို့အနီးရှိ စမ္ပဝက်နှင့်လည်းကောင်း၊ သဲတန်းနှင့်လည်းကောင်း မှားယွင်း၍ နိုင်ငံခြားအတိုင်း ဆရာတို့က ဖော်ပြကြသည်။

စမ္ပဝက်မြို့တော်၌ အထိမ်းအမှတ်အဖြစ် မိုးကြိုးအိုင်ရှိနေခြင်းပင် ဖြစ်ပေသည်။ ယခုအခါ အိုင်မှာ တိမ်ကောသဖြင့် ရေအိုင်ငယ်သာ ဖြစ်နေပေသည်။ ၎င်းအိုင်ရှိသောလယ်ကွင်းကို မိုးကြိုးကွင်းဟု ယနေ့တိုင် ခေါ်နေကြသည်။ အထက်လေညှင်း၊ တောင်မှ ၂မိုင်အကွာတွင် စမ္ပဝက်မြို့ တည်ရှိခဲ့သည်။ မြို့သက်နည်းသည်က တစ်ကြောင်း၊ ကာလကြာမြင့်ခဲ့သည်ကတစ်ကြောင်း၊ မိုးရွာသွန်းမှုကြောင့် တစ်ကြောင်း စသောအကြောင်းများကြောင့် မြေပြိုရိုးများ ပြိုပျက်ခဲ့ရသည်။ မြို့နေရာတစ်ခုလုံးသည်လည်း လယ်ကွင်းဖြစ်ပြီး ရှာမတွေ့နိုင်အောင် ဖြစ်ခဲ့ရသည်။

၂၀၀၂ခု၊ ဒီဇင်ဘာလ ၅ရက်နေ့က ပြင်သစ်ပြည် ပါရီတက္ကသိုလ်မှ (ERNELLE BERLTET) ဆိုသောကျောင်းသူ တစ်ဦး ရောက်ရှိခဲ့သည်။ သူမသည် ရှေးဟောင်းရခိုင်မြို့တော်များ အကြောင်းကို ရေးသားပြီး ပါရဂူဘွဲ့ယူရန်ဖြစ် သည်။ ကျွန်တော်ထံသို့ ဒေါက်တာလိုင်ဒါထံမှ စာတစ်စောင်ပါလာသည်။ သူမအား အကူအညီပေးရန်ဖြစ်ပေသည်။ ကျွန်တော်မှာ ကျန်းမာရေးမကောင်းသဖြင့် ကျွန်တော်၏တပည့်ဖြစ်သူ ပန်းချီဆရာဦးရွှေမောင်သာအား လိုက်ပြရန် အကူအညီတောင်းခံရသည်။ ၎င်းသူလည်း စိတ်ရှည်စွာ ရှေးဟောင်းမြို့တော်များကို စေညဝတီမှစပြီး လိုက်၍ကွင်းဆင်းလေ့လာပြသခဲ့သည်။ သို့သော် အသေးစိတ်တိုင်းတာမှုမပြုရသေးပေ။ ရှေးဟောင်းသုတေသနဌာနတွင်လည်း တိကျသောအတိုင်းအတာမရှိသဖြင့် နောက်တစ်ကြိမ် သွားရောက်ရပေဦးမည်။

ကျွန်တော်လည်း လေဖြတ်ခံရ၍ ကိုယ်တိုင်မသွားရောက်နိုင်ခဲ့ပါ။ ကျွန်တော်၏တပည့်တစ်ဦးအား သွားရောက်၍ စမ္ပဝက်မြို့ကို လေ့လာစေခဲ့ပါသည်။ ထိုသူ၏ကွင်းဆင်းလေ့လာချက်စာတမ်းကို ဖတ်ရှု၍ ဤဆောင်းပါးတွင် ဖော်ပြလိုက်ရပေသည်။

စမ္ပဝက်မြို့တော်ဟောင်းသည် မြောက်ဦးမြို့မှ အရှေ့မြောက်ဘက် ခုနှစ်မိုင်ခန့်အကွာတွင် တည်ရှိပါသည်။ ၎င်းသည် အထက်လေညှင်းတောင်ရွာ၏ အနောက်ဘက်တွင် ကျရောက်သည်။ မြို့ဟောင်း၏တည်နေရာကို လေ့လာသောအခါ အရှေ့ဘက်တွင် အထက်လေညှင်းတောင်ရွာ၊ အနောက်ဘက်တွင် ရမ်းချောင်းတောင်တန်း၊ (မိုးကြိုးတောင်တန်း) တောင်ဘက်တွင် ကြိုးချောင်း။ မြောက်ဘက်တွင် လေသာတောင်တို့ ရှိသည်။

မြို့ကို ကာရံထားသော မြို့ရိုးမှာ မြေသားမြို့ရိုးဖြစ်သည်။ တောင်ဘက်ရှိ ဘုန်းကြီးကျောင်းမှစပြီး မြို့ကို ပတ်၍သွားနေသည်။

အရှေ့ဘက်မြို့ရိုးမှာ မိုးကြိုးချောင်းကို ဖြတ်၍ မိုးကြိုးတောင်ထိ သွယ်တန်းလျက်ရှိသည်။ မိုးကြိုးချောင်းမှာ ယခုအနေအထားအရ ဆယ်ပေခန့်ကျယ်ရှိနေပေသေးသည်။ ဤမြို့ရိုးသည် တစ်မိုင်ခန့် အရှည်ရှိပြီး အချို့နေရာများတွင် ငါးပေနှင့်ဆယ်ပေခန့်ထိ အမြင့်ရှိနေသေးသည်။ ထိုမြေမြို့ရိုးကို ဖြိုဖျက်ပြီး လယ်ကွင်းအဖြစ် အသုံးပြုလျက်ရှိကြသည်။ အချို့လူများသည် ဥယျာဉ်မြေအဖြစ် အသုံးပြုပြီး နှစ်ရှည်သီးပင်များ စိုက်ပျိုးထားကြသည်။

ရှေးဟောင်းမြို့ဟောင်း စမ္ပဝက်၏ထင်ရှားသော မိုးကြိုးအိုင်မှာ ယခုအခါ တောင်ချိုင်ကြားတွင် ရှိပါသည်။ ထိုကန်မှာ တောင်များကို ပိတ်ဆို့ထားသော တစ်ဖက်ဆည်ကန်မျိုးဖြစ်သည်။ ကန်ပတ်လည်တွင် ရှောက်ပင်များ

# သက်သူဇာမည်သူနည်း

အင်းစောက်ရာဇဝင်၌ နရပတိမင်းကြီးသည် နတ်သျှင်မေကို သိမ်းပိုက်ပြီး သက္ကရာဇ် (၁၀၀၀)ပြည့်နှစ်တွင် မြောက်ဦးထီးနန်းကို သိမ်းပိုက်လေသည်။ နရပတိမင်းသည် အလှူဒါနများစွာပေးခဲ့သည်။ ထိုနရပတိမင်း နန်းစံသောအချိန်၌ အနောက်မဖျိမဒေသ၌ မင်းခေါင်ရောင် နန်းစံသောအချိန်ဖြစ်သည်။ ၎င်းမင်းခေါင်ရောင် အိုမင်းလတ်သော် သားကြီးတလသောကျူအား ထီးနန်းလွှဲပေးခဲ့သည်။ ထိုမင်းသား တလသောကျူးမင်းဖြစ်လျှင် မတရားပြုကျင့်သဖြင့် ညီတော်နှာရောင်စီ ပုန်ကန်ရာ ရှုံးနိမ့်၍ နှမတော်သက်သူဇာကို ယူပြီး ရခိုင်ပြည်သို့ ထွက်ပြေးခဲ့သည်။ ရခိုင်ဘုရင်နရပတိလည်း သာကြည်စွာလက်ခံထားလေသည်။ နှာရောင်စီ၏နှမတော် သက်သူဇာကို သိမ်းပိုက်လေသည်။ ၎င်းပြင် သက်သူဇာ၏ အလှဘွဲ့ကို ဖွဲ့ဆိုသီကုံးထားစေသည်။

၁။ ကျော်ဆန်းပြား၍၊ ဘုရားရှင်ပင့်၊ ဘုန်းရောင်ပွင့်သား၊ နောက်ခွင်မဖျိမ၊ ဒေသဦးဆောင်၊ မင်းခေါင်ရောင်လျှင်၊ ပြည်ထောင်ရှည်လျား၊ အိုလတ်ငြား၍၊ သားဩရသ၊ တလသောကျူ မင်းမူသောခါ၊ ကျင့်ရာမသင့်၊ လင့်၍ပြည်သူ၊ လူတို့တည်သွားရာ၊ သက်သူဇာသည်၊ နောက်ပါတညီ၊ နှရောင်စီနှင့် တူပြီးမကွာ၊ ရဲဗိုလ်ပါနှင့်၊ မတ်ရာခမ်းနား၊ သားမယားတို့ ပြေးသွားဝင်မြောက်၊ ကျွန်ခံရောက်သည်၊ လျှံတောက်စက်ရွှေတော်ဝယ်သော်။

၂။ စက်ရွှေတော်ရောင်၊ ထွန်းလျှံပြောင်သား၊ ပြည်ထောင်နောက်မှာ၊ ပဆာထိုမင်း၊ ဝင်လာလျင်းလျင်၊ ဖြည့်တင်းသိမ်းမြန်း၊ ရာနန်းတည်ဆောက်၊ ဝမ်းမြောက်ကြည်ဖြူ ကြင်တော်မူ၍၊ ရန်သူမမှတ်၊ ပညတ်လေငြား၊ သိမ်းမြန်းထားသည်။ ဘုရားဆုယူ မျှော်ရွှေသော်။

၃။ အိုလတ်ငြား၍ သားဩရသ၊ တလသောကျူ မင်းမူသောခါ၊ ကျင့်ရာမသင့်၊ လင့်၍ပြည်သူ၊ လူဆိုးအညီ၊ နှရောင်စီနှင့်၊ ဆူပြီစစ်မက်၊ ပုန်ကန်ပျက်၍၊ ပြေးထွက်သွားရာ၊ သက်သူဇာလည်း၊ နောက်ပါတညီ၊ နှရောင်စီနှင့်၊ တူညီမကွာ၊ ရဲဗိုလ်ပါနှင့်၊ စက်ရာခမ်းနား၊ သားမယားတို့ ပြေးသွားဝင်မြောက်၊ ကျွန်ခံရောက်သည်၊ လျှံတောက်စက်ရွှေတော်ဝယ်သော်။

၄။ ဘုရားဆုယူ၊ မျှော်တော်မူ၍၊ သက်သူဇာသွေး၊ အဆွေအကြီး၊ မင်းသမီးကို၊ ထံနီးမကွာ၊ စေပါတော်ထား၊ မိဿံများနှင့်၊ မျက်ဝါးစီမံ၊ မြတံထွေထွေ၊ ရွှေငွေဒင်္ဂါး၊ ရေသော်များ၏၊ တိုင်းသားပြည်သူ၊ လူရဟန်းအား၊ သနားတော်မူ၊ ထိုဘုန်းတူ၏၊ မြစ်လူဝေချာ၊ စကြာပြောင်ရွှန်း၊ တင့်ထူးဆန်းသည်၊ ရံဝန်းတော်များ၊ ရွှေလှည့်သော်ဝ်။

၅။ ရဲဝန်ဘော်ရွှေ ပျော်စံနေ၍၊ တင့်ထွေလှစွာ၊ သိင်္ဂါရောင်ရွှန်း၊ လွန်ထူးဆန်းသည်၊ ရွှေနန်းဦးတင်၊ ပလ္လင်တော်ထက်၊ နေသွင်ရှေ့ရှူ၊ ထွက်တော်မူက၊ လျှံလူပြောင်ဝင်း၊ ရာမင်းဗျာဒိတ်၊ ထိုတံဆိပ်၊ ဘုန်းရိပ်တော်သည်၊ လွှမ်းချမ်းကြည်သား၊ နောက်ပြည်လွှန်ကျော်၊ ရာဇာတော်ခါ၊ ဒါဂါပြည်ထောင်၊ တဘောင်သူရတန်၊ မင်းပထန်တို့၊ ရှင်လွှန်ကြည်စွာ၊ သိုက်မှာနိဒါန်း၊ ကျိန်းခန်းဘို့လျှောက်၊ ကျွန်ခံရောက်သား၊ ဤကြောင်းလျှားကို၊ ရွှေနားလျှောက်တင်၊ မော်ကွန်းဆင်သည်၊ ဝန်းကျင်ကျော်ဆန်း၊ ပြားလှည့်သော်ဝ်။

၆။ ပလျှမ်းထင်၍၊ ထိပ်ပြင်စဦးစွန်း၊ လရောင်ထွန်းသို့၊ တို့ကျွန်းအားလုံး၊ ကိုယ်ရောင်ဖုံးသည်၊ တင့်ဆုံးဝင်းပြောင်၊ လှထွဋ်ခေါင်မူ၊ ဖြူရောင်ဖြာထွား၊ ရွှေအလားနှင့်၊ မြကားစိန်သွယ်၊ လကိုယ်နွယ်သို့၊ ကြင်ဖွယ်လှတင့်၊

# ရခိုင်အမျိုးသမီး နန်းတွင်းစာဆို မိညို

ရခိုင်အမျိုးသမီး နန်းတွင်းစာဆိုမိညိုသည် မြောက်ဦးခေတ် သီရိသုရိယစန္ဒမဟာဓမ္မရာဇာဘွဲ့ခံ မင်းပါဘုရင် (အေဒီ ၁၅၃၁-၁၅၅၃)၊ မြန်မာသက္ကရာဇ် ၈၉၃-၉၁၅ လက်ထက် နန်းတွင်းစာဆိုအဖြစ် ထင်ရှားသော အမျိုးသမီးစာဆိုတစ်ဦးဖြစ်ပေသည်။ မိညိုသည် မြောက်ဦးမှတစ်ဖန် အင်းဝသို့သွားရောက်ပြီး နရပတိစည်သူဘွဲ့ခံ စစ်ကိုင်းစည်သူကျော်ထင်ထံ နန်းတွင်းစာဆိုအဖြစ် ခံစားခဲ့သည်။ ထိုစဉ် အင်းဝသူ မိဖြူနှင့် အပြိုင်စာဆိုခဲ့ရသည်။ ထို့ကြောင့် မြန်မာစာပေသမိုင်းတွင် နန်းတွင်းမိညိုနှင့် နန်းတွင်းမိဖြူဟူ၍ ပြိုင်ဖက်စာဆိုနှစ်ဦးအဖြစ် မှတ်တမ်းတင်ခဲ့ရသည်။

နန်းတွင်းမိညိုမှာ ရခိုင်သူဖြစ်ကြောင်း မြန်မာစာပေပညာရှင်များက တညီတညွတ်တည်း အတည်ပြုခဲ့ကြသည်။ ပါမောက္ခ ဦးဖေမောင်တင် ပြုစုသော မြန်မာစာပေသမိုင်းနှင့် အထက်တန်းမြန်မာကဗျာ ကောက်နုတ်ချက်စာအုပ်များတွင် မိညိုအကြောင်းကို ‘မိညိုသည် ရခိုင်သူ ဖြစ်၍ အင်းဝမြို့တွင် သက္ကရာဇ် (၉၁၃)ခုနှစ် နရပတိစည်သူဘွဲ့နှင့် နန်းတက်သော စစ်ကိုင်းစည်သူကျော်ထင်လက်ထက် အင်းဝသူနန်းတွင်းမိဖြူနှင့် အပြိုင်စာဆိုဖက်ဖြစ်သည်’ဟု ဖော်ပြရေးသားခဲ့သည်။

မြန်မာစာပါမောက္ခ ဦးဇမောင် စီစဉ်ပြုစုသော အထက်တန်းမြန်မာစကားပြေနှင့် ကဗျာကောက်နုတ်ချက် ပထမတွဲစာအုပ်တွင်လည်း မိညို၏ကိုယ်ရည်သွေးရတုသုံးပိုဒ်၏ အောက်ခြေတွင် မှတ်ချက်ရေးထားသည်မှာ “ရခိုင်သူမိညို၊ စာပြီးနှစ် ၉၁၃-၉၁၆’ဟူ၍ဖြစ်သည်။ မြန်မာနိုင်ငံတော် ပညာရေးဝန်ကြီးဌာန အခြေခံပညာသင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့် ကျောင်းသုံးစာအုပ်ကော်မတီမှ ထုတ်ဝေပြဌာန်းသော ဒသမတန်း မြန်မာကဗျာလက်ရွေးစင်စာအုပ်မှာလည်း “အင်းဝခေတ် စာပေလောကတွင် အမျိုးသမီးများ၏စာဆိုစွမ်းရည်ကို ထင်ရှားပြသခဲ့သူမှာ မိညိုနှင့် မိဖြူတို့ဖြစ်ကြသည်။ ‘တောင်တွင်မြင့်မိုရ်၊ ကျွန်ုပ်ဆိုသား”ရတုကို ရေးသားသူမိညိုသည် ရခိုင်အမျိုးသမီးဖြစ်သည်။ မြန်မာနှစ် ၉၁၃ တွင် အင်းဝ၌ နန်းတက်သော နရပတိစည်သူဘွဲ့ခံ စစ်ကိုင်းမင်းစည်သူကျော်ထင်၏လက်ထက်၌ နန်းတွင်းစာဆိုတစ်ဦးအဖြစ် အမှုထမ်းရသူဖြစ်သည်”ဟုဖော်ပြရေးသားထားသည်။ ဦးထွန်းရွှေခိုင်(မဟာဝိဇ္ဇာ) စီစဉ်ပြုစုသော ရခိုင်စာဆိုတော်များ စာအုပ်တွင်လည်း မိညိုသည် အင်းဝရောက်ရခိုင်အမျိုးသမီး၊ နန်းတွင်းစာဆိုအဖြစ် ထင်ရှားခဲ့သည်ဟု ဖော်ပြရေးသားထားသည်။

နန်းတွင်းမိညိုသည် မြောက်ဦးနန်းတွင်း၌ စာဆိုအဖြစ် အမှုထမ်းနေစဉ် ကဗျာလင်္ကာများစွာ ရေးသားခဲ့ပေလိမ့်မည်။ ယနေ့ထိ ရှာဖွေတွေ့ရှိရသော နန်းတွင်းမိညို၏ကဗျာနှစ်ပိုဒ်မှာ-

**ဆေးလိပ်ပေးလိုက်ပါလေ**

ခကိုသဝေ၊ ဝကိုကွယ်လို့
ဝစ်ကိုလည်းစီး၊ လမှာဝတင်
ဂကိုပက်လှန်၊ တံခွန်လည်းလွှား
ပုစ္ဆာများကို၊ ပြောလိုက်ပါလေ
ပေးလိုက်လေ။

ချက်ချီလှည့်ကျူး၊ ညဥ့်ဦးသန်းခေါင်
သောက်ရောင်မိုးသောက်၊ မွန်းတည့်ရောက်က
ဝမ်းမြောက်ရွှင်လန်း၊ လူရဟန်းတို့
ထက်ဝန်းဖူးမြင်၊ သိစီရင်သည်
စည်တွင်ပဟိုရ် သာတကား။

(၃) နန်းတွင်းမိညို၊ ကျွန်ုပ်ဆိုသား
မှောင်ကိုပယ်လင်း၊ ဆီမီးဝင်းသို့
သီတင်းငါးမည်၊ သီလတည်လျက်
လှရည်ညက်သေး၊ ပြေး၍မဆို
သူ့ကိုနှိပ်စက်၊ မာန်မထွက်တည့်
ဝှန်တက်ပညာ၊ လင်္ကာရတု
ဆိုမှုရွှန်ရွှန်၊ ကြားကစိတ်ဝမ်း
သူ့နားချမ်းလိမ့်၊ စွဲလမ်းကိုယ်တွင်
တောင်နှယ်ထင်သည်၊ နန်းတွင်းမိညိုသာတကား။

နန်းတွင်းမိညို၏ ဒုတိယရတုပိုဒ်တွင် ရှေးအခါက ရခိုင်မြန်မာတို့ ပဟိုရ်စည်တီးခတ်ပုံနှင့် နာရီအကြောင်းကို ရေးဖွဲ့ထားသည်။ ဤအကြောင်းကို စာရှုသူတို့ ဗဟုသုတပွားစေရန် ရေးသားလိုက်ရပါသည်။

### ရှေးခေတ်နာရီ ရေတွက်ပုံလင်္ကာ

အခါနာရီ၊ ခြင့်တွက်လီ၍၊ ထုံးပြီဤသို့၊ လင်္ကာပျို့၍၊ လူတို့မျက်စိ၊ ဆယ်နှိပ်ဟိက၊ တစ်ခဏာသာ၊ မှတ်ကုန်ပါလော။ ဆယ်ခါခဏ၊ တစ်လယျတည်း။ တယျတစ်ဆယ့်နှစ်ခါ၊ တစ်ခရာအပြီး၊ အပြန်လေးလီ၊ တစ်ဗီဇနာ၊ မှန်လှစွာ၏။ ဗီဇနာတစ်ဆယ့်ငါး၊ တစ်ပါဒ်ထားလော့၊ ပါဒ်ကားလေးလီ၊ တစ်နာရီဟု မှတ်ခေါ်ပြုပါ၊ တစ်နာရီတွင်၊ ကြေးနီအပြား၊ ဆယ့်ခြောက်သားကို၊ ယာဝစတု၊ လေးပါဒ်စုဖြင့်၊ ဇကဂ်လီ၊ လက်သစ်ညီမျှ၊ ကိုးသည်ချရှင့်၊ အမြင့်ဆောက်မှာ၊ ဒသဝစ္ဆရာ၊ ဣတ္ထိယာ၏၊ ကေသာဆံပင်၊ ဆယ့်ခြောက်မျှင်ကို၊ ဝင်လောက်ရုံရုံ၊ ဖောက်ပြီးတုံမှ၊ ပြင်းမူခဏ၊ ရေဝယ်ချ၍၊ မှတ်ကြရန်မှာ၊ နစ်တစ်ခါကို၊ တစ်နာရီမှတ်၊ တစ်မောင်းခတ်လော့၊ သူမြတ်ဉာဏ်သျှင်၊ ပဟိုရ်ခင်ဟု၊ ညလျှင်လေးချက်၊ နေ့လေးချက်သည်၊ ရေတွက်ခြောက်ဆယ် အမှန်တည်း။


### အချိန်နာရီသတ်မှတ်ရေတွက်ပုံ

| | | |
|---|---|---|
| မျက်စေ့ (၁၀)နှိပ် | = | ၁(တစ်ခဏ) |
| ၁၀-ခဏ | = | ၁(တစ်လယျ) |
| ၁၂-လယျ | = | ၁(တစ်ခရာ) |
| ၁၀-ခရာ | = | ၁(ပြန်) |
| ၄-ပြန် | = | ၁(ဗီဇနာ) |
| ၁၅-ဗီဇနာ | = | ၁ပါတ် |
| ၄ပါတ် | = | ၁နာရီ |
| ၆၀-နာရီ | = | ၁ရက် |

ပတ်၊ သံ၊ တာ၊ ရှည်၊ တီး၊ သံ၊ မြည်။ လက်၊ ဆည်၊ ကန်၊ စာ၊ ရေး။ တစ်ဆယ်တိုး၍၊ တစ်ပိုးတင်၊ ကြွင်းလျှင်ညဥ့်ကိုပေး။

## နံသင့်ဂဏန်းကောက်ယူပုံ

| လက်ာ | ပတ် | သံ | တာ | ရှည် | တီး | သံ | မြည် | လက် | ဆည် | ကန် | စာ | ရေး |
|---|---|---|---|---|---|---|---|---|---|---|---|---|
| နံသင့်ဂဏန်း | ၅ | ၆ | ၇ | ၄ | ၇ | ၆ | ၅ | ၄ | ၃ | ၂ | ၃ | ၄ |
| ၁၀-တိုး | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ |
| ထိုးပြီးဂဏန်း | ၁၅ | ၁၆ | ၁၇ | ၁၄ | ၁၇ | ၁၆ | ၁၅ | ၁၄ | ၁၃ | ၁၂ | ၁၃ | ၁၄ |
| (၂)ဆတိုး | ×၂ | ×၂ | ×၂ | ×၂ | ×၂ | ×၂ | ×၂ | ×၂ | ×၂ | ×၂ | ×၂ | ×၂ |
| နေနာရီ | ၃၀ | ၃၂ | ၃၄ | ၂၈ | ၃၄ | ၃၂ | ၃၀ | ၂၈ | ၂၆ | ၂၄ | ၂၆ | ၂၈ |



ဤဇယားကိုကြည့်ခြင်းဖြင့် ဆောင်းရာသီ၌ ညတာရှည်ပြီး နေ့တာတိုကြောင်း သိရှိရပေသည်။ တစ်လနှင့် တစ်လ ညဥ့်တာ၊ ညတာ နာရီတူညီမှုမရှိသည်ကိုလည်း တွေ့မြင်နိုင်ပေသည်။

နန်းတွင်းမိညို၏ရတုမှာ ပြိုင်ဖက်မိဖြူအပေါ် ကိုယ်ရည်သွေး ရတုဖြစ်သော်လည်း ရှေးခေတ် (၁၆)ရာစု အချိန်၌ ရခိုင်-မြန်မာတို့၏ နာရီရေတွက်ပုံနှင့် ပဟိုရ်စည်တော်တီးခတ်ပုံအကြောင်းကို လေ့လာသိရှိရသဖြင့် ဗဟုသုတတိုးပွားနိုင်ပေသည်။

တစ်နေ့တာ နာရီတွက်ပုံကို ဤသို့လည်း မှတ်ထားနိုင်သေးသည်။ "မသိနေရောင်၊ တစ်သန်းမှောင်၊ လှည့်ဆောင်ကွာစင်ဝေး"။

"စာပေမြင့်မှ လူမျိုးတင့်သည်"ဆိုသော စကားအရ လူမျိုးတစ်မျိုး၏ယဉ်ကျေးမှု အဆင့်အတန်းကို ၎င်းတို့၏စာပေကို လေ့လာခြင်းဖြင့် သိရှိနိုင်သည်ဟု ပညာရှင်များ အဆိုရှိခဲ့သည်။ ရခိုင်စာပေသမိုင်းကို လေ့လာကြည့်လျှင် ဝေသာလီခေတ်မှစပြီး လေးမြို့ခေတ်၊ မြောက်ဦးခေတ်တိုင်အောင် စာပေရေစီးကြောင်းတစ်လျှောက်၌ စကားပြေအရေးအသား၊ ကဗျာလင်္ကာအရေးအသားတို့မှာ ယခုခေတ်တိုင်အောင် ဂန္ထဝင်မြောက်စာပေအဖြစ် မှတ်တမ်းတင်နိုင်ခဲ့ပေသည်။ ထိုစာပေများကို အမျိုးသားစာဆိုနှင့် အမျိုးသမီးစာဆိုများ ရေးသားခဲ့ကြပေသည်။ ၎င်းတို့ခေတ်အခါ၌ ၎င်းတို့၏ စာပေဗဟုသုတဖြင့် တိုင်းပြည်၏အကျိုးကို ပံ့ပိုးထမ်းဆောင်ခဲ့၍ စာပေအဆင့်အတန်း မြင့်ခဲ့ရပေသည်။ အမျိုးဂုဏ်တင့်ခဲ့ရပေသည်။ ယခုခေတ်တွင်လည်း ရခိုင်အမျိုးသမီးများသည် စာပေဖြင့်

## လေးမြို့ခေတ်မှ လျောင်းတော်မူရုပ်ပွားတော်

သုံးလူ့ထွတ်ထား ဗုဒ္ဓသျှင်တော်ဘုရားရေ၊ ဝါတော်လေးဆယ့်ငါး၊ သက်တော်သျှစ်ဆယ်အရွယ်ခါ၊ ပရိနိဗ္ဗာန်စံဝင်ဖို့ အချိန်အတိအကျကို တွက်စစ်ပြီးကေ ရာဇဂြိုဟ်ပြည်က ကုသိနာရုံပြည်၊ မလ္လာမင်းရို့၏ အင်ကြင်းဝယိုင်သို့ ကြွတော်မူခပါရေ။ ယင်းပိုင်ကြွလာရေခါ အသျှင်အာနန္ဒာရေ နောက်တော်ပါးက တက်တက်ကပ်ပြီးကေ ဝတ်ကြီးဝတ်ငယ်အသွယ်သွယ်တိကို ဆောင်ရွက်ပြီးကေ ပါလားခပါရေ။ မြတ်စွာဘုရားရေ လမ်းခရီးမှာ ပါဝါပြည်မှာနီရေ ရွှေပန်းထိမ်စုန္ဒ၏ သရက်ဝယိုင်မှာ ခရီးတစ်ထောက်ရပ်တန့်ပြီးကေ သီတင်းသုံးနီပါရေ။ ယင်းအချိန်ခါ စုန္ဒလှူဒါန်းရေ၊ ဝက်ပျိုသားဆွမ်းကို လက်ခံဘုန်းပီးခပါရေ။ ယေခါ ဝမ်းတော်စုန်ရေ ဝေဒနာကို ရဟိလာပါရေ။ ဘုရားသခင်ရေ သတိနန့် ဆင်ခြင်ပြီးကေ ဝေဒနာကို ကောင်းကောင်းသည်းခံတော်မူပါရေ။ ဝေဒနာမှာ မသက်သာဘဲ တဆတ်ဆတ်ဆိုးဝါးလာပါရေ။ ယကေလည်း မြတ်စွာဘုရားရေ မိမိရောက်ဖို့ ရည်မှန်းထားရေ ကုသိနာရုံပြည်တို့ရောက်အောင် ပင်ပင်ပန်းပန်း ခြီလျှင်လျှောက်လားခပါရေ။ ကုသိနာရုံပြည်တို့ရောက်တေအခါ မလ္လာမင်းရို့၏ အင်ကြင်းဝယိုင်မှာ သီတင်းသုံးနီခပါရေ။ ယင်းပိုင်နန့် ပရိနိဗ္ဗာန်စံဝင်ချိန် နီးလာရေအခါ ညောင်စောင်းထက်မှာ ဦးတော်ကို မြောက်ဘက်သို့ ထားပြီးကေ မျက်နှာတော်ကို အနောက်ဘက်တို့ပြုလို့ လျောင်းတော်မူပါရေ။ ပရိနိဗ္ဗာန်မစံခင် သုဘဒ်ပရဗိုဇ်ကို ရဟန်းခံခွင့်ပြုခပါရေ။ သုဘဒ်ရဟန်းရေ၊ ပါရမီရင့်ကျက်ရေသူဖြစ်လို့၊ တအောင့်သျှေ့ တရားအားထုတ်စွာနန့် ရဟန္တာဖြစ်လီပါရေ။ သုဘဒ်ရဟန္တာရေ မြတ်ဗုဒ္ဓ၏ နောက်ဆုံးသာဝကဖြစ်ပါရေ။

ယင်းနောက်မြတ်စွာဘုရားရေ၊ ပရိနိဗ္ဗာန်စံဝင်ချိန် နီးကပ်လာရေခါ ရဟန်းတိအားလုံးကို ခေါ်ပြီးကေ ပစ္ဆိမစကားကို ဒေအတိုင်း မိန့်မြွက်တော်မူခပါရေ။

**ဟန္ဒဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ ဝယဓမ္မာ**

**သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ။**

ဘိက္ခဝေ-ရဟန်းရို့၊ ဒါနိက္ကဒါနိ-အဂုအခါ၌၊ ဟန္ဒ-အတိုသျှေနန့် ဝါ ငါ၏ အလိုတော်ရင်းနန့်၊ ဝေါ-သင်ရို့ကို၊ အဟံ-ငါဘုရားရေ၊ အာမန္တယာမိ- မှာထားတော်မူခမေ။ သင်္ခါရာ- ကံ၊ စိတ်၊ ဥတု၊ အာဟာရ တိရေ ပြုပြင်တတ်တေသဘောဟိပြီးကေ၊ ထိုသင်္ခါရတရားရို့ရေ၊ ဝယဓမ္မာ-ပျက်တတ်တေသဘောလဲ ဟိကတ်တေ၊ တုမေ-သင်ရို့ရေ ဒေသဘောတရားတိကို၊ အပ္ပမာဒေန- မမိမလျော့စီဘဲ၊ သမ္ပာဒေထ-ပြည့်ပြည့်စုံစုံ မှတ်ထားလိုက်ကတ်ဖိ။

ဒေဂါထာတော်ကို မြွက်ကြားတော်မူပြီးကေ၊ မြတ်စွာဘုရားရေ စျာန်အဆင့်ဆင့်ကို ဝင်စားတော်မူလီပါရေ။ နောက်ဆုံး စတုတ္ထစျာန်ကို ဝင်စားပြီးကေ ပစ္စဝေက္ခဏဝီထိ၏အဆုံးမှာ သင်္ခါရတရားအားလုံး၏ ကုန်ရာငြိမ်းရာ နိဗ္ဗာန်သစ္စာကို အာရုံပြုပြီးကေ-မဟာဝိပါတ် ပထမသင်္ခါရိက အဗျာကတ ဒုက္ခသစ္စာနန့် ပရိနိဗ္ဗာန်စံတော်မူခပါရေ။

မြတ်စွာဘုရားရေ၊ ညောင်စောင်းထက်မှာ မြောက်ဘက်တို့ ဦးတော်ပြုလို့၊ မျက်နှာကို အနောက်ဘက်တို့လှည့်ပြီးကေ ပရိနိဗ္ဗာန်စံနီပုံအတိုင်း ထုလုပ်ပူဇော်ထားရေ ပုံတော်တိကို လျောင်းတော်မူပုံလို့ ခေါ်ကတ်ပါရေ။ လျောင်းတော်မူပုံတိုင်းရေ ပရိနိဗ္ဗာန်စံနီပုံမဟုတ်ပါ။ လျောင်းတော်မူပုံ လေးမျိုးလေးစား ဟိပါရေ။

ပထမလျောင်းတော်မူအမျိုးအစားမှာ ဖလသမာပတ်ကို ဝင်စားနီရေခါ လဲလျောင်းနီပုံမျိုးဖြစ်ပါရေ။

မြတ်စွာဘုရားရေ၊ ဖလသမာပတ်ကို ဝင်စားပြီးကေ၊ ဒိဋ္ဌဓမ္မသုခကို ခံစားနီရေအတွက် တစီလဲမလှုပ်ဘဲ

တော်နှစ်လုံးစလုံး ပိတ်ထားပါရေ။ ဒေလျောင်းတော်မူပုံမျိုးကို ပရိနိဗ္ဗာန်ပြု လျောင်းတော်မူပုံလို့ ခေါ်ပါရေ။ ပရိနိဗ္ဗာန်မုဒြလို့လည်း ခေါ်ပါရေ။

ယင်းပိုင် ပရိနိဗ္ဗာန မုဒြ၊ လျောင်းတော်မူပုံမျိုးတိကို အကျွန်ရို့ရခိုင်ပြည်မှာ ဝေသာလီခေတ်ကပင် တွိဟိရပါရေ။ ဝေသာလီခေတ်က ထုလုပ်ထားရေ၊ အဝီဒူရေနိဒါန်းလို့ခေါ်ရေ သျှစ်ခန်းဗုဒ္ဓဝင်၊ ဆယ်ခန်းဗုဒ္ဓဝင်တိကို ထုလုပ်ထားရေ ကျောက်ပြားတိမှာ မြတ်စွာဘုရားပရိနိဗ္ဗာန်စံနီပုံကို အထက်ဆုံးက ပရိနိဗ္ဗာနမုဒြအတိုင်း ထုလုပ်ထားခစွာတိကို ဂုနိထိတွိဟိရပါရေ။

ယင်းဝေသာလီခေတ်က ဆက်နွယ်ပြီးကေ လေးမြို့ခေတ်ကဆိုစွာ ပေါ်ပေါက်လာပါရေ။ ဝေသာလီမြို့တော်ကို မွန်ဂိုလ်လို့က်ရို့ ဝင်တိုက်တိ့ ပျက်စီးခရပါရေ။ ယင်းအတွက်နန့် ငမင်ငတုံမင်းရေ၊ စမ္ပဝက်မြို့ကို တည်ထောင်စိုးစံခပါရေ။ ယင်းနောက် ခေတ္တသင်မင်းရေ ပဉ္စာမြို့ကို ခရစ်နှစ် ၈၁၈မှာ တည်ထောင်စိုးစံခပါရေ။ ယင်းအခါက စပြီးကေ လေးမြို့ခေတ်ကို စတင်ရေနှစ်အဖြစ် ရွိတွက်ကတ်ပါရေ။ လေးမြို့ခေတ်လို့ ခေါ်ရစွာက အဠနနဒီမြစ်ကမ်းတစ်လျှောက် ရခိုင်ဘုရင်တို့ ထီးနန်းစိုက်ခရေမင်းနီ မြို့တော်လေးမြို့ဟိခလို့ ဖြစ်ပါရေ။ ယင်းမြို့တိက ပဉ္စာမြို့၊ ပရိန်မြို့၊ နေရဥ္စာရာမြို့နန့် လောင်းကြက်မြို့တိဖြစ်ပါရေ။ လေးမြို့ခေတ်ရေ ခရစ်နှစ် ၈၁၈ က ၁၄၃၀ထိ နှစ်ပေါင်း ၆၁၂နှစ် ဖြစ်ပါရေ။

လေးမြို့ခေတ်က အုပ်စိုးခရေ မင်းတိရေ ဗုဒ္ဓဘာသာတော် စည်ပင်ထွန်းကားအောင် ဆောင်ရွက်ခကတ်ပါရေ။ ယင်းမင်းတိအထဲက ထင်ရှားရေ မင်းတိက ခေတ္တသင်မင်း၊ မင်းရင်ဖြူ၊ လက်ျာမင်းနန်၊ ကောလိယမင်း၊ ဒသရာဇာမင်း၊ ငရမံမင်း၊ အလောမာဖြူမင်း၊ မင်းထီးစသည်ရို့ဖြစ်ပါရေ။ အေလေးမြို့ခေတ်မှာ ရဟန္တာအသျှင် ၈၀၀ထိ ပေါ်ထွန်းခကြောင်း သမိုင်းမှတ်တမ်းများမှာ ရွီးသားထားစွာကို တွိဟိရပါရေ။ ယင်း ရဟန္တာတိအထဲက ထင်ရှားရေ အသျှင်တိမှာ အသျှင်သုမန၊ အသျှင်ဗဏ္ဏဝ၊ အသျှင်နန္ဒိယ၊ အသျှင်ဘဒ္ဒိယနန့် အသျှင်ဥတ္တမသီရိရို့ ဖြစ်ပါရေ။ အသျှင်ဗဏ္ဏဝမထေရ်ရေ၊ ခေတ္တသင်မင်းကြီး၊ ပဉ္စာမြို့ကို အုပ်စိုးနီစိုင်၊ ပစ္ဆိမတောင်တန်းလို့ခေါ်ရေ စည်ကားတောင်တန်းတိ သီရိပဗ္ဗတတောင်ကုန်းပေါ်မှာ ပရိနိဗ္ဗာန်ပြုခပါရေ။ အလောင်းတော်ကို ခေတ္တသင်မင်း ကိုယ်တိုင် မီးသင်္ဂြိုဟ်ခပါရေ။ ကြွင်းကျန်နီရေ ဓာတ်တော်များကို ယူပြီးကေ ဘုရား၏ဓာတ်တော်များနန့် ရောပြီး ပုထိုးတစ်ဆူကို အသျှင်ပရိနိဗ္ဗာန်ပြုရေ နီရာဖြစ်တေ သီရိပဗ္ဗတတောင်ထိပ်မှာ တည်ထားခပါရေ။

ပုထိုးတော်မှာ မုခ်ပေါက်ကိုးခု ပါဟိပါရေ။ ယင်းအတွက်နန့် ကိုးနဝင်းပုထိုးလို့ နာမည်ပီးခပါရေ။ မုခ်ပေါက်တစ်ခုစီမှာ မုဒြတစ်ခုစီနန့် ကျောက်ဆင်းတုဘုရားတစ်ဆူစီ တည်ထားခပါရေ။ ယင်းမုခ်တိအနက် အနောက်ဘက်ဟိ မုခ်ထဲမှာ လျောင်းတော်မူဘုရားတစ်ဆူ တည်ထားခပါရေ။ ဒေလျောင်းတော်မူမှာ ပရိနိဗ္ဗာန မုဒြပုံမျိုး ဖြစ်ပါရေ။ အလွန်ရှားပါးရေပုံစံဖြစ်လို့ ကိုယ်ကျိုးရှာဘုရားဖောက်တိ လက်ကလွတ်အောင် အဂုအခါ မြောက်ဦးမြို့ သျှစ်သောင်းသိမ်တော်တို့ ရွိပြောင်းထားပါရေ။

အေလျောင်းတော်မူဘုရားရေ ဦးတော်က ခြီဖျားထိ ၅ပေ ၉လက်မရှည်ပါရေ။ ကျောက်တစ်လုံးတည်းကို ထုထားပြီးကေ နောက်ကုန်းနန့် ညာဘက်ဘေးစောင်းမှာ ကျောက်ကို အပြားလိုက်ထားပါရေ။ ပက်လက်လှန် လှန်၊ ဘေးကိုစောင်းစောင်း တည့်နီအောင် ထုဆစ်ထားစွာ ဖြစ်ပါရေ။ နောက်ကုန်ဘက်ဟိ ကျောက်ပြားရေ ၁ပေ ၉လက်မအကျယ်ဟိပါရေ။ လျောင်းတော်မူဦးတော်ကို မြောက်ဘက်တို့ လှည့်ပြီးကေ မျက်နှာတော်ကို အနောက်ဘက်တို့ လှည့်တည်ထားပါရေ။ ဦးတော်အောက်က ခေါင်းအုံးအလုံးတစ်ခု ခံထားပါရေ။ ယင်းဂေါင်းအုံးကို ပွင့်ချပ်ရှစ်လွှာဟိရေ ပန်းပွင့်ဖော်ထားပါရေ။ မဂ္ဂင်ရှစ်ပါးကို ရည်ညွှန်းရေလို့ ထင်ပါရေ။ ဒေလျောင်းတော်မူ၏ အထူးခြားဆုံးမှာ အခြားလျောင်းတော်မူတိပိုင် ညာဘက်လက်ကို တန်းတောင်ကကောက်လို့ ထားပြီးကေ

# သျှစ်သောင်းဘုရားရင်ပြင်က ဗုဒ္ဓဝင်ရုပ်ကြွတိ

ရွှေခိုင်ကျော်(မြောက်ဦး)

**ကျေးဇူးဆပ်သောနွားလား**

အေနိပါဒ်မှာ ငါးရာငါးဆယ်ဇာတ်တော်၌ ပါဟိရေ ဧကနိပါဒ်လာ ဇာတ်တော်ပေါင်း (၁၅၀)အနက်က ဇာတ်တော်နံပါတ် (၂၉)ဖြစ်ပါရေ။ ဤဇာတ်နိပါဒ်မှာ မင်းဗာဘုရင်တည်ဆောက် ကုသိုလ်ပြုခရေ သျှစ်သောင်း ပုထိုးတော်ကြီး၏ အပြင်ဘက်တောင်နံရံမှာ ထုလုပ်ထားရေ ကျောက်ဆစ်လက်ရာဖြစ်ပါရေ။ သရုပ်ဖော်ထုလုပ် ထားစွာကတော့ခါ ဝါကြီးမတစ်ယောက် နွားစာခွက်မှာ အစာကို သွန်းလောင်းနိန်စဉ် နွားသျှေတစ်ကောင်က အစာကို စားနိန်ပုံအဖြစ် သရုပ်ဖော်ထုလုပ်ထားပါရေ။

ဒေဇာတ်တော်ကို မြတ်စွာဘုရားရေ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနိန်စဉ် ရဟာန်းတော်တိရေ မြတ်စွာဘုရားက တန်ခိုးပြဋ္ဌိယာပြရေ ကိစ္စနန့်စပ်ပြီးကေ ဘုရားသျှင်ဆောင်ရွက်တေတာဝန်တိ ကို အခြားလူတစ်ယောက်လဲ မဆောင်ရွက်နိုင်လို့ ဘုရားသျှင်ကို ချီးကျူးပြောဆိုကတ်ပါရေ။ ထိုစကားကို မြတ်စွာ ဘုရားသျှင် ကြားသိရရေအခါ မြတ်စွာဘုရားက "ရဟာန်းရို့၊ အဂုအခါ ငါဘုရားဆောင်ရွက်တေတာဝန်ကို အခြား တစ်ယောက်လေ့ မဆောင်ရွက်နိုင်စွာမှုန်ရေ။ အယင်ကခါ ငါဘုရားရေ အလောင်းတော် ဘဝနန့် တိရိစ္ဆာန်မျိုးမှာ ဖြစ်ခစဉ်ကလည်း ငါနန့်ထပ်တူတာဝန်ကို ဆောင်ရွက်နိုင်သူတစ်ယောက်လဲ မဟိခလို့ မိန့်မြွက်ပြီးကေ အတိတ်က ဇာတ်တော်ကို ဟောကြားလီပါရေ။

အယင်ကခါ ဗာရာဏသီပြည်မှာ ဗြဟ္မဏဘုရင် ထီးဖြူအုပ်ချုပ် မင်းလုပ်နိန်စဉ်ဖြစ်ပါရေ။ ယင်းအချိန်မှာ ဘုရားအလောင်းတော်ရေ နွားမျိုး၌ဖြစ်နိန်ပါရေ။ နွားကုန်သည်တိရေ ဗာရာဏသီပြည်ကို နွားကုန်ကူးဖို့ လားကတ် လေ့ဟိပါရေ။ နွားကုန်သည်တစ်ယောက်ရေ မြို့ပြင်ဝမှာဟိရေ ဝါကြီးမအိမ်တစ်ဆောင်မှာ တစ်ညတာတည်းခို ခရပါရေ။ ယင်းကုန်သည်ရေ ဝါကြီးမကို အိမ်တည်းခအဖြစ် နွားသျှေတစ်ကောင်ကို ပီးခပါရေ။ ယင်းနွားသျှေမှာ ဥဿဘအနွယ် ဘုရားလောင်း နွားထီးသျှေဖြစ်ပါရေ။ ဝါကြီးမရေ သားသမီးမရတတ်လို့ သားသျှေပိုင်မှတ်လို့ နွားထီးသျှေကို နိန့်စဉ် ယာဂု ထမင်းရေစရေ အစာတိကို ကျွေးပါရေ။ နွားသျှေကိုလည်း အယျိကကာဠကလို့ နာမည်ပီးပြီးထားပါရေ။ နွားထီးသျှေရေ ကြီးလာရေအခါ ကောင်းကောင်းအားဟိပါရေ။ လိမ်လည်းလိမ္မာပါရေ။ ရွာမှအသျှေတိ နွားကိုဆွဲကတ်တေ။ နောက်ကုန်းထက်ကို တက်စီးကတ်ကေလေ့ တစ်ခုလည်းပြန်မလုပ်ပါ။ တရက်နိန့်က နွားထီးသျှေရေ ဂုပိုင်စိတ်ကူးပါရေလတ်။ ငါ့အမိရေ ကောင်းကောင်းဆင်းရဲနိန်ရေ။ ငါ့ကိုလည်း သားပိုင်ကျွေးမွေးပြုစုထားရေ။ ငါရေ အလုပ်လုပ်ပြီးကေ အမိကို ဆင်းရဲဒုက္ခကလွတ်မြောက်အောင် လုပ်ရကေ ကောင်းဖို့လို့ စဉ်းစားပါရေလတ်။

တရက်နိန့်ခါ နွားဂါရီကုန်သည်တစ်ယောက်ရေ ဂါရီအစီးငါးရာနန့် ကုန်ပစ္စည်းတိကို တင်ပြီးကေ လာလတ်တေအခါ နွားသျှေဟိရေရွာနားကို ရောက်လုရောက်ခင်မှာ ဗိတ်တောထဲမှာ နွားဂါရီကို နှစ်ပြီးကေ ရှိကို မလားနိုင်ဖြစ်နိန်ပါရေ။ နွားဂါရီပိုင်သျှင်ရေ ယင်းအနားမှာဟိရေ နွားထီးသျှေကို မြင်ရေအခါ ဝမ်းသာအားရ ဖြစ်ခပါရေ။ နွားထီးသျှေရေ နွားလားဥဿဘဖြစ်နိန်လို့၊ ဗိတ်တောမှာမြုပ်နိန်ရေ ဂါရီတိကို ဆွဲတင်နိုင်ဖို့လို့ ယုံကြည်လို့ဖြစ်ပါရေ။ ယေဇုနန့် ဂါရီပိုင်သျှင်ရေ နွားထီးသျှေအနားကို ကပ်လားခပြီးကေ "အေလား နွားထီးသျှေ၊ မင်းရေ ငါ့နွားဂါရီတိကို ဗိတ်တောကလွတ်အောင် ဆွဲတင်နိုင်ကေ နွားဂါရီတစ်စီးအတွက် အသပြာတစ်ပြားစီ ပီးဖို့၊ ဆွဲတင်ပီးပါ"လို့ပြောပါရေ။ နွားလားသျှေလေ့ နွားဂါရီငါးရာစလုံးကို ဗိတ်တောထဲက တစ်စီးစီဆွဲတင်ပီးပါ

ခြီတစ်ဖက်ကျလို့ တွဲလွဲဖြစ်နိန်ပါရေ။ မုဆိုးရေ ကိုင်းကြိုးမှာ တွဲနိန်ရေ သမင်သျှေကို ဖမ်းပြီးကေ သတ်စားလီပါရေ။

ဇာတ်ပေါင်းလိုက်တေခါ သမင်မင်းရေ ဘုရားသျှင်ဖြစ်ပါရေ။ သမင်မရေ ဥပ္ပလဝဏ်ထေရီဖြစ်လာပါရေ။ သမင်သျှေရေ ဆိုဆုံးမခက်တေ ရဟန်းဖြစ်လာပါရေ။

အေဇာတ်လမ်းက အချေခါ အတတ်ပညာမသင်ခကေ ဘေးတွိတတ်တေဆိုရေ သင်ခန်းစာကို ပီးပါရေ။

**ရွှေခိုင်ကျော်(မြောက်ဦး)**

<u>**ကျမ်းကိုး**</u>

-ခရာဒိယဇာတ်

**ရခိုင်ရိုးမမဂ္ဂဇင်း အမှတ် ၃(၂၀၀၁)**

၆။ ဥဿင်္ခပါဒ-မြင့်သောခြေဖမျက်တော်ရှိခြင်း။

၇။ ဧဏိဇင်္ဃ-ဧဏိသားကောင်၏ မြင်းခေါင်းကဲ့သို့ချောမွတ်လုံးလျှောင်းသော သလုံးမြင်းခေါင်းရှိခြင်း။

၈။ ဒီဃဟတ္ထ-ပုဆစ်တုနှစ်ဖက်ထိ ရောက်အောင်ရှည်လျားသော လက်နှစ်ဖက်တော်ရှိခြင်း။

၉။ ဧကေကလောမ-မွေးညင်းတွင်းတစ်တွင်း၌ မွေးညင်းတွင်း တစ်ပင်စီသာ ပေါက်ရောက်ခြင်း။

၁၀။ ဥဒ္ဓဂ္ဂလောမ-အထက်သို့ ညွတ်သော မွေးညင်းတော်ရှိခြင်း။

၁၁။ ဗြဟ္မုဇုဂတ္တ-မကိုင်းမညွတ်ဖြောင့်မတ်သော ကိုယ်တော်ရှိခြင်း။

၁၂။ သတ္တုဿဒ-လက်ဖမိုးနှစ်ဖက်၊ ပုခုံးနှစ်ဖက် ခြေဖမိုးနှစ်ဖက်၊ လည်ကုတ် ခုနှစ်ပါးသောအရပ်တို့၌ ပြည့်ဖြိုးသောအသားတော်ရှိခြင်း။

၁၃။ သီဟပုဗ္ဗမ္ဂက်-ခြင်္သေ့မင်း၏ ရှေ့ထက်ဝက်သော ကိုယ်ကဲ့သို့ ပြည့်ဖြိုးကြီးမား ခန့်ညားသော ကိုယ်တော်ရှိခြင်း။

၁၄။ စိတန္တရံသ-ပြည့်ဖြိုးသောကျောပြင်တော်ရှိခြင်း။

၁၅။ နိဂြောဓပရိမဏ္ဍလ-အရပ်တော်နှင့်အလံတော်ညီမျှသဖြင့် ညောင်ပင်အဝမ်းကဲ့သို့ ဝိုင်းဝန်းသော ရူပကာယတော်ရှိခြင်း။

၁၆။ သမဝဋ္ဋက္ခန္ဓ-မုရိုးသေကဲ့သို့ ညီညွတ်သောလည်တော်ရှိခြင်း။

၁၇။ သီဟဟနု-ခြင်္သေ့မင်း၏မေးကဲ့သို့ ပြည့်ဖြိုးသောမေးတော်ရှိခြင်း။

၁၈။ အဘိနိလနေတ္တ-အလွန်ညိုဝင်းသော မျက်လုံးတော်ရှိခြင်း။

၁၉။ ဂေါပခုမ-ဖွားသစ်စနွားငယ်၏ မျက်တော်မွေးကဲ့သို့ အလွန်နူးညံ့သော မျက်တောင်မွေးရှိခြင်း။

၂၀။ ဥဏ္ဏာဇာတ-မျက်ခုံးနှစ်သွယ် အလယ်တည့်တည့် ၌ ဥဏ္ဏာလုံမွေးရှင်တော်ရှိခြင်း။

## ဗုဒ္ဓဆင်းတုတော်ထုလုပ်ရာ၌ လိုအပ်သောအတိုင်းအတာများ

ဗုဒ္ဓ၏ဆင်းတုတော်ကို ထုလုပ်ရာ၌ အောက်ပါအတိုင်းအတာဖြင့် ထုလုပ်ရန်လိုပါသည်။

| | | |
|---|---|---|
| (က) | အရှည်တော်ငါးပါး | (၅)ပါး |
| (ခ) | အတောင်ငါးပါး | (၅)ပါး |
| (ဂ) | အထွာတော် (၂၂)ပါး | (၂၂)ပါး |
| (ဃ) | မိုက်တော်ဆယ့်သုံးပါး | (၁၃)ပါး |
| (င) | လက်သစ်တော်နှစ်ဆယ့်ရှစ်ပါး | (၂၈)ပါး |
| (စ) | မုယောတော်ဆယ့်ငါးပါး | (၁၅)ပါး |
| (ဆ) | အဖြိုးတော်ခုနှစ်ပါး | (၇)ပါး |
| (ဇ) | အဝန်းတော်နှစ်ဆယ့်သုံးပါး | (၂၃)ပါး |

ထို့ကြောင့် အသေးစိတ်အင်္ဂါရပ် (၁၁၈)ပါးနှင့် ပြည့်စုံအောင် ရုပ်ထုဆင်းတုတော်ကို ထုလုပ်ရန် လိုအပ်ပေသည်။

ရှေးဦးစွာ ကုသိုလ်ရှင်သည် မိမိကိုးကွယ်လိုသော ရုပ်ထု ဆင်းတုတော်၏အတိုင်းအတာကို အတိအကျသတ်မှတ်ရန် လိုအပ်သည်။ ရုပ်ထုဆင်းတုတော်၏ ဒူးစွန်နှစ်ဖက်အရှည်ကို စံထား၍ အခြားလိုအပ်သော အတိုင်းအတာများကို တွက်ချက်ယူနိုင်သည်။ ဥပမာ-ဒူးစွန်နှစ်ဖက်အရှည်ကို နှစ်ဆယ့်ခုနှစ်လက်မထားပါ၊ ၎င်းအရှည်

၁၇။ အကန့်တော်ညာဖက်

၁၈။ အကန့်တော်ဘယ်ဖက်

၁၉။ ဖဝါးတော်ညာဖက်

၂၀။ ဖဝါးတော်ဘယ်ဖက်

၂၁။ တင်ဆုံညာဖက်

၂၂။ တင်ဆုံဘယ်ဖက်

**(ဃ) မိုက်တော်ဆယ့်သုံးပါးမှာ**

၁။ နားတော်ညာဖက်

၂။ နားတော်ဘယ်ဖက်

၃။ နှာခေါင်းမှနားရင်းထိ ညာဖက်

၄။ နှာခေါင်းမှနားရင်းထိ ဘယ်ဖက်

၅။ လည်ပင်းတော်အချင်း

၆။ ပခုံးတော်ညာဖက်

၇။ ပခုံးတော်ဘယ်ဖက်

၈။ လက်ဆစ်မှ နို့သီးထိ ညာဖက်

၉။ လက်ဆစ်မှ နို့သီးထိ ဘယ်ဖက်

၁၀။ ပေါင်တော်အကူ ညာဖက်

၁၁။ ပေါင်တော်အကူ ဘယ်ဖက်

၁၂။ ရင်ကြားမှလက်ဖျားထိ ညာဖက်

၁၃။ ရင်ကြားမှလက်ဖျားထိ ဘယ်ဖက်

**(င) လက်သစ်တော်နှစ်ဆယ့်ရှစ်ပါးမှာ**

၁။ မေးဖျားမှ နှာသီးဖျားအထိ

၂။ နှာသီးဖျားမှ မျက်မှောင်အထိ

၃။ မျက်မှောင်မှ ဆံစအထိ

၄။ သစ်ကျစ်ဆံစ

၅။ ဆံရင်းတော်မှ ဦးခေါင်းတော်အဆုံး

၆။ မုနိတော်အရစ်

၇။ မှန်ကင်းတော်အကျယ်

၈။ မျက်နှာတော်ညာ

၉။ မျက်နှာတော်ဘယ်

၁၀။ နှာရောင်တော်

၁၁။ အထက်မျက်ခမ်းမှ မျက်မှောင်တော်ညာ

၁၂။ အထက်မျက်ခမ်းမှ မျက်မှောင်တော်ဘယ်

၁၃။ နှာခေါင်းတော်အဝ

**(ဈ) အဝန်းတော်နှစ်ဆယ့်သုံးပါးမှာ**

၁။ မေးတော်
၂။ ပါးစောင်တော်
၃။ နဖူးတော်
၄။ ပါးတော်
၅။ စမြုံတော်
၆။ လည်တော်
၇။ အကန့်တော်
၈။ လည်တော်ကရင်ထိ
၉။ ရင်အုံတော်
၁၀။ ကျောပြင်
၁၁။ နို့သီး
၁၂။ ဝမ်း
၁၃။ ခါးဆစ်
၁၄။ ခေါင်းတော်
၁၅။ လက်မောင်း
၁၆။ လက်ဖမိုး
၁၇။ လက်ဝါး
၁၈။ လက်ချောင်း
၁၉။ ခြေချောင်း
၂၀။ နှာခေါင်း
၂၁။ မြင်းခေါင်း
၂၂။ သလုံး
၂၃။ ပခုံးတို့ ဖြစ်ကြပါသည်။

ထိုင်တော်မူဆင်းတုတော်ထုလုပ်ရာ၌ ရှေးအခါက ပညာရှင်များသည် ထုလုပ်ကိုးကွယ်သူ၏ အဆင့်အတန်းကို လိုက်၍ ရုပ်ထုတော်၏အတိုင်းအတာကို သတ်မှတ်ပေးလေ့ရှိသည်။ ထက်ဝယ်တော်အတိုင်း နဖူးဆံစရောက်သော် မင်းတို့ကိုးကွယ်ရာသည်။ မျက်ကြားရောက်သော် အိမ်ရှေ့မင်းတို့ ကိုးကွယ်ရာသည်။ နှာခေါင်းထိလျှင် မှူးမတ်တို့ ကိုးကွယ်ရာသည်။ နှုတ်ခမ်းထိသော် အခြားလူများ ကိုးကွယ်ရာသည်။

## <u>ရပ်တော်မူ ဆင်းတုတော်ထုလုပ်နည်း</u>

ရှေးဦးစွာ မိမိထုလုပ်ကိုးကွယ်လိုသည့် ရပ်တော်မူဆင်းတုတော်၏ ဥာဏ်တော်အမြင့်ကို တိုင်းတာယူရပေမည်။ ခြေရင်းတော်မှ ဆံရင်းတော်အထိ အတိုင်းအတာသည် ရပ်တော်မူ၏ ဥာဏ်တော်အမြင့်ဖြစ်သည်။ ထိုအတိုင်းအတာကို လေးပုံပုံပါ။ တစ်ပုံမှာ အတောင်ဖြစ်သည်။ ထိုအတောင်ကို နှစ်ပုံ ပုံပါ။ တစ်ပုံမှာ အထွာဖြစ်သည်။ ယင်းအထွာ၏သုံးပုံနှစ်ပုံမှာ မိုက်ဖြစ်သည်။ အထွာ၏သုံးပုံတစ်ပုံမှာ လက်လေးသစ်ဖြစ်သည်။

**(ဂ) မိုက်တော်ဆယ့်သုံးပါးမှာ**

၁။ နားတော်နှစ်ဖက် ၂-ပါး
၂။ နှာခေါင်းမှနားရင်းထိ ၂-ပါး
၃။ လည်ပင်းတော်အချင်း ၂-ပါး
၄။ ပခုံးတော်နှစ်ဖက် ၂-ပါး
၅။ ရင်အကြားမှ လက်မောင်းတော် နှစ်ဖက်အစပ်အထိ ၂-ပါး
၆။ လက်မောင်းတော်အစပ်မှ နို့သီးထိ ၂-ပါး

**(ဃ) လက်သစ်တော်ဆယ့်ခြောက်ပါးမှာ**

၁။ မေးတော်အဖျားမှ နှာခေါင်းတော်အဖျားထိ ၁-ပါး
၂။ နှာခေါင်းတော်အဖျားမှ မျက်မှောင်တော်အကြားထိ ၁-ပါး
၃။ မျက်မှောင်တော်အကြားမှ သင်းကျစ်ထိ ၁-ပါး
၄။ သင်းကျစ်တော် ၁-ပါး
၅။ ဆံလျှင်တော်မှ ဦးခေါင်းအဆုံးထိ ၁-ပါး
၆။ ရောင်လျှံတော် ၁-ပါး
၇။ နှာရောင်မှ မျက်ခွက်အဆုံးထိ ၁-ပါး
၈။ မျက်စိအလျားတော် ၁-ပါး
၉။ ခံတွင်းအလျားတော် ၁-ပါး
၁၀။ နှာခေါင်းအပုတော် ၁-ပါး
၁၁။ နားအလျားတော် ၁-ပါး
၁၂။ လက်ညှိုးတော်အရှည် ၁-ပါး
၁၃။ နားခွက်တော် ၁-ပါး
၁၄။ ခြေဖနောင့်တော် ၁-ပါး
၁၅။ ခြေဖမိုးတော် ၁-ပါး
၁၆။ ခြေချောင်းတော် ၁-ပါး

**(င) မုယောတော်ခုနှစ်ပါးမှာ**

၁။ မျက်မှောင်တော်အကြား ၁-ပါး
၂။ မျက်စိတော်အပွင့် ၁-ပါး
၃။ မျက်တောင်တော် ၁-ပါး
၄။ နှာခေါင်းတော်အပွင့် ၁-ပါး
၅။ နှုတ်ခမ်းတော်အထက် ၁-ပါး
၆။ နှုတ်ခမ်းတော်အောက် ၁-ပါး
၇။ နှုတ်ခမ်းတော်အထက်နှင့် အောက်အစောက် ၁-ပါး

တွင် ဂုဏ်တော်ကိုတင်၍ ကြည်ညိုကုသိုလ်ပွားများနိုင်စေရန် ကောင်းသောစေတနာဖြင့် ရခိုင်တို့၏ သတ္တုရူပ ဗိသုကာကျမ်းလာ ရုပ်ထုဆင်းထု ထုလုပ်နည်းကို ရေးသားဖော်ပြလိုက်ရပေသည်။

**ရွှေခိုင်ကျော်(မြောက်ဦး)**


**<u>ကိုးကားကျမ်း</u>**

၁။ သတ္တုရူပဗိသုကာကျမ်း-အသျှင်ဓရသမ္မောဓိ၊ ရခိုင်ဝံသာနုသတင်းစာတိုက်၊ စစ်တွေမြို့ ၁၂၈၅-ခု

၂။ စာပဒေသာ-စာပေဗိမာန်

၃။ စေတီဆင်းတုသမိုင်းနှင့် ကိုးကွယ်မှုအကျိုးကျေးဇူး ဦးဇာဂရ၊ ဒေါ်မြရီ ကျော်ဝင်းဆွေပုံနှိပ်တိုက်။ (အေ)(၈)လမ်း၊ ရန်ကုန်၊ ၁၉၉၁-ဧပြီလ။


**မုနိမြေမဂ္ဂဇင်းမအမှတ် ၅ (၂၀၀၁)**

၁။ အို အို အို အို အို အို လေးခုခါဝယ် အမျိုးလေးပါး၊ အကျင့်ပြားကို၊ မမှားစီလို၊ ဆရာဒိုးဝေ၊ ချေင်းဆိုကေ၊ နိုင်ငံသားကို၊ အေတရားနန့်၊ ဖော်ပြမယ်လေ၊ ဖော်ပြမယ်၊ ဖော်ပြမယ်။

၂။ မိဘမမှန်၊ လူဖြစ်ပြန်၊ ဘုန်းကံညိုးနွမ်း၊ ကျွန်းလကျ်ာမှာ၊ ပမာဆိုကေ၊ လက်ခုပ်ပန်းလေ၊ လက်ခုပ်ပန်း၊ လက်ခုပ်ပန်း။

၃။ လူတိရစ္ဆာန်၊ တွိကြုံပြန်၊ သူကံမကောင်း၊ အကုသိုက်ကေ၊ အကျိုးပီးသည်၊ ဘဝဟောင်းလေ၊ ဘဝဟောင်း၊ ဘဝဟောင်း။

၄။ မျိုးလေးပါးမှန်၊ ထူးကာချွန်၊ အလွန်နှင်မိုက်၊ ပမာဆောင်ကေ၊ လရောင်ပျောက်မှာ၊ မိုးတိမ်ကိုက်လေ၊ မိုးတိမ်ကိုက်-မိုးတိမ်ကိုက်။

၅။ ဖြုတ်ဆိတ်ကေနဂါးဖောင်၊ လကိုမျှောင်ကေ၊ နန်းခေါင်သျှင်မ၊ မျိုးလေးလီမှာ၊ အေတရားကို မကျင်ရကေ၊ မကျင်ရ-မကျင်ရ။

၆။ ဖြုတ်ဆိတ်ကေ နဂါးဖောင်၊ လကိုမျှောင်ကေ၊ တိမ်တောက်တောက် ထွန်းကောင်းကင်ပြည်မှာ ကြယ်ပင်ထမ်းလေ၊ ကြယ်ပင်ထမ်း-ကြယ်ပင်ထမ်း။

၇။ ကိုယ်ကျင့်မမှန်၊ တရားကျွန် ဇကန်မလွဲ၊ ကျွန်းအောက်မြီကေ၊ ပါယ်လေးရပ်ကို လားခမြဲလေ၊ လားခမြဲ-လားခမြဲ။

၈။ ခုဘဝမှာ တွိကြုံလာ ကြမ္မာယိုယွင်း၊ အေလောကမှာ စည်းစိမ်ကွယ်ကေ၊ သက်တိုခြင်းလေ၊ သက်တိုခြင်း-သက်တိုခြင်း။

၉။ ဘဝများစွာ ကျင်လည်ရာ၊ ချမ်းသာမရ အေလောကမှာ ကြီးဒုက္ခလေ၊ ကြီးဒုက္ခ-ကြီးဒုက္ခ။

၁၀။ ဗုဒ္ဓတစ်ဆူ၊ ပန်ဆုယူ၊ အလှူကြီးငြား၊ ဘဝများစွာ သံသရာမှာ အလကားလေ၊ အလကား-အလကား။

၁၁။ ပတ္တမြားပလ္လင်၊ ကံ့ကော်ပင်၊ သျှင်ပင်မိတည်း၊ တရားတော်ကို မနာရကေ၊ ဘဝလွဲလေ၊ ဘဝလွဲ-ဘဝလွဲ။

၁၂။ ရူပလက္ခဏာ၊ ပြည့်စုံပါကေ၊ ခြင်းရာမဟုတ်၊ အေလောကမှာ သတ္တဝါကေ၊ မိစ္ဆာယုတ်လေ၊ မိစ္ဆာယုတ်-မိစ္ဆာယုတ်။

၁၃။ ပဥ္စခန္ဓာ၊ အေငါးဖြာ ဖြစ်ရာမလွဲ၊ ထက်အောက်ခြုံကေ၊ ဘုံသုံးပါးတွင်၊ တစ်ချက်တဲလေ၊ တစ်ချက်တဲ-တစ်ချက်တဲ။

၁၄။ သုံးပါးလက္ခဏာ၊ ထင်ရှားစွာ၊ မြင်ပါသမျှ၊ ထက်အောက်ခြုံကေ၊ ဘုံသုံးပါးတွင်၊ အနိစ္စလေ၊ အနိစ္စ-အနိစ္စ။

၁၅။ အပေါင်း သတ္တဝါ၊ ဝေနေယျာ၊ မှန်စွာအလွဲ၊ ဘုံသုံးရွာမှာ ကျင်လည်မြဲလေ၊ ကျင်လည်မြဲ-ကျင်လည်မြဲ။

၁၆။ လောကဘုံခွင်၊ ဘုံသုံးပြင်၊ သျှင်ပင်ဘုရား၊ ဒေသနာလေ၊ ထုတ်ဖော်ကြားကေ၊ ဟိယင်သားလေ၊ ဟိယင်သား-ဟိယင်သား။

စာဆိုတော်ဒိုးဝေ၏ ဧချင်းတွင် ထူးခြားချက်မှာ တစ်ပိုဒ်ဆုံးတိုင်း အချကို ငပြီတက်သက် အချဟန်ဖြင့် အဆုံးသတ်ထားခြင်းပင် ဖြစ်သည်။ ငပြီတက်သက်အချဆိုသည်မှာ မိုးဦးကျစဥ် မိုးကြီးသည်းထန်စွာ ရွာသောအခါ ငပြီများသည် ၎င်းတို့နေရာ အင်းအိုင်တို့မှ မိုးရေစီးကြောင်းရှာ၍ တက်လေ့ရှိကြသည်။ ယင်းတို့တက်ကြသောအခါ ငပြီသည် ပါးဟက်ကို အသုံးပြုပြီး မြေပြင်ကို လှိုက်လှဲတက်သွားလေ့ရှိသည်။ တက်သွားစဥ်တွင်လည်း တစ်ကြိမ်တည်း တောက်လျှောက်တက်သွားခြင်း မဟုတ်ချေ။ ပါးဟက်ကို ထောင်လျက် တဖျတ်ဖျတ်ဖြင့် သုံးခါတက်ပြီး ရပ်တန့်သည်။ နောက်တစ်ကြိမ်သုံးခါတက်၍ ရပ်တန့်ပြန်သည်။

# ရှပ်ဆွယ်ဘမင်း

ရခိုင်ရာဇဝင်၊ မြန်မာရာဇဝင်တို့တွင် မင်းဆွေ၊ မင်းမျိုးများ၊ စဉ်ဆက်မပြတ် ထီးနန်းဆက်ခံ စိုးစံခဲ့ကြောင်း သမိုင်းလေ့လာသူများ အသိပင်ဖြစ်ပေသည်။ သို့သော် တစ်ခါတစ်ရံ ထူးခြားသောအခြေအနေ တစ်ရပ်အဖြစ် မင်းမျိုးမင်းနွယ်မဟုတ်သူက ထီးနန်းကိုအုပ်ချုပ် ဘုရင်လုပ်ခဲ့သည်ကို တွေ့ရှိရပေသည်။ ယင်းသို့ ဘုရင်အမျိုးအနွယ်မဟုတ်ဘဲ ထီးနန်းအုပ်စိုးခဲ့ရှိသော သူများမှာ ဘုရင်ကို ပုန်ကန်ခြားနား၍ ထီးနန်းရသူနှင့် ဘုရင်က ချီးမြှောက်၍ ဘုရင်ဖြစ်လာသောသူများဟူ၍ နှစ်မျိုးနှစ်စားတွေ့ရပေသည်။ ယခု ရေးသားဖော်ပြမည်ဖြစ်သော ရှပ်ဆွယ်ဘမင်းမှာ ဘုရင်က ချီးမြှောက်သဖြင့် ဆင်းရဲသားမျိုးရိုးမှ ဘုရင်ဖြစ်လာသူတစ်ဦး ဖြစ်လေသည်။

ရှပ်ဆွယ်ဘမင်း၏ မွေးရပ်ဌာနေ ဇာတိပြေမှာ ပြကဲရွာဖြစ်လေသည်။ စစ်တွေမြို့မှ မြောက်ဦးမြို့သို့ သင်္ဘောဖြင့်ဖြစ်စေ၊ မော်တော်ဘုတ်ဖြင့်ဖြစ်စေ၊ သွားလာရာလမ်း၌ မြောက်ဦးမြို့မှ ၁၀-မိုင်ခန့်အကွာတွင် ပြတဲရွာရှိပေသည်။ မြောက်ဦးခေတ်၌ နိုင်ငံခြားသင်္ဘောများ ကုန်စည်ကူးသန်းရန် ဝင်ရောက်လာသောအခါ ရေကြောင်းလမ်းပြအဖြစ် မျှော်စင်မြင့်ဆောက်ကာ အောင်လံများဖြင့် အချက်ပြပြီး လမ်းမမှားအောင် ညွှန်ပြရပေသည်။ ထိုကဲ့သို့ အချက်ပြ တဲမြင့်ကြီးရှိခဲ့သော ရွာဖြစ်၍ ပြတဲရွာဟု ခေါ်ကြသည်။ ယခုအခါ စကားရွေ့လျောလာ၍ ပြတဲမှ ပျားတဲဟုခေါ်နေကြသည်။

ထိုပြတဲရွာ၌ ကွမ်းခင်းလုပ်ကိုင်၍ အသက်မွေးရသော မိသားစုတစ်စုရှိခဲ့သည်။ ထိုမိသားစုထဲတွင် အလွန်ချောမောလှပသော သမီးပျိုတစ်ဦးလည်းရှိသည်။ ယောကျ်ားများကို သူမ၏အလှဖြင့် မြူဆွယ်နိုင်အောင် ရုပ်ရည်ချောမော၍ ၎င်းသမီးပျိုကို အရုပ်ဆွယ်ဟု အများက ခေါ်ကြသည်။ အရုပ်ဆွယ်၏အမိအဘကိုလည်း အမည်ရင်းကိုမခေါ်ဘဲ ရုပ်ဆွယ်ဘ၊ ရုပ်ဆွယ်မိဟူ၍သာ ခေါ်ကြသည်။ တစ်နှစ်တွင် ရာသီဥတုဆိုးရွားပြီး ရုပ်ဆွယ်ဘ၏ကွမ်းခင်းမှာ ရွက်ဝါကျကာ ကွမ်းများပျက်စီးခဲ့ရသည်။ ကွမ်းရောင်း၍ အသက်မွေးနေရာမှ ရောင်းစရာကွမ်းမရှိသောအခါ ငါးရှာဟင်းခူးပြီး ရောင်းချ၍ အသက်မွေးခဲ့ရသည်။ ယင်းသို့ လုပ်ကိုင်စားသောက်ရသည်မှာ တစ်ဝမ်းဝရုံသာဖြစ်၍ ခါးလှရန်မတတ်နိုင်ခဲ့ချေ။ ရုပ်ဆွယ်မ၊ ရုပ်ဆွယ်ဘတို့မှာ အင်္ကျီတစ်ထည်၊ ထဘီတစ်ထည်သာရှိသည်။ ရုပ်ဆွယ်ဘမှာလည်း အင်္ကျီမရှိ ခါးဝတ်တစ်ထည်သာရှိသည်။

တစ်နေ့သောအခါ ရုပ်ဆွယ်ဘသည် မိမိဇာတာကို ယူပြီး ရွာရှိဘုန်းတော်ကြီးထံသွားရောက်၍ ဗေဒင်မေးလေသည်။ ဘုန်းတော်ကြီးက အသေအချာတွက်ချက်ပြီး တကာကြီး ရုပ်ဆွယ်ဘမှာ ယခုအခြေအနေထက် ဆင်းရဲရမည့်ကိန်းမြင်သည်။ ယင်းသို့ ဆင်းရဲပြီးမှ ကြီးစွာသော ချမ်းသာခြင်းဖြစ်မည်ဟု ရုပ်ဆွယ်ဘအား ဗေဒင်ဟောလိုက်လေသည်။ ရုပ်ဆွယ်ဘကလည်း ငါဆင်းရဲ၍ ဝတ်ရန် လုံချည်တစ်ထည်သာရှိသည်။ ယခုထက်ပို၍ ဆင်းရဲလျှင် လုံချည်ပင် ဝတ်ရန်ရှိတော့မည်မဟုတ်ချေ။ ဘုန်းတော်ကြီးဗေဒင် မှန်မမှန်ကို စောင့်ကြည့်ရမည်ဟု တစ်ယောက်တည်း တွေးတောကာ အိမ်သို့ပြန်လာခဲ့၏။ အိမ်သို့ရောက်သောအခါ မိမိဗေဒင်မေးခဲ့ပုံနှင့် ဘုန်းတော်ကြီးဟောပုံကို ရုပ်ဆွယ်မိအား ပြောပြလေသည်။ ရုပ်ဆွယ်မိက ဆင်းရဲပြီးနောက် ချမ်းသာမည်ဆို၍ စိတ်ဓာတ်မကျရန် အားပေးစကားပြောလေသည်။

တစ်နေ့ရုပ်ဆွယ်ဘ ငါးရှာရန်ထွက်လာရာ ချောင်းကမ်းရှိ ချုံတစ်ချုံထဲသို့ ဖွတ်တစ်ကောင် ဝင်သွားသည်ကို မြင်လိုက်ရသည်။ ရုပ်ဆွယ်ဘသည် ဖွတ်ကိုဖမ်းရန်လိုက်ရာ ဖွတ်မှာ ချုံထဲမှထွက်ပြီး ကမ်းပါးတစ်လျှောက်ပြေးလေသည်။ နောက်ဆုံးတွင် သစ်ပင်ခြောက်တစ်ပင်၏ အခေါင်းထဲသို့ ဝင်ပြေးသွားလေသည်။ ထိုသစ်ပင်တွင် ဘေးမှအပေါက်တစ်ခုရှိလေရာ ရုပ်ဆွယ်ဘသည် ဘေးအနီးပတ်ဝန်းကျင်ကို ကြည့်လိုက်ပြီး လူသူကင်းမဲ့နေသည်ကိုတွေ့၍ မိမိဝတ်ထားသော လုံချည်ကိုချွတ်ကာ သစ်ခေါင်းပေါက်ကို လုံချည်ဖြင့်ပိတ်ဆို့ပြီး အပင်ခြေရင်း

လာသည်ကို မသိ အဖမ်းမခံရအောင် ကြောက်၍ပြေးကြခြင်းဖြစ်လေသည်။ ရုပ်ဆွယ်ဘက မပြေးကြရန် အော်ဟစ်တားမြစ်မှသာ ရပ်တန့်ကြလေသည်။ ရုပ်ဆွယ်ဘသည် ရွာသားများအား မိမိအကြောင်းကို ပြန်ပြောပြပြီး သူ၏ဇနီးနှင့်သမီးကို အိမ်တွင်မတွေ့၍ အရှာခိုင်းလေသည်။

ရွာသူရွာသားများသည် ရုပ်ဆွယ်မိနှင့် မရုပ်ဆွယ်ကို သွားရှာကြရာ ချောင်းငယ်တစ်ခုထဲ၌ ငါးသဲ့နေသည်ကိုတွေ့ရလေသည်။ ရွာသားများက ရုပ်ဆွယ်ဘ အမတ်ကြီးဖြစ်၍ ယခုအခေါ်လွှတ်လိုက်ကြောင်း ပြောသောအခါ ရုပ်ဆွယ်မိ ငါ့အမတ်ကြီးကတော်ဖြစ်၍ ခြေဖြင့်မသွားတတ်ပြီဆို၍ ငါးသဲ့နေသောနေရာတွင် ထိုင်နေလေသည်။ ရွာသားများသည် ထမ်းစင်ပြုလုပ်၍ ယူဆောင်လာပြီး ရေမိုးချိုးစေလျက် ရုပ်ဆွယ်ဘတွင် ပါလာသော အဝတ်အစားကို ဝတ်စေကာ ရုပ်ဆွယ်ဘရှိရာသို့ ဇနီးနှင့်သမီးကို ခေါ်ဆောင်သွားကြလေသည်။ ရုပ်ဆွယ်ဘသည် မိမိအား ကျေးဇူးပြုဖူးသောအစ်မအတွက် လက်ဆောင်များစွာ ယူလာပြီး ပေးကမ်းခဲ့သည်။ ရွာသားများကလည်း အမတ်ကြီးအစ်မဖြစ်လာ၍ လက်ဆောင်များ ပေးကမ်းကြသဖြင့် နေ့ချင်းညချင်းပင် ကြွယ်ဝလာခဲ့သည်။ ထို့ကြောင့် ရုပ်ဆွယ်ဘ၏အစ်မကို နေ့ချင်းကြွယ်မဟုခေါ်ကြသည်။ ယနေ့ထက်တိုင် နေ့ချင်းကြွယ်မလယ်ပြင်၊ နေ့ချင်းကြွယ်မဘုရားဟု ခေါ်တွင်နေကြသေးသည်။

ရုပ်ဆွယ်ဘသည် ဇနီးနှင့်သမီးကို ခေါ်ယူပြီး မြောက်ဦးသို့ ပြန်လာခဲ့သည်။ မရုပ်ဆွယ်အား ဘုန်းကြွယ်ရွာကို စားစေ၍ မရုပ်ဆွယ်အမည်မှ စောဘုန်းကြွယ်ဟု အမည်တွင်ခဲ့လေသည်။ စန္ဒပရမရာဇာမင်း နတ်ရွာစံသောအခါ ရုပ်ဆွယ်ဘမှာ ထီးနန်းကို ဆက်ခံရလေသည်။ "ရုပ်ဆွယ်ဘမင်း"ဟူ၍လည်းကောင်း၊ ကွမ်းထမ်းရောင်းစားသည့်ဘဝမှ ရှင်ဘုရင်ဖြစ်လာ၍ "ကွမ်းထမ်းရာဇာ"ဟူ၍လည်းကောင်း ခေါ်တွင်လေသည်။ ဘေးအန္တရာယ်တစ်စုံတစ်ခုမျှမရှိဘဲ ရှင်ဘုရင်ဖြစ်လာသဖြင့် ဘိသိက်ခံသောအခါ အဘယမဟာရာဇာဘွဲ့ကို ခံယူလေသည်။

ဤမင်းသည် ရွှေဒင်္ဂါး၊ ငွေဒင်္ဂါးနှစ်မျိုးလုံးကို ခပ်နှိပ်ခဲ့သည်။ ၁၁၂၆ ရွှေနန်းသခင် အဘယမဟာရာဇာဟူ၍ စာထိုးထားသည်။ မဟာမြတ်မုနိသိမ်တော်ကို ပြန်လည်တည်ဆောက်ခဲ့သည်။ အဘယမဟာရာဇာမင်းလက်ထက်၌ အမတ်ကြီးဒိုးဝေသည် ၄၀အင်္ဂါရှိသော ရခိုင်မဟာရာဇဝင်တော်ကြီးကို ရေးသားခဲ့သည်။ ပညာရှိအမတ်ရွှေသဲနှင့် ၎င်း၏ဇနီး မိပန်းရုံတို့မှာ ထင်ရှားသောစာဆိုများ ဖြစ်ကြသည်။ မိပန်းရုံရေးသားခဲ့သော ရခိုင်အောင်လံတော် လင်္ကာမှာ ယခုတိုင် ထင်ရှားနေသေးသည်။

အဘယမဟာရာဇာမင်းသည် စိတ်သဘောထားအလွန်ကောင်းမွန်၍ မမြောက်စားသင့်သူများဖြစ်သည့် လူမျိုး ငသောက်ကြာကို ဓားပိုင်ကြီးရာထူးဖြင့် ချီးမြှင့်ခဲ့သည်။ နောင်တွင် ငသောက်ကြာပုန်စား၍ သက္ကရာဇ် ၁၁၃၅-ခုနှစ်တွင် အဘယမဟာရာဇာမင်း နတ်ရွာစံခဲ့ရသည်။ ထီးနန်းကို ၉နှစ်စိုးစံခဲ့သဖြင့် ရှေးရခိုင်လူကြီးများက "ရုပ်ဆွယ်ဘမင်း ဖြစ်မိုကိုးနှစ်"ဟု ဆိုရိုးစကားပြုခဲ့ကြသည်။

အဘယမဟာရာဇာမင်းသည် မိမိဆင်းရဲစဉ်က ကွမ်းခင်းလုပ်ကိုင်ခဲ့သောနေရာတွင် စေတီကြီးတစ်ဆူကို အမှတ်တရတည်ထားခဲ့သည်။ ဗေဒင်ဟောခဲ့သောရွာကျောင်း ဆရာတော်အား ကြီးစွာသောကျောင်းတိုက်ကြီး ဆောက်လုပ်လှူဒါန်းခဲ့သည်။ ထိုကျောင်းဆောက်လုပ်ခဲ့သောနေရာတွင် ယခုအခါ ခမီးရွာငယ်တစ်ခုရှိသည်။ ကျောင်းတိုက်ရွာဟုခေါ်ကြသည်။ အဘယမဟာရာဇာကောင်းမှုတော်စေတီမှာ လွန်ခဲ့သောနှစ်ပေါင်း ၃၀ ခန့်က လူဆိုးများ ဖျက်ဆီးခြင်းကို ခံခဲ့ရသည်။ စေတီ၏ဌာပနာတိုက်မှ ဓာတ်တော်များ၊ ကြေးဆင်းတုများ ပေါ်ထွက်ခဲ့လေသည်။ ထိုဘုရားဆင်းတုတော်များထဲတွင် ဘိသေကမုနိဘုရားတစ်ဆူပါဝင်ခဲ့သည်။ ၎င်းဘုရားမှာ ဥဏှာတော်တစ်ပေခန့်မြင့်၍ ရွှေရောင်တဝင်းဝင်း ကျောက်မျက်ရတနာများ ပြိုးပြိုးပြက်ပြက်ဖြင့် အလွန်ကြည်ညိုစရာကောင်းလေသည်။ ၎င်းဘုရားကို ရရှိသူတစ်ဦးက မြောက်ဦးမြို့ပေါ်ရှိ ဘုရားကို ပူဇော်လိုသူတစ်ဦးထံ ရောင်းချခဲ့သည်။ ဘုရားကို ဝယ်ခဲ့သူမှာ စီးပွားရေးအကြီးအကျယ်ကျဆုံးကာ အိမ်တွင် မကြာခဏ နာမကျန်းဖြစ်ကြသည်။

## ကဗျာမိခင် စောပြည့်ညို

ဇေတုံချီချ၊ တမြမြတည့်၊ သိဂ်ရွှေပြည်၊ ဘုန်းတိစည်သား အမည်စန္ဒ၊ သူရိယချည်း၊ ဆက်ကာတည်းလျှင်၊ သားစဉ်မြေးဆက်၊ ငါးယောက်နှစ်ကျိပ်၊ ဖြူရိပ်ဖြန့်ဆောင်း၊ နှောင်းကားခါချိန်၊ ကျိန်တက်နက်မွန်၊ ညွန်ပြလတ်ဘိ၊ ဝေသာလီဝယ်၊ ဇာတိဆဒ္ဒန်၊ မျိုးမွန်ဖြူလှဲ့၊ တစ်ဆယ့်နှစ်စီး၊ ကျော်သီးထိုခါ၊ ထင်ပေါ်စွာသား၊ မဟာမည်လှိုင်း၊ တိုင်းစန္ဒရား၊ ကျောက်လှေကား၌၊ သိကြားလက်နက်၊ လေးသံလျက်နှင့်၊ နတ်စက်လှံပျံ၊ စေစားခံလျက်၊ နံ့ဘုံသောင်းကွက်၊ ကိုးဆက်မင်းတိုင်၊ ထုတ်ခွန်လှိုင်၏ဟု အဒူမင်းညို၏ ရခိုင်မင်းသမီးဧချင်း၌ ဝေသာလီမြို့ကို မဟာတိုင်းစန္ဒားမင်း တည်ခဲ့ကြောင်း ဖွဲ့ဆိုထားခဲ့သည်။

မဟာတိုင်းစန္ဒရားမင်း(အေဒီ ၃၂၇-၃၈၂)သည် ဝေသာလီမြို့တော်ကို တည်ထောင်စိုးစံခဲ့သည်။ ထိုမင်း၏ အန္ဒယ်တော် ၁၉ဆက်မြောက်တွင် သီရိစန္ဒရား (သီရိဓမ္မဝိဇယ) (အေဒီ ၆၂၂-၆၅၈)သည် ဝေသာလီထီးနန်းကို အုပ်စိုးခဲ့သည်။ ဤမင်း၌သားတော် သိဂ်ကုမ္မာနှင့် သမီးတော် စောပြည့်ညို ဟူသော သားတော်တစ်ပါးနှင့် သမီးတော် တစ်ပါး ထွန်းကားခဲ့လေသည်။ သာကီဝင်မင်းမျိုးနွယ်တို့၏ ရှေးထုံးစဉ်လာအရ မင်းကြီးသည် သားတော်နှင့်သမီးတော်တို့ကို အရွယ်ရောက်သောအချိန်၌ ထိမ်းမြားလက်ထပ်ပေးခဲ့သည်။ မင်းသား မင်းသမီးတို့အား နန်းတော်၏အနောက်ဘက်တွင် သီးခြားနေအိမ်တော် ဆောက်လုပ်ခဲ့ပြီး မင်းသားအား အိမ်ရှေ့စံအရာကို ပေးအပ်ခဲ့လေသည်။ ထိုမင်းသား မင်းသမီးနေထိုင်ခဲ့သော နန်းတော်ရာကို ယနေ့ထက်တိုင် အိမ်ရာကြီးဟု ခေါ်တွင်လျက်ရှိသည်။

မင်းသားသည် အိမ်ရှေ့မင်းအဖြစ် သုံးနှစ်စံတော်မူစဉ် ရခိုင်မင်းအား ဆက်သမြဲဖြစ်သော အခွန်တော် မဆက်ဘဲ သူရတန်ဘုရင် ပုန်ကန်ခြားနားမှုပြုလေသည်။ ထိုအခါ သီရိစန္ဒရမင်းကြီးသည် သားတော်အိမ်ရှေ့မင်းအား စစ်သည်အင်အားများစွာဖြင့် ချီတက်၍သူရတန်မင်းကို နှိမ်နင်းစေသည်။ မင်းသားသည် . . . ရန်သူအပေါင်းကို ချေမှုန်းပြီး သူရတန်နယ်ကို ပြန်လည်သိမ်းယူနိုင်ခဲ့သည်။ သူရတန်ဘုရင်သည် မိမိသမီးများဖြစ်သော ဒံရမာဇာလီနှင့် ဒူရဘီတို့ကို မင်းသားအား ပေးဆက်ခဲ့လေသည်။ မင်းသားသည် သူရတန်မင်း၏ သမီးတော်များနှင့် ပျော်ပါးနေထိုင်ခဲ့၍ မိမိကြင်ယာတော်မင်းသမီးကို မေ့လျော့နေခဲ့သည်မှာ သုံးနှစ်သုံးမိုး ကြာမြင့်ခဲ့လေသည်။

ဝေသာလီနန်းတော်၌ ကျန်ရစ်သူ မင်းသမီးစောပြည့်ညိုသည် ဖော်ကွာဝေး၍ တစ်ကိုယ်တည်းနေထိုင်ခဲ့ရသည်မှာ . . ရာသီစက်ဝန်းတစ်ပတ်လည်၍ တစ်နှစ်ပင် ကြာမြင့်ခဲ့ပေပြီ။ မောင်တော်ကား ရောက်မလာသေး။ ရာသီစက်ရဟတ်သည် သုံးကြိမ်သုံးခါလည်၍ သုံးနှစ်ပင် ကြာမြင့်ခဲ့ပေပြီ။ မင်းသမီးသည် တစ်ခုသော ဆောင်းအကုန် နွေအကူး ဂိမာနဦးတွင် နန်းတော်သလွန်ပေါ်၌ လဲလျောင်းပြီး မောင်တော်ရှိရာ အနောက်ဘက်သို့ မျက်နှာပြု၍ လေသာပြတင်းမှ မျှော်ကြည့်ခဲ့မိသည်။ မိန်ရာသီလတစ်ပေါင်း ရွက်ဟောင်းကြွေချိန်ဖြစ်သဖြင့် ရော်ရွက်ဝါများမှာ တောင်လေအဝှေ့တွင် တမြွေမြွေကြွေကျနေကြသည်။ တစ်ခါတစ်ရံ လေပြင်းတိုက်သဖြင့် ကြွေကျသောရွက်ဝါများမှာ ဟိုဒီလွင့်မျောပါသွားကြသည်။ အချို့သစ်ပင်တို့၌ ရွက်နုများ စီရရီထွက်ပြူနေကြသည်။ ငှက်မောင်နှံတို့မှာ လည်ချင်းယှက်၍ ချစ်တင်းနှောနေကြသည်။ ဤကဲ့သို့ မြင်ကွင်းများက ဖော်ဝေးသူကို ဆွေးစေခဲ့သည်။ မင်းသမီး၏ခံစားချက်များသည် ရတုအသွင် ပုရပိုက်တွင် ထင်လာသည်မှာ-

သိန်ကန်မိန်တွင် ဆယ့်နှစ်ခွင်ကို လွှမ်းပင်စည်မြင့်၊ ကြာရှည်တာအကူး၊ တပေါင်းမင်းလွင်၊ ရွက်ကျင်တောင်လေမြူးက၊ ပြိုက်သွယ်နူး စီးသွယ်ဖြာ၊ မတတ်သာချေ။ ဤထွေထွေကို ကြည့်လေသမျှသာတည့်၊ ပင့်တိုင်း၌ ညှာရွက်ကြွေ၊ လေပြင်းခပ်လှစ်၊ နွဲ့လည်းချင်းယှက်၊ ပန်းနုရွက်ကို၊ ယူလျက်နှုတ်ဝယ်ငုံ၍၊ စာခွံတုံရှင်နစ်လို၊ တထူးထွေလာ၊ ဘာသာလူလို၊ မကိုနှုတ်ဖြင့်တို့၍ ဤသို့ချစ်ဘွယ်ဆင်းရာသီဆယ့်နှစ်လည်း ငြင်းလို့အညီ၊ မိဂသီပင်

ပြန်လာခဲ့သော မိမိ၏ကြင်ယာအား ကြိုဆိုမှုပင်ပြုရန် မရလိုက်တော့ချေ။ ယင်းသို့ ရုတ်တရက်ပြန်ရောက်လာခြင်းကို အမှတ်တရရှိစေရန် ရတုတစ်ပိုဒ်တိုးလာခဲ့သည်မှာ -

*လျှောက်တင်ခါပန်း၊ ရာသီဆန်းလျှင်၊ နန်းမြင့်အောင်မြေ၊ ဆယ့်နှစ်သွယ်ရစ်သန်းမြူ၊ မောက်သူဇာသည် ဒါကာဆိပ်ကမ်းဦးမှ၊ ကျေးဇူးဂုဏ်ရှစ်တန်၊ အမတ်လိမ္မာ၊ ထိုမြို့ရွာတွင်၊ အာဏာသုံးခဲ့ပြန်မှ၊ ပြောင်ဆဒ္ဒန်မာတင်ရိုး၊ ထွက်လျှင်မပြန်၊ မလှန်တို့မင်းမျိုးတည်း၊ ဆိုးကောင်းနှစ်ပါးတွင်၊ ရိပ်ခြေအပြင်၊ သခင်သိရင်းပင်ဟု၊ ပညာရှင်ထိန်းအုပ်မှ၊ မြို့ပြကျေးရွာ၊ သာယာစည်ကားလှ၏၊ မင်းယောကျ်ား ဓမ္မတာ၊ ပညာမဲ့နက်၊ ဥာဏ်ကခက်သော်၊ ပြည်ထက်မထားရာတည်း၊ ရှေးကျမ်းလာ ထုံးအဟောင်း၊ ကျိုးကျောင်းသိပြန်၊ ဘွဲ့မှန်အမတ်ဟောင်းကို၊ နောက်တကြောင်း၊ ကုလားရွာ၊ အပိုင်အပ်ပြီး၊ စစ်သူကြီးဟု၊ စောထီးထားခဲ့မှန်၏။ အရာဇာမိန့်တော်မြတ်၊ ဦးထိပ်ရွက်ပန်၊ နန်းရံအိမ်ရှေ့နတ်ကို၊ ရိုညွတ်လျှောက်တင်ထား၊ ရာသီပြောင်း၍၊ မိုးနှောင်းဝါလ၊ ဆောင်းဆအကူတွင်၌၊ များဖြင့် စစ်ဗိုလ်ခြေ၊ ထိုမြေထက်ဝယ်၊ လက်နက်ထားစေခဲ့ဟု မြောက်လေဖျူးလာလျှင် ဘရာဇာအမိန့်တော်အင်၊ ဦးထိပ်ပန်ရွက်ဆင်၍၊ ရှေ့လာလျှင်၊ နောက်လည်းကောင်း၊ လုံးပေါင်းရှုမျှော်၊ ဥာဏ်တော်သာ အကြောင်းတည်း၊ မင်းကောင်းဥပရာ၊ ကြည်းရေတင်းကျမ်း၊ မြစ်ကမ်းနှစ်ဘက်မှာလည်း၊ နေ့မခြား အထပ်ထပ်၊ ရင်ခပ်စေကျွန်၊ ရောက်လာပြန်သော်၊ အမှန်မယုံလတ်ခဲ့၊ နောက်ရပ်ပိုင်သခင်၊ ဟေမန်အကူး၊ ရဲမှူးစစ်အောင်မြင်သည်၊ ရောက်တင်ကြာလွန်းစွာတကား။

အိမ်ရှေ့မင်းသား သိဂ်သည် ခမည်းတော်လွန်၍၊ ဝေသာလီထီးနန်းကို ဆက်ခံခဲ့သည်။ သိဂ်စန္ဒားဘွဲ့ကို ခံယူခဲ့သည်။ စောပြည့်ညို မင်းသမီးကိုလည်း သုဝဏ္ဏဒေဝီဟု ဘွဲ့တံဆိပ်ပေးတော်မူသည်။ စောပြည့်ညို (သုဝဏ္ဏဒေဝီ)သည် အိန္ဒိယနိုင်ငံ၌ထင်ရှားသော ကဗျာဝိစ္စကာလီဒါသ၏ ကဗျာဖွဲ့နည်းဆန်းကျမ်းကြီးဖြစ်သော သျှရုတဗောဓကျမ်းကြီးကို ရက္ခဝဏ္ဏဖြင့် ပြန်ဆိုရေးသားခဲ့သည်။ ကဝိကဏ္ဍကျမ်းဟု အမည်ပေးခဲ့သည်။ ဤကျမ်း၏ နိဂုံးပိုဒ်သည် ဂိုဏ်းရှေးနည်းကို လင်္ကာဖြင့် ရေးစပ်ထားသည်မှာ မှတ်သားဖွယ်ဖြစ်သည်။

ကဝိကဏ္ဍကျမ်း၌ပြသား
အယင်တခါ. . . ပြည်ဧည့ဝယ်
ဝေသာနန်းမ. . ရဇတနှက်
ဝဏ္ဏပဘာ. . ကညာမယ်လျ
အလှသဇင် . . တသလျှင်သည်
မြင်ရအာဂုံ . . စွဲတုံတတ
ဂိုဏ်းရှစ်ဝဖြင့် . . ဖော်ပြပြီးခါ
ပညာမည်ရ . . . သုဝဏ္ဏသည်
ငယ်ကကျွမ်းကို . . . လွမ်းဘွဲ့ဆို၍
တမ်းသတည်း. . . ။

# တတိယမြောက်ဦးခေတ် နန်းတွင်းအမျိုးသမီးစာဆို

ရွှေနိုင်ကျော်(မြောက်ဦးမြို့)

သုဝဏ္ဏဒေဝီခေါ် စောပြည့်ညိုမှာ ရခိုင်စာပေသမိုင်း၌ ပထမဆုံးတွေ့ရသော ဝေသာလီခေတ် အမျိုးသမီးစာဆိုကျော် ဖြစ်ပေသည်။ လေးမြို့ခေတ်၌ နန်းတွင်းမိညိုမှာ မြန်မာစာပေနယ်နှင့် ရခိုင်စာပေနယ်တွင် ထင်ရှားသောအမျိုးသမီးစာဆိုတစ်ဦး ဖြစ်ပေသည်။ မိဖုရားစောရင်မိမှာ ပထမမြောက်ဦးခေတ်၌ ပေါ်ပေါက်ခဲ့သော အမျိုးသမီးစာဆိုအဖြစ် မှတ်ယူနိုင်ပေသည်။ တတိယမြောက်ဦးခေတ်တွင် နန်းတွင်းအမျိုးသမီးစာဆိုမှာ မိပန်းရုံဖြစ်ပေသည်။ ရခိုင်၏နောက်ဆုံးနန်းတွင်းစာဆိုဟု သတ်မှတ်နိုင်ပေသည်။ မိပန်းရုံသည် စာဆိုသက်သက်သာမဟုတ်။ ဘုရင့်အား. . . အနီးကပ်ကျိုးကြောင်း ညို့နှိုင်းတင်လျှောက်ရသော ပညာရှိအမျိုးသမီးတစ်ဦးလည်း ဖြစ်ပေသည်။

မိပန်းရုံမှာ တတိယမြောက်ဦးခေတ် အဘယမဟာရာဇာမင်း (၁၇၆၄-၁၇၇၃)ထိ ခစားရသော နန်းတွင်းပညာရှိစာဆိုတော် အမျိုးသမီးဖြစ်ပေသည်။ မိပန်းရုံမှာ မြန်မာအမတ်မျိုးရိုးမှ ဆင်းသက်လာသူတစ်ဦးဖြစ်ပေသည်။ ရခိုင်ဘုရင် အဘယမဟာရာဇာမင်း အုပ်စိုးစဉ်၌ အရှေ့အင်းဝပြည် ပျက်စီးသဖြင့် အမတ်ကြီးနန္ဒကျော်ထင်၊ ၎င်း၏ညီ တိုင်းတာစား ရွှေဆင်နှင့် လယ်ကိုင်းစား အမတ်သုံးဦးတို့သည် နောက်ပါခြွေရံသင်းပင်းနှစ်ရာခန့်နှင့် ရခိုင်ဘုရင်ထံ ခိုလှုံလာကြသည်။ အဘယမဟာရာဇာမင်းသည် အမတ်သုံးဦး၏ ခိုလှုံမှုတောင်းခြင်းကို လက်ခံပြီး ၎င်းတို့၏မျိုးရိုးများအလိုက် စီစစ်၍ သူကောင်းပြုတော်မူသည်။ အမတ်ကြီးနန္ဒကျော်ထင်အား ဆင်ကဲအရာကိုလည်းကောင်း၊ ညီရွှေဆင်အား ကြွေတဲစားအရာကိုလည်းကောင်း လယ်ကိုင်းစား ကျွဲမသွေးစားရာထူးများကို ပေးသနားတော်မူခဲ့သည်။

အဘယမဟာရာဇာမင်းသည် ဆင်ကဲကြီး၏သမီးဖြစ်သော ရှင်စိုးမင်းမှာ အဆင်းရူပါလှပါသောကြောင့် မိဖုရားမြှောက်တော်မူသည်။ ရှင်စိုးမင်း၏ညီမတော် မိပန်းရုံအား ရှေးပညာရှိမျိုးရိုးဖြစ်သော အမတ်ကြီးမြကျော်ဦး၏သား ရွှေသဲနှင့်လက်ထပ် ပေးခဲ့သည်။ ရွှေသဲကို အမတ်ရာထူးပေး၍ စိန်တင်မြို့ကို စားကျေးပေးတော်မူသည်။ အမတ်တော်ရွှေသဲမှာ မဟာပညာကျော်၏အဆက်အနွယ်တော်ဖြစ်သည်။ မဟာပညာကျော်၏သားတော်မှာ ပညာဝံသအမတ်ကြီးဖြစ်သည်။ ပညာဝံသ၏သားတော်မှာ သိုက်တက်လေက်ရုံးဖြစ်သည်။ လေက်ရုံး၏သားတော်မှာ အမတ်ကြီးခင်ညိုဖြစ်သည်။ အမတ်ကြီးခင်ညို၏သားတော်မှာ အမတ်ကြီး ဦးကျော်မြဦးဖြစ်သည်။ အမတ်ကြီးကျော်မြဦး၏သားတော်မှာ အမတ်တော်ရွှေသဲဖြစ်သည်။ အမတ်တော်ရွှေသဲနှင့် မိပန်းရုံတို့မှာ သားတော်တစ်ပါး ထွန်းကားခဲ့သည်။ ၎င်းသည် ဘိုးတော်ဘုရားထံ ခစားရာ အမတ်ရာထူးတို့ ရရှိပြီး ဇေယျကျော်ထင်ဘွဲ့ထူးဖြင့် ချီးမြှင့်ခဲ့သည်။မဇ္ဈိမဒေသသို့ သံတမန်ရာထူးဖြင့် ဘိုးတော်ဘုရား၏စေလွှတ်ခြင်းကို ခံခဲ့ရသည်။ သူသည် သူ၏အတွေ့အကြုံနှင့် ဆောင်ရွက်ချက်များကို စုပေါင်း၍ မဇ္ဈိမဒေသအရေးတော်ပုံကျမ်းကို ရေးသားပြုစုခဲ့သည်။

အဘယမဟာရာဇာမင်းသည် တစ်ခါသော် သက်လူမျိုး ငသောကြာညီအစ်ကိုတို့အား လက်ျာမြန်ရာထူးနှင့် ဒါးပိုင်ကြီးရာထူးကို ခန့်အပ်ရန်စီစဉ်နေသည်။ ထိုအကြောင်းကို အမတ်တော်ရွှေသဲသိ၍ မင်းကြီးအား အကျိုးအကြောင်းဆက်စပ်၍ သက်လူမျိုးညီအစ်ကိုတို့အား ရာထူးကြီးမပေးသင့်ကြောင်း လျှောက်ထားလေသည်။ အဘယမဟာရာဇာမင်းသည် အမတ်တော်ရွှေသဲလျှောက်ထားချက်ကို လက်မခံဘဲ သက်ညီနောင်တို့အား လက်ျာမြန်ရာထူးနှင့် ဒါးပိုင်ကြီးရာထူးကို ပေးအပ်ခဲ့သည်။ သက်ညီနောင်တို့ ရာထူးကိုရရှိသောအခါ ဘုရင်ကို လုပ်ကြံ၍ ထီးနန်းကိုသိမ်းပိုက်ခဲ့ကြသည်။ အစ်ကိုဖြစ်သူ ငသောကြာသည် စန္ဒသုမနရာဇာဘွဲ့ကို ခံယူ၍ (၁၁၇၃)တွင် မြောက်ဦးထီးနန်းကို စိုးစံခဲ့သည်။ ဤမင်းသည် အမတ်တော်ရွှေသဲအား ရန်ငြိုးထား၍ ကွပ်မျက်ခဲ့သည်။

ပြီးပြည့်စုံရှင့်၊ လူ့ဘုံထင်ရှား၊ အကျိုးများလိမ့်၊ မှတ်သားစွဲသုံး၊ ရှေးထုံးကဝိ၊ ပညာရှိတို့၊ အသိအလိမ္မာ၊ အက္ခရာစည်း၊ ကမ္ဘည်း အတွက်၊ မိုယ်းကြိုးစက်လည်း၊ လူ့ထက်တွင်သာ၊ ကျပြန်လာမူ၊ ထိုလူကိုယ်၌၊ မခိုက်မထိ၊ ပကတိလျှင်၊ ရှိသည်ဖြစ် သော်၊ တန်ခိုးကျော်၍၊ ထင်ပေါ်ခရိုး၊ ဘုန်းတန်တိုး၏ ပုထိုးကျောင်းအိမ်၊ အချိန်သင့်ချင်၊ သစ်ပင်တောတောင်၊ တောက်လောင်ပစ်ချိုး၊ နတ်ဆိုးမိစ္ဆာ၊ ခိုဝင်ရာလည်း၊ အိမ်မှာကျလတ်၊ ဥပါဒ်အဖြေ၊ မနေစွန့်ပစ်၊ အိမ်သစ်ဆောက်မှ၊ ချမ်းသာရသည်။ လောကမှတ်သုံး၊ ရှေးကျင့်ထုံး၊ ဤသို့လာရှိပါသည်. . ဟု ပညာရှိ မိပန်းရုံသည် လောကီထုံး ဟောင်းနှင့် လျှောက်လေသော် စန္ဒဝိမလမင်းသည် အလွန်သဘောကျ၍ သီရိမလ္လာဟူသောအမည်ကို ပေးသနား သည်။

သီရိမလ္လာ မိပန်းရုံသည် နှောင်းခေတ်လူများသိရှိစေရန် ရခိုင်ဘုရင်အဆက်ဆက် အသုံးပြုခဲ့သော အောင်လံတော်ကိုလည်း သရုပ်ဖော်လင်္ကာရေးစပ်ခဲ့သည်။

### ရခိုင်အောင်လံတော်လင်္ကာ

ကြားပိမ့်ဗိုလ်လူ၊ အံ့ချီးမူလော့၊ သောင်းယူဇနာ၊ မြေမျက်နှာထက်၊ မြောက်မှာအာသံ၊ တောင်ရံသီဟိုဠ်၊ နောက်ကိုလှည့်လည်၊ မရွှပြည်နှင့်၊ ဦးတည်ပိုက်ခြင်း၊ ပင်လယ်ဆင်းအောင်၊ စိုးမင်းတကာ၊ ဦးညွှတ်ရာသည်၊ သာယာရွှက်အောင်၊ ရန်တိုင်းအောင်သည်၊ ဘုန်းခေါင်ဓမ္မရာဇာ၊ ဥက္ကာမုမျိုး၊ သမုတ်ရိုးလျှင်၊ စံစိုးသောအခါ၊ ရက္ခပူရ၊ ဓညမြို့ကြီး၊ တိုင်းလုံးထီးကို၊ ပြီးစီးခန့်ရှည်၊ ရွှေနန်းတည်၍၊ အောင်စည်ညံ့ညံ့၊ ဘိသိက်ခံက၊ ကျော်သံ သတင်း၊ သောင်းလုံးချင်းမျှ၊ မြင်းလည်း သိန္ဓဝ၊ နာဂဆဒ္ဒန်၊ ရန်မာန်ပယ်လှည့်၊ ခြသေ့်ကေသရီ၊ အောင်နီ အောင်ဖြူ ပဥ္စရုကို၊ ကြယ်ဖြူနှစ်သက်၊ နတ်တို့ဆက်က၊ ဘုန်းကြက်သရေ၊ မိုးနှယ်စွေ၏၊ ရွှေငွေရတနာ၊ ပဒေသာသီး၊ ပြီးစီး စေတတ်၊ နတ်သမထ၊ စောင့်သီလနှင့်၊ က္ကန္ဒဝဇီရာ၊ အစဖြန့်ချီ၊ သီရိဓဇ၊ ချိုမြသာယာ၊ နောက်ပိတ်မှာလည်း၊ မဟာသုဓမ္မ၊ ရာဇဂုရု၊ ရဲတာစု၍၊ မျက်ရှုခပ်နိုပ်၊ ရွှေတံဆိပ်ကို၊ စိမ့်စိမ့်ကြည်နူး၊ ရွှေနန်းဦး၌၊ ရွှင်မြူးကြည်ဖြူ လျှုတော်မူက၊ နတ်လူတကာ၊ ကောင်းချီးဖြာလျှက်၊ သာယာမြတ်နိုး၊ မေတ္တာဖြိုး၍၊ ရေမိုးမှန်စွာ၊ မြေသြဇာလည်း၊ ရသာပြည့်နက်၊ အောင်ဆုဆက်၍ ရာသက်တည်ကြောင်း၊ မျိုးသစ်လောင်းသည်၊ ရိုက်ညောင်းပွဲတင် ငြိမ့်ငြိမ့်တည်း။

ဤအောင်လံတော်လင်္ကာကို လေ့လာဖတ်ရှုခြင်းဖြင့် ရှေးခေတ်ရခိုင်ဘုရင်များ အသုံးပြုခဲ့သော အောင်လံ တော်၏ပုံရိပ်ကို သိမြင်နိုင်ပေသည်။ အောင်လံတော်မှာ အပေါ်ပိုင်းတွင် အဖြူရောင်ဖြစ်၍ အောက်ပိုင်းမှာ အနီရောင်ဖြစ်သည်။ အဖြူရောင်၊ အနီရောင် နှစ်မျိုးစပ်ဖြစ်သည်။ အောင်လံတော်၏ ထောင့်တစ်ခုစီ၌ အရုပ်တစ်ခု စီပါရှိသည်။ ထိုအရုပ်များမှာ မြင်းရုပ်၊ ဆင်ရုပ် ခြသေ့်ရုပ်၊ ပဥ္စရူပအရုပ်များ ဖြစ်ကြပါသည်။

မိပန်းရုံသည် အဘယမဟာရာဇာမင်းထံ ဦးစွာအမှုထမ်းခဲ့ကြောင်းကိုသာတွေ့ရပြီး မည်သည့်မင်းထိ ဆက်လက်အမှုထမ်းခဲ့ကြောင်း ယနေ့ထိ မှတ်တမ်းများ၌ မတွေ့ရသေးပေ။ သို့သော် မြောက်ဦးမြို့ ပျက်သုဉ်းခဲ့ သည့် ၁၁၄၆ခုနှစ်တိုင်အောင် အမှုထမ်းခဲ့ကောင်း ထမ်းခဲ့နိုင်သည်ဟု ခန့်မှန်းရပေသည်။

မိပန်းရုံ၏အောင်လံတော် လင်္ကာမှာ အတိတ်ခေတ် ရခိုင်ဘုရင်အဆက်ဆက် အသုံးပြုခဲ့သော ရခိုင် အောင်လံအကြောင်းကို အသေးစိတ်သရုပ်ဖော် ဖွဲ့ဆိုသော လင်္ကာတစ်ပုဒ်ဖြစ်၍ ဂန္ထဝင်မြောက်လင်္ကာအဖြစ်

# စီစဉ်သူ၏တောင်းပန်စကား

ရခိုင်သမိုင်း၊ ယဉ်ကျေးမှု၊ သုတေသနဆိုင်ရာဆောင်းပါးများအား မဂ္ဂဇင်းပေါင်းများစွာတွင် တစိုက်မတ်မတ် ကြိုးပမ်းရေးသားနေသော ဆရာကြီးဦးကျော်ကျော်လှအား လေးစားစိတ်အရင်းခံဖြင့် ဤဆောင်းပါးပေါင်းချုပ်ကို စီစဉ်ပါသည်။

ဆောင်းပါးများကို စုစည်းရာတွင် ပါဝင်ခဲ့သော မဂ္ဂဇင်းအမျိုးအမည်များကို ဦးစားပေးစနစ်အရ မဟုတ်ဘဲ အဆင်ပြေသလို စီစဉ်ထားခြင်းသာဖြစ်ပါသည်။ သို့သော် မဂ္ဂဇင်းတစ်မျိုးစီတွင် ပါဝင်ခဲ့သောဆောင်ပါးများကိုမူ နှစ်အလိုက် (မဂ္ဂဇင်းအမှတ်စဉ်အလိုက်) ငယ်စဉ်ကြီးလိုက်ဖြစ်အောင် စီစဉ်ထားပါသည်။

ဆရာကြီးဝင်ရောက်ရေးသားခဲ့သော မဂ္ဂဇင်းများ၏နယ်ပယ်ကျယ်ဝန်းမှု၊ အရေအတွက်များပြားမှုတို့ကြောင့် ပြန်လည်စုစည်းရာတွင် အတိုင်းအတာတစ်ခုမျှ ဝါယမစိုက်ခဲ့ရပါသည်။ သို့သော် ဤခြောက်ဆယ်ကျော် အရေအတွက်ရှိသော ဆောင်းပါးများအား ရေးသားနိုင်ဖို့အတွက် ဆရာကြီး၏အားထုတ်ခဲ့ရမှုမှာ သမုဒ္ဒရာလောက် အပြောကျယ်လျက် ကျွန်တော်စိုက်ထုတ်ရသောအင်အားမှာ ရေတစ်မှုံခန့်သာ ဖြစ်ပါသည်။

လိုအပ်သော မဂ္ဂဇင်း၊ စာစောင်များကို ဆရာကြီးကိုယ်တိုင် မိမိ၏စာအုပ်စင်မှ ထုတ်ယူငှါးရမ်းပေးပါသည်။ တချို့မဂ္ဂဇင်းများအား စာပေညီအစ်ကိုများဖြစ်ကြသော ဦးကျော်သန်း၊ ဦးကျော်သာညွန့်နှင့် ကိုမောင်သန်းလှိုင်တို့ စိတ်ရှည်လက်ရှည် ရှာဖွေစုဆောင်းပေးကြပါသည်။ ဤညီအစ်ကိုများနှင့်တကွ အခြားတစ်နည်းတဖုံ ကူညီကြသူများအားလုံးတို့အား အထူးကျေးဇူးတင်ရှိပါသည်။

သို့သော် ကျွန်တော်၏လုံ့လအားနည်းမှုကြောင့် ဆောင်းပါးတချို့ ကျန်ရှိနေခဲ့မည်ဖြစ်ပါသည်။ ထို့ပြင် ဆရာကြီးသည် ပြည်မထုတ် နက္ခတ္တရောင်ခြည်၊ ဂန္ဓာရီ၊ လပြည့်ဝန်း၊ ပါရမီ စသော မဂ္ဂဇင်းများနှင့် စျေးကွက်ဂျာနယ်နှင့် ရွှေဗေဒင်ဂျာနယ်တို့တွင် ဆောင်းပါးများဝင်ရောက်ရေးသားခဲ့ကြောင်း သိရပါသည်။ ယခု စုဆောင်းမှုတွင် ထိုပြည်မထုတ်မဂ္ဂဇင်းနှင့် ဂျာနယ်များမှ ဆောင်းပါးများကို လုံးဝထည့်သွင်းနိုင်မှုမရှိခဲ့ပါ။ ဤအားနည်းချက်များအတွက် ဆရာကြီးအားလည်းကောင်း၊ စိတ်ဝင်စား၍ ဖတ်ရှုလေ့လာမိသူ ဝါသနာရှင်များအားလည်းကောင်း၊ အားနာစွာဖြင့် တောင်းပန်အပ်ပါကြောင်း။

**လေးစားစွာဖြင့်**

**မောင်ကျော်ဇော**

**မြောက်ဦးမြို့**

**2010 June**